ဓမ္မစကူးလ်ဖောင်ဒေးရှင်း

# ဗုဒ္ဓဘာသာသင်ခန်းစာ

## တတိယတန်း

**Grade 3**

ဆရာလမ်းညွှန်

# ဓမ္မစကြာလ်ဖောင်ဒေးရှင်း

# ဗုဒ္ဓဘာသာသင်ခန်းစာ

## တတိယတန်း

**Grade 3**

ဆရာလမ်းညွှန်

၉.၃.၉၃


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၌ | ၆၀၀၆၉၆၁၂၁၃ |
| မျက်နှာဖုံးနှင့်အတွင်းအပြင်အဆင် | ၌ | ဦးကုသလသာမိ၊ ဒေါ်ကေတုမာလာ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ၌ | ရွှေနိုင်ငံ(၀၅၇၄၅)၊ အမှတ်(၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁ ၄၀၀ ၈၉၀၊ ၅၄၈ ၀၄၂ |
| ထုတ်ဝေသူ | ၌ | ဦးဇော်မိုးလွင် (၂၁၄၅)<br>ဓမ္မစကူးလ်ဖောင်ဒေးရှင်းစာပေ (ဘာသာရေး၊ ဗုဒ္ဓဘာသာ)၊<br>မြိတ်ကျားကျောင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | ၌ | ဓမ္မစကူးလ်ဖောင်ဒေးရှင်း<br>မြိတ်ကျားကျောင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။<br>ဖုန်း - ၀၁ - ၃၇၇၂၆၇၊ ၀၉ - ၃၀၂၆၀၅၁၀၊ ၀၉ - ၂၅၀ ၃၈၅၈၀၀။ |
| တန်ဖိုး | ၌ | ၁၅၀၀ ကျပ် |
| ထုတ်ဝေသည့်အကြိမ် | ၌ | ပထမအကြိမ် အုပ်ရေ ၁၀၀၀၊ ၂၀၁၃ ခုနှစ်၊ မေလ။<br>ဒုတိယအကြိမ် အုပ်ရေ ၁၀၀၀၊ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ။<br>တတိယအကြိမ် အုပ်ရေ ၁၀၀၀၊ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ။<br>စတုတ္ထအကြိမ် အုပ်ရေ ၁၀၀၀၊ ၂၀၁၄ ခုနှစ်၊ မေလ။<br>ပဉ္စမအကြိမ် အုပ်ရေ ၂၀၀၀၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ။<br>ဆဋ္ဌမအကြိမ် အုပ်ရေ ၂၀၀၀၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ။<br>သတ္တမအကြိမ် အုပ်ရေ ၆၀၀၀၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ။ |

"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း" (CIP)

ဓမ္မစကူးလ်ဖောင်ဒေးရှင်း 294.3

ဗုဒ္ဓဘာသာသင်ခန်းစာ၊ တတိယတန်း၊ ဆရာလမ်းညွှန်/ ဓမ္မစကူးလ်ဖောင်ဒေးရှင်း။ - ရန်ကုန်။
ဓမ္မစကူးလ်ဖောင်ဒေးရှင်းစာပေ၊ ၂၀၁၃။

စာ - ၁၉၂၊ ၂၁ × ၂၉.၇ စင်တီ။

(၁)ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ ဗုဒ္ဓဘာသာသင်ခန်းစာ

# မာတိကာ


အမှာစာ

သင်ခန်းစာ (၁) ကျွန်ုပ်တို့ ဓမ္မစကူးလ်

သင်ခန်းစာ (၂) သိဒ္ဓတ္ထမင်းသား

သင်ခန်းစာ (၃) တောထွက်တော်မူခြင်း

သင်ခန်းစာ (၄)ဘုရားဖြစ်တော်မူခြင်း

သင်ခန်းစာ (၅)ဘုရားဖြစ်ပြီးစ အချိန်

သင်ခန်းစာ (၆)ဘုရားရှိခိုးရကျိုး

သင်ခန်းစာ (၇) အမြတ်ဆုံးသီလ

သင်ခန်းစာ (၈) ငါးပါးသီလ

သင်ခန်းစာ (၉) မေတ္တာဘာဝနာ စီးဖြန်းခြင်း

သင်ခန်းစာ (၁၀) ကောင်းမှုအကျိုး

သင်ခန်းစာ (၁၁) မဟာမြတ်မုနိဘုရားကြီး

သင်ခန်းစာ (၁၂) ကျန်စစ်သားမင်း

သင်ခန်းစာ (၁၃) ပညာရေးမင်္ဂလာ

သင်ခန်းစာ (၁၄) ပြုစုလုပ်ကျွေးရေးနှင့် အသက်မွေးမှုမင်္ဂလာ

သင်ခန်းစာ (၁၅) မကောင်းမှုများ ရှောင်ရှားမယ်

သင်ခန်းစာ (၁၆) ကိုယ်ချင်းစာတရား

သင်ခန်းစာ (၁၇) ကိုရင်လေး သုမန

သင်ခန်းစာ (၁၈) မယ်ကာဦ

သင်ခန်းစာ (၁၉) သူ့ကျေးဇူးကို သိတတ်ပါ

သင်ခန်းစာ (၂၀) ရွှေသမင်မောင်နှမ

| | |
|---|---|
| သင်ခန်းစာ (၂၁) ဆရာ့မေတ္တာ | ၉၁ |
| သင်ခန်းစာ (၂၂) မိတ်ဆွေကောင်း | ၉၆ |
| သင်ခန်းစာ (၂၃) ပန်းလှူရကျိုး | ၁၀၀ |
| သင်ခန်းစာ (၂၄) မှုဝေသုံးစွဲခြင်း | ၁၀၅ |
| သင်ခန်းစာ (၂၅) မုန့်ဖိုး | ၁၁၀ |
| သင်ခန်းစာ (၂၆) စည်တီးသမားလေး | ၁၁၄ |
| သင်ခန်းစာ (၂၇) အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချခြင်း | ၁၁၈ |
| သင်ခန်းစာ (၂၈) ကြိုးစားမှုသာ အဓိကပါ | ၁၂၂ |
| သင်ခန်းစာ (၂၉) သန့်ရှင်းရေး | ၁၂၇ |
| သင်ခန်းစာ (၃၀) ချစ်ချစ်ခင်ခင်နေကြမယ် | ၁၃၂ |
| သင်ခန်းစာ (၃၁) စည်းလုံးခြင်းသည် အင်အား | ၁၃၆ |
| သင်ခန်းစာ (၃၂) အမှန်အတိုင်း ပြောကြမယ် | ၁၄၀ |
| သင်ခန်းစာ (၃၃) ချိုချိုသာသာ ပြောဆိုပါ | ၁၄၄ |
| သင်ခန်းစာ (၃၄) မွေးနေ့ပွဲ | ၁၄၉ |
| သင်ခန်းစာ (၃၅) အစွဲအလန်းကြီးလွန်းသူ | ၁၅၄ |
| သင်ခန်းစာ (၃၆) ဘယ်လိုလူမျိုး ဖြစ်ချင်သလဲ | ၁၅၈ |
| သင်ခန်းစာ (၃၇) မိုက်မဲသော သား | ၁၆၂ |
| သင်ခန်းစာ (၃၈) အားလုံးကို ချစ်မယ် | ၁၆၆ |
| သင်ခန်းစာ (၃၉) ဘုရားပွဲတော် | ၁၆၉ |
| သင်ခန်းစာ (၄၀) ဆယ့်နှစ်လရာသီပွဲတော်များ | ၁၇၂ |

# အမှာစာ

## ၁။ နိဒါန်း

မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက ဗုဒ္ဓသာသနာကို ယုံကြည်သက်ဝင်လာခဲ့ကြသည်။ အုပ်ချုပ်သူမင်းများမှစ၍ အောက်ခြေလူတန်းစားများအဆုံး တစ်နိုင်ငံလုံးက ဗုဒ္ဓဘာသာကို အမြတ်တနိုး တန်ဖိုးထား ကိုးကွယ်ကျင့်သုံးခဲ့ကြသည်။ ရှေးမြန်မာမင်းများ၏ နိုင်ငံတော်တည်ဆောက်ရေးတွင် ဗုဒ္ဓဘာသာ၏ အခန်းကဏ္ဍမှာ အဓိကနေရာမှ ပါဝင်ခဲ့ပေသည်။ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် နိုင်ငံရေးစသော ကဏ္ဍများစွာတို့ကို ဆောင်ရွက်သည့်အခါတိုင်း မြတ်ဗုဒ္ဓ၏ အဆုံးအမ ဟောကြားချက်များကို အခြေခံ၍ လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရသည်။ သို့အတွက်ကြောင့် မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ စာပေ၊ အနုပညာဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများသည် ဗုဒ္ဓဘာသာအပေါ်တွင် အခြေပြုခဲ့ပါသည်။ ဤသို့အားဖြင့် ဗုဒ္ဓယဉ်ကျေးမှုနှင့်မြန်မာနိုင်ငံသည် တစ်သားတည်း ခွဲခြားမရအောင် ဖြစ်ခဲ့ပါသည်။

ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများသည် ရှေးမြန်မာတို့၏ ပညာရင်နို့သောက်စို့ရာ ပင်မဌာနကြီးများ ဖြစ်ခဲ့ကြသည်။ သို့ဖြစ်၍ ရှေးမြန်မာလူမှုဘဝများသည် ဘာသာရေးနှင့် ဒွန်တွဲနေခဲ့သည်။ ရှေးမြန်မာလူငယ်တို့သည် ဘာသာတရားအပေါ် တန်ဖိုးထားကာ ဘုန်းတော်ကြီးကျောင်းများမှ သင်ကြားပေးလိုက်သော အသိပညာ၊ အတတ်ပညာများဖြင့် ရပ်ရွာအကျိုး၊ နိုင်ငံ့အကျိုး၊ သာသနာ့အကျိုးတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့ခေတ်အခါတွင် ဘုန်းတော်ကြီးကျောင်းများနှင့် ဗုဒ္ဓဘာသာမျိုးဆက်သစ်တို့အကြား ဆက်ဆံရေးမှာ ကင်းကွာလာပြီး တစ်စထက် တစ်စ အားနည်းလာသည်။ ထိုအားနည်းချက်ကို ပြန်လည်ဖြည့်ဆည်းရန်အတွက် ကလေးလူငယ်များ အပတ်စဉ် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်သည့်အလေ့အထ ပြန်လည်ပေါ်ပေါက်ရေးအတွက် အရေးတကြီး ဆောင်ရွက်ဖို့ လိုအပ်နေပါသည်။

ကမ္ဘာပေါ်တွင် ထေရဝါဒငါးနိုင်ငံရှိသည့်အနက် သီရိလင်္ကာနိုင်ငံ၌ အားကျအတုယူဖွယ်ကောင်းသော ဗုဒ္ဓဘာသာပညာရေး စနစ်တစ်ခု ရှိပါသည်။ ထိုပညာရေးစနစ်ဆိုသည်မှာ တနင်္ဂနွေနေ့တိုင်း ဘုန်းတော်ကြီးကျောင်းတွင် ဗုဒ္ဓဘာသာ ဘာသာရပ်ကို သင်ကြားပေးသော ဓမ္မစကူးလ်စနစ်ပင် ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်များစွာကတည်းက သီရိလင်္ကာနိုင်ငံ၏ ဗုဒ္ဓဘာသာဝင် ကလေးလူငယ်များအားလုံးနီးပါးသည် ဓမ္မစကူးလ်ကျောင်းများတွင် လူငယ်တို့၏ နေ့စဉ်ဘဝအတွက် အကျိုးရှိစေမည့် ဗုဒ္ဓအဆုံးအမ တရားတော်များကို သင်ယူခွင့် ရခဲ့ကြပါသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း သီရိလင်္ကာနိုင်ငံကို အုပ်ချုပ်ဦးဆောင်ခဲ့သူအဆက်ဆက်မှစတင်ပြီး လက်ရှိသမ္မတကြီးအထိ သီရိလင်္ကာနိုင်ငံခေါင်းဆောင်များသည် ဓမ္မစကူးလ်တွင် ဗုဒ္ဓဘာသာဘာသာရပ်ကို ဆည်းပူးသင်ယူကြပါသည်။ ထိုကဲ့သို့ အုပ်ချုပ်သူ လူတန်းစားမှစပြီး ပညာတတ်လူတန်းစားပါမကျန် အောက်ခြေလူတန်းစား အဆုံး တစ်နိုင်ငံလုံးကို လွှမ်းခြုံထားနိုင်သော ဓမ္မစကူးလ်စနစ်သည် သီရိလင်္ကာနိုင်ငံ၏ ဘာသာရေး ရေသောက်မြစ်သဖွယ်ဖြစ်ပြီး ဗုဒ္ဓဘာသာ တည်တံ့မှုကို ပိုမိုခိုင်မာစေပါသည်။ သီရိလင်္ကာနိုင်ငံတွင် ရဟန်းသံဃာ၊ သီလရှင် အရေအတွက်မှာ မြန်မာနိုင်ငံထက် အဆများစွာ နည်းပါးပါသည်။ သို့သော်လည်း ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံများထဲတွင် နိုင်ငံတကာသို့ ဗုဒ္ဓစာပေများ ရေးသားဖြန့်ဝေမှု၊ ဗုဒ္ဓဝါဒပြန့်ပွားစေရန် ကြိုးပမ်းအားထုတ်မှု အားအကောင်းဆုံးနိုင်ငံအဖြစ် အားကျဖွယ် ရပ်တည်နေဆဲဖြစ်သည်ကို တွေ့ရှိရပါသည်။

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် ဗုဒ္ဓဘာသာဝင်များသည် ဘာသာရေး၊ လူမျိုးရေး၊ ယဉ်ကျေးမှုဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ ထို့ကြောင့် ဘာသာရေး၊ လူမျိုးရေး၊ ယဉ်ကျေးမှုများကို အခြေခံကောင်းကောင်းနှင့် အုတ်မြစ်ချ တည်ဆောက်ထားနိုင်မည့် လူငယ်မျိုးဆက်သစ်များ မြန်မာနိုင်ငံတော်ကြီးတွင် လိုအပ်နေပါသည်။ အဆိုပါ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် သီရိလင်္ကာနိုင်ငံကဲ့သို့ တစ်နိုင်ငံလုံး လွှမ်းခြုံနေမည့် ဓမ္မစကူးလ်များ ဖွင့်လှစ်ဖို့ မဖြစ်မနေ ကြိုးစားရန် အချိန်တန်နေပြီ ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေး လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသည့် မြန်မာနိုင်ငံတော်ကြီးအတွက် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးကို ဓမ္မစကူးလ်များက ကူညီဖော်ဆောင်ပေးကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

၂။ အနာဂတ်မျှော်မှန်းချက်များ

(က) ခေတ်မီသင်ကြားရေးစနစ်များ ပါဝင်သည့် အတန်းစဉ်အလိုက် ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေးမည့် ဓမ္မစကူးလ်များ မြန်မာနိုင်ငံအနှံ့ ပေါ်ပေါက်လာပြီး မျိုးဆက်သစ်လူငယ်များ ဗုဒ္ဓတရားတော်များကို အခြေခံမှစ၍ လေ့လာသင်ကြားနိုင်စေရန်။

(ခ) ဗုဒ္ဓတရားတော်များကို သိရှိနားလည်ပြီး ဘာသာတရားကို တန်ဖိုးထားချစ်ခင်မြတ်နိုးကာ ယဉ်ကျေးငြိမ်းချမ်းသော လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာစေရန်။

(ဂ) မိရိုးဖလာဗုဒ္ဓဘာသာဝင်မှ ဗုဒ္ဓတရားတော်များကို လက်တွေ့ဘဝတွင် အသုံးချနိုင်သော စစ်မှန်သည့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ပေါ်လာစေရန်။

(ဃ) ဆရာနှင့်ဒကာ ညီညာစွာ လက်တွဲ၍ သာသနာပြုလုပ်ငန်းများ လုပ်ဆောင်သွားနိုင်စေရန်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်းအနေဖြင့် ဓမ္မစကူးလ်သင်ရိုးညွှန်းတမ်းများ ပေါ်ပေါက်ရေး အကောင်အထည်ဖော်ရာ၌ ပထမတန်း (Grade 1) မှ ပဉ္စမတန်း (Grade 5) အထိ အကောင်အထည်ပေါ်လာပြီး အထက်အတန်းများအတွက် ဆက်လက်ရေးသားနေဆဲဖြစ်သည်။ တစ်ဖက်တွင် သင်ရိုးညွှန်းတမ်းများ ဆက်လက်ရေးဆွဲနေကြသကဲ့သို့ ရေးသားပြီးဖြစ်သော မူလတန်းအဆင့် သင်ရိုးများကို ကြိုတင်အသုံးပြုသင်ကြားရန် စီစဉ်ထားကြသည်။ ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်များ အကောင်အထည် ပေါ်လာရေးအတွက် ဆရာဖြစ်သင်တန်းများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်သွားကြမည် ဖြစ်ပါသည်။ ထိုဆရာဖြစ်သင်တန်းဆင်း ဆရာများမှတစ်ဆင့် ဆင့်ပွားသင်တန်းများ ကျင်းပကာ မြန်မာနိုင်ငံအနှံ့အပြားတွင် ဓမ္မစကူးလ်ကျောင်းတော်များ တည်ထောင်ဖွင့်လှစ်သွားနိုင်ရန် စီစဉ်ပေးသွားကြပါမည်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်းသည် ၂၀၁၃ ခုနှစ်တွင် ဗဟိုအဆင့် ဆရာဖြစ်သင်တန်း (၁၀) ကြိမ်၊ ဆင့်ပွားဆရာဖြစ်သင်တန်း (၁၂) ကြိမ် စီစဉ်ဆောင်ရွက်သွားကြပါမည်။ ဆရာဖြစ်သင်တန်း တစ်ကြိမ်လျှင် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သင်ကြားပေးနိုင်မည့် ဓမ္မစကူးလ်ကျောင်းတော်ဌာနပေါင်း (၂၀) ခုနှင့် သင်ကြားရေးနည်းစနစ်များ ကျွမ်းကျင်သော ဆရာ၊ ဆရာမပေါင်း (၆၀) ဦး ပေါ်ပေါက်လာမည် ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၃ ခုနှစ်ကုန်သည်နှင့် တစ်ပြိုင်နက် မြန်မာနိုင်ငံအနှံ့အပြားတွင် ဓမ္မစကူးလ်ကျောင်းတော်ပေါင်း (၄၄၀) ခု ပေါ်ပေါက်လာမည်ဖြစ်သကဲ့သို့ ကျွမ်းကျင်ဆရာ၊ ဆရာမပေါင်း (၁၃၂၀) ဦးလည်း ပေါ်ထွက်လာနိုင်မည် ဖြစ်သည်။ ၂၀၁၃ ခုနှစ် စီမံကိန်းအတိုင်း နောင် (၅) နှစ်ကို မျှော်မှန်းကြည့်ပါက မြန်မာနိုင်ငံအနှံ့အပြားတွင် တနင်္ဂနွေနေ့တိုင်း ဗုဒ္ဓဘာသာသင်ခန်းစာများကို

စနစ်တကျ သင်ကြားပေးနေသော ဓမ္မစကူးလ်ကျောင်းတော်များ (၂၂၀၀) ခုအထိ ရှိလာမည်ဖြစ်သည်။ ထို့အပြင် သင်ကြားရေးနစ်စနစ်များ ကျွမ်းကျင်သော ဆရာ၊ ဆရာမပေါင်း (၆၆၀၀) ဦးအထိ ပေါ်ပေါက်လာနိုင်ပါသည်။

## ၃။ ရည်ရွယ်ချက်များ

(က) ကျောင်းသားကိုင်စာအုပ်များ၊ ဆရာလမ်းညွှန်စာအုပ်များနှင့် သင်ကြားသင်ယူမှုဆိုင်ရာ ပစ္စည်းအမျိုးမျိုး ပါဝင်သော ခေတ်မီသင်ကြားနည်းစနစ်များဖြင့် ရေးဆွဲထားသည့် ဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်းများ ပေါ်ပေါက်လာစေရန်၊

(ခ) ဓမ္မစကူးလ်ဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်းကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ခေတ်မီသင်ကြားနည်းစနစ်များဖြင့် သင်ကြားပေးနိုင်မည့် ဆရာ၊ ဆရာမများ မွေးထုတ်ရန်၊

(ဂ) တူညီသော ရည်ရွယ်ချက်များဖြင့် ပါဝင်ဆောင်ရွက်လိုကြသည့် ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းတိုက်များ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ဗုဒ္ဓဘာသာအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဓမ္မစကူးလ်ကွန်ရက်ကို ထည်ထောင်ပြီး နိုင်ငံအနှံ့ ဓမ္မစကူးလ်များ တည်ထောင်ဖွင့်လှစ်ရန်၊

(ဃ) ဓမ္မစကူးလ်လုပ်ငန်းများတွင် စိတ်ပါဝင်စားကြသည့် ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းတိုက်များ၊ ဗုဒ္ဓဘာသာအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များ၊ တစ်သီးပုဂ္ဂလစေတနာရှင်များ၊ ရပ်ရွာလူထုနှင့် လူထုဆက်သွယ်ရေးလုပ်ငန်းများနှင့် ပူးပေါင်းလျက် ဓမ္မစကူးလ်များကို ကျယ်ပြန့်သည့် ပံ့ပိုးမှု ရရှိစေရေး စည်းရုံးလှုံ့ဆော်ဆောင်ရွက်ရန်။

## ၄။ ဓမ္မစကူးလ်သင်ရိုးညွှန်းတမ်း

### (က) သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များ

၁။ ဗုဒ္ဓသာသနာဖြစ်ထွန်းပေါ်ပေါက် ပြန့်ပွားလာခြင်းနှင့် စပ်လျဉ်းသည့် ဗုဒ္ဓဝင်၊ သာသနာဝင်၊ သမိုင်းဝင် အဖြစ်အပျက်များ၊ ပုဂ္ဂိုလ်ထူးများအကြောင်းကို သိရှိပြီး ဗုဒ္ဓ၊ ဓမ္မနှင့် သံဃာတည်းဟူသော ရတနာသုံးပါးကို ပိုမိုသက်ဝင်ယုံကြည်လေးစားကြည်ညိုလာစေရန်။

၂။ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ နေ့စဉ်အလုပ်ဖြစ်သည့် ဒါန၊ သီလ၊ ဘာဝနာအလုပ်များကို စနစ်တကျနှင့် မှန်ကန်စွာ ကျင့်ကြံအားထုတ် လုပ်ဆောင်တတ်လာစေရန်။

၃။ ဗုဒ္ဓ၏အဆုံးအမများကို မှန်ကန်စွာ နားလည်လက်ခံကျင့်သုံးပြီး လူ့အဖွဲ့အစည်းအတွင်း တန်ဖိုးရှိသော လူသားတစ်ဦးအဖြစ် နေထိုင်တတ်စေရန်။

၄။ မြန်မာနိုင်ငံအတွင်းရှိ ထင်ရှားသော ဘုရားပုထိုးများ၊ ဗုဒ္ဓဘာသာပွဲလမ်းသဘင်များ၊ နေ့ထူးနေ့မြတ်များနှင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များအကြောင်းကို သိရှိပြီး ထေရဝါဒဗုဒ္ဓဘာသာ အဓွန့်ရှည်တည်တံ့ရေး၊ ပြန့်ပွားရေးတို့အတွက် ပါဝင်ကူညီဆောင်ရွက်လာစေရန်။

(ဓ) သင်ရိုးညွှန်းတမ်း၏ အခြေခံမူများ

၁။ ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ သက်ဝင်ယုံကြည်မှု၊ အတွေးအခေါ်အယူအဆများ၊ အဆုံးအမများနှင့် မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းဓလေ့များကို အခြေခံထားသည်။

၂။ ထေရဝါဒဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်အားထားရာ ဘာသာရေးသက်သက် သဘောထားရုံမျှမဟုတ်ဘဲ နေ့စဉ်လူမှုဘဝတွင် လူသားတစ်ဦးအတွက် တန်ဖိုးရှိသော ဘဝနေနည်းလမ်းညွှန်အဖြစ်ကိုပါ အခြေခံထားသည်။

၃။ အသိပညာပေးသက်သက်၊ ဗဟုသုတရရှိရုံသက်သက်မဟုတ်ဘဲ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံး၏ အပြုအမူ၊ အလေ့အထနှင့် ကျွမ်းကျင်မှုများ ဖြစ်ထွန်းရေးအတွက် ရည်ရွယ်ထားသည်။

၄။ သင်ရိုးဝင်အကြောင်းအရာများကို လွယ်ရာမှ ခက်ရာသို့၊ ရိုးရှင်းရာမှ ရှုပ်ထွေးနက်နဲရာသို့၊ ဒြပ်ရှိအသိမှ ဒြပ်မဲ့အသိသို့ အဆင့်ဆင့် ချဲ့ထွင်သင်ယူနိုင်ရန် အထောက်အကူပြုသည့် ခရုပတ်နည်း (Spiral method) ဖြင့် ဖွဲ့စည်းထားသည်။

၅။ သင်ကြားသင်ယူမှု လုပ်ငန်းစဉ်တွင် အပြန်အလှန် ပြောဆိုဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်း စသော တက်ကြွစွာ သင်ယူသည့်နည်းများ ပါဝင်သော ကလေးဗဟိုပြုချဉ်းကပ်နည်းဖြင့် စီစဉ်ထားသည်။

(ဂ) သင်ရိုးညွှန်းတမ်း ဖွဲ့စည်းပုံ

မူလတန်းအဆင့်အတွက် သင်ရိုးညွှန်းတမ်း ရေးဆွဲရာတွင် ယေဘုယျအားဖြင့် သင်ခန်းစာခေါင်းစဉ်တစ်ခုလျှင် တစ်ရက်၊ သင်ကြားချိန် လေးချိန်၊ တစ်ချိန်လျှင် မိနစ် (၃၀) နှုန်းဖြင့် စုစုပေါင်း နှစ်နာရီစာ ရေးဆွဲထားပါသည်။ အတန်းအဆင့် တစ်ဆင့်ချင်းစီအတွက်လည်း စုစုပေါင်းသင်ခန်းစာ (၄၀) စီ ပြင်ဆင်ထားပါသည်။ မူလတန်းဆင့် သင်ရိုးညွှန်းတမ်း တစ်ခုလုံးကို ခြုံကြည့်လျှင် အောက်ပါအတိုင်း အဓိကနယ်ပယ်ကြီးခြောက်ခု ပါဝင်နေသည်ကို တွေ့ရှိရမည် ဖြစ်သည်။

(၁) ရတနာသုံးပါး ။ ။ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကို သက်ဝင်ယုံကြည်ပြီး ကိုးကွယ်ဆည်းကပ်ခြင်းနှင့်ဆိုင်သည့် အကြောင်းရင်းများ။

(၂) ဗုဒ္ဓဝင် ။ ။ ဘုရားဆုပန်ခန်းမှအစ ဖွားတော်မူခန်းမှသည် ပရိနိဗ္ဗာန်ပြုသည်အထိ ဗုဒ္ဓ၏ ဘဝဖြစ်တော်စဉ်များ။

(၃) မင်္ဂလာတရားတော်များ ။ ။ မင်္ဂလသုတ်တရားတော်လာ မင်္ဂလာတရား (၃၈) ပါးနှင့် ဆက်နွယ်နေသည့် ဇာတကဝတ္ထုများ။

(၄) ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ဘာသာရေးလုပ်ငန်းစဉ်များ ။ ။ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် နေ့စဉ်ကျင့်ကြံအားထုတ်လုပ်ဆောင်ရမည့် ဘာသာရေးအလေ့အထများ (ဥပမာ... ဘုရားရှိခိုးခြင်း၊ မေတ္တာပို့ခြင်း၊ ဘာဝနာပွားခြင်း၊ တရားထိုင်ခြင်း စသည်)။

(၅) ဗုဒ္ဓဘာသာပုဂ္ဂိုလ်ထူးများနှင့် နေ့ထူးနေ့မြတ်များ ။ ။ သာသနာဝင်၊ သမိုင်းဝင်ပုဂ္ဂိုလ်ထူးများနှင့် ဗုဒ္ဓဘာသာဝင်တို့ အလေးအမြတ်ထား ကျင်းပပြုလုပ်သည့် နေ့ထူးနေ့မြတ်များ၊ ပွဲတော်များ။

(၆) ဗုဒ္ဓဘာသာဝင်တစ်ဦး၏ လူမှုရေးကျင့်ဝတ်များ ။ ။ ယဉ်ကျေးလိမ္မာပြီး ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော လူသားတစ်ဦးအဖြစ် ဘဝတွင် ကျင့်ကြံနေထိုင်နိုင်ရေးအတွက် ဗုဒ္ဓလမ်းညွှန်ခဲ့သည့် အဆုံးအမများ (ဥပမာ... မှန်မှန်ကန်ကန် ပြောဆိုခြင်း၊ အကျိုးရှိစွာ ပြောဆိုခြင်း၊ ယဉ်ကျေးချိုသာစွာ ပြောဆိုခြင်း၊ မေတ္တာထားခြင်း၊ မုဒိတာပွားခြင်း စသည်)။

အထက်ဖော်ပြပါ အကြောင်းအရာအားလုံးကို အတန်းတိုင်းတွင် အတိုင်းအတာတစ်ခုအထိ လွှမ်းခြုံမိအောင် သင်ကြားနိုင်ရန် စီစဉ်ထားပါသည်။ မူလတန်းဆင့် ပြီးဆုံးသည်နှင့် ကလေးများအနေဖြင့် အထက်ဖော်ပြပါ အဓိကနယ်ပယ်ကြီးခြောက်ခု၏ အခြေခံအကြောင်းအရာများနှင့် အရေးကြီးသောအလေ့အထများ၊ ကျွမ်းကျင်မှုများကို သင်ယူရရှိသွားရန် မျှော်လင့်ထားပါသည်။

## (ဃ) သင်ခန်းစာများ စီစဉ်ထားပုံ

မူလတန်းဆင့် ဗုဒ္ဓဘာသာသင်ခန်းစာများကို တစ်ချိန်လျှင် မိနစ် (၃၀) နှင့် သင်ချိန်လေးချိန်၊ စုစုပေါင်း သင်ကြားချိန် (၂) နာရီစာစီ ရေးဆွဲထားပါသည်။ သို့ဖြစ်ရာ တစ်ရက်လျှင် အဆိုပါသင်ချိန် (၄)ချိန်လုံး အပြည့်အဝ သင်ကြားပေးမှသာ သင်ခန်းစာ၏ ရည်ရွယ်ချက် ပေါက်မြောက်နိုင်မည် ဖြစ်ပါသည်။ သင်ချိန်တစ်ချိန်စီအတွင်း လုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများကိုလည်း ဆရာလက်စွဲများထဲတွင် တစ်ဆင့်ချင်းစီ ရှင်းလင်းဖော်ပြထားပါသည်။ သင်ကြားပြသကြမည့် ဆရာ၊ ဆရာမများအနေဖြင့် ဆရာလက်စွဲပါ လမ်းညွှန်ချက်များကို သေသေချာချာဖတ်ရှုပြီး သင်ခန်းစာများကို ကြိုတင်ပြင်ဆင်ပြီးမှ သင်ကြားကြရန် အထူးတိုက်တွန်းပါသည်။ ဆရာလမ်းညွှန်ကို မဖတ်ဘဲ သင်ကြားခြင်းမျိုး လုံးဝမပြုလုပ်ကြရန် မေတ္တာရပ်ခံပါသည်။

သင်ကြားချိန် (၁) ကို စီစဉ်ရာတွင် ယေဘုယျအားဖြင့် သင်ကြားမည့်အကြောင်းအရာသစ်ကို မိတ်ဆက်ပြီး နိဒါန်းပျိုးသည့်သဘောဖြင့်သာ စီစဉ်ထားသည်။ သို့ဖြစ်ရာ ယခင်ရက်များတွင် သင်ကြားခဲ့သော သို့မဟုတ် ယခင်အတန်းများတွင် သင်ကြားပြီးခဲ့သော အကြောင်းအရာများနှင့် ချိတ်ဆက်ပြီး နိဒါန်းပျိုးရသည့် သင်ခန်းစာများ အများအပြား ပါဝင်ပါသည်။ တတ်နိုင်သမျှ ချိတ်ဆက်သင်ကြားကြရန်လည်း တိုက်တွန်းပါသည်။

သင်ကြားချိန် (၂) နှင့် (၃) မှာမူ အဓိကအကြောင်းအရာများ၊ အလေ့အထများကို ကောင်းစွာ နားလည်သဘောပေါက်ပြီး ခံယူကျင့်သုံးတတ်စေရန် ရည်ရွယ်လျက် စီစဉ်ထားခြင်း ဖြစ်သည်။ အဆိုပါ သင်ချိန်များတွင် အဓိကအကြောင်းအရာများကို ရုပ်ပုံများ၊ ပုံပြင်များ၊ ဇာတကဝတ္ထုများ၊ စာပိုဒ်များဖြင့် တင်ပြမိတ်ဆက်ပေးထားသည် ဖြစ်ရာ အဆိုပါ ရုပ်ပုံများ၊ ပုံပြင်ဝတ္ထုများကို ထိထိရောက်ရောက် အသုံးပြုပြီး သင်ကြားစေလိုပါသည်။ အထူးသဖြင့် ကျောင်းသားကိုင်စာအုပ်များကို ထိရောက်စွာ အသုံးပြုရမည့် သင်ကြားချိန် များလည်း ဖြစ်ပါသည်။ ပုံပြင်များ၊ ဇာတကဝတ္ထုများကို ဆရာ၊ ဆရာမများက ပြောပြရုံသက်သက် မဟုတ်ဘဲ ကလေးများအနေဖြင့် ကျောင်းသားကိုင်စာအုပ်ကို ကြည့်ရှုရင်း နားထောင်စေခြင်း၊ ဆရာနှင့်အတူ လိုက်ဖတ်စေခြင်း၊ အထူးသဖြင့် ဒုတိယတန်းနှင့်

အထက် ကလေးများအား ၎င်းတို့ကိုယ်တိုင် ဖတ်ရှုစေခြင်းများ ပြုလုပ်စေနိုင်ပါသည်။ အဆိုပါ ပုံပြင်များ၊ ဇာတကဝတ္ထုများ နားထောင်ပြီး နောက်ဆက်တွဲအနေဖြင့် ပြုလုပ်ရန် စီစဉ်ထားသည့် မေးခွန်းများ ဖြေဆိုခြင်း၊ ပုံဆွဲခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ သရုပ်ဆောင်ခြင်း စသော လုပ်ငန်းများကိုလည်း မလွဲမသွေ စီစဉ်လုပ်ဆောင်ကြရန် တိုက်တွန်းပါသည်။

နောက်ဆုံးသင်ကြားချိန်ဖြစ်သည့် သင်ကြားချိန် (၄) တွင်မူ အဓိကအကြောင်းအရာမှ အတုယူစရာ၊ သင်ခန်းစာယူစရာ၊ လက်ခံကျင့်သုံးစရာများကို ထုတ်ယူပြီး ကိုယ်တိုင်ဆင်ခြင်သုံးသပ် ကျင့်သုံးလိုက်နာလာစေရေး အတွက် ရည်ရွယ်သည့် သင်ယူမှုလုပ်ငန်းများဖြင့် စီစဉ်ထားပါသည်။ အဓိကအားဖြင့် ဗုဒ္ဓ၏အဆုံးအမများကို အသိပညာဗဟုသုတရရုံသက်သက် မဟုတ်ဘဲ မိမိဘဝနှင့်ဆက်စပ်ပြီး လက်တွေ့ကျင့်သုံးနိုင်မည့် နည်းလမ်းများ၊ လုပ်ငန်းများကို ကလေးများကိုယ်တိုင် ရှာဖွေဖော်ထုတ်ကြစေသည့် အချိန်လည်းဖြစ်သည်။ ကလေးတစ်ဦးချင်း ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မိမိတို့၏ကိုယ်ပိုင်အကျင့်၊ ကိုယ်ပိုင်အလေ့အထအဖြစ် ခံယူရရှိသွားစေရေးအတွက်လည်း ရည်ရွယ်ပါသည်။ သို့ဖြစ်ရာ သင်ကြားချိန် (၄) သည် အထူးအရေးကြီးသော သင်ချိန်တစ်ခုလည်း ဖြစ်သည်။

အထက်ဖော်ပြပါ သင်ကြားချိန် (၄) ချိန်အတွင်းတွင် ဆရာ၊ ဆရာမများအနေဖြင့် ကလေးများ၏ နားလည်သဘောပေါက်မှုကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာ အကဲဖြတ်ရန်လိုပါသည်။ စာသင်ကျောင်းများမှာ ကဲ့သို့ မေးခွန်းများ ရေးဖြေပြီး အမှတ်ပေးခြင်း၊ စာမေးပွဲစစ်ဆေးခြင်းများ ပြုလုပ်ရန် မလိုအပ်ပါ။ အမှန်တကယ် နားလည်သဘောပေါက်ခြင်း ရှိ၊ မရှိအတွက်သာ မေးမြန်းဆွေးနွေးရန်ဖြစ်ပြီး နားမလည်သည့်အချက်များကို ဆရာနှင့်တပည့်သော်လည်းကောင်း၊ တပည့်အချင်းချင်းသော်လည်းကောင်း အပြန်အလှန် မေးမြန်းဆွေးနွေးစေခြင်း ကိုသာ အဓိကထား လုပ်ဆောင်စေမည် ဖြစ်ပါသည်။

သင်ခန်းစာများကို သင်ကြားပေးရာတွင် အသိပညာပေးသက်သက်၊ ဗဟုသုတရရှိရုံသက်သက်မဟုတ်ဘဲ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံး၏ အပြုအမူ၊ အလေ့အထနှင့် ကျွမ်းကျင်မှုများ ဖြစ်ထွန်းရေးအတွက် ရည်ရွယ်ထား သည်ဖြစ်ရာ စာသင်ချိန် (၄) ချိန် သင်ပေးလိုက်ရုံမျှဖြင့် အဆိုပါ အလေ့အထများ၊ ကျွမ်းကျင်မှုများ ခိုင်မြဲစွာ ရရှိသွားပြီဟု မဆိုနိုင်ပါ။ ဆရာ၊ ဆရာမများအနေဖြင့် စဉ်ဆက်မပြတ် လေ့လာပြီး ပံ့ပိုးပေးရန် လိုအပ်မည် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့်ဖြစ်စေ၊ လိမ္မာယဉ်ကျေးပြီး ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသော လူသား တစ်ဦးအနေဖြင့်ဖြစ်စေ၊ အမြဲကျင့်ကြံအားထုတ် လုပ်ဆောင်ရမည့် အလေ့အထကောင်းများ ဖြစ်ထွန်းရေးမှာ စာသင်ခန်းအတွင်းတွင် သင်ယူရုံဖြင့် မလုံလောက်ဘဲ စာသင်ခန်းပြင်ပတွင်ပါ လက်တွေ့ကျင့်သုံး နေထိုင် သွားအောင် ဝိုင်းဝန်းလုပ်ဆောင်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

## ၅။ ဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်းနှင့် ကလေးဗဟိုပြုချဉ်းကပ်နည်း

### (က) ကလေးဗဟိုပြုချဉ်းကပ်နည်းဖြင့် စီစဉ်ဆောင်ရွက်ရသည့် အကြောင်းရင်းများ

ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ ဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်းနှင့် သင်ခန်းစာများကို စီစဉ်ရေးဆွဲရာတွင် ကလေးဗဟိုပြုချဉ်းကပ်နည်းဖြင့် စီစဉ်ရေးဆွဲထားသည်ဖြစ်ရာ သင်ကြားပြသသည့်အခါတွင်လည်း ကလေးဗဟိုပြု ချဉ်းကပ်သင်ယူနည်းများကို အသုံးပြုပြီး သင်ကြားပြသကြရန် ဖြစ်ပါသည်။ ကလေးဗဟိုပြုချဉ်းကပ်နည်းသည် ကလေးများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးရင့်ကျက်လာသည့်အဆင့်တို့နှင့်အညီ လိုအပ်ချက်များ၊ စိတ်ဝင်စားမှုများကို အလေးထားထည့်သွင်းစဉ်းစားကာ သင်ကြားပေးရသည့် ချဉ်းကပ်နည်းဖြစ်သည်။ ဗုဒ္ဓဘာသာသင်ခန်းစာများကို ကလေးဗဟိုပြုချဉ်းကပ်နည်းဖြင့် စီစဉ်ဆောင်ရွက်ရသည့် အကြောင်းရင်းများစွာ ရှိသည့်အနက် အောက်ဖော်ပြပါ အကြောင်းအရင်း (၃) ခုကို အလေးထား စဉ်းစားဆောင်ရွက်ခြင်း ဖြစ်သည်။

(၁) ဗုဒ္ဓဘာသာသည် ဖန်ဆင်းရှင်၊ တန်ခိုးရှင်တစ်ဦးတစ်ယောက်အပေါ် ကိုးကွယ်ယုံကြည် မှီခိုအားထားပြီး နေထိုင်သွားရသည့်ဘာသာတရား မဟုတ်ဘဲ သံသရာမှ လွတ်မြောက်ရန်အတွက်ဖြစ်စေ၊ မျက်မှောက်ဘဝတွင် ကောင်းကျိုးချမ်းသာမင်္ဂလာများနှင့် ပြည့်စုံစွာ နေထိုင်ရှင်သန်နိုင်ရေးအတွက်ဖြစ်စေ၊ ကာယကံရှင်က မိမိကိုယ်တိုင် ကောင်းမြတ်သောအကျင့်များကို နေ့စဉ် ကျင့်ကြံနေထိုင်လုပ်ကိုင်သွားရသည့် ဘာသာတရားဖြစ်သည်။ သို့ဖြစ်ရာ ဗုဒ္ဓဘာသာသည် ဖန်ဆင်းရှင်၊ တန်ခိုးရှင်ကို ဗဟိုမပြုဘဲ လူသားကိုသာ ဗဟိုပြုထားသော ဘာသာတရား၏ အယူအဆများ၊ အဆုံးအမများ၊ အလေ့အကျင့်များကို သင်ကြားပေးရာတွင် သင်ယူသူကို ဗဟိုပြုခြင်း တစ်နည်းအားဖြင့် ကလေးကို ဗဟိုပြု၍ သင်ကြားပေးခြင်းသည် အသင့်လျော်ဆုံး ချဉ်းကပ်နည်း ဖြစ်မည်ဟု ယူဆပါသည်။

(၂) "ဗုဒ္ဓဘာသာသည် ကိုယ်တိုင်ကျင့်ကြံအားထုတ် လုပ်ဆောင်ခြင်းဖြင့်သာလျှင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်မည်၊ မျက်မှောက်ဘဝတွင် ရင်ဆိုင်နေရသောဒုက္ခကို ကျော်လွှားနိုင်မည်"ဟု ယုံကြည်သည့် ဘာသာ ဖြစ်သည်နှင့်အညီ ဗုဒ္ဓဘာသာဝင်များအနေဖြင့်လည်း မိမိကိုယ်ကျင့်တရားကိုသာ အားကိုးပြီး မိမိကိုယ်တိုင် ကျင့်ကြံလုပ်ဆောင်ကြရမည်ဖြစ်သည်။ ဤနေရာတွင်လည်း ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်မှုသည် ကလေးဗဟိုပြု ချဉ်းကပ်နည်း၏ သဘောတရားနှင့် တစ်ထပ်တည်းကျသည်ဟု ဆိုရမည် ဖြစ်သည်။ "သင်ယူသူသည် ကိုယ်တိုင် သင်ယူပါမှ သင်ယူမှုပြီးမြောက်သည်"ဟူသော ဥပဒေသနှင့်အညီ ကလေးဗဟိုပြုချဉ်းကပ်နည်းတွင် ကလေးများကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ တွေးတောကြံဆ၊ ဆွေးနွေးမေးမြန်း၊ စူးစမ်းလေ့လာ၊ လုပ်ကိုင်ဆောင်ရွက်ရင်းဖြင့် သင်ယူကြစေရန် အားပေးပါသည်။

(၃) ဗုဒ္ဓဘာသာ အတွေးအခေါ်၊ အယူအဆ၊ အဆုံးအမနှင့် အလေ့အထများသည် အဓိပ္ပာယ်လေးနက် သည်ဖြစ်ရာ ကလေးငယ်များ နားလည်နိုင်ရန်အတွက် လွယ်ကူရိုးရှင်းရာမှ ခက်ခဲနက်နဲရာသို့၊ ဒြပ်ရှိသဘောမှ ဒြပ်မဲ့သဘောသို့ အဆင့်ဆင့် မွမ်းမံချဲ့ထွင်သင်ကြားပေးရန် လိုပါသည်။ သို့ဖြစ်ရာ ဓမ္မစကူးလ်သို့ လာရောက်ကြမည့် ကလေးများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးရင့်ကျက်မှုအဆင့်အလိုက် လိုက်လျောညီထွေရှိသည့် အကြောင်းအရာများ၊ ဥပမာများဖြင့် စီစဉ်ရေးဆွဲကြရပါသည်။ ထိုသို့ စီစဉ်ရေးဆွဲသည့်အခါ ကလေးဗဟိုပြုချဉ်းကပ်နည်းကို အသုံးပြုရန် မလွဲမသွေ လိုအပ်ပါသည်။

ကလေးဗဟိုပြုချဉ်းကပ်နည်းသည် ပညာသင်ကြားရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး နှစ်ပေါင်းများစွာ သုတေသနပြု တွေ့ရှိချက်များကို အခြေခံပြီး ပေါ်ထွက်လာသည့် ချဉ်းကပ်နည်းဖြစ်သည်။ ယနေ့ကမ္ဘာကြီး၏ စီးပွားရေး၊ လူမှုရေး အပြောင်းအလဲများကို ရင်ဆိုင်နိုင်စေရန် ရည်ရွယ်လျက် ပညာသင်ကြားရေးနယ်ပယ်တွင် နိုင်ငံအများအပြား၌ အသုံးပြုနေသောနည်းလည်း ဖြစ်ပါသည်။ ဤနည်းကိုပင် တက်ကြွစွာ သင်ယူခြင်း (Active Learning)၊ ပါဝင်လုပ်ဆောင်သင်ယူခြင်း (Participatory Learning)၊ ထိရောက်သောသင်ကြားသင်ယူမှု (Effective Teaching and Learning) စသည်အားဖြင့် အမည်အမျိုးမျိုး ခေါ်ကြသည်လည်း ရှိပါသည်။ အခြေခံ အားဖြင့်မူ သမားရိုးကျသင်ကြားနည်းဖြစ်သည့် ဆရာဗဟိုပြုသင်ကြားနည်းမှ ခွဲထွက်ကာ ကလေးများအနေဖြင့် တစ်စုံတစ်ယောက်က ပေးဝေသော အသိပညာကို အရှိအတိုင်း လက်ခံရယူရုံသက်သက် မဟုတ်ဘဲ ၎င်းတို့ ကိုယ်တိုင် လွတ်လပ်စွာ တွေးတောကြံဆခွင့်၊ မေးမြန်းဆွေးနွေးခွင့်၊ မေးခွန်းထုတ်ခွင့်၊ စူးစမ်းလေ့လာခွင့်များ ရရှိကြပြီး အသိပညာကို ဖြန့်ကြက်တည်ဆောက်သွားစေနိုင်မည့်နည်း ဖြစ်သည်။

## (စ) ကလေးဗဟိုပြုချဉ်းကပ်နည်း၏ အခြေခံသဘောတရားများ

ကလေးဗဟိုပြုချဉ်းကပ်နည်းသည် ကလေးများ၏ သင်ယူမှုနှင့်သက်ဆိုင်သည့် အောက်ပါသဘောတရား အယူအဆများအပေါ်တွင် အခြေခံထားသည်။

ကလေးများသည် သင်ယူမှုလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ရင်း မိမိတို့၏ ရှိရင်းစွဲ အသိပညာများ၊ ကျွမ်းကျင်မှုများအပေါ်တွင် အသိပညာအသစ်များ၊ ကျွမ်းကျင်မှုအသစ်များကို ထပ်ဆင့်ဖြန့်ကြက် တည်ဆောက်ယူကြသည်။ သို့ဖြစ်ရာ ကလေးများအနေဖြင့် ဆရာပြောသမျှကို နားထောင်ပြီး ရယူရုံသက်သက် မဟုတ်ဘဲ သင်ယူမှုတွင် ကိုယ်ရောစိတ်ပါ နှစ်ပြီး ဉာဏ်ဖွင့်စဉ်းစားခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ မေးခွန်းများ ဖြေဆိုခြင်း၊ သိလိုသည်များကို မေးခွန်းထုတ်ခြင်း၊ ဆွေးနွေးခြင်း၊ ရှင်းပြပြောဆိုခြင်း၊ ငြင်းခုံခြင်း (Debate) စသည့် တက်ကြွစွာ ပါဝင်လုပ်ဆောင်သင်ယူမှုကို ပြုလုပ်ကြရသည်။

ကလေးများသည် အများနှင့်ပူးပေါင်းလုပ်ဆောင်ရင်းဖြင့်လည်း ပိုမိုသင်ယူတတ်မြောက်နိုင်ကြသည်။ အချင်းချင်း အပြန်အလှန် ဆက်သွယ်ပြောဆိုခွင့်ရသော ကလေးများအနေဖြင့် အသိပညာကိုသာမက လူမှုဆက်ဆံရေးဆိုင်ရာ စွမ်းရည်များကိုပါ ပိုမိုရရှိစေနိုင်ပါသည်။ ကလေးများအနေဖြင့် နှစ်ယောက်တစ်တွဲ သို့မဟုတ် အုပ်စုအလိုက် လုပ်ကိုင်ဆောင်ရွက်ရသော လုပ်ငန်းများ၊ အုပ်စုအလိုက် ဖြေရှင်းရမည့် မေးခွန်းများနှင့် ပြဿနာများ၊ ပရောဂျက်လုပ်ငန်းများ စသည်တို့ကို အတူတကွ လုပ်ကိုင်ဆောင်ရွက်ရင်းဖြင့် ပူးပေါင်းလုပ်ဆောင်သင်ယူနိုင်ပါသည်။

ထို့အပြင် ကလေးဗဟိုပြုချဉ်းကပ်နည်းတွင် ခြုံယူဆင်ခြင်သင်ယူနည်း (Inductive Learning) ကိုလည်း အသုံးပြုကြသည်။ ကလေးများအား ပြဿနာတစ်ခုပေးပြီး အရင်စဉ်းစားကြစေကာ အဖြေနှင့်ပတ်သက်သည့် အကြောင်းအရာများကို နောက်မှ လေ့လာစေသည့်နည်း ဖြစ်သည်။ ကလေးများအနေဖြင့် စူးစမ်းလေ့လာခြင်း၊ ရှာဖွေခြင်း၊ ပြဿနာအခြေပြု စဉ်းစားခြင်း၊ ပရောဂျက်လုပ်ငန်းအခြေပြုစဉ်းစားလုပ်ဆောင်ခြင်း စသည့်နည်းများဖြင့် သင်ယူလျှင် မွေးရာပါဗီဇနှင့် စွမ်းရည်များကို အကန့်အသတ်မဲ့ အသုံးပြုနိုင်ပြီး မိမိကိုယ်မိမိ ယုံကြည်မှုတိုးပွားစေနိုင်ပါသည်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဗုဒ္ဓဘာသာသင်ခန်းစာများတွင် သင်ယူမှုလုပ်ငန်းများကို စီစဉ်ရေးဆွဲရာ၌ အထက်ဖော်ပြပါ သဘောတရားများကို အခြေခံပြီး သင့်လျော်သည့်နည်းများကို လုပ်ငန်းအလိုက် စီစဉ်ထားပါသည်။ ဓမ္မစကူးလ် ဆရာ၊ ဆရာမများအနေဖြင့် ဆရာလမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း လုပ်ဆောင်သွားမည်ဆိုလျှင် ထိရောက်သော သင်ကြားသင်ယူမှု ဖြစ်ထွန်းမည်ဟု ယုံကြည်ပါသည်။ အထူးသဖြင့် ကလေးများကို ၎င်းတို့ကိုယ်တိုင် စဉ်းစားတွေးတော စိတ်ကူးတတ်လာအောင်၊ မိမိတို့၏ စိတ်ကူးထင်မြင်ချက်များကို အခြားသူများနှင့် ဆွေးနွေးဖလှယ်ရင်း အဖြေရှာတတ်အောင်၊ သိလိုသည်များကို စူးစမ်းလေ့လာတတ်အောင် ဆရာ၊ ဆရာမများက လမ်းညွှန်ပံ့ပိုးပေးမည်ဆိုပါက ကလေးများအနေဖြင့် ဗုဒ္ဓ၏ အဆုံးအမများကို နားလည်သဘောပေါက်ရုံသာမက နေ့စဉ် လိုက်နာကျင့်ကြံနေထိုင်သွားနိုင်သည့် အဆင့်သို့ပါ ရောက်ရှိမည် ဖြစ်ပါသည်။

## (ဂ) ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍ

ကလေးဗဟိုပြုချဉ်းကပ်နည်းဟု ဆိုသည့်တိုင် ဆရာသည် အရေးပါသော အခန်းကဏ္ဍတွင် ရှိနေမြဲ ဖြစ်သည်။ စင်စစ်မှာ ကလေးဗဟိုပြု စာသင်ခန်းများတွင် ဆရာသည် ပို၍အရေးပါသည်ဟု ဆိုနိုင်ပါသည်။ ကလေးများအား အကြောင်းအရာအသစ်၊ အယူအဆအသစ်များကို ရှင်းလင်းပြောပြပေးရန် လိုအပ်မည်ဖြစ်ရာ ဆရာကိုယ်တိုင် သင်ကြားပြသသူအဖြစ် ရှိမြဲရှိနေမည် ဖြစ်သည်။ ထို့အပြင် ကလေးများသိလိုသည့် အကြောင်း

အရာ အချက်အလက်များကို သိနိုင်မည့်နည်းလမ်းများ ညွှန်ပြပေးနိုင်သူ သို့မဟုတ် မိမိကိုယ်တိုင်က ဖြန့်ဝေပြောပြပေးနိုင်သူအဖြစ်လည်း လုပ်ဆောင်ပေးနေရပါမည်။

ကလေးဗဟိုပြုချဉ်းကပ်နည်းတွင် ဆရာဗဟိုပြုနှင့် ကွဲပြားသည့် အဓိကအချက်မှာ ဆရာက သင်ယူမှုလုပ်ငန်းကို ပံ့ပိုးပေးသူ (Facilitator) ဖြစ်သည်ဟူသောအချက် ဖြစ်သည်။ ကလေးများကို တစ်ဦးချင်းဖြစ်စေ၊ အုပ်စုအလိုက်ဖြစ်စေ မေးခွန်းများ၊ ပြဿနာများကို ကြုံဆတွေးတော အဖြေရှာနိုင်အောင်၊ မေးမြန်းဆွေးနွေးနိုင်အောင် ဆရာက ကူညီပံ့ပိုးပေးရမည် ဖြစ်သည်။ အဖြေကို ဆရာက မပေးဘဲ တပည့်များ အဖြေရှာနိုင်အောင် ပံ့ပိုးကူညီခြင်းသာ ဖြစ်သည်။ ဤသို့ လုပ်ဆောင်ပေးခြင်းကို ငြမ်းဆင်ပေးခြင်း (Scaffolding) ဟု ခေါ်ပါသည်။ အပေါ်တစ်ဆင့်သို့ တက်လိုသည့်ကလေးကို မ ချီသွားခြင်းသည် ကူညီခြင်း မဟုတ်ပါ။ ငြမ်းဆင်ပေးခြင်း မဟုတ်ပါ။ ကလေးတက်နိုင်အောင် ဘေးမှ ပံ့ပိုးကူညီပေးခြင်း၊ လက်တွဲပေးခြင်းကသာ ငြမ်းဆင်ပေးခြင်း ဖြစ်သည်။ ဆရာ၊ ဆရာမများသည် ဤသဘောကိုယူကာ သင်ယူမှုလုပ်ငန်းများတွင် ပံ့ပိုးပေးရမည် ဖြစ်သည်။

ထို့အပြင် ဆရာ၊ ဆရာမများသည် မိမိသင်ကြားမည့် သင်ခန်းစာနှင့် သင်ယူမှုလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်လည်း လိုအပ်ပါသည်။ ကလေးဗဟိုပြု စာသင်ခန်းများတွင် မကြာခဏ နေရာထိုင်ခင်း အပြောင်းအလဲများ၊ သင်ထောက်ကူပစ္စည်း ပြောင်းလဲအသုံးပြုမှုများရှိရာ ကလေးများကို စနစ်တကျ တာဝန်ယူဆောင်ရွက်တတ်စေရန် လမ်းညွှန်ပေးနိုင်သည့် စီမံခန့်ခွဲသူကောင်းလည်းဖြစ်ဖို့ လိုပါသည်။ အလားတူပင် မိမိတပည့်များ၏ သင်ယူမှု၊ လုပ်ဆောင်မှုတို့ကို အမြဲမပြတ် စောင့်ကြည့်လေ့လာပြီး အကဲဖြတ်သုံးသပ်နေသူလည်း ဖြစ်ရပါမည်။ သို့မှသာ တပည့်များ၏ အခြေအနေကို သိရှိပြီး လိုအပ်သလို တုံ့ပြန်ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။

**(ဃ) စစ်ဆေးအကဲဖြတ်ခြင်း**

ကလေးများ၏ သင်ယူတတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်ရာတွင် သင်ပြဆဲစစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment) နှင့် သင်ပြပြီး အချုပ်စစ်ဆေးအကဲဖြတ်ခြင်း (Summative Assessment) ဟူ၍ အမျိုးအစားနှစ်မျိုးဖြင့် စစ်ဆေးအကဲဖြတ်လေ့ရှိရာတွင် ဓမ္မစကူးလ်ဗုဒ္ဓဘာသာသင်ခန်းစာများကို ယေဘုယျအားဖြင့် သင်ပြဆဲစစ်ဆေးအကဲဖြတ်မှုပုံစံဖြင့်သာ လုပ်ဆောင်ရန် စီစဉ်ထားပါသည်။ ဆရာ၊ ဆရာမများအနေဖြင့် ကလေးများ၏သင်ယူတတ်မြောက်မှုကို ပုံမှန်သင်ကြားနေစဉ် အချိန်အတွင်းမှာပင် စောင့်ကြည့်လေ့လာခြင်း၊ မေးခွန်းများ မေးမြန်းခြင်း၊ ကလေးများ ရေးသားဖြေဆိုထားသော မှတ်စုစာအုပ်များ၊ လုပ်ဆောင်ထားသောအရာများကို ကြည့်ရှုပြီးလေ့လာခြင်း စသည့်နည်းများဖြင့် ကလေးများ၏ သင်ယူတတ်မြောက်မှုကို အကဲဖြတ်နိုင်ပါသည်။

ဓမ္မစကူးလ် ဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်း အဆင့်အလိုက် ထူးချွန်စွာ တတ်မြောက်ကြသူများအတွက်ကိုမူ နိုင်ငံလုံးဆိုင်ရာ ဓမ္မစကူးလ်ထူးချွန်စာမေးပွဲများ ကျင်းပပြီး ရွေးချယ်နိုင်ပါသည်။ အဆိုပါစာမေးပွဲများမှ ရလဒ်များကိုမူ သင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ် ပြင်ဆင်နိုင်ရေးအတွက် တစ်စိတ်တစ်ပိုင်းအားဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။

(င) သမားရိုးကျချဉ်းကပ်နည်းနှင့် ကလေးဗဟိုပြုချဉ်းကပ်နည်း ကွာခြားမှု

| | သမားရိုးကျနည်း (ဆရာဗဟိုပြု) | ကလေးဗဟိုပြုနည်း |
|---|---|---|
| သင်ယူမှု အဓိကရည်ရွယ်ချက် | အကြောင်းအရာ အချက်အလက်များကို မှတ်မိစေရန် | အကြောင်းအရာ အချက်အလက်များကို နားလည်သဘောပေါက်ပြီး လက်တွေ့အသုံးပြုတတ်စေရန် |
| သင်ကြားသင်ယူနည်း | ➢ အချက်အလက် မှတ်မိစေရန် အလေးပေး<br>➢ ဟောပြောရှင်းလင်း<br>➢ အလွတ်ကျက်မှတ် | ➢ ကလေးများ ရသွားစေလိုသည့်အချက်ကို သာမက မည်သို့ သင်ယူကြသည်ကိုပါ အလေးထား<br>➢ လွတ်လပ်စွာ ကြံဆ၊ ပြောဆို၊ လုပ်ကိုင်ခွင့်ပေး<br>➢ နားလည်သဘောပေါက်မှုကို အလေးထား<br>➢ ကလေးတစ်ဦးချင်းစီ၏ ဘဝနှင့် ဆက်စပ်မိစေ (Personalize) |
| ဆရာ၏ အခန်းကဏ္ဍ | ➢ အသိပညာဖြန့်ဝေသူ<br>➢ ဟောပြောပို့ချသူ | ➢ ကလေးများ၏ သင်ယူမှုကို ပံ့ပိုးကူညီသူ<br>➢ ကလေးများအတွက် အသိပညာပင်မအဖြစ် သိလိုသည့်အချက်များရှိက ရှာဖွေကူညီပေးနိုင်သူ |
| ကျောင်းသား၏ အခန်းကဏ္ဍ | ➢ အသိပညာ အချက်အလက်များကို လက်ခံရယူမှတ်သားသူ | ➢ ကိုယ်တိုင်တက်ကြွစွာ ပါဝင်လုပ်ဆောင်သူ<br>➢ သိလိုသည်ကို မေးမြန်းစူးစမ်းတတ်သူ<br>➢ ထင်မြင်ချက်ကို ပြောဆိုတတ်သူ |
| သင်ယူမှုဝန်းကျင် | ➢ ငြိမ်သက်တိတ်ဆိတ်ပြီး တစ်ဦးချင်း အာရုံစိုက်မှုကို အလေးထား<br>➢ စည်းကမ်းသေဝပ်မှု အဓိက<br>➢ အတန်းလိုက် စနစ်တကျ ထိုင်<br>➢ ကျား၊ မ သီးသန့်<br>➢ အမှားကို ပြစ်ဒဏ်ဖြင့် ပြင်ဆင် | ➢ သက်ဝင်လှုပ်ရှားမှုကို အလေးပေး<br>➢ စည်းကမ်းကို တစ်ဦးချင်း တာဝန်ယူမှုဖြင့် ထိန်း<br>➢ သင်ယူမှုလုပ်ငန်းအပေါ် မူတည်၍ နေထိုင်ပုံပြောင်းလဲ<br>➢ ကျား၊ မ ရောနှောသင်ယူမှုကို အားပေး<br>➢ အမှားကို သင်ခန်းစာအဖြစ် ယူစေပြီး အမှန်ကို ပို၍ အလေးပေး<br>➢ ပျော်ရွှင်တက်ကြွစွာ သင်ယူနိုင်သော ဝန်းကျင်ဖန်တီး |

## ၆။ လေ့လာကြီးကြပ်ခြင်း

ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ ဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်းများကို အသုံးပြုပြီး ဓမ္မစကူးလ်များ အကောင်အထည်ဖော်မှု အခြေအနေကို ပုံမှန်လေ့လာကြီးကြပ်နိုင်ရန်အတွက် ဗဟိုအဆင့်ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရန် ဖြစ်သကဲ့သို့ သက်ဆိုင်ရာနယ်မြေ၊ ဒေသအလိုက် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။ လေ့လာကြီးကြပ်ရာတွင် အပိုင်းနှစ်ပိုင်း ပါဝင်မည်ဖြစ်သည်။

(က) လုပ်ငန်းအကောင်အထည်ဖော်မှုအခြေအနေကို ကြီးကြပ်ခြင်း၊

(ခ) သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းပညာအပိုင်းကို လေ့လာကြီးကြပ်ခြင်း ဖြစ်သည်။

သို့ဖြစ်ရာ လေ့လာကြီးကြပ်ရေးအဖွဲ့များတွင် ဦးဆောင်ဆရာတော်များအပြင် ဗဟိုအဆင့် ဓမ္မစကူးလ်သင်ရိုးညွှန်းတမ်း ကျွမ်းကျင်သူများ (Dhamma School Resource Team) မှ ကျွမ်းကျင်သူ အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများလည်း ပါဝင်သင့်ပါသည်။ ကြီးကြပ်သူများအနေဖြင့် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ရန် လိုအပ်ပြီး၊ ကွင်းဆင်းသည့်အခါ အသုံးပြုရန် စစ်ဆေးချက်စာရင်း (Check List) ကို ပြုစုအသုံးပြုရန် ဖြစ်သည်။ လေ့လာကြီးကြပ်မှု ရလဒ်များကို စုစည်းပြီး နှစ်လယ်နှင့် နှစ်ဆုံး သုံးသပ်ညှိနှိုင်း အစည်းအဝေးများတွင် တင်ပြဆွေးနွေးကာ ပိုမိုကောင်းမွန်ရေး အကြံပြုဆွေးနွေးသွားရန် ဖြစ်သည်။

## ၇။ နိဂုံး

ဓမ္မစကူးလ်များ တည်ထောင်ဖွင့်လှစ်ပြီး ထေရဝါဒဗုဒ္ဓဘာသာ သင်ခန်းစာများကို သင်ကြားပေးခြင်းအားဖြင့် ကလေးဘဝမှ စတင်ကာ ဗုဒ္ဓဝါဒကို အမှန်တကယ် နားလည်သဘောပေါက်ပြီး ဗုဒ္ဓ၏အဆုံးအမအတိုင်း နေထိုင်ကျင့်ကြံအားထုတ် လုပ်ဆောင်လာနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ထို့အပြင် ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့အောင် ကာကွယ်ထိန်းသိမ်းရေးနှင့် ပြန့်ပွားထွန်းကားရေးအတွက် အားထုတ်လုပ်ဆောင်နိုင်ကြသည့် ဗုဒ္ဓဘာသာဝင်များ ပိုမိုများပြားလာနိုင်မည်ဟုလည်း မျှော်လင့်ပါသည်။

ထေရဝါဒဗုဒ္ဓဘာသာသည် ကိုယ်တိုင်ကျင့်ကြံအားထုတ်ခြင်းဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်းကို လမ်းညွှန်ပြသသည့် ဘာသာတရားလည်း ဖြစ်သည်။ သို့ဖြစ်ရာ ကလေးဘဝမှ စတင်ကာ အရာရာကို မိမိကိုယ်တိုင် ပိုင်းခြားဝေဖန် ဆင်ခြင်သုံးသပ်ပြီး ကျင့်ကြံနေထိုင်နိုင်သည့် အလေ့အထများ ပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ထိုသို့ ပျိုးထောင်နိုင်ရေးအတွက် ဓမ္မစကူးလ် ဗုဒ္ဓဘာသာသင်ခန်းစာများကို သင်ကြားရာတွင် ကလေးဗဟိုပြုချဉ်းကပ်နည်းသည် အသင့်လျော်ဆုံးဖြစ်သည်ဟု ယူဆပြီး ဓမ္မစကူးလ် ဗုဒ္ဓဘာသာသင်ခန်းစာများကို ပြုစုရေးဆွဲထားခြင်း ဖြစ်သည်။ နေ့စဉ်ဘဝတွင် တွေ့ကြုံရမြဲဖြစ်သည့် အမှန်နှင့်အမှား၊ တရားမှုနှင့် မတရားမှု၊ အမုန်းနှင့် ချစ်ခြင်းမေတ္တာ၊ ပညာမဲ့ခြင်းနှင့် ပညာရှိခြင်းသဘော စသည်တို့ကို ကလေးများကိုယ်တိုင် ပိုင်းခြားဝေဖန် ဆင်ခြင်သုံးသပ်ပြီး မှန်ကန်သောလမ်းကို ရွေးချယ်လျှောက်လှမ်းနိုင်ရေးအတွက် ကလေးဗဟိုပြုချဉ်းကပ်နည်းက များစွာအထောက်အကူပြုမည်ဟုလည်း မျှော်လင့်ပါသည်။

ဓမ္မစကူးလ်များတွင် သင်ကြားပို့ချကြမည့် ဆရာ၊ ဆရာမများအနေဖြင့် သမားရိုးကျ သင်ကြားနည်းများ မဟုတ်ဘဲ အစီအစဉ်အသစ်များ၊ သင်ကြားနည်းအသစ်များကို အသုံးပြုပြီး သင်ကြားကြရမည် ဖြစ်ပါသည်။ ကလေးများကို ဗုဒ္ဓဘာသာဝင်တစ်ဦး၏ အလေ့အထကောင်းများ စွဲမြဲစွာရရှိရေးအတွက် ပြုစုပျိုးထောင်ရန် ရည်ရွယ်ဖွင့်လှစ်သင်ကြားခြင်းဖြစ်ရာ တစ်ပတ်လျှင် တစ်ရက်ကျဖြင့် အပတ်စဉ် သင်ကြားပေးရန် စီစဉ်ထားသည်။ ထိုသို့စီစဉ်ထားခြင်းအားဖြင့် ကလေးများအား ဗုဒ္ဓဘာသာသင်ခန်းစာများ၊ ဗုဒ္ဓဘာသာအလေ့အထများ၊ ဗုဒ္ဓဘာသာ အဝန်းအဝိုင်းများနှင့် စဉ်ဆက်မပြတ် ထိတွေ့နေစေနိုင်မည်လည်း ဖြစ်ပါသည်။ အချိန်ကာလ အတိုင်းအတာ တစ်ခုဖြင့် စခန်းသွင်းလေ့ကျင့်သင်ကြားပေးခြင်းမျိုး ဖြစ်နိုင်သည်ဆိုသည့်တိုင် အပတ်စဉ် အချိန်ပေး သင်ကြားခြင်းက ကလေးအတွက် ပိုမို၍ အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပြီး ဓမ္မစကူးလ်ရည်ရွယ်ချက်များကိုလည်း ပိုမိုပေါက်မြောက်စေမည် ဖြစ်သည်။ သို့ဖြစ်ရာ ဆရာ၊ ဆရာမများအနေဖြင့် ဆရာလမ်းညွှန်တွင် ဖော်ပြထားသော လမ်းညွှန်ချက်များအတိုင်း လေ့လာစီစဉ်ပြီး သင်ကြားပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။

# သင်ခန်းစာ (၁)

သင်ခန်းစာခေါင်းစဉ် ။ ကျွန်ုပ်တို့ ဓမ္မစကူးလ်
သင်ယူမှုဦးတည်ချက် ။ ဓမ္မစကူးလ်တွင် သင်ကြားလုပ်ဆောင်ကြမည့်လုပ်ငန်းများကို သိရှိစေရန်။

စာသင်ချိန် (၁) ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "သားတို့၊ သမီးတို့၊ ဒီနေ့ဟာ ဓမ္မစကူးလ်ရဲ့ ပထမဆုံးနေ့ ဖြစ်တယ်။ သားတို့၊ သမီးတို့ တွေ့တဲ့အတိုင်း ဓမ္မစကူးလ်ကို လာတက်ကြတဲ့သူတွေကလည်း အများကြီးပဲ။ ဒီတော့ သူငယ်ချင်းတွေ ဖြစ်သွားရအောင်၊ တစ်ယောက်နဲ့ တစ်ယောက် ပိုပြီးတော့ ရင်းနှီးသွားရအောင် မိတ်ဆက်လိုက်ကြရအောင်နော်" စသည်ဖြင့်ပြောပြီး စာသင်ချိန်ကို စတင်ပါ။<br>❁ ဆရာက မိမိအကြောင်းကို ဦးစွာ မိတ်ဆက်ပါ။<br>❁ ကလေးတစ်ဦးစီအား မိမိတို့၏အမည်ကို ပြောပြစေပြီး အမည်၏ အစစာလုံးတူရာ သူငယ်ချင်းကို ရှာဖွေပြီး နှစ်ယောက်တစ်တွဲ တွဲကြပါစေ။<br>❁ အမည်၏အစ မတူဘဲ ကျန်ခဲ့သောကလေးများကို ကြိုက်နှစ်သက်ရာ တစ်ခုခုကို ပြောပြစေပြီး နှစ်သက်ရာတူသူ သူငယ်ချင်းကို ရှာဖွေပြီး တွဲကြပါစေ။<br>❁ ကျန်ခဲ့သော ကလေးများရှိလျှင် ဆရာက ကူညီပြီး တွဲပေးပါ။<br>❁ နောက်ဆုံးတွင် ဆရာက "သားတို့၊ သမီးတို့အားလုံး သူငယ်ချင်းတွေ ဖြစ်သွားကြပြီ။ သူငယ်ချင်းအားလုံး ချစ်ချစ်ခင်ခင်နဲ့ ဓမ္မစကူးလ်မှာ ပျော်ပျော်ရွှင်ရွှင် စာသင်ကြမယ်။ ပျော်စရာကောင်းတဲ့ ဓမ္မစကူးလ်မှာ တစ်ပတ်တစ်ရက် တွေ့ကြမယ်နော်" စသည်ဖြင့် ပြောပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ စာရွက်ကြီးများနှင့် ဆော့ပင်များ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| **နည်းလမ်း (၁)**<br>အကယ်၍ ကလေးများအားလုံး ဓမ္မစကူးလ်ကို ယခင်က မတက်ဖူးကြသူများဖြစ်လျှင် -<br>❁ ကလေးများအား သင့်လျော်သလို အုပ်စုများများ ဖွဲ့ပါ။<br>❁ အုပ်စုတစ်စုစီအတွက် စာရွက်ကြီးတစ်ခုစီ ဝေထားပါ။<br>❁ ပြီးနောက် "သားတို့၊ သမီးတို့က ဓမ္မစကူးလ်ကို စိတ်ဝင်စားပြီး လာတက်ကြတဲ့သူတွေ ဆိုတော့ ဆရာက မေးခွန်းလေးတွေ မေးကြည့်မယ်။ ကိုယ့်အုပ်စုနဲ့ကိုယ် စဉ်းစားဆွေးနွေးကြရမယ်။ ပြီးရင် ဒီစာရွက်ကြီးတစ်ခုထဲမှာပဲ အုပ်စုဝင်တစ်ဦးချင်းစီက ကိုယ့်နာမည်လေးတွေ တပ်ပြီး မေးခွန်းတွေနဲ့ပတ်သက်တဲ့ ကိုယ်ထင်တာတွေကို ချရေးကြရမယ်နော်" စသည်ဖြင့် ပြောကြားပြီး အောက်ပါမေးခွန်းများကို စဉ်းစားဆွေးနွေးပြီး တစ်ဦးစီ ချရေးကြပါစေ။<br>- ဓမ္မစကူးလ်ကို ဘာကြောင့် လာတက်ကြတာလဲ။<br>- ဓမ္မစကူးလ်မှာ ဘာတွေ သင်မယ်လို့ ထင်သလဲ။ ဘာတွေ လုပ်ရမယ်လို့ ထင်သလဲ။<br>- ဓမ္မစကူးလ်မှာ သားတို့၊ သမီးတို့ လုပ်ချင်တာတွေက ဘာတွေလဲ။<br>- သားတို့၊ သမီးတို့ ဖြစ်ချင်တဲ့ ဓမ္မစကူးလ်ရဲ့ပုံစံက ဘယ်လိုမျိုးလဲ။<br>❁ အုပ်စုလိုက် ချရေးထားသော စာရွက်များကို သင်ပုန်းပေါ်တွင်လည်းကောင်း၊ အခန်းနံရံတွင်လည်းကောင်း ကပ်ထားစေပြီး ကလေးများအားလုံးက အခန်းတွင်းရှိစာရွက်များကို လိုက်ကြည့်ကြပါစေ။ | ဆရာက မေးခွန်းများကို သင်ပုန်းပေါ်တွင် ရေးပြထားရမည်။ |
| **နည်းလမ်း (၂)**<br>အကယ်၍ ဓမ္မစကူးလ်တွင် တက်ဖူးသော ကလေးများ ပါရှိလျှင် -<br>❁ ဓမ္မစကူးလ်ကို တက်ဖူးသော ကလေးများနှင့် မတက်ဖူးသောကလေးများဟူ၍ သင့်လျော်သလို အုပ်စုများများ ဖွဲ့ပါ။<br>❁ မတက်ဖူးသော ကလေးများက နည်းလမ်း (၁) ပါ မေးခွန်းများကို စဉ်းစားဆွေးနွေးကြစေပြီး နည်းလမ်း (၁) အတိုင်း ပြုလုပ်ကြပါစေ။<br>❁ တက်ဖူးသောကလေးများက အောက်ပါမေးခွန်းများကို စဉ်းစားဆွေးနွေးကြစေပြီး နည်းလမ်း (၁) အတိုင်းပြုလုပ်ကြပါစေ။<br>- ဓမ္မစကူးလ် တက်ချိန်မှာ ဘာလုပ်ရတာကို အပျော်ဆုံးလဲ။<br>- ဘယ်စာသင်ချိန်ကို အကြိုက်ဆုံးလဲ။ ဘာကြောင့်လဲ။<br>- ဘာတွေလုပ်ရတာကို မကြိုက်ဘူးလဲ။ ဘာကြောင့်လဲ။<br>- သားတို့၊ သမီးတို့ ဖြစ်ချင်တဲ့ ဓမ္မစကူးလ်ရဲ့ပုံစံက ဘယ်လိုမျိုးလဲ။<br>❁ နောက်ဆုံးတွင် ဆရာက ကလေးများ ရေးထားသည်များ၊ ဆွေးနွေးထားသည်များကို ချီးကျူးစကားဆိုပေးပြီး လိုအပ်သလို အနှစ်ချုပ်ကာ စာသင်ချိန်ကို အဆုံးသတ်ပါ။ | ဆရာက မေးခွန်းများကို သင်ပုန်းပေါ်တွင် ရေးပြထားရမည်။ |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ခရီးသွား တိမ်နတ်သားလေး ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❋ အောက်ပါ ခရီးသွား တိမ်နတ်သားလေး ဇာတ်လမ်းကို ကလေးများ စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောပြပါ။<br><br>**ခရီးသွား တိမ်နတ်သားလေး**<br><br>ကောင်းကင်မှာ သွားလာလှည့်လည်လေ့ရှိတဲ့ တိမ်နတ်သားလေးဟာ ဒီနေ့မနက်မှာတော့ ထူးထူးခြားခြားမြင်ကွင်းတစ်ခုကို မြေပြင်ပေါ်က သာယာကုန်းရွာလေးမှာ တွေ့လိုက်ရတယ်။ အဲဒါက တူညီဝတ်စုံဝတ်ထားတဲ့ ကလေးငယ်လေးတွေ အများကြီးဟာ ပျော်ရွှင်တက်ကြွစွာနဲ့ တစ်နေရာရာကို သွားနေကြတာကိုပါ။ ဒီလို ကလေးငယ်လေးတွေ ညီညီညွတ်ညွတ်၊ ပျော်ပျော်ရွှင်ရွှင်နဲ့ သွားနေကြတာ ဘယ်နေရာဖြစ်မလဲဆိုတာ တိမ်နတ်သားလေးက အလွန်ကို သိချင်သွားတယ်။ မြေပြင်ပေါ်က ကလေးငယ်လေးတွေ သွားရာနောက်ကို လိုက်ကြည့်ဦးမှပဲလို့ စဉ်းစားမိပြီး တိမ်လွှာတွေစီးကာ မြေပြင်ပေါ်က ကလေးတွေ သွားနေတဲ့လမ်းအတိုင်း ဦးတည်လိုက်ပါလာတယ်။<br><br>ဒီလိုနဲ့ ရွာထိပ်နားရောက်တော့ ကလေးတွေအားလုံး ရွာဦးဘုန်းကြီးကျောင်းဝင်းထဲဝင်သွားကြတာကို တွေ့ရတယ်။ အရင်ရောက်နှင့်နေတဲ့ ကလေးတွေက နောက်မှရောက်လာတဲ့ သူငယ်ချင်းတွေကို လက်အုပ်ချီပြီး မင်္ဂလာပါလို့ နှုတ်ဆက်နေကြတာကိုလည်း တွေ့လိုက်ရတယ်။ ဒီလိုသူငယ်ချင်းအချင်းချင်း လက်အုပ်ချီ ခေါင်းလေးညွတ်ပြီး နှုတ်ဆက်တာကို တိမ်နတ်သားလေး အရင်က တစ်ခါမှမမြင်ဖူးခဲ့ဘူး။ အင်မတန်မှ ကျက်သရေရှိတဲ့ မြင်ကွင်းကို မြင်လိုက်ရတော့ တိမ်နတ်သားလေးရဲ့ စိတ်နှလုံးမှာ ကြည်နူးပီတိတွေနဲ့ ဖြာဝေသွားပါတော့တယ်။<br><br>အိမ်ကနေ ပန်းယူလာတဲ့ ကလေးတွေကတော့ ဘုရားပန်းအိုးထိုးဖို့ ပြင်ဆင်နေကြပါတယ်။ ဘုရားသောက်တော်ရေ ကပ်မယ့်သူတွေကလည်း ရေခွက်တွေကို အသေအချာဆေးနေကြပြီး ကျောင်းဝင်းအတွင်း တံမြက်စည်းလှည်းတဲ့သူတွေ အမှိုက်သိမ်းတဲ့သူတွေနဲ့ ပျော်ရွှင်စွာ သန့်ရှင်းရေးလုပ်နေကြတဲ့ ကလေးငယ်တွေကိုကြည့်ပြီး တိမ်နတ်သားလေးတောင် ရွှင်မြူးတက်ကြွလာပါတယ်။ အချက်ပေးခေါင်းလောင်းသံတစ်ခုကို ကြားလိုက်ရတဲ့အခါမှာတော့ ကလေးတွေအားလုံး ဓမ္မာရုံကြီးတစ်ခုထဲမှာ စုဝေးလိုက်ကြတာကို တွေ့ရတယ်။<br><br>အဲဒီနောက်မှာတော့ ဘုရားပန်းနဲ့ ရေချမ်းကပ်လှူကြပြီး ကလေးတွေအားလုံးဟာ ညီညီညာညာနဲ့ ဘုရားရှိခိုးကြတယ်၊ သီလခံယူကြတယ်၊ (၅) မိနစ်လောက် တရားထိုင်ကြတယ်။ ကလေးတွေ တရားထိုင်တာကို ကြည့်ရင်း တိမ်နတ်သားလေး ရင်ထဲမှာ ငြိမ်းချမ်းမှုကို ခံစားလိုက်ရတယ်။<br><br>(၅) မိနစ် တရားထိုင်အပြီးမှာတော့ ကလေးတွေဟာ မိမိတို့သက်ဆိုင်ရာ အတန်းအသီးသီးမှာ ဗုဒ္ဓဘာသာ သင်ခန်းစာများကို စတင်လေ့လာနေကြတာ တွေ့ရပါတယ်။ တချို့အတန်းတွေမှာ ဆရာပြောပြတဲ့ ပုံပြင်ဇာတ်လမ်းကို နားထောင်နေကြတာတွေ၊ တချို့အတန်းတွေမှာတော့ ပန်းချီဆွဲနေကြတာတွေ၊ အုပ်စုဖွဲ့ပြီး လုပ်ဆောင်နေကြတာတွေ၊ အတန်းလိုက်စုပေါင်းကစားနေကြတာ၊ ပျော်ရွှင်စွာ သီချင်းကဗျာရွတ်ဆိုနေကြတာတွေကို တိမ်နတ်သားလေးက အံ့ဩဝမ်းသာစွာနဲ့ လိုက်လံကြည့်ရှုနေပါတော့တယ်။ သာယာကုန်းရွာရဲ့ ကောင်းကင် | |

မှာ လှည့်လည်သွားနေတဲ့ တိမ်နတ်သားလေးဟာ ငြိမ်းချမ်းလှတဲ့ သာယာကုန်းရွာက ကလေး လူငယ်တွေရဲ့ ယဉ်ကျေးလိမ္မာပုံတွေ ညီညီညွတ်ညွတ်နဲ့ တက်ကြွစွာ လုပ်ဆောင်ပုံတွေကို တွေ့လိုက်ရတော့ ဝမ်းမြောက်ဝမ်းသာဖြစ်ရတဲ့အပြင် ရွာရဲ့သန့်ရှင်းတဲ့လေကို ရှူရှိုက်ခွင့်ရတဲ့ အတွက် လန်းဆန်းကြည်နူးနေပါတော့တယ်။

အဲဒီလို ပျော်ရွှင်ကြည်နူးစွာနဲ့ ရှေ့ခရီးဆက်ခဲ့တဲ့ တိမ်နတ်သားလေးဟာ သပြေတော ရွာကို ရောက်ရှိလာပါတော့တယ်။ သပြေတောရွာကို ရောက်လိုက်တာနဲ့ နံစော်နေတဲ့လေက ကြိုဆိုလိုက်တော့ တိမ်နတ်သားလေးလည်း မျက်နှာရှုံ့မဲ့ပြီး စိတ်ညစ်သွားပါတယ်။ အကြောင်း ရင်းသိချင်လို့ အောက်ဘက်မြေပြင်ပေါ်ကို လှမ်းအကဲခတ်ကြည့်လိုက်တော့ ရွာအနောက် ဘက်က အမှိုက်ပုံမှာ အမှိုက်တွေကို စည်းမဲ့ကမ်းမဲ့ စွန့်ပစ်ထားတာ တွေ့လိုက်ရတယ်။ သာယာကုန်းရွာက ကလေးတွေလိုပဲ သပြေတောရွာက ကလေးတွေလည်း ဘာတွေလုပ်နေ ကြမလဲဆိုတာ သိချင်လို့ လှေလာကြည့်တဲ့အခါ ဆူဆူညံညံအသံတွေ ကြားလိုက်ရလို့ အသံ လာရာဘက်ကို အရင်ကြည့်လိုက်တော့ ရွယ်တူကလေးတွေ ရန်ဖြစ်ထိုးကြိတ်နေတာ တွေ့ လိုက်ရတယ်။ တိမ်နတ်သားလေးလည်း အလွန် လန့်သွားပါတယ်။ လန့်သွားတဲ့ တိမ်နတ်သား လေးဟာ ရွာထဲဘက်ကို ဆက်သွားချိန်မှာ နေမြင့်မှ အိပ်ရာထပြီး မျက်နှာသစ်နေတဲ့ အပျင်း ကြီးတဲ့ လူငယ်လေးတွေ၊ ညီလေး၊ ညီမလေးတွေကို အနိုင်ကျင့်နေတဲ့သူတွေ၊ မိဘနဲ့ ဆရာ သမားတွေကို ရိုင်းရိုင်းစိုင်းစိုင်း ပြန်ပြောနေတဲ့ ကလေးဆိုးတွေကို တွေ့လိုက်ရပါတယ်။ ဒါကြောင့် တိမ်နတ်သားလေးဟာ စိတ်ညစ်သွားပြီး သပြေတောရွာကနေ အလျင်အမြန် ပြန် ထွက်သွားပါတော့တယ်။

- အောက်ပါမေးခွန်းများကို မေးပါ။
  - သာယာကုန်းရွာက ကလေးတွေ ဘယ်သွားနေကြတာကို တိမ်နတ်သားလေး တွေ့ လိုက်ရသလဲ။
  - သာယာကုန်းရွာက ကလေးတွေ ဓမ္မစကူးလ်ကို ဘာကြောင့် ပျော်ပျော်ရွှင်ရွှင်နဲ့ သွား နေကြတာလဲ။
  - သာယာကုန်းရွာက ကလေးတွေ သူငယ်ချင်းအချင်းချင်း ဘယ်လိုနေ့ဆက်ကြတာ လဲ။
  - တိမ်နတ်သားလေးဟာ သာယာကုန်းရွာက ကလေးတွေ ဓမ္မစကူးလ်မှာ ဘာတွေလုပ် နေတာ တွေ့ခဲ့ရလဲ။
  - ဘာကို မြင်တွေ့လိုက်ရလို့ တိမ်နတ်သားလေးရဲ့ စိတ်က ငြိမ်းချမ်းမှုကို ခံစားလိုက် ရတာလဲ။
  - ဘယ်ရွာက လေကို ရှူရှိုက်လိုက်ရလို့ တိမ်နတ်သားလေး မျက်နှာရှုံ့မဲ့ပြီး စိတ်ညစ် သွားရတာလဲ။ ဘာကြောင့်လဲ။
  - တိမ်နတ်သားလေး စိတ်ညစ်ပြီး မြန်မြန်ပြန်ထွက်သွားတဲ့ ရွာရဲ့အမည်ကို ပြောပြပါ။
  - တိမ်နတ်သားလေးဟာ ဘာကြောင့် သပြေတောရွာကနေ စိတ်ညစ်ပြီး အလျင်အမြန် ပြန်ထွက်သွားရတာလဲ။
  - ကလေးတို့သာဆိုရင် ဘယ်ရွာက ကလေးဖြစ်ချင်သလဲ။ ဘာကြောင့်လဲ။
  - ရွာနှစ်ရွာရဲ့ အဓိက ခြားနားချက်က ဘာလဲ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မွေးစကူးလ်သွားကြမယ် သီချင်းကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "သားတို့ သမီးတို့က ဇာတ်လမ်းလည်း နားထောင်ပြီးပြီဆိုတော့ ရွာနစ်ရွာရဲ့အကြောင်းကို သေချာသိသွားပြီ။ အဲဒီတော့ သားတို့ သမီးတို့ရဲ့ ရွာ/ရပ်ကွက်/မြို့/ဒေသကို ဘယ်ရွာလို ဖြစ်စေချင်လဲ။ သာယာကုန်းရွာလို ဖြစ်စေချင်တာလား။ သပြေတောရွာလို ဖြစ်စေချင်တာလား"ဟု ဦးစွာ မေးပါ။<br>❁ ထို့နောက် "ဘာကြောင့် သာယာကုန်းရွာလို ဖြစ်စေချင်တာလဲ။ သာယာကုန်းရွာလို ဖြစ်အောင် ဘာတွေလုပ်ဖို့ လိုအပ်သလဲဆိုတာကို အုပ်စုလိုက် ဆွေးနွေးကြည့်ရအောင်"ဟု ဆိုကာ ကလေးများကို သင့်လျော်သလို အုပ်စုဖွဲ့၍ ဆွေးနွေးကြပါစေ။<br>❁ အုပ်စုကိုယ်စားလှယ်များက မိမိတို့ ဆွေးနွေးထားသည်များကို အတန်းရှေ့သို့ ထွက်၍ ပြောပြကြပါစေ။<br>❁ နောက်ဆုံးတွင် ဆရာက ကလေးများ၏အဖြေများကို မှတ်သားထားပြီး လိုအပ်သလို အနှစ်ချုပ်ပေးပါ။<br>❁ ထို့နောက် ပထမတန်း သင်ခန်းစာ (၁) တွင် သင်ကြားခဲ့ပြီးသော အောက်ပါ မွေးစကူးလ် သွားကြမယ် သီချင်းကဗျာကို ရွတ်ဆိုပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။<br><br>**မွေးစကူးလ်သွားကြမယ်**<br>လာပါ သူငယ်ချင်း .... မွေးစကူးလ် သွားကြမယ်....။<br>ဘုန်းဘုန်းတွေ့မယ် ... ဆရာလေးတွေ့မယ် ... ကုသိုလ်တွေရမယ် ...။<br>လာပါ သူငယ်ချင်း .... မွေးစကူးလ် သွားကြမယ်....။<br>ယဉ်ကျေးရမယ် .... သိမ်မွေ့ရမယ် .... ပျော်ရွှင်သွားရမယ် ....။<br>လာပါ သူငယ်ချင်း .... မွေးစကူးလ် သွားကြမယ် ....။<br>ဆေးရောင်ခြယ်မယ် ....ပုံပြောပြမယ် .... သီချင်းတွေ ဆိုကြမယ် ....။<br>လာပါ သူငယ်ချင်း .... မွေးစကူးလ် သွားကြမယ် ....။<br>ယဉ်ကျေးရမယ် .... သိမ်မွေ့ရမယ် .... ပျော်ရွှင်သွားရမယ် ....။ ။ | |

# သင်ခန်းစာ (၂)

သင်ခန်းစာခေါင်းစဉ် ။ ။ သိဒ္ဓတ္ထမင်းသား
သင်ယူမှုဦးတည်ချက် ။ ။ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားအကြောင်းသိရှိစေရန်၊

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မတူညီသော ရုပ်ပုံနှစ်ခု။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • ကလေးများအား သင့်လျော်သလို အုပ်စုဖွဲ့ပါ။<br>• ရုပ်ပုံနှစ်ခုစီပေး၍ မတူညီမှုများကိုရှာရန် အုပ်စုများအားပြောပါ။ အချိန် (၅) မိနစ်ပေးပါ။<br>• တွေ့ရှိချက်တစ်ခုစီကို အုပ်စုလိုက် အလှည့်ကျပြောပါစေ။ အုပ်စုတစ်စုပြောပြီးတိုင်း အခြားအုပ်စုများက ဟုတ်၊ မဟုတ် လေ့လာကြပါစေ။ မတူညီမှုများအားလုံး ကုန်သည်အထိ ပြုလုပ်ပါ။<br>• ဆရာက ရုပ်ပုံတွင် မတူညီသောအချက်များ ရှာဖွေသကဲ့သို့ မိမိအနားရှိ သူငယ်ချင်းနှင့် မိမိတို့၏ မတူညီမှုများကို အပြန်အလှန် ရှာဖွေပြောဆိုပါစေ။ အချိန် (၁၀) မိနစ်ခန့်ပေးပါ။<br>• တစ်ဦးနှင့် တစ်ဦး မည်သို့ပင် ကွဲပြားခြားနားသော်လည်း အားလုံးသည် လူသားများဖြစ်ခြင်းမှာမူ တူကြောင်း၊ ဗုဒ္ဓဘုရားရှင်သည်လည်း လူသားတစ်ဦးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လူသားအားလုံး၏ သဘာဝအတိုင်း မွေးခြင်း၊ သေခြင်းမှာလည်း တူကြောင်း၊ သို့သော် ဗုဒ္ဓဘုရားရှင်တွင် အခြားသာမန်လူများနှင့် မတူသောအချက်များရှိကြောင်း စသည်ဖြင့် ရှင်းပြပေးပါ။<br>• ဗုဒ္ဓဘုရားရှင်နှင့် သာမန်လူသားတို့ မတူညီသောအချက်များကို ကလေးများ သိသမျှ ပြောပြကြပါစေ။ ပြောသမျှကို လက်ခံထားပါ။ နောက်အချိန်တွင် ဆက်လက်ရှာဖွေကြမည်ဖြစ်ကြောင်း ပြောပါ။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ကမ္ဘာ့မြေပုံ၊ သိဒ္ဓတ္ထမင်းသားအကြောင်းနှင့် သရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ အောက်ပါအမည်များကို ဆရာက သင်ပုန်းပေါ်တွင် ရေးချပါ။<br>သိဒ္ဓတ္ထမင်းသား၊ အိန္ဒိယနိုင်ငံ၊ ဘုရင်သုဒ္ဓေါဒန၊ မာယာဒေဝီ၊ ပဇာပတိဂေါတမီ၊ ကပိလဝတ်ပြည်၊ ဒေဝဒဟပြည်၊ လုမ္ဗိနီ အင်ကြင်းဥယျာဉ်၊ ယသောရော။<br>❁ အထက်ပါအမည်များနှင့်ပတ်သက်၍ သိသောကလေးများက လက်ထောင်ကြပါစေ။<br>❁ လက်ထောင်ထားသူများထဲမှ ရွေးချယ်၍ တစ်ဦးချင်းပြောပြကြပါစေ။<br>❁ ထို့နောက် ဆရာက "သိဒ္ဓတ္ထမင်းသားအကြောင်းကို ပြောပြမယ်"ဟု ဆိုပြီး အောက်ပါအကြောင်းအရာကို ပြောပြပါ။<br><br>**သိဒ္ဓတ္ထမင်းသား**<br>ရှေးအခါက အိန္ဒိယနိုင်ငံမှာ ကပိလဝတ်ပြည် ဆိုတာရှိခဲ့ဖူးတယ်။ အဲဒီပြည်ကို ဘုရင်ကြီးသုဒ္ဓေါဒနက အုပ်ချုပ်မင်းပြုခဲ့တယ်။ အဲဒီဘုရင်ကြီးမှာ မာယာဒေဝီရယ်၊ ပဇာပတိဂေါတမီရယ်လို့ မိဖုရားနှစ်ပါး ရှိပါတယ်။ ဘုရားအလောင်းတော်ဟာ မာယာဒေဝီမိဖုရားကြီးရဲ့ ဝမ်းကြာတိုက်မှာ ပဋိသန္ဓေ ယူတော်မူခဲ့တယ်။ ပဋိသန္ဓေယူပြီးလို့ ဆယ်လကြာတဲ့အခါမှာ မာယာဒေဝီမိဖုရားကြီးဟာ သူ့ရဲ့ မွေးရပ်မြေ ဒေဝဒဟပြည်ကို အလည်သွားချင်စိတ် ဖြစ်လာတယ်။ အဲဒါနဲ့ ဘုရင်ကြီးသုဒ္ဓေါဒနထံ ခွင့်တောင်းခဲ့တယ်။ ဘုရင်ကြီးက ခွင့်ပြုလိုက်တယ်။ မိဖုရားကြီးကို ပြုစုလုပ်ကျွေးဖို့ အခြွေအရံတွေကိုလည်း ထည့်ပေးလိုက်တယ်။ မိဖုရားကြီးသွားမယ့် တစ်လမ်းလုံးကိုလည်း ခမ်းခမ်းနားနား ပြင်ဆင်ပေးခဲ့တယ်။<br>မာယာဒေဝီမိဖုရားကြီးဟာ လမ်းတစ်ဝက်လောက်ရောက်တော့ လုမ္ဗိနီအင်ကြင်းဥယျာဉ်မှာ ခဏဝင်နားပြီး အပန်းဖြေတယ်။ အဲဒီအချိန် ဥယျာဉ်တစ်ခုလုံးမှာရှိတဲ့ အင်ကြင်းပန်းတွေ ဖူးပွင့်ဝေဆာနေလို့ တကယ်သာယာကြည်နူးစရာ ကောင်းလှတယ်။ မိဖုရားကြီးဟာ အင်ကြင်းဥယျာဉ်ထဲမှာ လှည့်ပတ်ကြည့်နေတုန်း ဝမ်းတော်လှုပ်လာလို့ အထိန်းတော်တွေက အဝတ်လိုက်ကာတွေနဲ့ ကာရံပေးကြပါတယ်။ မိဖုရားကြီးလည်း အင်ကြင်းကိုင်းကို ကိုင်ထားရင်း မတ်တတ်ရပ်လျက်နဲ့ပဲ ဘုရားအလောင်းတော်ကို မွေးဖွားခဲ့တယ်။ ဘုရားအလောင်းတော် မင်းသားလေးကို "သိဒ္ဓတ္ထ" လို့ အမည်ပေးလိုက်တယ်။ သိဒ္ဓတ္ထမင်းသားလေးဟာ ကလေးဘဝကတည်းက သူများအပေါ်မှာ စိတ်ကောင်းထားတယ်၊ ကူညီချင်စိတ်ရှိတယ်၊ လူကြီးမိဘတွေရဲ့စကားကို အမြဲနားထောင်တယ်။ အဲဒါကြောင့်မို့ လူကြီးမိဘတွေ၊ မင်းညီမင်းသားတွေ၊ နန်းတော်ထဲမှာရှိတဲ့ မင်းမှုထမ်းတွေ အကုန်လုံးက မင်းသားလေးကို ဝိုင်းပြီး ချစ်ကြတယ်။ မင်းသားလေးဟာ တိရစ္ဆာန်လေးတွေအပေါ်မှာလည်း သနားကြင်နာတတ်တယ်။<br>သိဒ္ဓတ္ထမင်းသား ၁၆ နှစ်အရွယ်ရောက်တော့ ဖခင်ဘုရင်ကြီးက မင်းသားလေးအတွက် သမီးရတနာပေးလာကြဖို့ ဆွေတော်မျိုးတော်တွေကို သတင်းပို့လိုက်တယ်။ ဒါပေမဲ့ သမီးရှင်မင်းကြီးတွေက မင်းသားလေးကို "အဆင်းသာလှ၍ ပညာမတတ်သူ"လို့ ပြစ်တင်ကဲ့ရဲ့ကြတယ်။ သူတို့ရဲ့သမီးတွေကိုလည်း မပေးနိုင်ဘူးလို့ ငြင်းလိုက်ကြတယ်။ ဒီအကြောင်းကို မင်းသားလေးသိတဲ့အခါ နာမည်အကြီးဆုံး လေးသမားတွေအကုန်လုံးကို ဆင့်ခေါ်ပြီး နန်းရင်ပြင်မှာ လေးပြပွဲကြီး ကျင်းပခဲ့တယ်။ အဲဒီလေးပြပွဲမှာ မင်းသားလေးဟာ တခြားလေးသမားတွေ ဘယ်သူမှ မပြနိုင်တဲ့ လေးအတတ်ပညာတွေကို အကောင်းဆုံးပြသလိုက်တယ်။ | ကမ္ဘာ့မြေပုံကို အသုံးပြု၍ အိန္ဒိယနိုင်ငံ၏ တည်နေရာကို ပြောကြားနိုင်ပါသည်။ |

| | |
|---|---|
| အဲဒီလို မင်းသားလေးရဲ့ ပညာအစွမ်းကိုမြင်လိုက်ရတော့ သမီးရှင်မင်းကြီးများက သဘောကျပြီးတော့ သူတို့ရဲ့ သမီးရတနာများကို ဆက်သလာကြတယ်။ မင်းသားလေးဟာ မင်းသမီးတွေထဲက ဒေဝဒဟပြည် ဘုရင်ကြီးရဲ့ သမီးတော် ယသောဓရာမင်းသမီးလေးနဲ့ ထိမ်းမြားလက်ထပ်ပြီး ထီးနန်းစိုးစံတော်မူခဲ့ပါတယ်။<br>မှီငြမ်း။ ။ မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ၊ ၁-၁၅၅။ | |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ သိဒ္ဓတ္ထမင်းသားအကြောင်း ရေးထားသော စာရွက်များ၊ စာရွက်လွတ်ကြီးများနှင့် ဆော့ပင်များ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ကလေးများအား သင့်လျော်သလို အုပ်စုဖွဲ့၍ အုပ်စုအမည်များ ပေးထားပါ။<br>❁ ထို့နောက် သိဒ္ဓတ္ထမင်းသားအကြောင်း ရေးထားသောစာရွက်နှင့် စာရေးရန် စာရွက်ကြီးကို အုပ်စုတိုင်းအား ဝေပေးပါ။<br>❁ ကလေးများအား ဆရာရွတ်ဆိုပြသော အက္ခရာနှင့်စသည့် အမည်ကို ပေးထားသော စာရွက်တွင် ရှာရမည်ဖြစ်ကြောင်းနှင့် စာရွက်လွတ်ကြီးများတွင် ရှာတွေ့သောစာလုံးများကို ချရေးကြရမည်ဖြစ်ကြောင်း ရှင်းပြပြီးနောက် ဆရာက အက္ခရာတစ်လုံးကို ဦးစွာရွတ်ပြပါ။ ဥပမာ "သ" ဟု ဆရာက ရွတ်ဆိုလျှင် ကလေးများက "သ" နှင့်စသော စကားလုံးကို ရှာပြီး စာရွက်လွတ်ကြီးပေါ်တွင် ချရေးကြပါစေ။<br>❁ ထိုနည်းအတိုင်း ...<br>- သ (သုဒ္ဓေါဒနမင်းကြီး/သိဒ္ဓတ္ထ)<br>- က (ကာဠုဒေဝိလရသေ့/ကပိလဝတ်ပြည်)<br>- ဆ (ဆင်ဖြူတော်)<br>- မ (မာယာဒေဝီ)<br>- အ (အင်ကြင်းဥယျာဉ်)<br>- ပ (ပဋိသန္ဓေ) စသည်ဖြင့်။<br>❁ ကလေးများအားလုံး ချရေးပြီးပါက အုပ်စုအလိုက် သင်ပုန်းပေါ်တွင် လာ၍ကပ်ကြပါစေ။ အုပ်စုလိုက်ရှာထားသော စကားလုံးများကို ကြည့်၍ များများရှာနိုင်သောအုပ်စုကို ချီးကျူးပေးပါ။ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ဘုရင်သုဒ္ဓေါဒန၊ မာယာဒေဝီနှင့် ဂေါတမီပုံ၊ မာယာဒေဝီက ဒေဝဒဟပြည်သို့ သွားရန် ဘုရင်ကြီးထံ ခွင့်တောင်းနေသောပုံ၊ အင်ကြင်းဥယျာဉ်၌ ဘုရားအလောင်း ဖွားမြင်တော်မူပုံ၊ လေးတင်ပွဲတွင် ဘုရားအလောင်းပါဝင်၍ ပညာအစွမ်းကို ပြသနေပုံ၊ ဘုရားအလောင်းတော်နှင့် ယသောဓရာမင်းသမီး ထိမ်းမြားလက်ထပ်နေသောပုံ ကတ်ပြားများ၊ ဘုရားအလောင်း ဖွားတော်မူခန်း ကဗျာ၊ သိဒ္ဓတ္ထမင်းသား ကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ အောက်ပါမေးခွန်းများကို မေးပါ။<br>- ဘုရားအလောင်းတော်ကို ဘယ်နေရာမှာ မွေးဖွားခဲ့တာလဲ။<br>- ဘုရားအလောင်းတော်ကို ဘာဖြစ်လို့ အားလုံးက ဝိုင်းချစ်ကြတာလဲ။<br>- နန်းရင်ပြင်မှာ ဘာဖြစ်လို့ လေးတင်ပွဲ ကျင်းပရတာလဲ။<br>❁ ထို့နောက် ကလေး (၅) ဦးကို ခေါ်ထုတ်၍ ရုပ်ပုံကတ်ပြား (၅) ပုံကို တစ်ပုံစီ ကိုင်ထားကြပါစေ။<br>❁ ကလေး (၅) ဦးကို တန်းစီရပ်စေပြီး ရုပ်ပုံကတ်ပြားကို အတန်းဘက်လှည့်၍ ကိုင်စေကာ အောက်ပါအတိုင်း ပြောပါစေ။<br>- ကလေးတစ်ဦးစီက "ကျွန်တော်ကိုင်ထားတဲ့ ရုပ်ပုံဟာ ...... ပုံ ဖြစ်ပါတယ်" ဟု ပြောကြပါစေ။<br>❁ ထို့နောက် ကလေး (၅) ဦး ကိုင်ထားသော ရုပ်ပုံကတ်ပြားကို ၎င်းတို့ဘက်သို့ လှည့်၍ ကိုင်စေပြီး ဆရာက "သူကိုင်ထားတာ ဘာပုံလဲ"ဟု ကလေးတစ်ဦးချင်းအား ခေါ်မေးပါ။<br>❁ အဖြေမှန်သော ကလေးများကို လက်ခုပ်တီးကာ ချီးကျူးဂုဏ်ပြုပေးပါ။<br>❁ ကလေးများအားလုံး ပါဝင်ဖြေဆိုပြီးပါက ရုပ်ပုံကတ်ပြားများကို အစဉ်လိုက်ပြန်စီ၍ ဆရာက သင့်လျော်သလို အနှစ်ချုပ်ပေးပြီး အောက်ပါ ဘုရားအလောင်း ဖွားတော်မူခန်း ကဗျာကို ရွတ်ဆိုကြပါစေ။<br><br>**ဘုရားအလောင်း ဖွားတော်မူခန်း**<br>သုဒ္ဓေါဒန ဖခင်ပါ၊<br>မိခင် မယ်မာယာ။<br>ထူးခြားစွာ ဆင်အိပ်မက်၊<br>မယ်မာယာမြင်မက်။<br>အင်ကြင်းတောဘက် မွေးဖွားမြင်၊<br>ဘုရားအလောင်း တို့အရှင်။<br>ဖွားမြင်စဉ် နတ်အပေါင်း၊<br>ပူဇော်တသောင်းသောင်း။ ။ | ရုပ်ပုံကတ်ပြားများကို အစဉ်လိုက်မဟုတ်ဘဲ သင့်သလို ကိုင်ပါစေ။ |

* ပြီးလျှင် အောက်ပါ သိဒ္ဓတ္ထမင်းသား ကဗျာကို ကလေးများ အလွတ်ရသည်အထိ သင်ကြားပေးပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။

**သိဒ္ဓတ္ထမင်းသား**

ရုပ်အဆင်းလည်း လှပသူ၊
ပညာတတ်တဲ့ သူ။
အမည်ကမူ သိဒ္ဓတ္ထ၊
များပညာစုံပြ။
ဒေဝဒဟမှ ယသောဓရာ၊
ထိမ်းမြားလက်ထပ်ကာ။
ထီးနန်းမှာ သူစံစား၊
ထူးမြတ်တဲ့ မင်းသား။ ။

## သင်ခန်းစာ (၃)

**သင်ခန်းစာခေါင်းစဉ်** ။ ။ **တောထွက်တော်မူခြင်း**

**သင်ယူမှုဦးတည်ချက်** ။ ။ **ဘုရားအလောင်း တောထွက်တော်မူခြင်းကိုကလေးများသိရှိစေရန်။**

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ တောထွက်တော်မူခြင်းအကြောင်း သရုပ်ဖော်ပုံများ၊ ဗိမ္ဗိသာရမင်းနှင့် တွေ့ဆုံခြင်းအကြောင်း သရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|

- ရှေ့တစ်ပတ်က သင်ခဲ့ပြီးသော သိဒ္ဓတ္ထမင်းသားအကြောင်း သင်ခန်းစာကို ပြန်လည်ချိတ်ဆက်ပြောပြ၍ အောက်ပါအမည်များကို ဆရာက သင်ပုန်းပေါ်တွင် ရေးချပါ။
  - ဆန္နအမတ်၊ ကဏ္ဍကမြင်း၊ မာရ်နတ်၊ ရာဇဂြိုဟ်မြို့၊ ဗိမ္ဗိသာရမင်း။
- အထက်ပါအမည်များနှင့် ပတ်သက်၍ သိသူရှိပါက လက်ထောင်ကြပါစေ။
- လက်ထောင်ထားသူများထဲမှ ရွေးချယ်၍ တစ်ဦးချင်း ပြောပြကြပါစေ။
- ထို့နောက် ဆရာက "ဘုရားအလောင်း တောထွက်တော်မူခြင်းအကြောင်းကို ပြောပြမယ်" ဟု ဆိုပြီး အောက်ပါအကြောင်းအရာကို ပြောပြပါ။

### တောထွက်တော်မူခြင်း

ဘုရားအလောင်းတော်ဟာ ထီးနန်းစည်းစိမ်ခံစားရင်း အသက် ၂၉ နှစ်အရွယ် ရောက်လာခဲ့တယ်။ အဲဒီအချိန်မှာ သူအို၊ သူနာ၊ သူသေ၊ ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးကို မြင်တော်မူပြီး လောကရဲ့ဆင်းရဲဒုက္ခတွေကိုသိလိုက်ရတယ်။ ဒါကြောင့် တောထွက်ရဟန်းပြုတော့မယ်လို့ အကြံဖြစ်တော်မူခဲ့တယ်။ အဲဒီနေ့မှာပဲ သားတော်လေး မွေးဖွားပြီဆိုတဲ့အကြောင်း သိလိုက်ရပြန်တယ်။ အဲဒီညသန်းခေါင်ယံ တောထွက်ခါနီးအချိန်မှာ တစ်ခါမှ မမြင်ရသေးတဲ့ သားတော်လေးကို ကြည့်ချင်တဲ့စိတ် ပေါ်လာခဲ့တယ်။ အဲဒါနဲ့ ယသောဓရာမင်းသမီးရဲ့ နန်းဆောင်ကို ကြွသွားခဲ့တယ်။ သားတော်လေးကို တွေ့လိုက်ရတော့ ပွေ့ချီချင်စိတ်ဖြစ်လာခဲ့တယ်။ ဒါပေမဲ့ ယသောဓရာမင်းသမီးနိုးသွားရင် တောထွက်မယ့်အကြံပျက်မှာစိုးလို့ သားတော်လေးကို ပွေ့ချီပြီး မကြည့်တော့ဘဲ ခန်းဆီးလိုက်ကာကို မ ကာ အခန်းအဝကနေပဲ လှမ်းကြည့်ခဲ့တယ်။ အဲဒီနောက် ဆန္နအမတ်နှင့်အတူ ကဏ္ဍကမြင်းကိုစီးပြီး တရားရှာဖို့ တောထွက်တော်မူခဲ့တယ်။ မြို့အထွက်တံခါးရောက်တဲ့အခါ တောမထွက်နိုင်အောင် မာရ်နတ်က တားမြစ်ခဲ့တယ်။ ဒါပေမဲ့ ဘုရားအလောင်းတော်ဟာ နောက်မတွန့်ဘဲ ဆက်ပြီးထွက်လာခဲ့တယ်။

အနော်မာမြစ်ကမ်းကို ရောက်တဲ့အခါ ဆံတော်နှင့် မင်းဝတ်တန်ဆာတွေကို စွန့်ပယ်ပြီး ရဟန်းပြုခဲ့တယ်။ ဆန္န အမတ်ကို ကဏ္ဍကမြင်းနဲ့အတူ နန်းတော်ကို ပြန်လွှတ်လိုက်တယ်။ အဲဒီနေ့ကစပြီး ဘုရားအလောင်းတော်ဟာ တောထဲမှာ တစ်ပါးတည်း တရားကျင့်တော်မူခဲ့တယ်။

## ဗိမ္ဗိသာရမင်းနှင့် တွေ့ဆုံခြင်း

ဘုရားအလောင်းတော်ဟာ ရဟန်းပြုပြီး ခုနစ်ရက်လောက်ကြာတော့ ရာဇဂြိုဟ်မြို့ထဲကို ဆွမ်းခံဝင်တော်မူခဲ့တယ်။ အဲဒီခေတ်တုန်းက အသက်ကြီးပြီး ပါးရေ၊ နားရေတွန့်နေတဲ့ အဘိုးကြီးအရွယ်တွေသာ ရသေ့ရဟန်းပြုကြတာများတယ်။ ဘုရားအလောင်းတော်ကတော့ အသက်ကလည်း ၂၉ နှစ်၊ အရွယ်ကလည်း ငယ်ငယ်၊ ခန္ဓာကိုယ်ကလည်း တောင့်တင်း၊ အသားအရေကလည်း စိုပြည်ဝင်းဝါနေတယ်။ ဒီတော့ မြို့သူ၊ မြို့သားတွေဟာ အလွန်လှပ တင့်တယ်တဲ့ ဘုရားအလောင်းတော်ကို အထူးအဆန်းနဲ့ တအံ့တဩ ဝိုင်းအုံကြည့်ကြတယ်။

ဘုရားအလောင်းတော်ဟာ ဆွမ်းခံပြီး မြို့အပြင်ဘက်မှာရှိတဲ့ တောင်ခြေတစ်ခုမှာ ဆွမ်းဘုဉ်းပေးနေခဲ့တယ်။ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးက ဒီအကြောင်းကိုကြားပြီး ဘုရားအလောင်းတော်ကို အလွန်ကြည်ညိုလေးစားခဲ့တယ်။ ပြီးတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ရဟန်းမပြုသေးဖို့၊ ထီးနန်းစည်းစိမ် စံစားမယ်ဆိုလျှင် သူ့တိုင်းပြည်တစ်ဝက်ကို ပေးပါမယ်လို့လည်း ပြောခဲ့တယ်။ ဒီတော့ ဘုရားအလောင်းတော်က ထီးနန်းစည်းစိမ်ကို မလိုချင်ကြောင်း၊ သတ္တဝါအားလုံးကို ကယ်တင်နိုင်တဲ့ ဘုရားအဖြစ်ကိုသာ အလိုရှိကြောင်း ပြန်ပြောခဲ့တယ်။ အဲဒီအခါ ဗိမ္ဗိသာရမင်းကြီးက "သင်ဘုရားဖြစ်လျှင် ရာဇဂြိုဟ်ပြည်ကို ပထမဆုံးကြွလာတော်မူပါ"လို့ ဘုရားအလောင်းတော်ကို တောင်းပန်ခဲ့ပါတယ်။

မိုးငြိမ်း ၊ မဟာဗုဒ္ဓဝင် ဒုတိယတွဲ၊ ၁၅၅-၂၀၉၊

- အောက်ပါမေးခွန်းများကို မေးပါ။
  - ဘုရားအလောင်းတော်ဟာ အသက်ဘယ်လောက်မှာ တောထွက်ခဲ့တာလဲ။
  - မြို့တံခါးအနီးကို ရောက်တဲ့အခါ ဘယ်သူက တောမထွက်ဖို့ တားမြစ်ခဲ့သလဲ။
  - အနော်မာမြစ်ကမ်းကို ရောက်တဲ့အခါ ဘာတွေလုပ်ခဲ့လဲ။
  - ဗိမ္ဗိသာရမင်းက ထီးနန်းစည်းစိမ်တစ်ဝက် ပေးမယ်လို့ ပြောတော့ ဘုရားအလောင်းတော်က ဘယ်လို ပြန်ပြောခဲ့လဲ။
  - ဗိမ္ဗိသာရမင်းက ဘုရားအလောင်းတော်ကို ဘာ တောင်းဆိုခဲ့သလဲ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ဘုရားအလောင်းတော် နိမိတ်ကြီးလေးပါးကို မြင်ပုံ၊ ယသောရောမင်းသမီးလေး၏ နန်းဆောင်သို့ ကြွလှမ်း၍ သားတော်လေးကို ကြည့်ရှုတော်မူပုံ၊ ဘုရားအလောင်းတော်အား မာရ်နတ်က တောမထွက်နိုင်အောင် အနှောင့်အယှက်ပေးပုံ၊ ဆံတော်ကို ပယ်စွန့်ပြီး ရသေ့ရဟန်းအသွင် ဝတ်ဆင်နေပုံ၊ ရာဇဂြိုဟ်မြို့တွင်းသို့ သပိတ်ပိုက်ပြီး ဆွမ်းခံဝင်တော်မူပုံ၊ ဗိမ္ဗိသာရမင်းနှင့် ဘုရားအလောင်းတော် တွေ့ဆုံပုံ ကတ်ပြားများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ကလေး (၆) ဦးကို ခေါ်ထုတ်၍ ရုပ်ပုံကတ်ပြား (၆) ပုံကို တစ်ပုံစီ ဝေပေးပါ။<br>❁ ထို့နောက် ကလေး (၆) ဦးကို တန်းစီရပ်စေပြီး ရုပ်ပုံကတ်ပြားကို အတန်းဘက်လှည့်၍ ကိုင်စေကာ အောက်ပါအတိုင်း ပြောကြပါစေ။<br>- ကလေးတစ်ဦးစီက "ကျွန်တော်/ကျွန်မ ကိုင်ထားတဲ့ ရုပ်ပုံကတ်ပြားဟာ ...... ပုံ ဖြစ်ပါတယ်" ဟု တစ်ဦးချင်း ပြောပြပါစေ။<br>❁ ထို့နောက် ကလေး (၆) ဦးကိုင်ထားသော ရုပ်ပုံကတ်ပြားများကို ၎င်းတို့ဘက်သို့လှည့်၍ ကိုင်စေပြီး ဆရာက "သူကိုင်ထားတာ ဘာပုံလဲ"ဟု ကလေးတစ်ဦးချင်းအား ခေါ်မေးပါ။<br>❁ အဖြေမှန်သော ကလေးကို လက်ခုပ်တီးကာ ချီးကျူးအားပေးပါ။<br>❁ ပြီးလျှင် ရုပ်ပုံကတ်ပြား (၆) ပုံကို အစဉ်လိုက်စီ၍ ဆရာက ပြန်လည်အနှစ်ချုပ်ပေးပါ။ | ရုပ်ပုံကတ်ပြားများကို အစဉ်လိုက် မဟုတ်ဘဲ သင့်သလို ကိုင်ကြပါစေ။ |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ တောထွက်တော်မူခြင်းဆိုင်ရာ သရုပ်ဖော်ပုံများနှင့် ရောင်စုံခဲတံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ဘုရားအလောင်း တောထွက်တော်မူခြင်းဆိုင်ရာ သရုပ်ဖော်ပုံများကို ကလေးများစိတ်ကြိုက် ဆေးရောင်ခြယ်ကြပါစေ။ | |

စာသင်ချိန် (၄) ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ဘုရားအလောင်း ဖွားတော်မူခန်း ကဗျာ၊ ဘုရားအလောင်းမင်းသား ကဗျာ၊ သိဒ္ဓတ္ထမင်းသား ကဗျာနှင့် တောထွက်ခန်း ကဗျာများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|

* အောက်ပါအကြောင်းအရာကို ပြောပြပါ။ ထိုအကြောင်းအရာနှင့် လိုက်ဖက်သောအသံ၊ လှုပ်ရှားမှုများကို ကလေးများ ဖန်တီးပြုလုပ်ရန် ပြောပါ။

တစ်ခါတုန်းက ကောင်လေးတစ်ယောက်ရှိတယ်။ မြင်းကြီးစီးပြီး တောထဲကို သွားတာပေါ့ကွယ်။ (ကလေးများ မြင်းစီးသည့်ပုံစံ ပြုလုပ်ပါ။) သူ ရုတ်တရက် ဟပ်ချိုးဆိုပြီး နှာချေပါတယ်။ (ကလေးများ ဟပ်ချိုးဆိုပြီး နှာချေပါ။) မြင်းလန့်ပြီး ရုတ်တရက် ရပ်သွားပါတယ်။ (ကလေးများ ရပ်လိုက်ပါ။) အဲဒီအချိန်မှာ ကျားဟိန်းသံ ကြားရပါတယ်။ (ကလေးများ ကျားဟိန်းသံ ပြုလုပ်ပါ။) မြင်းလန့်ပြီး ပြေးသွားတယ်။ (ကလေးများ မြင်းပြေးဟန် ပြုလုပ်ပါ။) တောထဲကို ရောက်သွားတယ်။ ရေစီးသံကိုကြားရတယ်။ (ရေစီးသံကို ပြုလုပ်ပါ။) ချောင်းလေးတစ်ခုကိုတွေ့တယ်။ အဲဒီမှာ ဘဲကလေးတွေ ရေကူးနေကြတယ်။ (ဘဲသံပြုလုပ်ပါ။) ချောင်းဘေးမှာ ခဏနားကြတယ်။ (ထိုင်ပြီး နားဟန်ပြုလုပ်ပါ။) ပြီးတော့ ခရီးဆက်ကြတာပေါ့ကွယ်။ (ထပြီး သွားဟန်ပြုပါ။) သစ်ပင်ပေါ်က ငှက်ကလေးတွေရဲ့ သီချင်းဆိုသံကို ကြားနေရတယ်။ (ငှက်အော်မြည်သံ ပြုလုပ်ပါ။) အဲဒီလို သွားလာလိုက်တာ (သွားဟန်ပြုပါ။) နောက်ဆုံးတော့ ဇရပ်တစ်ခုကို ရောက်လာပြီး မြင်းကြီးရော ကောင်လေးရော မောပြီး ထိုင်နေရောတဲ့ကွယ်။ (ထိုင်ဟန်ပြုပါ။)

* ဆရာက အောက်ပါအတိုင်းပြော၍ သင်ခန်းစာကို အနှစ်ချုပ်ပေးပါ။
"ဘုရားအလောင်းတော်ဟာ သူအို၊ သူနာ၊ သူသေ၊ ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးကို မြင်ပြီး တောထွက်တော်မူခဲ့တယ်။ တောထဲမှာ တစ်ပါးတည်း တရားရှာတော်မူခဲ့တယ်။ တစ်နေ့မှာ ရာဇဂြိုဟ်မြို့တွင်းကို သပိတ်ပိုက်ကာ ဆွမ်းခံဝင်တော်မူပြီး မြို့ပြင်တောင်ခြေတစ်ခုမှာ ဆွမ်းဘုဉ်းပေးနေချိန် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးက ဘုရားဖြစ်ရင် ရာဇဂြိုဟ်ပြည်ကို ပထမဆုံးကြွလာဖို့ တောင်းပန်ခဲ့တယ် ဆိုတာတွေကို ဒီနေ့ သိခဲ့ကြပြီ။ နောက်တစ်ပတ်လာတဲ့အခါ ဘုရားရှင်အကြောင်းကို ဆက်ပြီး နားထောင်ကြမယ်"။

* (သို့မဟုတ်) သင်ပေးခဲ့ပြီးသော ကဗျာများကို ရွတ်ဆိုပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။

### ဘုရားအလောင်း ဖွားတော်မူခန်း

သုဒ္ဓေါဒန ဖခင်ပါ၊
မိခင် မယ်မာယာ။
ထူးခြားစွာ ဆင်အိပ်မက်၊
မယ်မာယာမြင်မက်။
အင်ကြင်းတောဘက် မွေးဖွားမြင်၊
ဘုရားအလောင်း တို့အရှင်။
ဖွားမြင်စဉ် နတ်အပေါင်း၊
ပူဇော်တသောင်းသောင်း။ ။

### ဘုရားအလောင်းမင်းသား

အများအကျိုး ဆောင်လို့ပါ၊
သိဒ္ဓတ္ထခေါ်တာ။
လောကမှာ ရှေ့ဆောင်ကောင်း၊
ငါတို့ ဘုရားအလောင်း။ ။

### ဘုရားအလောင်းမင်းသား

ကြင်နာ သနားတတ်တဲ့သူ၊
စိတ်ထား ကောင်းမြတ်သူ။
သဘောဖြူကာ လူယဉ်ကျေး၊
သိဒ္ဓတ္ထတဲ့လေး။
ရိုးသားအေးဆေး သူ့ဟန်ပန်၊
အတုယူကြရန်။
စံနမူနာ ယူကာပြ၊
ဘုရားအလောင်းရဲ့ ငယ်ဘဝ။ ။

### သိဒ္ဓတ္ထမင်းသား

ရုပ်အဆင်းလည်း လှပသူ၊
ပညာတတ်တဲ့ သူ။
အမည်ကမူ သိဒ္ဓတ္ထ၊
များပညာစုံပြ။
ဒေဝဒဟမှ ယသောဓရာ၊
ထိမ်းမြား လက်ထပ်ကာ။
ထီးနန်းမှာ သူစံစား၊
ထူးမြတ်တဲ့ မင်းသား။ ။

### တောထွက်ခန်း

သိဒ္ဓတ္ထဆိုတဲ့ မင်းသားဟာ၊
ထီးနန်းစံမြန်းရာ။
နန်းတော်ထဲမှာ စံစားဘိ၊
အိုနာသေ မသိ။
ဥယျာဉ်ကြည့်ဖို့ လှည့်လည်ရာ၊
လူအိုကို တွေ့ကာ။
လူနာ လူသေ သူတွေ့က၊
ပွားများ သံဝေဂ။
ရဟန်းတွေ့မှ အားကျသူ၊
သူ့ကို အတုယူ။
ငြိမ်းချမ်းမှုကို သူလိုလား၊
တရားရှာဖို့ တောထွက်သွား။ ။

# သင်ခန်းစာ (၄)

သင်ခန်းစာခေါင်းစဉ် ။ ။ ဘုရားဖြစ်တော်မူခြင်း

သင်ယူမှုဦးတည်ချက် ။ ။ ဘုရားအလောင်း ဆင်းရဲပင်ပန်းစွာတရားကျင့်တော်မူခြင်းနှင့် ဘုရားဖြစ်တော်မူခြင်းကိုကလေးများ သိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ဘုရားဖြစ်တော်မူခြင်းအကြောင်းနှင့် သရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
| --- | --- |

- ရှေ့တစ်ပတ်က သင်ခဲ့ပြီးသော တောထွက်တော်မူခြင်း သင်ခန်းစာကို ပြန်လည်ချိတ်ဆက် ပြောပြပါ။
- ဆရာက "တရားအားထုတ်တယ်လို့ ပြောသံကြားဖူးသလား"၊ "ဘယ်သူပြောတာလဲ"၊ "တရားအားထုတ်တယ်ဆိုရင် ဘယ်လိုအားထုတ်ရသလဲ" စသည်ဖြင့် မေးပါ။
- ထို့နောက် ဆရာက "ဘုရားဖြစ်တော်မူခြင်း အကြောင်းကို ပြောပြမယ်"ဟု ဆိုပြီး အောက်ပါ အကြောင်းအရာကို ပြောပြပါ။

## ဘုရားဖြစ်တော်မူခြင်း

ဘုရားအလောင်းတော်ဟာ အနယ်နယ်အရပ်ရပ်ကို လှည့်လည်ပြီး နည်းလမ်းပြပေးနိုင်တဲ့ဆရာကို လိုက်ရှာတဲ့အခါ အာဠာရရသေ့နဲ့ ဥဒကရသေ့တို့ကို တွေ့ခဲ့တယ်။ အဲဒီရသေ့တွေရဲ့နည်းလမ်းနဲ့ တရားအားထုတ်တော့ ဈာန်ရခဲ့တယ်။ ဒါပေမဲ့ ဒါဟာ ဒုက္ခကင်းဝေးရေး အကျင့် မဟုတ်ဘူးဆိုတာ သိတော်မူခဲ့တယ်။ ဒါနဲ့ ဒုက္ခကင်းဝေးရေးကို ရှာဖွေရင်း ဥရုဝေလတောကို ရောက်သွားတော်မူခဲ့တယ်။ အဲဒီမှာ မနားမနေ အပြင်းအထန် တရားကျင့်ခဲ့တယ်။ အဲဒီအချိန်မှာ ဘုရားအလောင်းတော် မွေးစက နိမိတ်ဖတ်ခဲ့ကြတဲ့ ဗေဒင်ပညာရှိ ငါးယောက်တို့ဟာ ရသေ့ဝတ်ပြီး ဘုရားအလောင်းတော်ကို အနီးကပ်ပြုစု လုပ်ကျွေးနေခဲ့ကြတယ်။

နောက်တော့ ဘုရားအလောင်းတော်ဟာ လုံးဝဆွမ်းမစားတော့ဘဲ အလိုလိုကြွေကျတဲ့ သစ်သီးကိုပဲ ရှာဖွေစားတော်မူခဲ့တယ်။ နောက်ဆုံးတော့ သစ်သီးကိုတောင် လိုက်မရှာတော့ဘဲ ထိုင်ပြီးတရားကျင့်တဲ့သစ်ပင်က ကြွေကျတဲ့သစ်သီးကိုပဲ ကောက်ယူစားတော်မူတော့တယ်။ အဲဒီလို ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲနဲ့ အပြင်းအထန်ကျင့်တော့ ဘုရားအလောင်းတော်ရဲ့အသွေးအသားတွေ ခန်းခြောက်သွားခဲ့တယ်။ စိုပြည်ဝင်းဝါနေတဲ့ အဆင်းအရောင်ကလည်း ညှိုးမည်းသွေ့ခြောက်သွားခဲ့တယ်။ ခန္ဓာကိုယ်ကလည်း ပိန်ချုံးပြီး အရိုးနဲ့အရေပဲ ကျန်တော့တယ်။ ဒီလိုပင်ပန်းဆင်းရဲတဲ့အကျင့်ကို ဒုက္ကရစရိယာအကျင့်လို့ခေါ်တယ်။ ဘုရားအလောင်းတော်ဟာ ဒီဒုက္ကရစရိယာအကျင့်ကို ၆ နှစ်ကြာအောင် ကျင့်ခဲ့ပေမဲ့ တရားထူးလည်းမရ၊ ဘုရားလည်းဖြစ်တော် မမူခဲ့ပါဘူး။

(သတိပြုရန်: ဒုက္ကရစရိယာ (ဒုက်ကရစရိယာ) ဟု အသံထွက်ပါ။)

နောက်ဆုံးတော့ ဘုရားအလောင်းတော်ဟာ ဘုရားမဖြစ်နိုင်တဲ့ ဒီအကျင့်ကို စွန့်

လွှတ်လိုက်ပါတယ်။ အစာအာဟာရမျှတအောင်စားပြီး ဆက်လက်တရားကျင့်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ဘုရားအလောင်းတော်ရဲ့ အသက်ဟာ ၃၅ နှစ်ရှိခဲ့ပါပြီ။ ဘုရားအလောင်းတော်ဟာ ကဆုန်လပြည့်နေ့ နံနက်စောစောအချိန်မှာ သေနာနိဂုံးမှာရှိတဲ့ ညောင်ပင်ကြီးအောက်မှာ ထိုင်နေတော်မူခဲ့ပါတယ်။ အဲဒီအခါ သုဇာတာသူဌေးသမီးဟာ ဘုရားအလောင်းတော်ကို သုပူဇော်နေကျ ညောင်ပင်စောင့်နတ်မင်းလို့ထင်ပြီး နို့ဃနာဆွမ်းကို ရွှေခွက်နဲ့ လှူဒါန်းခဲ့ပါတယ်။ ဘုရားအလောင်းတော်ဟာ နို့ဃနာဆွမ်းကို ခံယူပြီး နေရဥ္ဇရာမြစ်ကမ်းမှာ သွားရောက် ဘုဥ်းပေးခဲ့ပါတယ်။ အဲဒီနောက် "ယနေ့ ဘုရားဖြစ်မည် မှန်ပါက ဤရွှေခွက်ဟာ ရေညာသို့ ဆန်တက်ပါစေသား"လို့ အဓိဋ္ဌာန်ပြီး ရွှေခွက်ကို ရေမှာမျှောလိုက်ပါတယ်။ ရွှေခွက်ဟာ ရေညာကို ဆန်တက်သွားခဲ့ပါတယ်။

ဘုရားအလောင်းတော်ဟာ နေရဥ္ဇရာမြစ်အနီး အင်ကြင်းဥယျာဉ်မှာ တစ်နေ့လုံးနေတော်မူခဲ့တယ်။ ညနေစောင်းတော့ မဟာဗောဓိညောင်ပင်သို့ ကြွတော်မူခဲ့ပါတယ်။ ဘုရားအလောင်းတော်ဟာ မြက်ထမ်းသမား ဇေင လှူလိုက်တဲ့ မြက် (၈) ဆုပ်ကို ဗောဓိညောင်ပင်အောက်မှာ ကြဲဖြန့်လိုက်ပါတယ်။ ပြီးတော့ "ဘုရားမဖြစ်သမျှ ဤနေရာမှ ငါ မထ"လို့ အဓိဋ္ဌာန်ပြီး တင်ပလ္လင်ခွေ ထိုင်နေတော်မူခဲ့တယ်။ အဲဒီအချိန်မှာ နတ်တွေ၊ ပြဟ္မာတွေဟာ ဘုရားအလောင်းတော်ကို လာရောက်ဖူးမြော်နေခဲ့ကြတယ်။ မာရ်နတ်မင်းကလည်း အလွန်ကြောက်စရာကောင်းတဲ့ လက်နက်မျိုးစုံနဲ့ ဘုရားအလောင်းတော်ကို လာရောက်တိုက်ခိုက်ခဲ့တယ်။ ဘုရားအလောင်းတော်ဟာ နည်းနည်းမှ ကြောက်ရွံ့တော်မမူဘဲ မေတ္တာအစွမ်းနဲ့ မာရ်နတ်ကို အောင်မြင်တော်မူခဲ့ပါတယ်။ အဲဒီနောက် ဘုရားအလောင်းတော်ဟာ ဉာဏ်အမျိုးမျိုးကို တစ်ဆင့်ပြီးတစ်ဆင့် ရရှိတော်မူခဲ့ပါတယ်။ နောက်ဆုံးတော့ ဘုရားအလောင်းတော်ဟာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့မှာ ဘုရားဖြစ်တော်မူခဲ့ပါတယ်။

မှီငြမ်း။ ။ မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ၊ ၂၀၉-၃၅၄၊

"နိဂုံး" ဟူသည် "ရွာကြီး" ကို ဆိုလိုသည်။

"ဉာဏ်အမျိုးမျိုး"ကို ကလေးများမှ မေးလာလျှင် ဖြေနိုင်ရန် ဖော်ပြထားပါသည်။

**ဉာဏ်အမျိုးမျိုး (ဆရာသိစေရန်)**

- မိမိ သူတစ်ပါးတို့၏ ရှေးဘဝများစွာကို မြင်နိုင်စွမ်းသော "ပုဗ္ဗေနိဝါသာနဿတိဉာဏ်"၊
- အကြီး အသေး နီး ဝေး မဟူ နတ်မျက်စိပမာ ထိုးဖောက်မြင်နိုင်စွမ်းသော "ဒိဗ္ဗစက္ခုဉာဏ်"
- သတ္တဝါလေးအင် သိမြင်တော်မူကာ ကိလေသာအလုံးစုံ ကုန်ခန်းသည့် "အာသဝက္ခယဉာဏ်" ခေါ် "အရဟတ္တမဂ်ဉာဏ်"
- ထိုဉာဏ်သုံးပါးလုံးကို ရပြီးသည်နှင့် တစ်ပြိုင်နက် "သဗ္ဗညုတဉာဏ်" ကို ရရှိတော်မူသည်။

❁ အောက်ပါမေးခွန်းများကို မေးပါ။

- ဘုရားအလောင်းတော်ဟာ ဘယ်သူတွေနဲ့ တွေ့ခဲ့သလဲ။
- ဘုရားအလောင်းတော်ကို ဘယ်သူတို့ အနီးကပ်ပြုစု လုပ်ကျွေးခဲ့သလဲ။
- ဘုရားအလောင်းတော်ဟာ ဘာဖြစ်လို့ ဆွမ်းခံမကြွတာလဲ။
- ဘုရားအလောင်းတော်က တရားကို ဘယ်လိုကျင့်သလဲ။
- ပင်ပန်းဆင်းရဲတဲ့ အကျင့်ကို ဘယ်လိုခေါ်သလဲ။
- ဘုရားအလောင်းတော်က ပင်ပင်ပန်းပန်း တရားကျင့်ခဲ့တာ ဘုရားဖြစ်တော်မူခဲ့ပါသလား။

| | |
|---|---|
| ဘုရားအလောင်းတော်ဟာ အစာမစားဘဲ ပြင်းပြင်းထန်ထန် ကျင့်တဲ့ကျင့်စဉ်ကို ဘာလို့ စွန့်လွှတ်ခဲ့တာလဲ။<br>- ဘုရားအလောင်းတော်က ရွှေခွက်နဲ့ ဘယ်လိုအဓိဋ္ဌာန်သလဲ။<br>- ဘုရားအလောင်းတော်ဟာ ဗောဓိညောင်ပင်အောက်တွင် မြက်ထမ်းသမား လှူဒါန်းသော မြက်ရှစ်ဆုပ်ကို ကြဲဖြန့်ပြီး ဘယ်လိုအဓိဋ္ဌာန်သလဲ။<br>- ဘယ်သူက ကြောက်စရာလက်နက်မျိုးစုံ ကိုင်ပြီး ဘုရားအလောင်းတော်ကို တိုက်ခိုက်ခဲ့သလဲ။<br>- ဘယ်အချိန်မှာ ဘုရားဖြစ်ခဲ့သလဲ။ | |

တသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ဘုရားအလောင်းတော် တရားကျင့်နေပုံ၊ သုဇာတာ သူဌေးသမီးသည် ဘုရားအလောင်းတော်အား တစ်သိန်းတန်ရွှေခွက်နှင့်တကွ နို့ဆွမ်းကို လှူဒါန်းနေပုံ၊ ဘုရားအလောင်းတော်က အဓိဋ္ဌာန်ပြု၍ ရွှေခွက်ကို မျှောလိုက်ပုံ၊ ဗောဓိညောင်ပင်အောက်တွင် ဘုရားအလောင်းတော် တင်ပလ္လင်ခွေထိုင်၍ တရားကျင့်နေပုံ၊ မာရ်နတ်နှင့် စစ်သည်အပေါင်း လက်နက်မျိုးစုံကိုင်လျက် ဘုရားအလောင်းတော်အား တိုက်ခိုက်ပုံ၊ ဘုရားအဖြစ်သို့ ရောက်တော်မူပုံ ကတ်ပြားများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • ကလေး (၆) ဦးကို ခေါ်ထုတ်၍ ရုပ်ပုံကတ်ပြား (၆) ပုံကို တစ်ပုံစီ ဝေပေး၍ ကိုင်ထားကြပါစေ။<br>• ထို့နောက် ကလေး (၆) ဦးကို တန်းစီရပ်စေပြီး ရုပ်ပုံကတ်ပြားများကို အတန်းဘက်လှည့်၍ ကိုင်စေကာ အောက်ပါအတိုင်း ပြောပါစေ။<br>ကလေးတစ်ဦးစီက "ကျွန်တော်ကိုင်ထားတဲ့ ရုပ်ပုံကတ်ပြားဟာ ...... ပုံဖြစ်ပါတယ်" ဟု ပြောကြပါစေ။<br>• ထို့နောက် ကလေး (၆) ဦး ကိုင်ထားသော ရုပ်ပုံကတ်ပြားများကို ၎င်းတို့ဘက်သို့လှည့်၍ ကိုင်စေပြီး ဆရာက "သူကိုင်ထားတာ ဘာပုံလဲ"ဟု ကလေးတစ်ဦးချင်းခေါ်၍ မေးပါ။<br>• အဖြေမှန်သော ကလေးကို လက်ခုပ်တီးကာ ချီးကျူးအားပေးပါ။<br>• ပြီးလျှင် ရုပ်ပုံကတ်ပြား (၆) ပုံကို အစဉ်လိုက်စီ၍ ဆရာက ပြန်လည်အနစ်ချုပ်ပေးပါ။ | ရုပ်ပုံကတ်ပြားများကို အစဉ်လိုက် မဟုတ်ဘဲ သင့်သလို ကိုင်ခိုင်းပါ။ |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ဘုရားဖြစ်တော်မူခြင်း အကြောင်း။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❀ ဘုရားဖြစ်တော်မူခြင်း စာပိုဒ်ကို ကလေးများ အုပ်စုလိုက်ဖတ်ရှုကြပါစေ။<br>❀ ပြီးလျှင် "က" အက္ခရာနှင့် စသော ဝေါဟာရ၊ ဘ,ဖ,လ,န စသော အက္ခရာများနှင့် စသော ဝေါဟာရများကို အုပ်စုခွဲပြီး ရှာဖွေကြပါစေ။<br>❀ ထို့နောက် အုပ်စုအလိုက် အတန်းသားအားလုံးသို့ တင်ပြရမည်။<br>ဥပမာ - ဘ အက္ခရာနှင့်စသော ဝေါဟာရမှာ ဘုရားအလောင်းတော် ဖြစ်ပါတယ် ...<br>စသည်ဖြင့်။ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ နာမည်ရေးထားသော မဲလိပ်များ၊ အောင်ပွဲ ကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❀ ဆရာက သင်ကြားထားပြီးသော ဗုဒ္ဓဝင်သင်ခန်းစာများထဲမှ အောက်ပါနာမည် (၁၅/၂၀) မျိုးခန့်ကို ရေးထား၍ ကြိုတင်မဲလိပ် ပြုလုပ်ထားပါ။<br>- အိန္ဒိယနိုင်ငံ၊ ကပိလဝတ်၊ သုဒ္ဓေါဒန၊ မာယာဒေဝီ၊ ဂေါတမီ၊ ပဋိသန္ဓေ၊ ဒေဝဒဟပြည်၊ လုမ္ဗိနီအင်ကြင်းဥယျာဉ်၊ သိဒ္ဓတ္ထ၊ နိမိတ်ကြီးလေးပါး၊ ဆန္နအမတ်၊ ကဏ္ဍကမြင်း၊ မာရ်နတ်၊ အနော်မာမြစ်၊ ရာဇဂြိုဟ်မြို့၊ ဗိမ္ဗိသာရမင်း၊ အာဠာရနှင့် ဥဒကရသေ့၊ နိမိတ်ဖတ် ဗေဒင်ပညာရှိ၊ အလိုလိုကြွေကျသော သစ်သီး၊ သစ်သီးတစ်လုံး၊ ဒုက္ကရစရိယာ အကျင့်၊ ကဆုန်လပြည့် နံနက်စောစော၊ သုဇာတာသူဌေးသမီး၊ ရွှေခွက်၊ နေရဉ္ဇရာ မြစ်၊ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်။<br>❀ အထက်ပါ စကားလုံးများရေးထားသော မဲလိပ်များကို ကလေးတစ်ဦးချင်းစီ မဲနှိုက်၍ မိမိ ရလာသော စကားလုံးပါအောင် ပြောပြရမည်။<br>ဥပမာ - သုဒ္ဓေါဒန မဲကျလျှင် သုဒ္ဓေါဒနသည် ဘုရင်တစ်ပါးဖြစ်သည် ... စသည်ဖြင့်။<br>❀ ထိုနည်းဖြင့် ကလေးများအားလုံး ပါဝင်ဖြေဆိုကြပါစေ။<br>❀ နောက်ဆုံးတွင် အောက်ပါ အောင်ပွဲ ကဗျာကို ရွတ်ဆိုပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။<br><br>**အောင်ပွဲ**<br>ဘုရားအလောင်းတော် မင်းသားဟာ၊<br>တရားကျင့်ကြံကာ။<br>တောထဲမှာ လွန်ခက်ခဲ၊<br>မလျှော့သော သူ့ဇွဲ။<br>မာရ်နတ်ကလည်း နှောင့်ယှက်ပြန်၊<br>မေတ္တာနဲ့တွန်းလှန်။<br>မာရ်နတ်ရန် အောင်မြင်သွား၊<br>တို့ရဲ့ မြတ်ဘုရား။ ။ | |

## သင်ခန်းစာ (၅)

သင်ခန်းစာခေါင်းစဉ် ။ ။ ဘုရားဖြစ်ပြီးစ အချိန်
သင်ယူမှုဦးတည်ချက် ။ ။ ဘုရားဖြစ်ပြီးချိန်တွင်ဆောင်ရွက်သည်များကို ကလေးများသိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ဘုရားအလောင်း ဖွားတော်မူခန်းကဗျာ၊ ဘုရားအလောင်းမင်းသားကဗျာ၊ သိဒ္ဓတ္ထမင်းသားကဗျာ၊ တောထွက်ခန်းကဗျာ၊ အောင်ပွဲ ကဗျာများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "ရှေ့တစ်ပတ်တုန်းက မြတ်စွာဘုရားအကြောင်းတွေကို သင်ခဲ့တယ်။ အဲဒါတွေကို ဘယ်လောက် မှတ်မိလဲဆိုတာ ဆရာသိချင်တယ်။ ဘယ်သူပြန်ပြောပြချင်လဲ"ဟု မေးပြီး ပြောလိုသောကလေးများက ရှေ့ထွက်ပြောပြကြပါစေ။<br>❁ ကလေးတစ်ဦး ပြောပြီးတိုင်း လက်ခုပ်တီးကာ ချီးကျူးပေးပါ။<br>❁ ထို့နောက် သင်ခဲ့ပြီးသော အောက်ပါ ကဗျာများကို ရွတ်ဆိုကြပါစေ။<br><br>**ဘုရားအလောင်း ဖွားတော်မူခန်း**<br>သုဒ္ဓေါဒန ဖခင်ပါ၊<br>မိခင် မယ်မာယာ။<br>ထူးခြားစွာ ဆင်အိပ်မက်<br>မယ်မာယာမြင်မက်။<br>အင်ကြင်းတောဘက် မွေးဖွားမြင်၊<br>ဘုရားအလောင်း တို့အရှင်။<br>ဖွားမြင်စဉ် နတ်အပေါင်း၊<br>ပူဇော်တသောင်းသောင်း။ ။<br><br>**ဘုရားအလောင်းမင်းသား**<br>အများအကျိုး ဆောင်လို့ပါ၊<br>သိဒ္ဓတ္ထခေါ်တာ။<br>လောကမှာ ရှေ့ဆောင်ကောင်း၊<br>ငါတို့ဘုရားအလောင်း။ ။ | လိုအပ်လျှင် ဆရာက ပြည့်စုံ အစီအစဉ်ကျအောင် ဖြည့်စွက်ရှင်းပြပေးပါ။ |

### ဘုရားအလောင်းမင်းသား

ကြင်နာ သနားတတ်တဲ့သူ၊
စိတ်ထား ကောင်းမြတ်သူ။
သဘောဖြူကာ လူယဉ်ကျေး၊
သိဒ္ဓတ္ထတဲ့လေး။
ရိုးသားအေးဆေး သူ့ဟန်ပန်၊
အတုယူကြရန်။
စံနမူနာ ယူကာပြ၊
ဘုရားအလောင်းရဲ့ ငယ်ဘဝ။ ။

### သိဒ္ဓတ္ထမင်းသား

ရုပ်အဆင်းလည်း လှပသူ၊
ပညာတတ်တဲ့ သူ။
အမည်ကမူ သိဒ္ဓတ္ထ၊
မြားပညာစုံပြ။
ဒေဝဒဟမှ ယသောဓရာ၊
ထိမ်းမြား လက်ထပ်ကာ။
ထီးနန်းမှာ သူစံစား၊
ထူးမြတ်တဲ့ မင်းသား။ ။

### တောထွက်ခန်း

သိဒ္ဓတ္ထဆိုတဲ့ မင်းသားဟာ၊
ထီးနန်း စံမြန်းရာ။
နန်းတော်ထဲမှာ စံစားဘိ၊
အိုနာသေ မသိ။
ဉယျာဉ်ကြည့်ဖို့ လှည့်လည်ရာ၊
လူအိုကို တွေ့ကာ။
လူနာလူသေ သူတွေ့က၊
ပွားများ သံဝေဂ။
ရဟန်းတွေ့မှ အားကျသူ၊
သူ့ကို အတုယူ။
ငြိမ်းချမ်းမှုကို သူလိုလား၊
တရားရှာဖို့ တောထွက်သွား။ ။

**အောင်ပွဲ**

ဘုရားအလောင်းတော် မင်းသားဟာ၊
တရားကျင့်ကြံကာ။
တောထဲမှာ လွန်ခက်ခဲ၊
မလျှော့သော သူ့ဇွဲ။
မာရ်နတ်ကလည်း နှောင့်ယှက်ပြန်၊
မေတ္တာနဲ့တွန်းလှန်။
မာရ်နတ်ရန် အောင်မြင်သွား၊
တို့ရဲ့ မြတ်ဘုရား။ ။

- "ဟုတ်ပြီ၊ မြတ်စွာဘုရားရှင် ဘုရားဖြစ်တဲ့အထိ သားတို့၊ သမီးတို့ သိပြီးပြီ။ ကဗျာတွေလည်း ရွတ်ပြီးသွားကြပြီ။ ဒီတော့ နောက်တစ်ချိန်မှာ ဘုရားဖြစ်ပြီးတဲ့အခါ ဘုရားရှင် ဘာတွေ ဆက်လုပ်လဲဆိုတာ ဆရာက ပြောပြမယ်။ ဆရာ ပြောမပြခင် သားတို့၊ သမီးတို့ကို အရင်မေးကြည့်မယ်။ ဘုရားဖြစ်ပြီး ဘာဆက်လုပ်မယ် ထင်သလဲ"ဟု မေးပြီး ကလေးများက ခန့်မှန်းပြောဆိုကြပါစေ။
- ကလေးများပြောပြီးသောအခါ "ဘုရားဖြစ်ပြီးတဲ့အချိန်မှာ ဘာတွေလုပ်မယ်ဆိုတာကို နောက်တစ်ချိန်မှာ ဆက်နားထောင်ကြရအောင်" စသည်ဖြင့် ပြောကြားပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ဘုရားဖြစ်ပြီးစ အချိန် အကြောင်း၊ တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ မြတ်စွာဘုရားအား မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်တို့ကို ဆက်ကပ်လှူဒါန်းနေပုံ၊ အာဠာရရသေ့ကြီးနှင့် ဥဒကရသေ့ကြီး နစ်ပါးပုံ၊ မြတ်စွာဘုရားရှင်က ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောကြားနေပုံ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
| --- | --- |
| • အောက်ပါ ဘုရားဖြစ်ပြီးစ အချိန် အကြောင်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောပြပါ။ | |
| **ဘုရားဖြစ်ပြီးစ အချိန်** | |
| မြတ်စွာဘုရားရှင်ဟာ ဘုရားဖြစ်ပြီးနောက် မဟာဗောဓိပင်အနီးမှာရှိတဲ့ နေရာ (၇) ခုမှာ (၇) ရက်စီ နေတော်မူခဲ့တယ်။ နောက်ဆုံးနေရာဖြစ်တဲ့ လင်းလွန်းပင်အောက်မှာ (၇) ရက် ပြည့်တဲ့နေ့ (၄၉ ရက်မြောက်တဲ့နေ့) မှာ တပုဿနဲ့ ဘလ္လိက ညီအစ်ကိုနှစ်ယောက် ရောက်လာခဲ့ကြတယ်။ သူတို့ဟာ ဥက္ကလာပဇနပုဒ်က ကုန်သည်တွေပါ။ သူတို့က မြတ်စွာဘုရားကို မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်တွေ လှူဒါန်းကြတယ်။ မြတ်စွာဘုရား မုန့်ဆွမ်းဘုဉ်းပေးပြီးတဲ့အခါမှာ သူတို့က "တပည့်တော်တို့ဟာ ဘုရားနှင့်တရားကို အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်ပါမည်ဘုရား။ ဒီနေ့ကစပြီး တပည့်တော်တို့ကို အရှင်ဘုရားရဲ့ တပည့် ဒကာများအဖြစ် မှတ်တော်မူပါဘုရား"လို့ လျှောက်ထားခဲ့ပါတယ်။ အဲဒီအချိန်မှာ သံယာ | တပုဿ (တပုတ်သ)၊ ဘလ္လိက (ဘန်လိက) ဟုအသံထွက်ပါ။<br><br>တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ မြတ်စွာဘုရားအား မုန့်ကြွက်ကျစ်နှင့် |

ရတနာ မပေါ်သေးပါဘူး။ အဲဒါကြောင့် တပုဿနဲ့ ဘလ္လိက ကုန်သည်ညီနောင်နှစ်ယောက်ဟာ ရတနာနှစ်ပါးဖြစ်တဲ့ ဘုရားရတနာ၊ တရားရတနာကို ပထမဆုံးကိုးကွယ်တဲ့ ဗုဒ္ဓဘာသာ ဒကာများ ဖြစ်လာခဲ့ကြပါတယ်။

ပျားဆုပ်မုန့်တို့ကို ဆက်ကပ်လှူဒါန်းနေပုံကိုပြလျက် ဤစာပိုဒ်ကို ပြောပြပါ။

- ❁ အကြောင်းအရာပြောပြခြင်းကို ခဏရပ်၍ အောက်ပါမေးခွန်းများကို မေးပါ။
  - မြတ်စွာဘုရားဟာ ဘယ်နရက်မြောက်မှာ လင်းလွန်းပင်အောက်မှာ ထိုင်တော်မူနေသလဲ။
  - အဲဒီအချိန်မှာ ဘယ်သူတွေ ရောက်လာသလဲ။ သူတို့နာမည် ဘယ်လိုခေါ်သလဲ။
  - မြတ်စွာဘုရားကို သူတို့ ဘာတွေလှူဒါန်းကြသလဲ။
  - သူတို့ ရတနာသုံးပါးကို ဆည်းကပ်ခွင့်ရသွားကြလား။ ဘာကြောင့်လဲ။

- ❁ ထို့နောက် ဆက်လက်၍ အောက်ပါအကြောင်းအရာကို ပြောပြပါ။

အဲဒီနောက် မြတ်စွာဘုရားရှင်ဟာ ကိုယ်တော်တိုင် သိမြင်တော်မူထားတဲ့ တရားတော်တွေကို ဟောကြားတော်မူဖို့အတွက် "ဘယ်သူတွေကို ပထမဦးဆုံး တရားဟောကြားရမလဲ" လို့ ကြံစည်တော်မူတဲ့အခါ မိမိရဲ့တရားရှာခရီးမှာ လောကီစျာန်တွေ ရရှိအောင် ကူညီပေးခဲ့ဖူးတဲ့ အာဠာရရသေ့ကြီးနဲ့ ဥဒကရသေ့တို့ကို မြင်တော်မူတယ်။ သူတို့ရှိရာအရပ်ကို နတ်မျက်စိနဲ့ တူတဲ့ဉာဏ်တော် (ဒိဗ္ဗစက္ခုဉာဏ်တော်) နဲ့ ကြည့်လိုက်တဲ့အခါ ရသေ့ကြီးနှစ်ပါး ကွယ်လွန်သွားခဲ့တာကို သိမြင်တော်မူခဲ့တယ်။

အာဠာရရသေ့ကြီးနှင့် ဥဒကရသေ့ကြီး နှစ်ပါးပုံကို ပြလျက် ဤစာပိုဒ်ကို ပြောပြပါ။

- ❁ အကြောင်းအရာပြောပြခြင်းကို ခဏရပ်၍ အောက်ပါမေးခွန်းများကို မေးပါ။
  - မြတ်စွာဘုရားရှင်က ပထမဦးဆုံး ဘာကို ကြံစည်သလဲ။
  - တရားဟောဖို့ ဘယ်သူတွေကို မြင်တော်မူလဲ။
  - ဒါပေမဲ့ မြတ်စွာဘုရားက ဒိဗ္ဗစက္ခုဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ ဘာကို သိတော်မူသလဲ။

- ❁ ထို့နောက် ဆက်လက်၍ အောက်ပါအကြောင်းအရာကို ပြောပြပါ။

ပြီးနောက် ဆက်လက်ကြံစည်တော်မူတဲ့အခါ ပင်ပန်းဆင်းရဲစွာ တရားကျင့်တော်မူစဉ်က အနီးကပ်ပြုစုလုပ်ကျွေးခဲ့တဲ့ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ဟူသော ပဉ္စဝဂ္ဂီငါးဦးကို မြင်တော်မူတယ်။ ဒါကြောင့် မြတ်စွာဘုရားရှင်ဟာ မိမိ သီတင်းသုံးတော်မူရာ ဥရုဝေလတောမှ တရာဏသီပြည်သို့ ကြွတော်မူပြီး ပထမဦးဆုံး ဓမ္မစကြာတရားတော်ကို ဟောတော်မူတယ်။ တရားဟောတော်မူပြီးတဲ့အခါ ပဉ္စဝဂ္ဂီငါးဦးလုံးဟာ မြတ်စွာဘုရားရှင်ရဲ့ တပည့်ရဟန်းတော်များဖြစ်လာပြီး သံဃာရတနာ စတင် ပေါ်ပေါက်လာခဲ့ပါတယ်။

မှီငြမ်း။ ။ မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ၊ ၃၅၅-၄၃၀၊

မြတ်စွာဘုရားရှင်က ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောကြားနေပုံကိုပြလျက် ဤစာပိုဒ်ကို ပြောပြပါ။

- ❁ အောက်ပါမေးခွန်းများကို မေးပါ။
  - မြတ်စွာဘုရားက နောက်ထပ် ဘယ်သူတွေကို တရားဟောဖို့ မြင်တော်မူသလဲ။
  - ဘယ်သူတွေကို ဟောခဲ့တာလဲ။
  - တရားတော်နာမည်က ဘာလဲ။
  - ရတနာသုံးပါး ဘယ်အချိန်မှာ စုံသွားခဲ့သလဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ရုပ်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ကလေးများအား သင့်လျော်သလို အုပ်စုဖွဲ့ပါ။<br>❁ ရှေ့ပိုင်း ဗုဒ္ဓဝင်သင်ခန်းစာများတွင် အသုံးပြုခဲ့သော ရုပ်ပုံများထဲမှ ဖွားမြင်တော်မူပုံ၊ တောထွက်တော်မူပုံ၊ တရားကျင့်တော်မူပုံ၊ နို့ဃနာဆွမ်းကပ်လှူပုံ၊ မာရ်နတ်ကို အောင်မြင်တော်မူပုံ၊ ဘုရားဖြစ်ပြီး ပဉ္စဝဂ္ဂီငါးဦးကို တရားဟောပုံ စသောရုပ်ပုံတစ်ခုစီကို အုပ်စုတိုင်းအား ဝေပေးပါ။<br>❁ ပထမဦးဆုံးအုပ်စုမှ အုပ်စုကိုယ်စားလှယ်က မိမိတို့ကျရာ ရုပ်ပုံပါအကြောင်းအရာများကို အတန်းရှေ့သို့ ထွက်၍ ပြောပြပြီးလျှင် ရုပ်ပုံကို သင်ပုန်းတွင် ကပ်ထားပါစေ။<br>❁ ဒုတိယအုပ်စုကိုယ်စားလှယ်က မိမိကျရာ ရုပ်ပုံပါအကြောင်းအရာများကို အတန်းရှေ့သို့ ထွက်၍ ပြောပြပြီးလျှင် ရုပ်ပုံကို သင်ပုန်းတွင် ကပ်ထားပါစေ။ သို့သော် အုပ်စု (၁) ကပ်ထားသော ရုပ်ပုံနှင့် ချိတ်ဆက်ပြီး ၎င်းတို့ကျရာ ရုပ်ပုံကို အစီအစဉ်ကျအောင် ကပ်ပါစေ။<br>❁ နောက်ထပ်အုပ်စုအသီးသီးသည်လည်း အထက်ပါအတိုင်း ရုပ်ပုံပါအကြောင်းအရာများကို ပြောပြပြီးလျှင် ရုပ်ပုံများကို အစီအစဉ်ကျအောင် ကပ်ကြပါစေ။<br>❁ နောက်ဆုံးတွင် ဆရာက အုပ်စုအသီးသီးမှ ကပ်ထားသောပုံများကို ကြည့်၍ လိုအပ်သလို အနှစ်ချုပ်ပေးပါ။ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ဗုဒ္ဓဝင်ဖြစ်စဉ် ရေးထားသော စာကြောင်းဖြတ်ပိုင်းများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ● ကလေးများအား သင့်လျော်သလို အုပ်စုဖွဲ့ပါ။<br>● အောက်တွင်ဖော်ပြထားသော ဗုဒ္ဓဝင်ဖြစ်စဉ် ရေးထားသော စာကြောင်းဖြတ်ပိုင်းများကို အုပ်စုတိုင်းအား ဝေပေးပါ။<br>- သိဒ္ဓတ္ထမင်းသားကို လုမ္ဗိနီအင်ကြင်းဥယျာဉ်တွင် ဖွားမြင်ခဲ့သည်။<br>- အသက် ၁၆ နှစ်အရွယ်တွင် ထီးနန်းစိုးစံခဲ့သည်။<br>- ၂၉ နှစ်အရွယ်တွင် တောထွက်တော်မူသည်။<br>- ထို့နောက် နိမိတ်ကြီးလေးပါးကို မြင်တော်မူသည်။<br>- အစာအာဟာရ ပြတ်လပ်ပြီး မေ့မြောသွားသည်အထိ ခြိုးခြံစွာကျင့်ခဲ့သည်။<br>- သုဇာတာ သူဌေးသမီးက နို့ဃနာဆွမ်း ကပ်လှူသည်။<br>- မြက်ထမ်းသမားက မြက်ရှစ်ဆုပ်လှူသည်။<br>- ဘုရားအဖြစ်သို့ ရောက်တော်မူသည်။<br>- ပဉ္စဝဂ္ဂီငါးဦးတို့ကို တရားဦး ဟောတော်မူသည်။<br>- တပုဿနှင့် ဘလ္လိကတို့ထံမှ မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်တို့ကို အလှူခံတော်မူသည်။<br>● အထက်ပါ စာကြောင်းများကို အစီအစဉ်တကျ ပြန်၍ စီကြပါစေ။<br>● အမြန်ဆုံးနှင့်အမှန်ဆုံး စီနိုင်သောအုပ်စုကို အနိုင်ပေးပါ။<br>● နောက်ဆုံးတွင် ဆရာက စာကြောင်းများကို အစဉ်အတိုင်း ပြန်ပြောပြ၍ အနှစ်ချုပ်ပေးပါ။ | |

## သင်ခန်းစာ (၆)

သင်ခန်းစာခေါင်းစဉ် ။ ။ ဘုရားရှိခိုးရကျိုး
သင်ယူမှုဦးတည်ချက် ။ ။ ဘုရားရှိခိုးလျှင် ရရှိမည့်အကျိုးများကိုသိရှိတတ်စေရန်၊

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "ကလေးတို့ ဒီနေ့မနက် ကျောင်းမလာခင် ဘုရားရှိခိုးခဲ့တဲ့သူရှိရင် လက်ထောင်ပါ"ဟု ပြောပြီး လက်ထောင်ကြပါစေ။<br>❁ "မနေ့ညက မအိပ်ခင် ဘုရားရှိခိုးခဲ့တဲ့သူရှိရင် လက်ထောင်ပါ"ဟု ပြောပြီး လက်ထောင်ကြပါစေ။<br>❁ "ဘုရားကို ရှိခိုးတဲ့အခါ ဘုရားစာတွေ ရွတ်သလား။ ဘယ်သူရွတ်ပြမလဲ"ဟု ဆိုကာ ရွတ်ပြချင်သူအားလုံးက တစ်ဦးစီရွတ်ပြကြပါစေ။<br>❁ ထို့နောက် "ဒီဘုရားစာတွေကို ဘယ်သူသင်ပေးတာလဲ။ ဒီဘုရားစာတွေ ရွတ်ဆိုပြီး ဘုရားရှိခိုးရင် ဘာအကျိုးတွေ ရရှိသေးလဲ"ဟု မေးကာ ကလေးများ သိသလောက်ပြောပြပါစေ။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ တစ်ကြိမ်ရှိခိုး အကျိုးများစွာ ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "ဒုတိယတန်း၊ သင်ခန်းစာ (၆) မှာ သင်ခဲ့တဲ့ သရဏဂုံ (၃) ပါးရဲ့ အကျိုးတွေကို မှတ်မိကြသေးလား"ဟု မေး၍ မှတ်မိသောကလေးများရှိလျှင် ပြန်လည်ပြောပြစေပြီး မမှတ်မိလျှင် ဆရာက ပြန်လည်ပြောပြပါ။ (လူချမ်းသာ၊ နတ်ချမ်းသာ ဘဝကို ရရှိတယ်။ ဉာဏ်ကောင်းတယ်။ ချမ်းသာ ကြွယ်ဝတယ်။ အသားရောင်က ရွှေလို ဝင်းဝါတယ်။ လူတိုင်းကလည်း ကိုယ့်ကို ချစ်ခင်နှစ်သက်တယ်။)<br>❁ "အခု မြတ်စွာဘုရားကို အဝေးကနေလှမ်းပြီး ကြည်ညိုပူဇော်ရုံနဲ့ ကောင်းကျိုးရသွားတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြမယ်၊ သေချာနားထောင်နော်"ဟု ပြော၍ အောက်ပါ တစ်ကြိမ်ရှိခိုး အကျိုးများစွာ ဇာတ်လမ်းကို ပြောပြပါ။ | |

## တစ်ကြိမ်ရှိခိုး အကျိုးများစွာ

ဟိုးရှေးရှေးတုန်းက ဝိပဿီမြတ်စွာဘုရားဆိုတာ လောကမှာ ပွင့်တော်မူခဲ့တယ်။ တစ်နေ့မှာ ဝိပဿီမြတ်စွာဘုရားရှင်ဟာ တပည့်သံဃာတော်တွေနဲ့ မြို့တစ်မြို့ရဲ့ အစွန်အဖျား ကျောင်းတော်ကြီးမှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီမြို့ထဲမှာ အလွန်ဆင်းရဲတဲ့ မေတ္တာလို့ခေါ်တဲ့ လူငယ်လေးတစ်ယောက် ရှိတယ်။ မေတ္တာလေးဟာ အလွန်ဆင်းရဲတော့ သူများတွေလို အလှူအတန်းတွေလည်း မလုပ်နိုင်ဘူး။ သူဟာ မြတ်စွာဘုရားကို ကြည်ညိုလေးစားပေမဲ့ မြို့ထဲမှာ မြတ်စွာဘုရားနဲ့ သံဃာတော်တွေကြွလာတိုင်း ဆွမ်းလည်း မလောင်းလှူနိုင်ဘူး။ သူဟာ မိုးလင်းတာနဲ့ တောထဲက ယာခင်းတွေမှာ ရောက်နေတော့ မြတ်စွာဘုရား ဆွမ်းခံချိန်နဲ့ လွဲလွဲနေတယ်။

တစ်နေ့မှာ ဝိပဿီမြတ်စွာဘုရားရှင်ဟာ နောက်လိုက်နောက်ပါ သံဃာတော်တွေနဲ့ တခြားမြို့တစ်ခုကို ခရီးထွက်တော်မူရာ မြို့ထဲကနေ ဖြတ်သွားတော်မူတယ်။ အဲဒီအချိန်မှာ မေတ္တာလေးက မြို့ထဲကို ကိစ္စတစ်ခုရှိတာနဲ့ ပြန်ရောက်လာခဲ့တယ်။ သူဟာ လမ်းမပေါ်ကနေ ခရီးထွက်စွာနေတဲ့ ဝိပဿီမြတ်စွာဘုရားကို အဝေးကနေပြီး လှမ်းမြင်လိုက်ရတယ်။ မြတ်စွာဘုရားကို မြင်မြင်ချင်း ဝမ်းသာကြည်နူးစိတ်တွေ ဖြစ်ပေါ်လာပြီး ကြည်ညိုစွာနဲ့ လက်အုပ်ချီမိုး ရှိခိုးလိုက်တယ်။

မေတ္တာလေးဟာ အဲဒီလို တစ်ကြိမ်တစ်ခါ လက်အုပ်ချီမိုး ရှိခိုးခဲ့တဲ့အတွက်ကြောင့် အဆင့်အတန်းမြင့်တဲ့ ဘဝပေါင်းများစွာကို ရရှိခဲ့တယ်။ နောက်ဆုံးဘဝ ဂေါတမမြတ်စွာဘုရားရှင်လက်ထက်မှာ 'အဉ္ဇလီ' ဆိုတဲ့ အမည်နဲ့ ရဟန်းပြုခွင့်ရပြီး တရားထူးတွေ ရရှိသွားခဲ့ပါတယ်။ ရဟန်းတော်အဉ္ဇလီဟာ "မြတ်စွာဘုရားကို တစ်ကြိမ်တစ်ခါ လက်အုပ်ချီမိုး ရှိခိုးတာလေးနဲ့ အခုလောက် အကျိုးကျေးဇူးတွေရရင် မြတ်စွာဘုရားရှင်ကို နေ့စဉ်နေ့တိုင်း ရှိခိုးသင့်ပါတယ်"လို့ လူအများကို တိုက်တွန်းဟောကြားလေ့ ရှိပါတော့တယ်။

မှီငြမ်း။ ။ ကေဥ္ဇလိကတ္ထေရအပဒါန်၊ အပဒါန်၊ ၁၊ ၂၊ ၄၅၊

| | | |
|---|---|---|
| စာသင်ချိန် (၃) | ။ | ။ ၃၀ မိနစ် |
| သင်ထောက်ကူပစ္စည်း | ။ | ။ ဘုရားရှိခိုးရကျိုး ကဗျာ။ |

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • အောက်ပါမေးခွန်းများဖြင့် စာသင်ချိန်ကို စတင်ပါ။<br>- သားတို့၊ သမီးတို့ ရတနာသုံးပါးဆိုတာ သိလား၊ ဘာတွေလဲ။<br>- သရဏဂုံ (၃) ပါးကိုရော သိလား၊ ဘာတွေလဲ။<br>- ဘုရားဂုဏ်တော် ဘယ်နှပါးရှိသလဲ။<br>- ဘုရားဂုဏ်တော်ရွတ်ဖူးလား။ ရွတ်ပြပါ။<br>• ကလေးများမသိလျှင် ဆရာက ဖြည့်စွက်ပြောပြပါ။<br>ဂုဏ်တော်ကိုးပါး - အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။<br>• အောက်ပါ ဘုရားရှိခိုးရကျိုး ကဗျာကို ကလေးများ ရွတ်ဆိုတတ်အောင် သင်ပေးပါ။ | |

**ဘုရားရှိခိုးရကျိုး**

ဘုရားရှိခိုးအကျိုးမှာ၊
ဘုရားရှိသေလာ။
ကျိုးနွံကာ သဒ္ဓါပွား၊
သတိ ပညာများ။
ပီတိတဖွားဖွား ဖြစ်ကာရယ်၊
ဒုက္ခခံနိုင်တယ်။
စိတ်ထဲဝယ် ဘုရားအထံပါး၊
နေတယ်လို့ ခံစား။
ဘုရားရှိခိုးတဲ့ ကိုယ်ခန္ဓာ၊
စေတီထိုက်သည်သာ။
အကျိုးများစွာ ရတာမို့၊
ဘုရားရှိခိုးစို့။ ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ "နမော တဿ"၏ အနက်အဓိပ္ပာယ် ရေးထားသော စာရွက်ကြီး။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ယနေ့ "နမော တဿ" ဘုရားရှိခိုးကို သင်ပေးမည်ဖြစ်ကြောင်းနှင့် ဒီဘုရားရှိခိုးသည် မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကို ရည်ညွှန်း၍ ရှိခိုးကန်တော့ခြင်းဖြစ်ကြောင်း ပြောပြပါ။<br>❁ ဆရာက အောက်ပါဘုရားရှိခိုးကို အရင်ရွတ်ဆိုပြပါ။<br>"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"<br>❁ ကလေးများရွတ်ဆိုတတ်သည်အထိ ဆရာက သင်ပေးပါ။ သို့မဟုတ် ဆိုပြပါ။<br>❁ ထို့နောက် "ဒီဘုရားရှိခိုးရဲ့ အနက်အဓိပ္ပာယ်ကို ပြောပြမယ်"ဟု ဆိုပြီး အောက်ပါ အနက်အဓိပ္ပာယ်ကို သင်ပုန်းတွင်ရေးပြီး သို့မဟုတ် ရေးထားတဲ့စာရွက်ကြီးကို သင်ပုန်းတွင် ကပ်ပြီး ဆရာက ရှင်းပြပါ။<br><br>"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"<br><br>ဘဂဝတော - ဘုန်းတော်ကြီးတော်မူသော၊<br>အရဟတော - ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊<br>သမ္မာသမ္ဗုဒ္ဓဿ - ဆရာမရှိ မိမိအလိုလို ကိုယ်တော်တိုင် သိတော်မူသော၊<br>တဿ - ထိုမြတ်စွာဘုရားအား<br>နမော - ရှိခိုးပါ၏။<br><br>❁ ကလေးများ၏ မှတ်စုစာအုပ်တွင် ကူးရေးကြပါစေ။ နှုတ်မှရွတ်တတ်အောင်လည်း ဆရာက ရွတ်ဆိုပြပါ။<br>❁ ထို့နောက် အချိန်ရလျှင် အောက်ပါအကြောင်းအရာကို ပြောပြပါ။<br>မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါက သိလိုသည်များကို သိကြားမင်းက မေးမြန်းလျှောက်ထားသည့်အတွက် မြတ်စွာဘုရားကလည်း ပြန်လည်ဖြေကြားပေးပါသည်။ ထိုအခါ မြတ်စွာဘုရား၏ ဖြေကြားချက်ကို သိကြားမင်းက လွန်စွာ နှစ်သက်သဘောကျ ကြည်ညိုလှသဖြင့် ဤ "နမော တဿ" ဘုရားရှိခိုးကို သုံးကြိမ်တိုင်တိုင် ရွတ်ဆိုရှိခိုးလေသည်။ သိကြားမင်းကဲ့သို့ပင် ကောသလမင်းကြီးနှင့် အခြားပုဏ္ဏားကြီးတို့သည်လည်း မြတ်စွာဘုရားကို ထို "နမော တဿ" ဘုရားရှိခိုးဖြင့် သုံးကြိမ်ရွတ်ဆို ရှိခိုးကြလေသည်။ ဤ "နမော တဿ" စသည့် ဘုရားရှိခိုးကို ရွတ်ဖတ်ပူဇော်လျှင် နောင့်ယှက်ဖျက်ဆီးလာမည့် အန္တရာယ်များကို ကာကွယ်နိုင်ခြင်း၊ လိုအပ်သော အလုပ်ကိစ္စများ အပြီးအဆုံးသို့ရောက်နိုင်ခြင်း အစရှိသော ကောင်းကျိုးချမ်းသာများကို ခံစားရနိုင်ပါသည်။<br>❁ ဒီနေ့ကစပြီး "နမော တဿ" ဘုရားရှိခိုးနဲ့ မြတ်စွာဘုရားကို ရှိခိုးကန်တော့ကြပါစို့"ဟု ပြောကာ "နမော တဿ" ဘုရားရှိခိုးကို ရွတ်ဆိုကန်တော့ပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

## သင်ခန်းစာ (၇)

သင်ခန်းစာခေါင်းစဉ် ။ ။ အမြတ်ဆုံးသီလ
သင်ယူမှုဦးတည်ချက် ။ ။ သီလစောင့်ထိန်းခြင်းသည်အမြတ်ဆုံးဖြစ်ကြောင်းသိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ တပည့်ကျင့်ဝတ်နှင့် သားသမီးကျင့်ဝတ် ကဗျာများ။

<table>
<tr><th>သင်ယူမှုလုပ်ငန်းစဉ်</th><th>သတိပြုရန်အချက်များ</th></tr>
<tr><td>
❁ ကလေးများအားလုံးက အောက်ပါ တပည့်ကျင့်ဝတ်နှင့် သားသမီးကျင့်ဝတ်တို့ကို ရွတ်ဆိုကြပါစေ။<br><br>
တပည့်ကျင့်ဝတ်<br>
ညီညာထကြွ၊<br>
ဆုံးမနာယူ၊ လာမှုကြိုဆီး၊<br>
ထံနီးလုပ်ကျွေး၊ သင်တွေးအံရွတ်၊<br>
တပည့်ဝတ်၊ မချွတ်ငါးခုသာ။ ။<br><br>
သားသမီးကျင့်ဝတ်<br>
ကျွေးမွေးမပျက်၊<br>
ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊<br>
လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊<br>
ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။ ။<br><br>
❁ "အခု သားတို့၊ သမီးတို့ ရွတ်ဆိုသွားတာတွေက သားသမီးတစ်ယောက်အနေနဲ့ တပည့်တစ်ယောက်အနေနဲ့ လိုက်နာရမယ့်ကျင့်ဝတ်တွေ ဖြစ်တယ်။ အဲဒီလိုပဲ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ နေ့စဉ် လိုက်နာရမယ့်ကျင့်ဝတ်တွေ ရှိတယ်။ အဲဒီကျင့်ဝတ်တွေကို သီလလို့လည်း ခေါ်တယ်။ ဒါဖြင့် ဆရာတို့၊ သားတို့၊ သမီးတို့အနေနဲ့ နေ့စဉ် လိုက်နာရမယ့်ကျင့်ဝတ်သီလက ဘာတွေဖြစ်မယ်လို့ ထင်လဲ"ဟု ဦးစွာမေးပါ။<br>
❁ ကလေးများဖြေဆိုထားသော အဖြေများကို မှတ်သားထားပြီး လိုအပ်သလို အနှစ်ချုပ်ပေးကာ သီလ၏ အဓိပ္ပာယ်ကို ကလေးများ နားလည်အောင် ထပ်မံရှင်းပြပေးပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။
</td><td>
ကလေးများ ဖြေတတ်သလို ဖြေဆိုကြပါစေ။
</td></tr>
</table>

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ သီလရှိသော အမတ်ကြီး ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • "အခု ဆရာက သီလနဲ့ဆိုင်တဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြမယ်"ဟု အစပျိုးပြီး အောက်ပါ သီလရှိသော အမတ်ကြီး ဇာတ်လမ်းကို ပြောပြပါ။<br><br>**သီလရှိသော အမတ်ကြီး**<br>ရှေးအခါက မှန်ကန်ဖြောင့်မတ်ပြီး အကျင့်သီလကို တန်ဖိုးထားတဲ့ နန္ဒ ဆိုတဲ့ အမတ်ကြီးတစ်ဦး ရှိခဲ့ဖူးတယ်၊ သူဟာ ပြဿနာတွေကို မှန်မှန်ကန်ကန် ဖြေရှင်းဆုံးဖြတ်ပေးတဲ့အတွက် ဘုရင်နဲ့တကွ တိုင်းသူပြည်သားတွေက အလွန်လေးစားတန်ဖိုးထား ချစ်မြတ်နိုးကြတယ်။ အမတ်ကြီးဟာ အဲဒီခေတ်အခါအရ မျိုးရိုးအဆင့်အတန်း မြင့်မားတဲ့အပြင် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းမှာ ကြီးပြင်းခဲ့တယ်။ ဗေဒင်နက္ခတ်ပညာ၊ တိုင်းပြည်အုပ်ချုပ်ရေး ပညာတွေကိုလည်း ကျွမ်းကျင်တယ်။ သူ့မိဘတွေ အဆက်ဆက်ကတည်းက ငွေကြေးချမ်းသာပြီး အကျင့်စာရိတ္တလည်း ကောင်းမွန်ကြတယ်။ သူဟာ ရိုးသားဖြောင့်မတ်ပြီး ပြည်သူပြည်သားတွေကို ဆင်းရဲချမ်းသာမရွေး အကူအညီတွေ ပေးလေ့ရှိတော့ ပြည်သူတွေကလည်း လေးစားတန်ဖိုးထားကြပါတယ်၊ တိုင်းပြည်မှာ ပြဿနာကြီးငယ်တွေ ဖြစ်ပေါ်လာတဲ့အခါ ဘုရင်ကိုယ်တိုင် အမတ်ကြီးကို အလွန်အားကိုးလေ့ရှိတယ်။<br>ဒီလိုနဲ့ အမတ်ကြီးဟာ တိုင်းပြည်တာဝန်တွေ ထမ်းဆောင်ရင်း တပည့်ပရိသတ်တွေ များလာတယ်။ အထင်ကြီးလေးစားခံရမှုတွေ အများကြီး တိုးပွားလာခဲ့ပါတယ်၊ အဲဒီလို သူ့ကို ချစ်ခင်မြတ်နိုးသူတွေ၊ တပည့်ပရိသတ်တွေ များလာတဲ့အခါ အမတ်ကြီးက စဉ်းစားမိတယ်၊ "လူတွေဟာ ငွေကြေးဥစ္စာချမ်းသာရင်လည်း အထင်ကြီးကြ၊ လေးစားကြတယ်၊ ရိုးသားဖြောင့်မတ်ပြီး တိုင်းသူပြည်သားတွေကို အကူအညီပေးရင်လည်း လေးစားကြတယ်၊ ဗေဒင်နက္ခတ်ပညာ၊ တိုင်းပြည်အုပ်ချုပ်မှုဆိုင်ရာ ပညာရပ်တွေကို ကျွမ်းကျင်ရင်လည်း လေးစားတတ်ကြတယ်။ ဘုရင်မင်းမြတ်နဲ့တကွ တိုင်းသူပြည်သားတွေဟာ ငါ့ကို ဘာကြောင့် လေးစားနေကြတာပါလိမ့်။ ငါ့ကို လေးစားနေရတဲ့အကြောင်း တိတိကျကျ သိရအောင် စမ်းသပ်စုံစမ်းကြည့်ဦးမှပဲ"လို့ တွေးနေမိတယ်၊<br>ဒီလိုနဲ့ အမတ်ကြီးဟာ နောက်တစ်နေ့ နန်းတော်ကနေ အိမ်အပြန်မှာ တိုင်းပြည်ဘဏ္ဍာငွေတွေထဲက ငွေအနည်းငယ်ကို လူမသိအောင် ယူခဲ့လိုက်တယ်၊ ငွေတွေကို စောင့်ကြပ်တဲ့ ငွေထိန်းပုဂ္ဂိုလ်က တွေ့သွားတယ်၊ ဒါပေမဲ့ "သြော် အမတ်ကြီးဟာ သီလရှိတဲ့သူပဲ၊ ခိုးတာ မဟုတ်လောက်ပါဘူး" ဆိုပြီး ဘာမှမပြောဘဲ နေခဲ့တယ်၊ အမတ်ကြီးဟာ နောက်နေ့တွေမှာလည်း အဲဒီလို ယူ ယူလာတော့ ငွေထိန်းဖြစ်သူက "မပြောလို့ မဖြစ်တော့ဘူး" ဆိုပြီး ပြောပြကာ အမတ်ကြီးကို ဝိုင်းဝန်းဖမ်းဆီးပြီး ဘုရင့်ရှေ့ကို ဆွဲခေါ်ခဲ့ကြတယ်၊<br>ဘုရင့်ရှေ့ကိုရောက်လို့ ဘုရင်က စစ်ဆေးမေးမြန်းတဲ့အခါ တိုင်းပြည်ဘဏ္ဍာငွေထဲမှ ငွေတွေကို နည်းနည်းစီ နည်းနည်းစီ ယူခဲ့ကြောင်း၊ ဒါပေမဲ့ ငွေတွေကို ခိုးချင်လို့ ယူတာ မဟုတ်ဘဲ ဘုရင်နဲ့တကွ တိုင်းသူပြည်သားတွေက သူ့ကို လေးစားတန်ဖိုးထားရခြင်း အကြောင်းကို သိချင်တဲ့အတွက် အခုလို စမ်းသပ်ကြည့်ခြင်းဖြစ်ကြောင်း ရှင်းပြလိုက်ပါတယ်၊ အဲဒီလို ရှင်းပြလိုက်တော့ ဘုရင်ကြီးနဲ့ တိုင်းသူပြည်သားတွေလည်း သဘောပေါက်သွားကာ | |

အမတ်ကြီးကို အရင်ကထက်ပိုပြီး လေးစားသွားကြတယ်။

အဲဒီလို စမ်းသပ်ပြီးတဲ့အခါ အမတ်ကြီးဟာ "လူတွေ အထင်ကြီးလေးစားကြတယ်ဆိုတာ ငွေကြောင့်လည်း မဟုတ်၊ ပညာကြောင့်လည်း မဟုတ်၊ အကျင့်သီလကြောင့်ပါလား" လို့ အသေအချာ သိမြင်သဘောပေါက်သွားခဲ့ပါတော့တယ်။ အမတ်ကြီးအဖြစ်ကို နမူနာယူပြီး တိုင်းသူပြည်သားတွေလည်း အကျင့်သီလဟာ ငွေကြေးဥစ္စာနဲ့ အခြားအရာအားလုံးထက် ပိုမိုတန်ဖိုးရှိကြောင်း နားလည်ပြီး အကျင့်သီလကောင်းသူများဖြစ်အောင် ကြိုးစားနေထိုင်သွားခဲ့ကြပါတယ်။

မှီငြမ်း။ ။ သီလဝီမံသကဇာတ်၊ ပုံတော်စုံ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ ပထမတွဲ၊ ၃၆၆၊
ဇာ၊ ၄၊ ၁။ ၃၉၁။

- ထို့နောက် အောက်ပါမေးခွန်းများကို မေးပါ။
  - အမတ်ကြီးနန္ဒကို တိုင်းသူပြည်သားတွေက ဘာကြောင့် လေးစားတန်ဖိုးထား ချစ်ကြတာလဲ။
  - တစ်နေ့မှာ အမတ်ကြီးက ဘယ်လိုတွေးမိသလဲ။
  - အဲဒီလိုတွေးမိပြီး အမတ်ကြီး ဘာလုပ်သလဲ။
  - ဘုရင်ကြီး စစ်ဆေးမေးမြန်းတဲ့အခါ အမတ်ကြီးက ဘယ်လိုပြန်လည်လျှောက်ထားသလဲ။
  - နောက်ဆုံးမှာ အမတ်ကြီး၊ ဘုရင်ကြီးနဲ့တကွ တိုင်းသူပြည်သားအားလုံးဟာ ဘယ်လို နားလည်သဘောပေါက်သွားကြလဲ။
  - လောကမှာ ဘယ်အရာက အမြတ်ဆုံးလဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ သီလ၊ ပိုက်ဆံ၊ ပစ္စည်းဥစ္စာ၊ အိမ်၊ ခြံ၊ မြေ၊ ချစ်ခြင်းမေတ္တာ၊ ရွှေ၊ ရာထူး၊ ပညာ၊ ကိုယ်ချင်းစာတရား၊ မျိုးရိုးအဆင့်အတန်း၊ အာဏာ စသော အမည်မတူညီသည့် ကတ်ပြား (၂၀) ခု။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • ကလေးများအား သင့်လျော်သလို အုပ်စုဖွဲ့ပါ။<br>• အုပ်စုတိုင်းအား ကတ်ပြားများ ဝေပေးပါ။<br>• ကတ်ပြား (၂၀) ခုထဲမှ "လောကတွင်အရေးကြီးဆုံး"ဟု ယူဆသော ကတ်ပြား (၁၀) ခုကို ရွေးချယ်ကြပါစေ။<br>• အုပ်စုကိုယ်စားလှယ်များက ရွေးချယ်ထားသော ကတ်ပြားများကို ပြောပြ၍ အဘယ်ကြောင့် ရွေးချယ်ရကြောင်း ရှင်းပြကြပါစေ။<br>• ထို့နောက် ဆက်လက်၍ ကလေးများရွေးချယ်ထားသော ကတ်ပြား (၁၀) ခုမှ နောက်ထပ် (၅) ခုကိုသာ ရွေးချယ်ကြပါစေ။<br>• အုပ်စုကိုယ်စားလှယ်များက ရွေးချယ်ထားသော ကတ်ပြား (၅) ခုကို ပြောပြ၍ အဘယ်ကြောင့် ရွေးချယ်ရကြောင်းကို ရှင်းပြကြပါစေ။ | အချိန်ပေါ်မူတည်၍ ရွေးချယ်စေနိုင်ပါသည်။ |

| | |
|---|---|
| ❁ ထို့နောက် ဆက်လက်၍ ရွေးချယ်ထားသော ကတ်ပြား (၅) ခုထဲမှ နောက်ဆုံး ကတ်ပြား (၃) ခုကိုသာ ရွေးချယ်ကြပါစေ။<br>❁ အထက်ပါနည်းအတိုင်း အဘယ်ကြောင့် ရွေးချယ်ရကြောင်း ရှင်းပြကြပါစေ။<br>❁ အုပ်စုတိုင်းက နောက်ဆုံးရွေးချယ်ထားသော ကတ်ပြားများကို မှတ်သားထားပြီး လူတစ်ယောက်အတွက် အရေးအကြီးဆုံးက ကိုယ်ကျင့်သီလသာဖြစ်ကြောင်း စသည်ဖြင့် ပြောကြားကာ စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ငါးပါးသီလကို ရေးထားသော ကတ်ပြား။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ဆရာက "သားတို့၊ သမီးတို့ကို သီလစောင့်ထိန်းရမယ့်အကြောင်းနဲ့ လောကမှာ သီလသာ အမြတ်ဆုံး၊ အရေးအကြီးဆုံးဖြစ်တယ်ဆိုတာကို ပြောပြပြီးသွားပြီ။ "ဗုဒ္ဓဘာသာဝင်တစ်ဦး အနေနဲ့ လိုက်နာစောင့်ထိန်းရမယ့် သီလငါးပါး ရှိတယ်" စသည်ဖြင့် ဆိုကာ အောက်ပါ ငါးပါးသီလကို ရေးထားသော ကတ်ပြားကို သင်ပုန်းတွင် ချိတ်ဆွဲကာ ပြောပြပေးပါ။<br><br>**ငါးပါးသီလ**<br>၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။<br>၂။ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ခြင်း။<br>၃။ သူ့သားမယား ပြစ်မှားစော်ကားခြင်းမှ ရှောင်ကြဉ်ခြင်း။<br>၄။ လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။<br>၅။ အရက်သေစာ သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း။<br><br>❁ ရှင်းပြပြီးနောက် ဆရာက ငါးပါးသီလအကြောင်းကို ကလေးများနှင့် မေးဖြေပြုလုပ်ပါ။<br>❁ နောက်ဆုံးတွင် ကလေးများအား (၂) မိနစ်ခန့် ငြိမ်သက်စွာ ထိုင်စေပြီးနောက် "သားတို့၊ သမီးတို့ကို ဆုမွန်ကောင်းတောင်းပေးမယ်။ အားလုံး မျက်လုံးမှိတ်ထားရအောင်"ဟု ပြော၍ အောက်ပါအတိုင်း ဆုမွန်ကောင်းတောင်းပေးပါ။<br>"သားတို့၊ သမီးတို့အားလုံးဟာ သီလရှိတဲ့၊ မိမိကိုယ်ကို စောင့်ထိန်းတတ်တဲ့၊ မေတ္တာထားတတ်တဲ့၊ ဗုဒ္ဓဘုရားရှင်ချစ်တဲ့၊ လိမ္မာယဉ်ကျေးသော ကလေးများ ဖြစ်ကြပါစေ"။ | |

## သင်ခန်းစာ (၈)

သင်ခန်းစာခေါင်းစဉ် ။ ။ ငါးပါးသီလ
သင်ယူမှုဦးတည်ချက် ။ ။ ငါးပါးသီလ ခံယူဆောက်တည်တတ်စေရန်နှင့်အကျိုးကျေးဇူးများကို သိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ငါးပါးသီလအကျိုး ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

<table>
<tr><th>သင်ယူမှုလုပ်ငန်းစဉ်</th><th>သတိပြုရန်အချက်များ</th></tr>
<tr><td>
❁ "ရှေ့တစ်ပတ်က သင်ခဲ့တဲ့ အမြတ်ဆုံးသီလ သင်ခန်းစာမှာတုန်းက လောကမှာ ဘာ အရေးကြီးဆုံးလို့ ပြောပြခဲ့လဲ"ဟု ဦးစွာ မေးပါ။<br>
❁ ဆက်လက်၍ "ဟုတ်ပြီ၊ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ စောင့်ထိန်းရမယ့် သီလငါးမျိုး ကရော ဘာတွေလဲ"ဟု မေးကာ ကလေးများ မှတ်မိသလောက် ပြောပြကြပါစေ။<br>
❁ အဲဒီငါးပါးသီလကို စောင့်ထိန်းခြင်းကြောင့် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်တယ်ဆိုတာ ကို အခုပြောပြမယ်"ဟု ဆိုကာ အောက်ပါ ငါးပါးသီလအကျိုး ဇာတ်လမ်းကို စိတ်ဝင်စား ဖွယ်ဖြစ်အောင် ပြောပြပါ။<br>
ငါးပါးသီလအကျိုး<br>
မြတ်စွာဘုရားလက်ထက်တုန်းက ဆင်းရဲသားတစ်ဦး ရှိခဲ့တယ်။ သူဟာ သူဌေးကြီး တစ်ယောက်အိမ်မှာ အခကြေးငွေယူပြီး အလုပ်လုပ်ရတယ်။ အလုပ်လုပ်ပေမဲ့ သူ့မှာ ငွေပို ငွေလျှံ မရှိဘူး။ ဒါကြောင့် သူဟာ အလှူလုပ်ချင်ပေမဲ့ လှူစရာပစ္စည်းရော ပိုက်ဆံပါမရှိတဲ့ အတွက် စိတ်မကောင်းဖြစ်နေတယ်။ ဒါပေမဲ့ သူဟာ သူလုပ်နိုင်တာတစ်ခုရှိတာကို သတိရသွား တယ်။ အဲဒါကတော့ ငါးပါးသီလကို လုံအောင်စောင့်ထိန်းခြင်းပဲ ဖြစ်တယ်။<br>
ဆင်းရဲသားဟာ ဝမ်းသာသွားပြီး ငါးပါးသီလ ခံယူဆောက်တည်ဖို့အတွက် မြတ်စွာ ဘုရားရှင်ရဲ့တပည့် ရဟန်းတစ်ပါးထံမှာ ငါးပါးသီလကို ခံယူခဲ့တယ်။ သူဟာ ငါးပါးသီလကို ခံယူပြီးကတည်းက သီလမကျိုးအောင် အမြဲစောင့်ထိန်းခဲ့တယ်။ ဘာအကြောင်းနဲ့မှ ငါးပါးသီလ ကို မချိုးဖောက်ခဲ့ဘူး။ အဲဒီလိုနဲ့ သူသေခါနီးအချိန်မှာ သူဟာ ငါးပါးသီလ စောင့်ထိန်းခဲ့တာတွေ ကို ပြန်တွေးပြီး ပီတိဖြစ်နေခဲ့တယ်။ အဲဒီအတွက် သူသေသွားတဲ့အခါ နတ်ပြည်မှာ နတ်သား သွားဖြစ်တယ်။<br>
နတ်သားဘဝကနေ စုတေသွားတဲ့အခါမှာ ဘဝပေါင်းများစွာ မင်းဖြစ်ခဲ့တယ်။ အဲဒီ ဘဝတွေကနေ သေသွားတဲ့အခါ လူ့ပြည်က ချမ်းသာတဲ့မျိုးရိုးမှာ သူဌေးသားအဖြစ် မွေးဖွား လာခဲ့တယ်။ သူ ငါးနှစ်သားအရွယ်ရောက်တော့ သူ့ရဲ့ဖေဖေ၊ မေမေတို့ ပြောနေကြတဲ့ "ငါးပါး သီလဆောက်တည်တယ်" ဆိုတဲ့ စကားကိုကြားရုံလေးနဲ့ အရင်ဘဝက ငါးပါးသီလ စောင့်ထိန်း ခဲ့တာတွေကို ပြန်အမှတ်ရသွားပြီး တရားမှတ်လိုက်တာ တစ်ထိုင်တည်းနဲ့ တရားထူးတွေရ သွားခဲ့တယ်။<br>
မှီငြမ်း။ ။ ပဉ္စသီလသမာဒါနိယထေရအပဒါန်၊ အပဒါန၊ ဌ၊ ၂။ ၄၀။
</td><td></td></tr>
</table>

| | |
|---|---|
| ❁ အောက်ပါမေးခွန်းများကို မေးပါ။<br>- ဆင်းရဲသားဟာ လှူစရာပစ္စည်းနဲ့ ပိုက်ဆံ မရှိတဲ့အတွက် ဘာကို စောင့်ထိန်းသလဲ။<br>- ငါးပါးသီလကို ဘယ်လိုစောင့်ထိန်းခဲ့သလဲ။<br>- အဲဒီလို ငါးပါးသီလကို အမြဲမပြတ် စောင့်ထိန်းတဲ့အတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိသွားသလဲ။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ သီလတောင်း။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "သားတို့၊ သမီးတို့ရော ငါးပါးသီလ ဆောက်တည်ဖူးသလား"ဟု မေးပြီး ဆောက်တည်ဖူးသူများရှိလျှင် ၎င်းတို့၏ အတွေ့အကြုံများကို ပြောပြကြပါစေ။<br>❁ ထို့နောက် "ဒီနေ့ ဆရာက ငါးပါးသီလ ဆောက်တည်ပုံ၊ ဆောက်တည်နည်းကို သင်ပေးမယ်။ ဘုန်းဘုန်းတွေဆီက သီလယူရင် ဆရာသင်ပေးတဲ့အတိုင်း မှန်မှန်ကန်ကန် ဆောက်တည်ရွတ်ဆိုတတ်အောင် သေချာမှတ်ထားရမယ်နော်" စသည်ဖြင့် နိဒါန်းပျိုးပြီး အောက်ပါ ငါးပါးသီလ ခံယူဆောက်တည်ပုံ အဆင့်ဆင့်ကို ကလေးများ အစီအစဉ်ကျကျ၊ အသံထွက်မှန်မှန် ရွတ်ဆိုတတ်အောင် သင်ပေးပါ။<br>❁ "ငါးပါးသီလ ဆောက်တည်ရင် ပထမဆုံး သားတို့၊ သမီးတို့က ဩကာသကန်တော့ချိုးနဲ့ ကန်တော့ရတယ်။ ဩကာသနဲ့ ကန်တော့ပြီးရင် ဘုန်းဘုန်းတွေက ဆုပေးလိမ့်မယ်။ သားတို့၊ သမီးတို့ ဩကာသကန်တော့ချိုး ရတယ်မဟုတ်လား။ ဆိုကြည့်ပါဦး"ဟု ပြောပြီး ကလေးများ ဆိုကြည့်ကြပါစေ။<br>❁ "ဘုန်းဘုန်းက ဆုပေးပြီးရင် သားတို့၊ သမီးတို့က "ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ဘုရား"လို့ ပြောရမယ်။ ပြီးရင် သီလတောင်းရမယ်။ သီလတောင်းတဲ့စာကို အလွတ်ရအောင် ဆိုကြည့်ကြမယ်နော်"ဟု ပြော၍ အောက်ပါ သီလတောင်းကို သင်ပေးပါ။<br><br>**သီလတောင်း**<br>အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။<br>ဒုတိယမ္ပိ - အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။<br>တတိယမ္ပိ - အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။<br>❁ ကလေးများ အလွတ်ရသည်အထိ ရွတ်ဆိုပြီးသောအခါ အောက်ပါအတိုင်း အဓိပ္ပာယ်ကို ရှင်းပြပေးပါ။<br><br>အနက်အဓိပ္ပါယ် - သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ချီးမြှင့်ပေးသနားတော်မူပါဘုရား။ | |

| | |
|---|---|
| ❁ ထိုနောက် ဆက်လက်၍ "သားတို့၊ သမီးတို့ အဲဒီလို ဆိုပြီးသွားတဲ့အခါမှာ ဘုန်းဘုန်းက "ယ မဟံ ဝဒါမိ၊ တံ ဝဒေထ" လို့ ဆိုလိမ့်မယ်။ အဲဒီအခါ "အာမ ဘန္တေ"လို့ ပြန်ပြောရမယ်နော်။ ကျန်တာတွေကိုတော့ နောက်တစ်ချိန်ကျမှ ဆက်သင်ပေးတော့မယ်" စသည်ဖြင့် ပြောပါ။<br>❁ နောက်ဆုံးတွင် ကလေးများက သင်ပြီးသမျှကို အစ၊ အဆုံး ပြန်ဆိုကြည့်ကြပါစေ။ | |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ရတနာသုံးပါး ဆိုရိုးနှင့် ငါးပါးသီလ ဆိုရိုး။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ရှေ့စာသင်ချိန်တွင် သင်ပေးခဲ့သော သီလတောင်းပုံကို ပြန်လည်ရွတ်ဆိုစေပြီးနောက် အောက်ပါတို့ကို ဆက်၍ သင်ကြားပေးပါ။<br>❁ "ဘုန်းဘုန်းက 'ယ မဟံ ဝဒါမိ၊ တံ ဝဒေထ'လို့ ပြောတဲ့အချိန်မှာ သားတို့၊ သမီးတို့က 'အာမ ဘန္တေ'လို့ ပြန်ဆိုရမယ်နော်။ ပြီးရင် "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ကို (၃) ခေါက် ရွတ်ဆိုကြရမယ်။ နမော တဿ (၃) ခေါက် ရွတ်ပြီးတာနဲ့ သရဏဂုံ (၃) ပါးကို ထပ်ရွတ်ရမယ်။ အခု နမော တဿနဲ့ သရဏဂုံ (၃) ပါးကို ဆိုကြည့်ကြပါဦး"ဟု ပြောပြီး ကလေးများက ဦးစွာ ရွတ်ပြကြပါစေ။<br>❁ လိုအပ်လျှင် ဆရာက ဖြည့်စွက်ရွတ်ပြပေးပြီးနောက် ကလေးများအားလုံးနှင့် ပြိုင်တူ ရွတ်ဆိုပါ။<br><br>နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (၃ ကြိမ်)<br><br>ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။<br>ဓမ္မံ သရဏံ ဂစ္ဆာမိ။<br>သံဃံ သရဏံ ဂစ္ဆာမိ။<br><br>ဒုတိယမ္ပိ - ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။<br>ဒုတိယမ္ပိ - ဓမ္မံ သရဏံ ဂစ္ဆာမိ။<br>ဒုတိယမ္ပိ - သံဃံ သရဏံ ဂစ္ဆာမိ။<br><br>တတိယမ္ပိ - ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။<br>တတိယမ္ပိ - ဓမ္မံ သရဏံ ဂစ္ဆာမိ။<br>တတိယမ္ပိ - သံဃံ သရဏံ ဂစ္ဆာမိ။<br><br>❁ အဲဒီလို ရွတ်ဆိုပြီးတဲ့အခါမှာ ဘုန်းဘုန်းက "တိသရဏဂမနံ ပရိပုဏ္ဏံ"လို့ ပြောလိမ့်မယ်။ အဲဒီအခါ သားတို့၊ သမီးတို့က "အာမ ဘန္တေ" လို့ ပြန်ပြောရမယ်နော်။ ပြီးလို့ရှိရင် ငါးပါးသီလကို ပါဠိလို ရွတ်ဆိုရမယ်။ သားတို့၊ သမီးတို့ ဆိုတတ်ကြလား"ဟု မေးပြီး ရွတ်ဆို | |

| | |
|---|---|
| ပြနိုင်သူများက ရွတ်ဆိုပြကြပါစေ။<br>• ထို့နောက် ငါးပါးသီလကို ကလေးများ မှန်မှန်ကန်ကန် ရွတ်ဆိုနိုင်သည်အထိ သင်ပေးပါ။<br>**ငါးပါးသီလ**<br>၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။<br>၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။<br>၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။<br>၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။<br>၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။<br><br>• "နောက်တစ်ချိန်ကျမှ ငါးပါးသီလရဲ့ အနက်အဓိပ္ပာယ်ကို ရှင်းပြပေးမယ်" စသည်ဖြင့် ပြောကာ စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ငါးပါးသီလ ပါဠိနှင့် အနက်အဓိပ္ပာယ်ကို ရေးထားသော ကတ်ပြား။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • ရှေ့စာသင်ချိန်များတွင် ရွတ်ဆိုခဲ့သော ငါးပါးသီလဆောက်တည်ပုံ အဆင့်ဆင့်ကို ပြိုင်တူ ရွတ်ဆိုကြည့်ကြပါစေ။<br>• ထို့နောက် ဆရာက အောက်ပါ ပါဠိနှင့် အနက်အဓိပ္ပာယ်ကို ရေးထားသော ကတ်ပြားကို သင်ပုန်းတွင် ချိတ်ဆွဲပြကာ ကလေးများအား ရှင်းပြပေးပါ။<br>၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။<br>သူ့အသက်လည်း မသတ်ဘဲ အမြဲရှောင်ကြဉ်မည်။<br>၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။<br>သူ့ဥစ္စာလည်း မခိုးဘဲ အမြဲရှောင်ကြဉ်မည်။<br>၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။<br>သူ့အိမ်ရာလည်း မမှားဘဲ အမြဲရှောင်ကြဉ်မည်။<br>၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။<br>လိမ်ညာ၍လည်း မပြောဘဲ အမြဲရှောင်ကြဉ်မည်။<br>၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။<br>သေရည်အရက်လည်း မသောက်ဘဲ အမြဲရှောင်ကြဉ်မည်။<br>• နောက်ဆုံးတွင် အောက်ပါအတိုင်း ပြောပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။<br>"ဒီ သီလငါးပါးဟာ လူတိုင်းအတွက် မဖြစ်မနေ စောင့်ထိန်းရမယ့်အရာတွေ ဖြစ်တယ်။ မြတ်စွာဘုရားရှင်ကလည်း 'မိမိတို့ကိုယ်မှာ ဝတ်ဆင်ထားတဲ့ ပုဆိုး၊ ထမီများကို မြဲမြဲ အောင် ဝတ်ထားရသလိုပဲ ဒီငါးပါးသီလကိုလည်း မကျိုးပေါက်အောင် စောင့်ထိန်းရမယ်၊ ခါးဝတ်ပုဆိုးကဲ့သို့ မြဲရမယ်'လို့ မိန့်မှာခဲ့တယ်။ ဒါကြောင့် သားတို့၊ သမီးတို့ဟာ ငါးပါး သီလကို မြဲမြဲအောင်၊ မကျိုးပေါက်အောင် စောင့်ထိန်းတတ်တဲ့၊ ဘုရားရှင်ချစ်တဲ့ လိမ္မာ ယဉ်ကျေးသော ကလေးများ ဖြစ်ကြပါစေ"။ | |

## သင်ခန်းစာ (၉)

| | | |
|---|---|---|
| သင်ခန်းစာခေါင်းစဉ် | ။ | ။ မေတ္တာဘာဝနာ စီးဖြန်းခြင်း |
| သင်ယူမှုဦးတည်ချက် | ။ | ။ မေတ္တာဘာဝနာ စီးဖြန်းခြင်းအကျိုးနှင့်ပြဟ္မစိုရ်တရား (၄) ပါးကို သိရှိစေရန်။ |
| စာသင်ချိန် (၁) | ။ | ။ ၃၀ မိနစ် |
| သင်ထောက်ကူပစ္စည်း | ။ | ။ ကျောင်းသူလေး နိနိ ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။ |

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ● သင်ခဲ့ပြီးသော မေတ္တာပို့နည်း၊ ဘုရားရှိခိုးနည်းများကို ပြန်လည်ချိတ်ဆက်ပြောပြပါ။<br>- သားတို့၊ သမီးတို့ မေတ္တာပို့နည်းကို မှတ်မိကြသေးလား၊ ပြောပြပါဦး။<br>- ဘုရားရှိခိုးတာရော မှတ်မိသေးလား၊ ပြောပြပါဦး။<br>● ဖြေချင်သော ကလေးများ ဖြေကြပါစေ၊ "ဒီနေ့ သားတို့၊ သမီးတို့ကို မေတ္တာဘာဝနာ စီးဖြန်းတာနဲ့ ပတ်သက်ပြီးတော့ ပြောပြမယ်၊ သားတို့၊ သမီးတို့ နားလည်အောင် ရိုးရိုးရှင်းရှင်းပြောရရင် တရားထိုင်တာပေါ့၊ နောက်တစ်ချိန်မှာ တရားထိုင်တာကို လက်တွေ့လုပ်ကြည့်ကြမယ်၊ လက်တွေ့မလုပ်ခင်မှာ တရားထိုင်လို့ ရလာတဲ့အကျိုးတွေကို အရင်ပြောပြမယ်၊ သေချာနားထောင်ကြနော်" စသည်ဖြင့် ပြောပါ။<br>● ထို့နောက် အောက်ပါ ကျောင်းသူလေး နိနိ ဇာတ်လမ်းကို ကလေးများ စိတ်ဝင်စားဖွယ် ဖြစ်အောင် ပြောပြပါ။<br><br>**ကျောင်းသူလေး နိနိ**<br>တစ်နေ့မှာ ကျောင်းသူလေး နိနိရဲ့အမေဟာ ဘုန်းတော်ကြီးကျောင်းကို သွားတယ်၊ ဆရာတော်ကိုတွေ့တော့ မေမေက "ဆရာတော်ဘုရား နိနိဟာ အတော်ပြောရခိုရ ခက်လာတယ်ဘုရား၊ ပြောတာလည်း နားမထောင်ဘူး၊ အိမ်အလုပ်တွေလည်း မလုပ်ဘူး၊ လတ်လျားလတ်လျား နေတယ်ဘုရား၊ ပြောရင်လည်း မေ့သွားလို့ မေ့သွားလို့နဲ့ ကျောင်းစာတွေလည်း သိပ်မလိုက်နိုင်ဘူးဘုရား"လို့ လျှောက်လိုက်တယ်၊ အဲဒီအခါ ဆရာတော်က "ကောင်းပြီ ဒကာမကြီး၊ နောက်နေ့ကျရင် ခေါ်လာခဲ့ချေ"လို့ ပြောလိုက်တယ်၊<br>နောက်တစ်နေ့ရောက်တော့ နိနိဟာ အမေနှင့်အတူ ဘုန်းတော်ကြီးကျောင်းကို လိုက်သွားတယ်၊ ကျောင်းကိုရောက်တဲ့အခါ ဘုန်းတော်ကြီးက "ဒကာမလေး နိနိ၊ ကျောင်းစာတွေ သေချာနားလည်ရဲ့လား"လို့ မေးတယ်၊ "တင်ပါ့ဘုရား၊ တပည့်တော် ကျောင်းမှာ သင်တာတွေ သိပ်နားမလည်ပါဘူးဘုရား၊ သိပ်လည်း မမှတ်မိပါဘူးဘုရား"လို့ နိနိက ပြန်လည်လျှောက်ထားတယ်၊ "ဒါဆို ဉာဏ်ကောင်းစေတဲ့ နည်းလမ်းကို ဘုန်းကြီးပေးမယ်၊ တစ်နေ့ကို နှစ်ကြိမ်၊ တစ်ကြိမ်ကို (၁၀) မိနစ်စီလောက် တရားထိုင်ကြည့်ပါ၊ ဒါဆို ဒကာမလေးရဲ့ မှတ်ဉာဏ်အတွက် အထောက်အကူ ဖြစ်စေတယ်၊ မနက်၊ ညတွေမှာရော ဘုရားရှိခိုးရဲ့လား"၊ "တင်ပါ့ဘုရား ရှိခိုးပါတယ်ဘုရား"၊ "ဒါဆို လွယ်ပါတယ်၊ ဒကာမလေးက ဘုရားကန် | |

| | |
|---|---|
| တော့တိုင်း ဘုရားကျောင်းဆောင်၊ ဘုရားခန်းနေရာကို သန့်ရှင်းရမယ်၊ တံမြက်စည်းလှည်းရမယ်။ ပန်း၊ ဆီမီး၊ အမွှေးတိုင် ကပ်လှူပြီးရင် ငါးပါးသီလယူရမယ်၊ ပြီးရင် (၁၀) မိနစ်လောက် တရားထိုင်ရမယ်။ မထိုင်ခင်မှာ စိတ်ကို အရင်ဆုံး တည်ငြိမ်အောင် ထားရမယ်။ ပတ်ဝန်းကျင်က အရာအားလုံးကို မေ့ထားရမယ်။ စိတ်ကလေး ကြည်နေရင်တော့ အကောင်းဆုံးပဲ။ ပြီးရင်တော့ "မေတ္တာ ဘာဝနာ၊ အာနာပါနဘာဝနာ၊ ဗုဒ္ဓါနုဿတိဘာဝနာ"လို့ ခေါ်တဲ့ တရားဘာဝနာပွားများ အားထုတ်ခြင်း (၃) မျိုးထဲက မေတ္တာဘာဝနာနဲ့ အရင်စပြီး တရားအားထုတ်ကြည့်ရမယ်"။<br>"တရားမှတ်တယ်ဆိုတာ ဘယ်ကိုယ်ဟန် အနေအထားနဲ့မဆို လုပ်လို့ရတယ်။ လမ်းလျှောက်ရင်း၊ ထိုင်ရင်း၊ မတ်တတ်ရပ်ရင်း၊ လဲလျောင်းနေရင်းနဲ့လည်း တရားမှတ်နိုင်ပါတယ်။ ဒါပေမဲ့ ပထမဦးဆုံး တရားအားထုတ်မယ့်သူအတွက်တော့ ထိုင်တဲ့ ကိုယ်ဟန် အနေအထားက အကောင်းဆုံးပဲ"။ "အဝတ်အစားကို သပ်သပ်ရပ်ရပ်ဝတ်ပြီး တင်ပလ္လင်ခွေ ထိုင်ရမယ်။ ဒါမှမဟုတ် မိမိ နှစ်သက်သလို ထိုင်လို့လည်းရတယ်။ ဘယ်လက်ဖဝါးပေါ်မှာ ညာလက်ဖဝါးထပ်ပြီး လက်မထိပ်နှစ်ခုကို ညင်သာစွာ ထိထားရမယ်။ ခါးကို ဖြောင့်ဖြောင့်ထားရမယ်။ ခေါင်းကို မတ်မတ်ထားရမယ်။ မျက်စိမှိတ်ထားရမယ်။ ပြီးရင်<br>ငါသည် ကျန်းမာပါစေ။ ချမ်းသာပါစေ၊<br>ငါသည် အနာရောဂါကင်းပြီး ကျန်းမာချမ်းသာပါစေ၊<br>ငါသည် ဘေးရန်ကင်းပြီး ကျန်းမာချမ်းသာပါစေ၊<br>ငါသည် ကျန်းမာချမ်းသာစွာဖြင့် မိမိအကျိုး၊ သူတစ်ပါးအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေလို့ ပွားများရမယ်။ ဒါဆို ကိုယ့်စိတ်ကလေး နူးညံ့သိမ်မွေ့လာမယ်။ ပြီးရင် မိဘ၊ ဆရာ၊ မိတ်ဆွေတွေ၊ လူသားတွေအားလုံးကို တစ်ဆင့်ပြီးတစ်ဆင့် ရှေ့နည်းအတိုင်း မေတ္တာပွားများရမယ်။ ကိုယ်ပွားလိုက်တဲ့ မေတ္တာဓာတ်ဟာ ကိုယ့်ဆီပြန်လာတတ်ပါတယ်"လို့ ပြောလိုက်ပါတယ်။<br>ရက်အနည်းငယ်ကြာတော့ နီနီဟာ အမေနဲ့အတူ ဘုန်းတော်ကြီးကျောင်းကို ရောက်ပြန်တယ်။ ဆရာတော်နဲ့တွေ့တော့ ဆရာတော်က "ဒကာမလေး နီနီ၊ ကျောင်းစာတွေ လိုက်နိုင်ရဲ့လား"လို့ မေးတယ်။ အဲဒီအခါ "ဆရာတော်ဘုရား၊ နီနီဟာ သူ့အလုပ်တွေကို ကောင်းကောင်း လုပ်နိုင်နေပါပြီ၊ ကျောင်းစာတွေလည်း လိုက်နိုင်တယ်လို့ ဆရာမက ပြောတယ်။ အရင်လို စိတ်တိုတာလည်း မရှိတော့ဘူး၊ သူငယ်ချင်းတွေလည်း တိုးလာတယ်။ ကောင်းကောင်းလည်း အိပ်ပျော်တယ်။ အိပ်မက်ဆိုးတွေလည်း မမက်တော့ဘူးဘုရား"လို့ အမေက လျှောက်ထားတယ်။<br>"ကောင်းပါတယ် ဒကာမလေး နီနီ၊ ဆက်လက်ပြီး တရားကျင့်ကြံပွားများ အားထုတ်ပါ။ ကိစ္စတိုင်း အဆင်ပြေချောမွေ့စေရပါမယ်။ ဒါနဲ့ သိကြသလား၊ ဗုဒ္ဓဘာသာဝင်တွေရဲ့ တရားထိုင်ခြင်းဟာ အနောက်တိုင်းသားတွေကြားမှာ အတော်လေး အသုံးပြုကြတယ်ကွယ့်။ တရားထိုင်ခြင်းဟာ စိတ်ပင်ပန်းမှုတွေ၊ ရောဂါဝေဒနာတွေ သက်သာပျောက်ကင်းစေတယ်၊ မှတ်ဉာဏ်ကိုလည်း တိုးတက်စေတယ်။ ဒါကြောင့်လည်း တချို့အနောက်တိုင်းသားတွေက တရားထိုင်ကြတာပေါ့"လို့ ဆရာတော်က မိန့်ကြားတယ်၊ သားအမိနှစ်ယောက်ဟာ "တင်ပါ့ဘုရား"လို့ လျှောက်ထားပြီးနောက် ဆရာတော်ကို ရှိခိုးဦးချကာ ပြန်လာခဲ့ကြတယ်။<br><br>● အောက်ပါမေးခွန်းများကို မေးပါ။<br>- ဘုန်းဘုန်းက နီနီကို တစ်နေ့ ဘယ်နှကြိမ် တရားထိုင်ခိုင်းသလဲ၊<br>- တစ်ခါထိုင်ရင် ဘယ်လောက်ကြာသလဲ။ | ကလေးတစ်ယောက်ကို တစ်ချက် ပြောပါစေ။ |

| | |
|---|---|
| - တရားမထိုင်ခင် စိတ်ကို ဘယ်လိုထားရမလဲ။<br>- တရားထိုင်ရင် ဘယ်လိုထိုင်ရမလဲ။<br>- မေတ္တာဘာဝနာကို ဘယ်လိုပွားများရမလဲ။<br>- မိမိပွားလိုက်တဲ့ မေတ္တာဓာတ်ဟာ ဘယ်ကို ပြန်လာတတ်သလဲ။<br>- ရက်တော်တော်ကြာ တရားထိုင်၊ မေတ္တာပွား/မေတ္တာဘာဝနာစီးဖြန်းခြင်းတွေ ပြုလုပ်ပြီးတဲ့အခါ နိန္နိဟာ ဘယ်လိုအကျိုးကျေးဇူးတွေ ရလာသလဲ။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ပုံစံတကျ တရားထိုင်နေသော ကိုရင်လေးပုံ၊ သီလရှင်ပုံနှင့် ကလေးတစ်ယောက်ပုံ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "ခုနက ပြောသွားတဲ့ ဇာတ်လမ်းထဲမှာ တရားထိုင်တာ ဘယ်လိုထိုင်ရမလဲ" စသည်ဖြင့် ရှေ့စာသင်ချိန်ကို ပြန်နွှေးရန် မေးခွန်းများဖြင့် မေးဖြေပြုလုပ်ပါ။<br>❁ ရုပ်ပုံများကိုပြ၍ "ဒီပုံတွေထဲမှာရော ဘာလုပ်နေကြတာလဲ၊ ဘယ်လိုထိုင်နေကြလဲ" စသည်ဖြင့် မေးမြန်းပါ။<br>❁ ထို့နောက် (၁၀) မိနစ်ခန့် တရားထိုင်ခြင်းကို ကလေးများအားလုံး လက်တွေ့လုပ်ဆောင်ကြည့်ကြပါစေ။<br>❁ တရားထိုင်ပြီးလျှင် အောက်ပါမေးခွန်းများကို မေးပါ။<br>- သားတို့၊ သမီးတို့ တရားထိုင်နေတဲ့အချိန်မှာ ဘယ်လိုခံစားရသလဲ။<br>- စိတ်ထဲမှာ ဘာဖြစ်နေလဲ။<br>- တရားထိုင်ပြီးတဲ့အချိန်မှာရော ဘယ်လိုခံစားရသလဲ ... စသည်ဖြင့်မေးပါ။<br>❁ ကလေးများ၏ အဖြေများထဲမှ သင့်လျော်သလို ဆရာက ပြန်လည် အနှစ်ချုပ်ပေးပါ။ | |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ဗြဟ္မစိုရ်တရား (၄) ပါး၏ အနက်အဓိပ္ပာယ်တစ်ခုစီကို ရေးထားသောကတ်ပြား စုစုပေါင်း (၂၀) ခု။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ အောက်ပါ ဗြဟ္မစိုရ်တရားလေးပါးကို ပါဠိနှင့် အနက်အဓိပ္ပာယ် တွဲ၍ ဦးစွာ ရှင်းပြပါ။<br><br>**ဗြဟ္မစိုရ်တရား (၄) ပါး**<br>၁။ မေတ္တာ (ချစ်ခင်ကြင်နာစိတ်ရှိခြင်း)<br>၂။ ကရုဏာ (စာနာသနားခြင်း)<br>၃။ မုဒိတာ (သူတစ်ပါး၏ ပျော်ရွှင်မှုအပေါ် ဝမ်းသာကြည်နူးခြင်း)<br>၄။ ဥပေက္ခာ (မချစ်၊ မမုန်းဘဲ အသင့်အတင့် သဘောထားခြင်း) | |

- ရှင်းပြပြီးသောအခါ ကလေးများအား အုပ်စု (၅) စုဖွဲ့ပါ။ အုပ်စု (၁)၊ အုပ်စု (၂)၊ အုပ်စု (၃)၊ အုပ်စု (၄)၊ အုပ်စု (၅) ဟူ၍ အုပ်စုအမည်များ အသီးသီး ပေးထားပါ။
- ပထမဦးစွာ ဆရာက သင်ပုန်းပေါ်တွင် အောက်ပါအတိုင်း ကြိုတင်ရေးသားထားပါ။ ပြဟ္မစိုရ်တရား (၄) ပါး၏ အနက်အဓိပ္ပာယ်ကို ရေးထားသော ကတ်ပြား (၂၀) ခုကို (၄) စု ခွဲပြီး အုပ်စုအသီးသီး၏ ရှေ့စားပွဲပေါ်တွင် မှောက်လျက်ချထားပါ။

| | မေတ္တာ | ကရုဏာ | မုဒိတာ | ဥပေက္ခာ |
|---|---|---|---|---|
| အုပ်စု (၁) | | | | |
| အုပ်စု (၂) | | | | |
| အုပ်စု (၃) | | | | |
| အုပ်စု (၄) | | | | |
| အုပ်စု (၅) | | | | |

ဥပေက္ခာ (ဥပစ်ခါ) ဟု အသံထွက်ပါ။

- ထို့နောက် ကစားနည်းကို အောက်ပါအတိုင်း ရှင်းပြပါ။
"အုပ်စုကိုယ်စားလှယ် တစ်ဦးစီ အတန်းရှေ့ကို ထွက်လာရမယ်။ ဆရာက "စ" လို့ ပြောလိုက်တာနဲ့ ကိုယ့်ရှေ့မှာရှိတဲ့ စားပွဲခုံပေါ်က ကတ်ပြား (၄) ခုကို ပြေးယူပြီး သင်ပုန်းပေါ်မှာ နေရာမှန်အောင် ကပ်ပေးရမယ်။ သင်ပုန်းမှာ ပြထားတဲ့အတိုင်း ကိုယ့်အုပ်စုနာမည်ရှိတဲ့ နေရာမှာပဲ ကပ်ပေးရမယ်နော်။ ဆရာက "ရပ်" လို့ပြောတဲ့အချိန်မှာ အားလုံးက ရပ်လိုက်ရမယ်။ လုံးဝ ဆက် ကပ်လို့မရဘူးနော်။ ကတ်ပြား (၄) ခုလုံးကို မှန်အောင်ကပ်နိုင်ရင် အမှတ် (၄) မှတ်ရမယ်။ သုံးခုဆိုရင် (၃) မှတ်၊ နှစ်ခုဆို (၂) မှတ် ရမယ်နော်။ ကစားပြီးတဲ့အခါ အမှတ်တွေအားလုံးကို ပေါင်းပြီးတော့ ဘယ်အဖွဲ့က အမှတ်အများဆုံးရလဲ ဆိုတာကို ကြေညာပေးမယ်။ အနိုင်ရတဲ့အဖွဲ့ကို တခြားအဖွဲ့တွေက လက်ခုပ်တီးပြီး အားပေးရမယ်"။
- ရှင်းပြပြီးနောက် အုပ်စုကိုယ်စားလှယ်တစ်ဦးစီကို အတန်းရှေ့သို့ ထွက်စေပြီး ကစားကြပါစေ။
- အချိန်အပေါ်မူတည်ပြီး ကလေးအရေအတွက်များများ ပါဝင်ကစားစေနိုင်သည်။
- အားလုံး ကစားပြီးသောအခါတွင် ပြဟ္မစိုရ်တရားလေးပါးနှင့် အနက်အဓိပ္ပာယ်တို့ကို ပြိုင်တူ ရွတ်ဆိုကြပါစေ။ သို့မဟုတ် မိန်းကလေးများက တရား (၄) ပါးကို ပါဠိလို ရွတ်ဆိုလျှင် ယောက်ျားလေးများက အနက်အဓိပ္ပာယ်ကို ရွတ်ဆိုခြင်းဖြင့်လည်း ပြောင်းလဲ၍ ရွတ်ဆိုစေနိုင်ပါသည်။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မေတ္တာပို့သနည်း။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • "ပထမတန်းက "မေတ္တာပို့သခြင်း" သင်ခန်းစာမှာ သင်ခဲ့ရတဲ့ မေတ္တာပို့နည်းကို မှတ်မိကြသေးလား"ဟု မေး၍ မှတ်မိသောကလေးများ ရွတ်ပြကြပါစေ။<br>• ထို့နောက် ဆရာနှင့်တကွ ကလေးများအားလုံး ၎င်းမေတ္တာပို့သနည်းကို ပြိုင်တူရွတ်ဆိုကြပါစေ။<br><br>သားသားမီးမီးလည်း ကျန်းမာပါစေ၊ ချမ်းသာပါစေ။<br>ဖေဖေလည်း ကျန်းမာပါစေ၊ ချမ်းသာပါစေ။<br>မေမေလည်း ကျန်းမာပါစေ၊ ချမ်းသာပါစေ။<br>ဘိုးဘိုးလည်း ကျန်းမာပါစေ၊ ချမ်းသာပါစေ။<br>ဘွားဘွားလည်း ကျန်းမာပါစေ၊ ချမ်းသာပါစေ။<br>ဆရာ/ဆရာမလည်း ကျန်းမာပါစေ၊ ချမ်းသာပါစေ။<br>သူငယ်ချင်းတွေလည်း ကျန်းမာပါစေ၊ ချမ်းသာပါစေ။<br><br>• "ဒုတိယတန်းမှာ သင်ခဲ့ဖူးတဲ့ "မေတ္တာထားသောရသေ့များ" ဇာတ်လမ်းထဲက ရသေ့တွေရဲ့ မေတ္တာပို့သနည်းကို မှတ်မိကြသေးလား"ဟု မေး၍ ကလေး (၂/၃) ဦးခန့်က ရွတ်ဆိုပြပါစေ။<br>• ထို့နောက် ဆရာနှင့်တကွ ကလေးများအားလုံး ၎င်းမေတ္တာပို့သနည်းကို ပြိုင်တူရွတ်ဆိုကြပါစေ။<br><br>ရှည် တို အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။<br>ကြီး ငယ် အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။<br>ဆူ ကြုံ အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။<br><br>• ရွတ်ဆိုပြီးနောက် အောက်ပါ မေတ္တာပို့သနည်းကို ထပ်မံဖြည့်စွက် သင်ကြားပေးပါ။ ပြီးနောက် ကလေးများအားလုံး ပြိုင်တူရွတ်ဆိုကြပါစေ။<br><br>လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။<br>အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။<br>ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။<br><br>• နောက်ဆုံးတွင် မေတ္တာပို့နည်းအားလုံးကို ကလေးများ ပြိုင်တူရွတ်ဆိုကြပါစေ။ | အကယ်၍ ကလေးများ မေ့နေလျှင် ဆရာက ဦးစွာ ရွတ်ဆိုပေးပါ။ |

## သင်ခန်းစာ (၁၀)

သင်ခန်းစာခေါင်းစဉ် ။ ။ ကောင်းမှုအကျိုး

သင်ယူမှုဦးတည်ချက် ။ ။ ဘုရားရှိခိုးခြင်း၊ အမျှဝေခြင်းစသော ဘာသာရေးလုပ်ငန်းများကိုနေ့စဉ် လုပ်ဆောင်သင့်ကြောင်းသိရှိစေရန်၊

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ဘုရားရှိခိုးနေသော ကလေးငယ်တစ်ယောက်ပုံ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ရုပ်ပုံကိုပြ၍ အောက်ပါမေးခွန်းများ မေးပါ။<br>- ရုပ်ပုံထဲက ကလေး ဘာလုပ်နေသလဲ။<br>- သားတို့၊ သမီးတို့ရော နေ့တိုင်း ဘုရားရှိခိုးတဲ့သူ ရှိလား။<br>- ဘယ်လို ရှိခိုးဆုတောင်းကြလဲ။<br>- ဘုရားရှိခိုးပြီးရင် အမျှဝေတဲ့သူရော ရှိလား။<br>- ဘယ်လိုအမျှဝေပေးသလဲ။<br>- ဘာကြောင့် အမျှဝေတယ်လို့ ထင်သလဲ။<br>- အမျှဝေပြီးရင် ဘာလုပ်ကြသလဲ။ (သာဓုခေါ်တယ်)<br>- ဘာကြောင့် သာဓုခေါ်ကြတာလဲ။<br>❁ ကလေးများ ဖြေတတ်သလို ဖြေကြပါစေ။ ကလေးများဖြေသော အဖြေအားလုံးကို ဆရာက လက်ခံပေးပါ။<br>❁ ပြီးလျှင် "အမျှဝေတယ်ဆိုတာ မိမိပြုလုပ်လိုက်တဲ့ ကုသိုလ်ကောင်းမှုတို့ကို တခြားသူတွေကို ဝေမျှပေးခြင်းဖြစ်တယ်၊ အဲဒီကောင်းမှုတွေကို "ကောင်းလေစွ"လို့ ဝမ်းမြောက်ဝမ်းသာ ချီးကျူးတာဟာ သာဓုခေါ်တာပဲ ဖြစ်တယ်" စသည်ဖြင့် ရှင်းပြပေးပါ။<br>❁ စနစ်တကျ အမျှဝေတတ်ဖို့အတွက် နောက်စာသင်ချိန်ရောက်လျှင် သင်ပေးမည်ဖြစ်ကြောင်း ပြောပြ၍ စာသင်ချိန်ကို အဆုံးသတ်ပါ။ | ကလေးငယ်များ၏ စဉ်းစားမှု၊ ထင်မြင်မှု၊ လုပ်ကိုင်မှုတို့ကို ပြောပြရာတွင် ဂရုတစိုက် နားထောင်ပေးရန် လိုပါသည်။ |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကောင်းမှုအကျိုး ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| | |

- ကလေးအရေအတွက်ကို ကြည့်၍ အုပ်စု (၆) စု ဖွဲ့ပါ။ ကလေးများအားလုံး အုပ်စုလိုက် ထိုင်ကြပါစေ။
- ထို့နောက် အုပ်စုတစ်စုချင်းက အောက်ပါဇာတ်လမ်းကို စာပိုဒ်တစ်ပိုဒ်စီ ဖတ်ကြပါစေ။ (စာပိုဒ်ဖတ်ပြသောအုပ်စုသည် ကျန်သောကလေးများအားလုံး ကြားအောင် ဖတ်ပြရပါမည်။)
- အုပ်စုတစ်စု ဖတ်ပြပြီးသောစာပိုဒ်ကို ကျန်ကလေးများနှင့် အမေးအဖြေပြုလုပ်ပါ။
  ဥပမာ - ဒီဇာတ်လမ်းထဲမှာ ဘယ်သူပါလဲ၊ နောက်တစ်ယောက်က ဘယ်သူလဲ ... စသည်ဖြင့်။

## ကောင်းမှုအကျိုး

ဟိုးရှေးရှေးတုန်းက ပင်လယ်ကမ်းခြေ ရွာကလေးတစ်ရွာမှာ ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ ရတနာသုံးပါးကို အလွန်ကြည်ညိုတဲ့ မောင်သီလဆိုတဲ့ လူငယ်တစ်ယောက် ရှိတယ်။ သူဟာ နာမည်နဲ့လိုက်အောင် ငါးပါးသီလကို လုံခြုံအောင် အမြဲစောင့်ထိန်းတယ်။ မနက်နဲ့ ညအိပ်ရာဝင်တိုင်းမှာ ဘုရားရှိခိုး၊ တရားထိုင်ပြီး သူ ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို သတ္တဝါအားလုံးကို အမျှပေးဝေလေ့ရှိတယ်။

တစ်နေ့မှာ မောင်သီလဟာ သင်္ဘောကြီးနဲ့ ပင်လယ်ခရီး ထွက်ခဲ့တယ်။ ပင်လယ်ထဲ ခုနစ်ရက်မြောက်နေ့မှာ သင်္ဘောပျက်သွားတယ်။ နီးစပ်ရာသစ်တုံးကိုဆွဲပြီး အသက် မသေအောင် ကြိုးစားကြတယ်။ အဲဒီအချိန်မှာ မောင်သီလ ဆွဲမိတဲ့သစ်တုံးကို မောင်ဗာလ ဆိုသူကလည်း ဆွဲမိတာကြောင့် သူတို့နှစ်ယောက်ဟာ သစ်တုံးနဲ့အတူ မျောပါရင်း ကျွန်းတစ်ခုပေါ်ကို ရောက်သွားခဲ့ကြတယ်။ ကျွန်းပေါ်ကို ရောက်သွားတာနဲ့ မောင်သီလဟာ ရတနာသုံးပါးကို ရှိခိုးဦးတည်ပြီး ကျွန်းစောင့်နတ်တွေကို မေတ္တာပို့သတယ်။ ကျွန်းပေါ်မှာရှိတဲ့ သစ်သီးဝလံတွေကို ဆွတ်ယူစားသောက်တယ်။ မောင်ဗာလကတော့ ကျွန်းပေါ်မှာရှိတဲ့ ငှက်တွေ၊ ယုန်ကလေးတွေကို သတ်ဖြတ်စားသောက်တယ်။ ရတနာသုံးပါးကို ရှိခိုးရမှန်း မသိဘူး။ မောင်သီလဟာ ကျွန်းပေါ်မှာ နေထိုင်ရင်း "အခုအချိန်မှာ ငါ့အတွက် ရတနာသုံးပါးက လွဲပြီး ဘာမှ အားကိုးစရာ မရှိတော့ဘူး"လို့ ဆိုကာ ဘုရားရှိခိုး၊ သီလဆောက်တည်၊ တရားထိုင်ပြီး မေတ္တာပွားနေခဲ့ပါတယ်။ သူ ပြုလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်တွေကိုလည်း အမြဲတမ်း အမျှပေးဝေတယ်။

အမြဲတမ်း ကုသိုလ်ကောင်းမှုတွေ လုပ်နေတဲ့ မောင်သီလကို ကျွန်းပေါ်မှာနေတဲ့ နဂါးမင်းက သတိပြုမိသွားတယ်။ သူတို့ကို အမြဲတမ်း ကုသိုလ်အမျှ ပေးဝေနေတဲ့အတွက် မောင်သီလကို ချစ်မြတ်နိုးပြီး ကူညီလိုစိတ်တွေ ဖြစ်ပေါ်လာတယ်။ ဒါနဲ့ ပင်လယ်ရေစောင့်နတ်နဲ့ တခြားနတ်တွေကို ပြောပြပြီး မောင်သီလကို အကူအညီပေးဖို့ ဆုံးဖြတ်လိုက်ကြတယ်။ နဂါးမင်းက သူ့ခန္ဓာကိုယ်ကို သင်္ဘောအဖြစ် ဖန်ဆင်းလိုက်တယ်။ ပင်လယ်ရေစောင့်နတ်က သင်္ဘောမောင်းသူအသွင် ဖန်ဆင်းလိုက်တယ်။ သင်္ဘောကြီးရဲ့ ဝမ်းဗိုက်ထဲမှာ ရွှေငွေ၊ ကျောက်သံပတ္တမြားတွေ အများကြီး ထည့်ပေးပြီး ကျွန်းနားကို ရောက်လာခဲ့တယ်။

မောင်သီလ ကြားနိုင်လောက်တဲ့နေရာမှာ သင်္ဘောရပ်ပြီး "ကျွန်းပေါ်မှာ သင်္ဘောနဲ့

<table>
<tr><td>
လိုက်ချင်တဲ့သူတွေ ရှိသလား”လို့ လှမ်းအော်လိုက်တယ်။ အဲဒီအသံကြားတဲ့အခါ မောင်သီလနဲ့မောင်ဗာလတို့ဟာ သူတို့ လိုက်ပါလိုကြောင်းပြောပြီး သင်္ဘောပေါ်တက်ဖို့ ပြင်ကြတယ်။ မောင်သီလ သင်္ဘောပေါ် တက်လာတဲ့အခါ ဝမ်းသာအားရ ကြိုဆိုကြပြီး မောင်ဗာလ တက်လာတဲ့အခါ “သင်ဟာ အကျင့်သီလ မရှိသူ၊ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ရမှန်း မသိသူ ဖြစ်တယ်၊ သင့်ကို တက်ခွင့်မပြုနိုင်ဘူး”လို့ ပြောပြီး ငြင်းပယ်ကြတယ်။ အဲဒီအခါ မောင်သီလဟာ အတူတကွ သင်္ဘောပျက်ပြီး ဒုက္ခရောက်သူဖြစ်တဲ့အတွက် မောင်ဗာလကို ကျွန်းပေါ်မှာ တစ်ယောက်ထဲ မထားခဲ့ချင်ဘူး။ ဒါကြောင့် မောင်သီလဟာ သူ ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို မောင်ဗာလကို အမျှပေးဝေလိုက်တယ်။ မောင်ဗာလက သာဓု သုံးကြိမ်ခေါ် ဆိုလိုက်တဲ့အခါ သင်္ဘောပေါ်ကို တက်ခွင့်ရသွားပါတယ်။ ရေစောင့်နတ်မင်းဟာ မောင်သီလနဲ့ မောင်ဗာလတို့ နှစ်ယောက်ကို ကမ်းခြေရွာလေးသို့ ပို့ဆောင်ပေးခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး မောင်သီလဟာ ကောင်းမှုကုသိုလ်ရဲ့ အကျိုးကျေးဇူးကို ပိုမိုသဘောပေါက်သွားခဲ့သလို မောင်ဗာလလည်း မောင်သီလကို အားကျပြီး ရတနာသုံးပါးကို မမေ့မလျော့တော့ဘဲ ကုသိုလ်ကောင်းမှုတွေကို ဘစ်သက်လုံး ပြုလုပ်သွားပါတော့တယ်။<br>
မှီငြမ်း။ ။ သီလာနိသံသဇာတ်၊ ပုံတော်စုံ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ ဒုတိယတွဲ၊ ၁၇၇၊ ဇာ၊ ၄၊ ၂၊ ၁၀၁။<br><br>
❁ ဇာတ်လမ်းပြောပြပြီးပါက အောက်ပါမေးခွန်းများကို မေးပါ။<br>
- ပင်လယ်ခရီး အတူသွားတဲ့နှစ်ယောက်က ဘယ်သူတွေလဲ။<br>
- မုန်တိုင်းမိပြီး သင်္ဘောပျက်သွားတော့ ဘယ်ကို ရောက်သွားတာလဲ။<br>
- ကျွန်းကိုရောက်တော့ သူတို့နှစ်ယောက် ဘယ်လိုနေထိုင် စားသောက်ကြသလဲ။<br>
- နဂါးမင်းနဲ့ ပင်လယ်ရေစောင့်နတ်က မောင်သီလကို သင်္ဘောပေါ် အလွယ်တကူ တက်ခွင့်ပြုသလား။ ဘာကြောင့်လဲ။<br>
- မောင်ဗာလ လိုက်မပါခဲ့အခါမှာ အလွယ်တကူ လိုက်လို့ရသလား။ ဘာကြောင့်လဲ။<br>
- ဘာလုပ်လိုက်မှ သင်္ဘောပေါ်ကို လိုက်လို့ရသွားတာလဲ။<br>
- နောက်ဆုံးမှာ မောင်သီလကို အားကျပြီး မောင်ဗာလက ဘာတွေ ပြုလုပ်သလဲ။
</td><td></td></tr>
</table>

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ အမျှဝေ စာသား။

<table>
<tr><th>သင်ယူမှုလုပ်ငန်းစဉ်</th><th>သတိပြုရန်အချက်များ</th></tr>
<tr><td>
❁ ဇာတ်လမ်းထဲမှ မောင်သီလကဲ့သို့ မိမိကောင်းမှုပြုပြီးတိုင်း အခြားသတ္တဝါများ၊ နတ်များကို အမျှပေးဝေကြရမည်ဖြစ်ကြောင်း ပြောပြီး အောက်ပါအမျှဝေစာသားများကို ရွတ်ဖတ်တတ်ရုံသာ အဓိကရည်ရွယ်လျက် သင်ကြားပေးပါ။<br><br>
**အမျှဝေ**<br>
ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကြူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရပြားပါစေ၊ အမျှဝေ၏။ မသွေနိစ္စ၊ ဤကာယကို၊
</td><td></td></tr>
</table>

| | |
|---|---|
| စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေငှ၏။<br>မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ဣန္ဒဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ မပြတ်ပုညာ၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏။ သဗ္ဗေ သတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တာဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏ ဌိတိ၊ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှ ကုသိုလ်၊ ပေးဝေလို၏။<br>ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည် ဖြစ်စေသောဝ်။ ဝသုန္ဒရေ၊ ဤမြေပံသု၊ သိလာထုလည်း၊ သက်သေအမှု၊ တည်စေသောဝ်။<br>(အမျှ ..... အမျှ ...... အမျှ ..... ယူတော်မူကြပါကုန်လော့။<br>သာဓု .... သာဓု ..... သာဓု ....) (၃ ကြိမ်) | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ကလေးများအားလုံး စာသင်ခန်း/ဘုရားကျောင်းဆောင် သန့်ရှင်းရေးပြုလုပ်ခြင်းများကို ပူးပေါင်း လုပ်ဆောင်ကြပါစေ။<br>❁ ထို့နောက် ကလေးများအားလုံးကို စနစ်တကျထိုင်စေ၍ "ဆရာနဲ့အတူ သားတို့၊ သမီးတို့ အားလုံး လက်တွေ့ဘုရားရှိခိုးပြီး အမျှဝေကြရအောင်"ဟု ပြောကာ လက်တွေ့ဘုရားရှိခိုး ပြီး အမျှဝေကြပါစေ။ (သင်ခဲ့ပြီးသော ကလေးများရသည့် ဘုရားရှိခိုးကို အတူတကွ ရှိခိုး ပြီး အမျှဝေကြရမည် ဖြစ်သည်။)<br>❁ ထို့နောက် ကလေးများအားလုံးကို မျက်လုံးမှိတ်နေစေ၍ "သားတို့၊ သမီးတို့သည် ဘုရား ရှိခိုးခြင်း၊ အမျှဝေခြင်း စသော ကောင်းမှုများကို လုပ်ဆောင်တတ်သော၊ လူအပေါင်း၊ နတ်အပေါင်းတို့က ချစ်ခင်သော သားငယ်၊ သမီးငယ်များ ဖြစ်ကြပါစေ"ဟု ဆရာက ဆု တောင်းပေးရင်း စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

## သင်ခန်းစာ (၁၁)

သင်ခန်းစာခေါင်းစဉ် ။ ။ မဟာမြတ်မုနိဘုရားကြီး

သင်ယူမှုဦးတည်ချက် ။ ။ မဟာမြတ်မုနိဘုရားကြီး အကြောင်းနှင့် စေတီဖူးမြော်ရခြင်းအကျိုးကိုသိရှိစေရန်၊

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ကလေးများအား သိထား/ကြားထားဖူးသော စေတီပုထိုးနာမည်များကို ရွတ်ပြကြပါစေ။<br>❁ ထိုစေတီများထဲမှ သင်ခဲ့ဖူးသော ရွှေတိဂုံစေတီနှင့် ရွှေစည်းခုံစေတီများအကြောင်း မေးပါ။ (မှတ်မိသလောက် ဖြေကြပါစေ။)<br>❁ ဖြေဆိုလိုသူများ ရှိပါက အတန်းရှေ့သို့ ထွက်၍ ပြောပါစေ။<br>❁ ပြီးလျှင် ဆရာက စေတီတစ်ခုချင်းစီ၏အကြောင်းကို ထပ်မံဖြည့်စွက် ရှင်းပြပေးပြီးနောက် အောက်ပါအတိုင်း ပြောပါ။<br>"အခု သားတို့၊ သမီးတို့ ပြောပြပေးသွားတဲ့ စေတီတွေမှာဆိုရင် စေတီအကြီးကြီး ရှိမယ်၊ အဲဒီစေတီကြီးကို ဝန်းရံထားတဲ့ စေတီငယ်လေးတွေ ရှိမယ်၊ ဘုရားရင်ပြင် ရှိမယ်၊ နတ်ရုပ်တွေ စသည်ဖြင့် အများကြီးရှိနိုင်တယ်။ အဲဒါအပြင် ဆရာပြောမသွားတဲ့ တခြားအချက်တွေလည်း အများကြီးရှိပေးတယ်။ အဲဒီတော့ နောက်ထပ် ဘာတွေများ ထပ်ရှိနိုင်ဦးမလဲ ဆိုတာကို သားတို့၊ သမီးတို့က အုပ်စုလိုက် ဆွေးနွေးပေးရမယ်။ အများဆုံးနဲ့ အမှန်ဆုံး စဉ်းစားပြနိုင်တဲ့ အုပ်စုက အနိုင်ရမှာနော်"။<br>❁ ထို့နောက် ကလေးများအား အုပ်စုဖွဲ့၍ စဉ်းစားဆွေးနွေးကြပါစေ။<br>❁ စဉ်းစားဆွေးနွေးပြီးလျှင် အုပ်စုကိုယ်စားလှယ်များမှ ၎င်းတို့အုပ်စု စဉ်းစားထားသည်များကို အတန်းရှေ့သို့ ထွက်၍ ပြောပြကြပါစေ။<br>❁ အုပ်စုတစ်ခုပြောပြီးတိုင်း ကလေးများကို အားပေးချီးကျူးပါ။ | ဆရာက စဉ်းစားချိန်ကို အဆင်ပြေသလို သတ်မှတ်ပေးရမည်။ |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မြန်မာနိုင်ငံမြေပုံ၊ မဟာမြတ်မုနိဘုရားပုံတော်။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ အောက်ပါမေးခွန်းများကို မေး၍ စာသင်ချိန်ကို စတင်ပါ။<br>- သားတို့၊ သမီးတို့ အခုနေတဲ့နိုင်ငံက ဘာနိုင်ငံလဲ။<br>- မြန်မာနိုင်ငံမြေပုံကို မြင်ဖူးကြလား။<br>- အခု ဆရာတို့မြို့က မြေပုံထဲမှာဆိုရင် ဘယ်နေရာဖြစ်မလဲ။ (မြေပုံကိုပြ၍ မေးပါ။)<br>❁ ဖြေဆိုလိုသူ ကလေးတစ်ဦးချင်းစီ ထွက်၍ဖြေပါစေ။ ကလေးများ၏အဖြေကို မှတ်သားထားပါ။ ကလေးများ ဖြေဆိုပြီးသွားပါမှ ဆရာက နေရာမှန်ကို ပြောပြပေးပါ။<br>❁ ဆက်လက်၍ “ပထမအချိန်တုန်းက သားတို့၊ သမီးတို့ ပြောသွားတဲ့ ရွှေတိဂုံစေတီကရော ဘယ်နားမှာရှိလဲ”။<br>❁ ထပ်မံ၍ ကလေးများအဖြေကို မှတ်သားပါ။ ကလေးများ ဖြေဆိုပြီးပါမှ နေရာမှန်ကို ဆရာက မြေပုံပေါ်တွင် ထောက်ပြပါ။<br>❁ ထိုနည်းအတိုင်း ရွှေစည်းခုံစေတီ တည်ရှိရာနေရာကို ရွေးချယ်ပါစေ။<br>❁ ပြီးလျှင် “မန္တလေး ဘယ်နားမှာ ရှိမယ်ထင်သလဲ”ဟု ဆက်မေးမြန်းပြီး မြေပုံပေါ်တွင် အဖြေရှာကြပါစေ။<br>❁ ထို့နောက် ဆရာက မန္တလေးတည်နေရာကို ထောက်ပြပြီးလျှင် မန္တလေးရဲ့ ဘုရားစေတီတွေထဲမှာ ဘယ်ဘုရားက အထင်ရှားဆုံးလဲ။ ကလေးများ ထင်သလို ဖြေဆိုပြီးပါမှ ဆရာက အောက်ပါအတိုင်း ဆက်၍ ရှင်းပြပေးပါ။ | မြေပုံကို ချိတ်ဆွဲပြထားပါ။ |
| **မဟာမြတ်မုနိဘုရားကြီး**<br>“ဒီမန္တလေးမှာဆိုရင် (မြေပုံကို ထောက်၍) မဟာမြတ်မုနိဘုရားကြီးက အထင်ရှားဆုံးပဲ။ မဟာမြတ်မုနိဘုရားကြီးကို ရခိုင်ဘုရားကြီးလို့လည်း ခေါ်တယ်။ “ဘာ့ကြောင့် ရခိုင်ဘုရားကြီးလို့ခေါ်တယ် ထင်သလဲ”ဟု မေး၍ ကလေးများအဖြေကို ခေတ္တစောင့်ဆိုင်းပါ။ ပြီးမှ မဟာမြတ်မုနိဘုရားကြီးကို ရခိုင်ပြည်နယ်မှာ နှစ်ပေါင်းများစွာ မင်းအဆက်ဆက်ကိုးကွယ် ပူဇော်ခဲ့ကြတာဖြစ်တဲ့အတွက်ကြောင့် ရခိုင်ဘုရားကြီးလို့ ခေါ်ရတာဖြစ်တယ်။ “ဒါဆိုရင် ရခိုင်ပြည်နယ် ဘယ်နားမှာလဲ ရွေးပြပါဦး”ဟု မေးကာ ကလေးများအဖြေကို မှတ်သားထားပါ။ ပြီးနောက် ဆရာက ဒီရခိုင်ပြည်နယ်ဘက်ကနေ မန္တလေးမြို့တော် (အရင်ကတော့ အမရပူရလို့ ခေါ်တယ်) ဆီကို အမရပူရနေပြည်တော် ဘိုးတော်မင်းတရားကြီးရဲ့ သားတော်၊ အိမ်ရှေ့မင်းသား သီဟသူရက ပင့်ဆောင်လာခဲ့တာဖြစ်တယ်။ မဟာမြတ်မုနိဘုရားကြီး သို့မဟုတ် ရခိုင်ဘုရားကြီးရဲ့ ဉာဏ်တော်အမြင့်က ၁၁ ပေ၊ ၆ လက်မရှိပြီး ပလ္လင်တော်က ၇ ပေ အမြင့် ရှိတယ်။<br>❁ မဟာမြတ်မုနိဘုရား အကြောင်း ပြောပြီးပါက အောက်ပါမေးခွန်းများ မေးပါ။<br>- မဟာမြတ်မုနိဘုရားကို ဘာဘုရားလို့ ခေါ်ကြသေးလဲ။<br>- သားတို့၊ သမီးတို့ရော အဲဒီမဟာမြတ်မုနိဘုရားကြီးကို ဖူးဖူးကြလား။ (အကယ်၍ ဖူးဖူးသူများ ရှိပါက ၎င်းတို့ အတွေ့အကြုံကို ပြောပြပါစေ။)<br>- မဟာမြတ်မုနိဘုရားကြီးကို အားလုံး ဖူးချင်ကြလား။ | “ဒီ”ဟု ပြောသွားသော နေရာတွင် မြေပုံကို ထောက်ပြရမည်။ |

| | |
|---|---|
| • ထို့နောက် မဟာမြတ်မုနိဘုရားပုံတော်ကို ပြ၍ ကလေးအားလုံး ဖူးကြပါစေ၊ ဦးချကြပါစေ၊ | |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ၊

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • "သားတို့၊ သမီးတို့ မဟာမြတ်မုနိဘုရားကြီးအကြောင်းလည်း နားထောင်ပြီးသွားပြီဆိုတော့ အခု အုပ်စုဖွဲ့ပြီး ဆွေးနွေးကြရအောင်"ဟု ပြော၍ ကလေးများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ၊<br>• ပြီးလျှင် "သားတို့၊ သမီးတို့တွေကိုယ်တိုင် စေတီပေါ်ရောက်ရင် ဘာတွေလုပ်ကြမလဲဆိုတာ ကိုယ့်အုပ်စုနဲ့ကိုယ် ဆွေးနွေးကြပါ၊ အချက်များများရအောင် ဆွေးနွေးနိုင်တဲ့အုပ်စုက အနိုင်ရမယ်"ဟု ပြောပါ၊<br>• ကလေးများ ဆွေးနွေးထားသည်များကို ပြန်လည်ပြောပြကြပါစေ၊<br>• ကလေးများ ဆွေးနွေးထားသည့် အချက်များထဲမှ ဆရာက သင့်လျော်သလို အနှစ်ချုပ်ပါ၊ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ရွှေဝါရောင်နတ်သမီး ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ၊

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • "စေတီပေါ်ရောက်ရင် ဘာတွေလုပ်ကြမယ်ဆိုတာကို ဆွေးနွေးပြီးသွားပြီ၊ အခု စေတီကို တစ်ခါပဲ သွားပြီးဖူးမြော်လိုက်တာ ကောင်းကျိုးရသွားတဲ့ မိန်းကလေးတစ်ယောက်အကြောင်း သားတို့၊ သမီးတို့ကို ပြောပြမယ်"ဟု ဆိုကာ စာသင်ချိန်ကို စတင်ပါ၊<br>• ထို့နောက် အောက်ပါ ဇာတ်လမ်းကို ကလေးများ စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောပြပါ၊<br><br>**ရွှေဝါရောင်နတ်သမီး**<br><br>ဟိုးရှေးရှေးတုန်းက သာယာကုန်းရွာလေးမှာ အလွန်ချမ်းသာကြွယ်ဝတဲ့ မိသားစုတစ်စု ရှိတယ်၊ အဲဒီမိသားစုမှာ ရုပ်ရည်ချောမောလှပတဲ့ မိဝါဆိုတဲ့ သမီးလေးတစ်ယောက်ရှိတယ်၊ သူဟာ ပစ္စည်းဥစ္စာ ချမ်းသာတဲ့အပြင် ရုပ်ရည်ကလည်း ချောမောလှပတဲ့အတွက် မာနကြီးတဲ့သူတစ်ယောက် ဖြစ်တယ်၊ ဘုရားမရှိခိုးချင်၊ ဘုရားစေတီတွေကို မသွားချင်၊ ဘုန်းကြီးကျောင်းလည်း မသွားချင်တဲ့ မိဝါအတွက် ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်တဲ့ မိဘဆွေမျိုးတွေက စိတ်ဆင်းရဲနေကြတယ်၊<br>မိဝါတို့ရွာရဲ့ အရှေ့ဘက်မှာ ရွှေရောင်ဝင်းနေတဲ့ စေတီတစ်ဆူလည်း ရှိတယ်၊ | |

စေတီလေးဟာ အချိန်တိုင်း ဘုရားရှိခိုးသူတွေ၊ ပန်းကပ်လှူသူတွေ၊ တရားထိုင်သူတွေ၊ ဘုရားစာရွတ်ဖတ်သူတွေနဲ့ စည်ကားနေလေ့ရှိတယ်။ မိဝါရဲ့ မိဘဆွေမျိုးတွေကလည်း အဲဒီစေတီလေးကို နေ့စဉ်သွားပြီး သန့်ရှင်းရေးပြုလုပ်၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကြတယ်။ သမီးဖြစ်သူ မိဝါကို ခေါ်ပေမဲ့ မိဝါကတော့ ဘယ်တော့မှ မလိုက်ဘူး။

တစ်နေ့မှာ မိဝါတစ်ယောက် အပြင်းအထန် ဖျားတယ်။ ဆရာဝန်ခေါ်ပြီး ကုသပေမဲ့ မသက်သာဘူး။ နေ့စဉ်နေ့တိုင်း ရောဂါကြောင့် စိတ်ဆင်းရဲပြီး ငိုကြွေးနေရတယ်။ အဲဒီလို စိတ်ဆင်းရဲတော့မှ ရွာဦးက ရွှေရောင်ဝင်းနေတဲ့ စေတီတော်ကို အမှတ်ရမိတယ်။ စေတီတော်ကို သွားပြီး ရှိခိုးပူဇော်ချင်စိတ်တွေ ဖြစ်လာခဲ့တယ်။ အဲဒီအကြောင်းကို သူ့မိဘတွေကို ပြောပြတယ်။ မိဘတွေလည်း ဘုရားကျောင်းကန်ကို ဘယ်တုန်းကမှမလိုက်တဲ့ သမီးဖြစ်သူက စေတီတော်ကို ဖူးချင်တယ်ဆိုတော့ အံ့ဩဝမ်းသာ ဖြစ်နေခဲ့ကြတယ်။ ဒါနဲ့ စေတီတော်ကို ပူဇော်လို့ရအောင် ပန်းနံ့သာ၊ အမွှေးတိုင်၊ ဖယောင်းတိုင်တွေကို ပြင်ဆင်ပေးကြတယ်။

အားလုံး အဆင်သင့်ဖြစ်တဲ့အခါ မိဝါဟာ သူ့မိဘတွေနဲ့အတူ ရွာဦးစေတီတော်ကို သွားရောက်ဖူးမြော်တယ်။ စေတီပေါ်ကို ရောက်ရောက်ချင်း မိဝါရဲ့စိတ်တွေ အေးချမ်းသွားတယ်။ ခံစားနေရတဲ့ ဝေဒနာတွေ သက်သာသလိုဖြစ်ပြီး တက်ကြွလန်းဆန်းသွားတယ်။ ကြည်နူးပျော်ရွှင်နေပုံရတဲ့ သမီးမိဝါကို ကြည့်ပြီး မိဘတွေလည်း ပျော်ရွှင်ကြည်နူးနေကြတယ်။ အိမ်ကနေ ယူလာခဲ့တဲ့ ပန်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်တွေကို စေတီတော်မှာ ကြည်ကြည်နူးနူးနဲ့ ပူဇော်ကြတယ်။ မိဝါဟာ အဲဒီလို တစ်ကြိမ်တစ်ခါ လှူဒါန်းပူဇော်ခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့် နောက်ဘဝမှာ ရွှေဝါရောင်အဝတ်အစားတွေနဲ့ ရွှေပြာသာဒ်ကြီးတစ်ခုကို ပိုင်ဆိုင်ရတဲ့ ချောမောလှပတဲ့ ရွှေဝါရောင်နတ်သမီးလေးတစ်ပါး ဖြစ်သွားခဲ့ပါတယ်။

မှတ်ချက်။ ။ ဝိမာနဝတ္ထု၊ ပီတဝိမာနဝတ္ထု စသော စေတီတော်တွင် ပန်းလှူသဖြင့် အကျိုးရရှိသောဝတ္ထုများကို ကလေးများနှင့် သင့်လျော်အောင် မှီငြမ်းရေးသားထားခြင်း ဖြစ်ပါသည်။

❁ ရှေ့စာသင်ချိန်များကို ပြန်လည်ချိတ်ဆက် ပြောပြပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။

## သင်ခန်းစာ (၁၂)

သင်ခန်းစာခေါင်းစဉ် ။ ။ ကျန်စစ်သားမင်း
သင်ယူမှုဦးတည်ချက် ။ ။ ကျန်စစ်သားမင်း၏သာသနာပြုပုံနှင့် အလှူဒါနပြုလုပ်ပုံအကြောင်းသိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ကျန်စစ်သားမင်း အကြောင်း။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • ဒုတိယတန်းမှ မင်းမြတ်အနော်ရထာ သင်ခန်းစာကို ပြန်လည်ချိတ်ဆက်ပြောပြပါ။<br>• "ဒုတိယတန်းတုန်းကသင်ခဲ့ဖူးတဲ့ အနော်ရထာမင်းအကြောင်းကို မှတ်မိတဲ့သူရှိလား။ ရှိရင် ပြောပြပါ"ဟု မေးပါ။ (မှတ်မိသောကလေးများ ပြန်လည်ပြောပြကြပါစေ။)<br>• မမှတ်မိလျှင် ဆရာက ပြန်လည်ပြောပြပါ။<br>• ထို့နောက် အောက်ပါမေးခွန်းများ မေးပါ။<br>- မြန်မာ့သမိုင်းမှာ ကောင်းတွေထဲက ထင်ရှားတဲ့သူရဲကောင်းတွေရဲ့ နာမည်တွေကို ကြားဖူးကြလား၊ ကြားဖူးသလောက် ပြောကြည့်ကြပါဦး။<br>- အဲဒီ သူရဲကောင်းတွေ ဘာတွေလုပ်မယ်လို့ ထင်သလဲ။<br>- သူရဲကောင်းဆိုတော့ စစ်ပဲ တိုက်နေတာလား။<br>- နောက်ထပ် ဘာတွေ လုပ်ဦးမယ်ထင်သလဲ။<br>• ကလေးများ၏ ဖြေဆိုမှုများကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ထားရမည်။<br>• "အဲဒီသူရဲကောင်းတွေထဲက ဒီနေ့ ဘယ်သူရဲကောင်းအကြောင်းကိုပြောပြမယ် ထင်သလဲ၊ အဲဒီသူရဲကောင်းက ရဲစွမ်းသတ္တိရှိတယ်၊ ဘုရား၊ ကျောင်းကန်တွေကို ဆောက်လုပ်လှူဒါန်းခဲ့တယ်၊ တိုင်းသူပြည်သားတွေကိုလည်း အစားအစာနဲ့ အဝတ်အထည်တွေကို ပေးကမ်းစွန့်ကြဲခဲ့တဲ့ မင်းတစ်ပါးဖြစ်တယ်။ အဲဒီမင်းဟာ ဘယ်မင်းဖြစ်မယ်ထင်လဲ၊ ခန့်မှန်းကြည့်ကြပါဦး" စသည်ဖြင့် မေးပါ။<br>• ကလေးငယ်များ ခန့်မှန်းလာနိုင်အောင် ဆရာက လမ်းကြောင်းပေးပြီး လိုအပ်ပါက ထုတ်ဖော် ပြောပြပေးပါ။<br>• ထို့နောက် ကျန်စစ်သားမင်းအကြောင်းကို စိတ်ဝင်စားဖွယ်ကောင်းအောင် ပြောပြပေးပါ။ သာသနာပြုပုံ၊ အလှူဒါန စသော ကလေးများ နားမလည်နိုင်သည့် စကားလုံးများကို နားလည်အောင် ဖြည့်စွက်ပြောကြားပေးပါ။<br><br>**ကျန်စစ်သားမင်း**<br><br>ကျန်စစ်သားမင်းကြီးဟာ မြန်မာနိုင်ငံသမိုင်းမှာ ထူးချွန်ပြောင်မြောက်တဲ့ မင်းတစ်ပါး ဖြစ်ပါတယ်။ ရဲစွမ်းသတ္တိနဲ့ပြည့်စုံသလို အကြင်နာတရားနဲ့ ပြည့်စုံသူလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ သမိုင်းဝင်သူရဲကောင်းများအနက် အထင်ရှားဆုံးသူရဲကောင်းတစ်ဦးလည်း ဖြစ်ပါတယ်။ | ကလေးတစ်ယောက်စီ ပြောပြကြပါစေ။ ကလေးများ၏ ထင်မြင်ယူဆချက်များအားလုံးကို လက်ခံထားပါ။ ကလေးများအားလုံး ဖြေဆိုခွင့်ပေးပါ။ |

သူဟာ ပုဂံထီးနန်းကို ခိုင်မြဲအောင် ကြိုးစားနိုင်ခဲ့သလို မွန်မြန်မာချစ်ကြည်ရေးကိုလည်း ထူထောင်ပေးနိုင်ခဲ့ပါတယ်။

ကျန်စစ်သားမင်းဟာ တိုင်းသူပြည်သားတွေကို "လက်ဝဲလက်ဖြင့် အဝတ်အစားတို့ကို အမြဲထောက်ပံ့ပေးပြီး လက်ယာလက်ဖြင့် စားနပ်ရိက္ခာတို့ကို ထောက်ပံ့ပေးမည်။ စိုက်ပျိုးရေး၊ မွေးမြူရေးတို့ကို ပိုမိုတိုးတက်အောင် ထောက်ပံ့ပေးပြီး ဆင်းရဲသားများ၏ဘဝကို မြှင့်တင်ပေးမည်ဖြစ်ပြီး လူတိုင်းချမ်းသာစေရမည့်အပြင် ပြည်သူလူထုကို မိခင်တစ်ယောက်ကဲ့သို့ စောင့်ရှောက်မည်"ဆိုပြီး ကတိပေးထားခဲ့တယ်။ ကတိအတိုင်းလည်း ဆောင်ရွက်ခဲ့တယ်။

ကျန်စစ်သားမင်းကြီးရဲ့ဆရာက ရဟန်းတော်ရှင်အရဟံ ဖြစ်တယ်။ ကျန်စစ်သားမင်းကြီးဟာ ဗုဒ္ဓဘာသာဝင်ဖြစ်ပေမဲ့ ဗုဒ္ဓဘာသာမဟုတ်တဲ့ တခြားဘာသာဝင်တွေကို အနှောင့်အယှက်မပေးဘဲ လွတ်လပ်စွာ ကိုးကွယ်ခွင့် ပေးထားပါတယ်။ ပြည်သူအချင်းချင်း လူမျိုးဘာသာ မခွဲခြားဘဲ ချစ်ချစ်ခင်ခင် နေထိုင်ဖို့ အမြဲတိုက်တွန်းလေ့ရှိပါတယ်။

ကျန်စစ်သားမင်းကြီးဟာ မနက်တိုင်း သူ့ကို လက်ဆောင်ပေးလာတဲ့ ပန်းစည်းတွေကို ဘုန်းကြီးကျောင်းတွေနဲ့ စေတီပုထိုးတွေကို သွားရောက်လှူဒါန်းလေ့ရှိတယ်။ ဘုန်းတော်ကြီးတွေကလည်း "ကျန်စစ်သားမင်း သက်တော်ရာကျော် ရှည်ပါစေ"လို့ နံနက်တိုင်း ဆုတောင်းပေးကြတယ်။ မေတ္တာပို့ပေးကြတယ်။

ကျန်စစ်သားမင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ဘာသာရေးအဆောက်အအုံတွေ အများကြီး ရှိပါတယ်။ ယခုအချိန်အထိ မပျက်မစီး တည်ရှိနေတဲ့ စေတီတော်တွေကတော့ ရွှေစည်းခုံစေတီတော်နှင့် အာနန္ဒာစေတီတော်တို့ ဖြစ်ပါတယ်။ အာနန္ဒာစေတီဟာ အလွန်ထူးခြားတဲ့ စေတီတော်တစ်ဆူ ဖြစ်ပါတယ်။ စေတီတော်ကို ဖူးမြော်ကြည့်လျှင် ကျန်စစ်သားမင်းကြီးရဲ့ စိတ်ကူးစိတ်သန်းကောင်းမွန်မှုနဲ့ ခမ်းနားတဲ့ ဗိသုကာလက်ရာတွေကို ရင်သပ်ရှုမောမဆုံး ဖြစ်ရပါတယ်။

ကျန်စစ်သားမင်းကြီးဟာ သေဆုံးခါနီးအချိန်အထိ တရားအသိကို လက်မလွှတ်ခဲ့ဘူး။ သေဆုံးခါနီးအချိန်မှာ မြတ်စွာဘုရားရှင်ရဲ့ပုံတူ ရွှေဆင်းတုတစ်ဆူကို ရေစက်သွန်းချ လှူဒါန်းပြီး ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ခဲ့တယ်။ ကျန်စစ်သားမင်းကြီးဟာ သက်တော် ၇၀ ကျော်မှာ နတ်ရွာစံ ကံကုန်ခဲ့ပါတယ်။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ကျန်စစ်သားမင်း ကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • ကျန်စစ်သားမင်းအကြောင်းကို ကလေးများ ပိုမိုမှတ်မိစေနိုင်မည့် မေးခွန်းများအား ဆရာက သင့်လျော်သလို မေးပေးပါ။<br>• ထို့နောက် အောက်ပါ ကျန်စစ်သားမင်း ကဗျာကို အသံနေအသံထား ဟန်အမူအရာဖြင့် ကလေးများ အလွတ်ရသည်အထိ သင်ပေးပါ။<br><br>**ကျန်စစ်သားမင်း**<br>ရာဇဝင်တွင်ရစ်တဲ့၊<br>ကျန်စစ်မင်းစေတနာ၊<br>လေးစားဖွယ်ရာ။<br>ပုဂံခေတ်သာသနာ၊<br>စည်ပင်ကာ ပြန့်ပွား။<br>ရွှေစည်းခုံ အာနန္ဒာနဲ့၊<br>စေတီသာ ကုသိုလ်များရယ်၊<br>အံ့ဖွယ်မြောက်မြား။ ။ | |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ အာနန္ဒာစေတီ အကြောင်း၊ အာနန္ဒာစေတီပုံ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • "ကျန်စစ်သားမင်းကြီးရဲ့ ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ဘာသာရေးအဆောက်အအုံတွေထဲက ထူးခြားတဲ့စေတီဟာ ဘာစေတီလဲ"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။<br>• ကလေးများဖြေပြီးလျှင် "သားတို့၊ သမီးတို့ပြောတဲ့ အာနန္ဒာစေတီ အကြောင်းကို အခု ပြောပြမယ်၊ သေချာနားထောင်နော်"ဟု ပြော၍ အောက်ပါ အာနန္ဒာစေတီတော်နှင့် ပတ်သက်သော အကြောင်းအရာများကို ကလေးများ စိတ်ဝင်စားအောင် ပြောပြပါ။<br><br>**အာနန္ဒာစေတီတော်**<br>ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်ခဲ့ တဲ့ စေတီပုထိုးတွေထဲမှာ အာနန္ဒာစေတီတော်ဟာ အထင်ရှားဆုံး စေတီတော်တစ်ဆူ ဖြစ်ပါတယ်။ ပုဂံမှာရှိတဲ့ စေတီပုထိုးတွေထဲမှာလည်း အာနန္ဒာစေတီဟာ လက်ရာအမြောက်ဆုံး၊ အထူးခြားဆုံးနဲ့ အသပ္ပာယ်ဆုံး စေတီပုထိုးအဖြစ် လူသိများတယ်။ ကျန်စစ်သားမင်းကြီးဟာ မြတ်စွာဘုရားရှင်ရဲ့ အတုမရှိတဲ့ သဗ္ဗညုတဉာဏ်တော်ကို ရည်စူးပူဇော်ပြီး အာနန္ဒာစေတီကို တည်ထားကိုးကွယ်ခဲ့တာ ဖြစ်ပါ | |

တယ်။ စေတီတော်ရဲ့ကိုယ်ထည်ကို အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာမှာ မုခ်ဦးတစ်ခုစီ နဲ့ တန်ဆာဆင်ထားပြီး ကြေးရုပ်ပွားတော်တစ်ဆူစီကိုလည်း ပူဇော်ထားပါတယ်။

အာနန္ဒာစေတီတော်ဟာ အပြင်ပန်းပုံသဏ္ဍာန်အနေနဲ့ အလွန် ထူးခြားတင့်တယ်သလို အတွင်းနံရံတွေမှာလည်း ဗုဒ္ဓဝင်ဆိုင်ရာ (နံရံဆေးရေး) ပန်းချီပုံတွေကို ရေးဆွဲထားပါတယ်။ စေတီတော်ရဲ့ အတွင်းဘက်ထဲမှာ ကျောက်ဆင်းတုတော် များနဲ့ ကျန်စစ်သားမင်းကြီးရဲ့ရုပ်တုတော်ကို ထုလုပ်ထားရှိပါတယ်။ ယခုအချိန်အထိ ပန်းချီပုံအတော်များများကို တွေ့နိုင်ပါသေးတယ်။ စေတီတော်ရဲ့အတွင်း နံရံအမြင့်တွေမှာလည်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေကို ထည့်သွင်းပူဇော်ထားပါတယ်။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|

- အောက်ပါမေးခွန်းများ မေးပါ။
  - ကျန်စစ်သားမင်းကြီးက ဘယ်လိုမင်းကြီးလဲ။
  - အလှူဒါနတွေကို ဘယ်လိုလုပ်ခဲ့သလဲ။
  - ကျန်စစ်သားမင်းကြီးရဲ့ ဆရာက ဘယ်သူလဲ။ ဘယ် ဘာသာကို ကိုးကွယ်တာလဲ။
  - ကျန်စစ်သားမင်းကြီး ဘာစေတီတွေကို တည်ထားကိုးကွယ်ခဲ့လဲ။
  - ကျန်စစ်သားမင်းကြီးက သေဆုံးခါနီးအချိန်မှာ ဘာကို လှူခဲ့သေးလဲ။
- ထို့နောက် ကလေးများအား "သားတို့၊ သမီးတို့ အသက်ကြီးလာရင် ဘာအလုပ်တွေ လုပ်ကိုင်သွားကြမလဲ"ဟု မေး၍ နှစ်ယောက်တစ်တွဲ စဉ်းစားစေပြီး အချင်းချင်း အပြန်အလှန် ဆွေးနွေးကြပါစေ။
- ထို့နောက် အတွဲတစ်တွဲမှ တစ်ယောက်က အတန်းသားအားလုံးကို ပြောပြပါစေ။
- ကလေးတစ်ယောက်ပြောနေချိန်တွင် ကျန်ကလေးများအားလုံးက ငြိမ်သက်စွာနားထောင်နေကြပါစေ။
- ထိုနည်းဖြင့် ကလေးများအားလုံး ပါဝင်ကြပါစေ။
- ထို့နောက် "သားတို့၊ သမီးတို့ အရွယ်ရောက်လာရင် အလုပ်တွေ အများကြီး လုပ်ကြရဦးမှာ၊ အခု သားတို့၊ သမီးတို့က ကျောင်းသား၊ ကျောင်းသူတွေဆိုတော့ စာပေတွေကို ကြိုးစား လေ့လာရမယ်။ နောင် အသက်ကြီးလာတဲ့အခါ အလုပ်တွေ အများကြီးလုပ်ရမယ်။ ကုသိုလ်အလုပ်တွေလည်း အများကြီးလုပ်ဖို့လိုသလို စောစောကပြောခဲ့တဲ့ ကျန်စစ်သားမင်းကြီးလို ကိုယ့်နိုင်ငံကို ဦးဆောင်ပြီး နိုင်ငံအတွက်၊ သာသနာအတွက် အကျိုးပြုလုပ်ငန်းတွေကို လုပ်သွားနိုင်အောင် ကြိုးစားကြရမယ်" စသည်ဖြင့် ပြောကြားပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။

# သင်ခန်းစာ (၁၃)

သင်ခန်းစာခေါင်းစဉ် ။ ။ ပညာရေးမင်္ဂလာ
သင်ယူမှုဦးတည်ချက် ။ ။ ပညာရေးမင်္ဂလာများကိုသိရှိစေရန်နှင့် လိုက်နာကျင့်သုံးတတ်စေရန်

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မင်္ဂလာကဗျာများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "သားတို့၊ သမီးတို့ကို မင်္ဂလာတရား (၃၈) ပါးရှိတယ်လို့ ပြောခဲ့ပြီးပြီနော်။ အဲဒီ မင်္ဂလာတရား (၃၈) ပါးထဲက ဘယ်မင်္ဂလာတွေကို သင်ပြီးခဲ့ပြီလဲ။ မှတ်မိသလောက် ပြန်ပြောပြပါလား"ဟု မေး၍ ကလေးများဖြေပြီးလျှင် သင်ခဲ့ဖူးသော မင်္ဂလာကဗျာ (၂) ပုဒ်ကို ပြန်လည်ရွတ်ဆိုကြပါစေ။<br>❁ သင်ခဲ့ပြီးသော မင်္ဂလာတရား (၆) ပါးကို ကလေးများ မှတ်မိအောင် ပြန်ပြောပြပါ။<br><br>**ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ(၃) ပါး**<br>၁။ လူမိုက်ကို မပေါင်းသင်းရေး၊<br>၂။ ပညာရှိလူလိမ္မာကို မှီဝဲဆည်းကပ်ရေး၊<br>၃။ ပူဇော်ထိုက်သူကို ပူဇော်ရေး။<br><br>**နေထိုင်ရေးမင်္ဂလာ (၃) ပါး**<br>၁။ သင့်တော်ကောင်းမွန်တဲ့အရပ်မှာ နေထိုင်ရေး၊<br>၂။ ရှေးကပြုဖူးတဲ့ ကုသိုလ်ကောင်းမှုရှိရေး၊<br>၃။ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ရေး။<br><br>❁ ထို့နောက် "အခု ဒီတစ်ပတ်မှာ ပညာရေးမင်္ဂလာ(၄)ပါးကို ထပ်ပြောပြမယ်နော်၊ မပြောခင် ကဗျာကို အရင်ဆိုကြည့်ရအောင်"ဟု ပြော၍ ပညာရေးမင်္ဂလာကဗျာကို ရွတ်ဆိုကြပါစေ။<br><br>**ပညာရေးမင်္ဂလာ**<br>တတ်ကောင်းတတ်ရာ ဟူသမျှကို၊<br>ကြားမြင်သုတရှိပါစေ။<br>အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊<br>အသက်မွေးဖို့ အတတ်သင်လေ။<br>လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊<br>ကောင်းစွာသင်ကြား နားလည်စေ။ | |

| | |
|---|---|
| မှန်ကန်ယဉ်ကျေး၊ ချိုသာအေး၊<br>ဆိုရေးတတ်ပါစေ။<br>အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။ ။<br><br>❁ ကဗျာရွတ်ဆိုပြီးပါက ကဗျာအဓိပ္ပာယ်နှင့် ကဗျာပါအကြောင်းအရာများကို တစ်ပိုဒ်ချင်း ရှင်းပြပါ။<br><br>**ပညာရေးမင်္ဂလာ (၄) ပါး**<br>၁။ အကြားအမြင် ဗဟုသုတများခြင်း၊<br>၂။ တတ်သင့်တတ်ထိုက်သော အတတ်ပညာများ တတ်မြောက်ထားခြင်း၊<br>၃။ ကျင့်ဝတ်တရားများကို လိုက်နာကျင့်သုံးခြင်း၊<br>၄။ မှန်ကန်ယဉ်ကျေးသောစကားကို ပြောဆိုခြင်း။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ပညာရှိသမီးငယ် ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "တတ်ကောင်းတတ်ရာ ဟူသမျှကို၊ ကြားမြင်သုတ ရှိပါစေ" စာပိုဒ်ပါ အတတ်ပညာ ဗဟုသုတများခြင်းအကြောင်းကို ရှင်းပြပါ။<br>ဥပမာ - တတ်ကောင်းတတ်ရာဆိုတာ သားတို့၊ သမီးတို့ဘဝမှာ ငယ်စဉ်ကတည်းက ပညာရှာတတ်ဖို့ပဲ။ အခု သားတို့၊ သမီးတို့ကျောင်းတက်တာ၊ ဓမ္မစကူးလ်တက်တာ အဲဒါတွေ အကုန်လုံးက သားတို့၊ သမီးတို့ဘဝအတွက်ပဲ။ ကျောင်းနေမှ စာတတ်မယ်၊ စာတတ်မှ စာဖတ်မယ်၊ စာဖတ်မှ ကိုယ့်ဘဝအတွက် ဗဟုသုတတွေကို အများအပြား သိရှိရမယ်။ အဲဒီတော့ ကျောင်းနေတာဟာ မင်္ဂလာတရားနဲ့ ပြည့်စုံနေတာဆိုတော့ သားတို့၊ သမီးတို့တွေဟာ မင်္ဂလာရှိတဲ့ ကလေးတွေဖြစ်နေကြပြီ။ အမြဲတမ်း မင်္ဂလာရှိတဲ့ကလေးတွေ ဖြစ်အောင် ကျောင်းတက်မပျင်းရဘူး ... စသည်ဖြင့်။<br>❁ "အခု ကလေးတို့ကို စာပေလေ့လာပြီး လူကြီးတွေရဲ့ဆုံးမစကားကို အမြဲနားထောင်ပြီး ဗဟုသုတတွေ အများကြီးရှိတဲ့အတွက် မိခင်ကို ကျွန်ဘဝကလွတ်အောင် ကယ်လိုက်နိုင်တဲ့ ပညာရှိသမီးငယ် ဇာတ်လမ်းကို ပြောပြမယ်။ သေချာနားထောင်နော်"ဟု ပြော၍ အောက်ပါဇာတ်လမ်းကို ကလေးများ စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောပြပါ။<br><br>**ပညာရှိသမီးငယ်**<br>ရှေးအခါက ကုန်သည် (၇) ယောက်ဟာ မိတ်ဆွေဖွဲ့ပြီး အရပ်တကာ လှည့်လည်စီးပွားရှာနေကြတယ်။ ရလာတဲ့ ငွေတွေကို မခွဲဝေသေးဘဲ စုဆောင်းထားကြတာ ငွေငါးရာအထိ စုမိကြတယ်။ အဲဒီငွေတွေကို တချို့က ခွဲဝေချင်ပေမဲ့ တချို့ကတော့ မခွဲဝေချင်ကြသေးဘူး။ ဒါကြောင့် လက်ရှိငွေငါးရာကို သူဆင်းရဲမတစ်ယောက်ထံမှာ အပ်နှံထားပြီး ငွေ | |

| | |
|---|---|
| ခုနစ်ရာပြည့်မှ တစ်ယောက်တစ်ရာ ခွဲဝေယူကြဖို့ သဘောတူထားကြတယ်။<br>အဲဒီလို သဘောတူထားတဲ့အတိုင်း ငွေတွေကို သူဆင်းရဲမတစ်ယောက်ထံမှာ အပ်နှံထားပြီး သူတို့ (၇) ယောက်လုံး စုံစုံညီညီလာတောင်းမှ ပေးဖို့ မှာကြားခဲ့ကြတယ်။ အဲဒီနောက် ခရီးဆက်ထွက်ခဲ့ရာ သူဆင်းရဲမရဲ့ အိမ်နဲ့မနီးမဝေး၊ လှမ်းခေါ်ရင် ကြားနိုင်လောက်တဲ့နေရာ အရောက်မှာ ချောင်းတစ်ခုကို တွေ့ကြတယ်။ ကုန်သည် (၇) ယောက်ဟာ ရေချိုးဖို့ ပြင်ကြတယ်။ ဒါပေမဲ့ သူတို့မှာ ဆပ်ပြာက ပါမလာခဲ့ကြဘူး။ ဒါကြောင့် အငယ်ဆုံးကုန်သည်ကို သူဆင်းရဲမထံမှာ ဆပ်ပြာသွားတောင်းခိုင်းလိုက်တယ်။<br>အငယ်ဆုံးကုန်သည်ဟာ မရိုးသားတဲ့သူဖြစ်တာကြောင့် ဆပ်ပြာကိုသာမက ငွေငါးရာကိုပါ တောင်းပါတယ်။ သူဆင်းရဲမက "သင်တို့ (၇) ယောက်စုံမှ ပေးပါလို့ ပြောပြီး အပ်ခဲ့တာ မဟုတ်လား။ သင်တစ်ယောက်တည်း လာတာဆိုတော့ မပေးနိုင်ဘူး"လို့ ပြောလိုက်တယ်။ အဲဒီအခါ ကုန်သည်ငယ်ဟာ "သင် မယုံရင် ကုန်သည်တွေကို လှမ်းအော်မေးလိုက်ပါ"လို့ ပြောလိုက်တော့ သူဆင်းရဲမက "မိတ်ဆွေကုန်သည်တို့၊ သင်တို့တောင်းတာ ပေးလိုက်ရမလား"ဟု ဆိုပြီး အော်မေးလိုက်တယ်။ ကုန်သည်တွေကလည်း ဆပ်ပြာကိုမေးတာ ထင်ပြီး "ပေးလိုက်ပါ"လို့ ပြန်အော်ပြောလိုက်ကြတယ်။<br>အဲဒီအခါ "ကဲ ဘယ်လိုလဲ၊ ကျွန်ုပ်ပြောတာ ယုံပြီမဟုတ်လား၊ အခုချက်ချင်း ငွေငါးရာထုတ်ပေးပါ"လို့ ကုန်သည်ငယ်က ပြောတဲ့အခါ သူဆင်းရဲမက ချက်ချင်းထုတ်ပေးလိုက်တယ်။ ကုန်သည်ငယ်ဟာ ငွေငါးရာကို ယူကာ ထွက်ပြေးသွားပါတော့တယ်။ ကုန်သည်ငယ် ပျောက်သွားတဲ့အတွက် ကျန်တဲ့ကုန်သည် (၆) ယောက်ဟာ မသင်္ကာဖြစ်ပြီး သူဆင်းရဲမထံကို သွားမေးကြတယ်။ သူဆင်းရဲမက အကြောင်းစုံကို ပြောပြတဲ့အခါ ကုန်သည်တွေက "ဘာဖြစ်လို့ ပေးလိုက်ရတာလဲ၊ ငါတို့ငွေတွေကို အလျော်ပေးပါ"လို့ ပြောဆိုကြပါတယ်။<br>သူဆင်းရဲမဟာ ငွေတွေကို အလျော်မပေးနိုင်တဲ့အတွက် ကုန်သည်တွေက ဘုရင်ကို တိုင်ကြားကြတယ်။ ဘုရင်က အသေအချာ စစ်ဆေးမေးမြန်းခြင်းမပြုဘဲ အလျော်ပေးစေပါတယ်။ သူဆင်းရဲမက အလျော်မပေးနိုင်ကြောင်းပြောတဲ့အခါ ကုန်သည်တွေထံမှာ တစ်လှည့်စီ အလုပ်လုပ်ပေးရန် အမိန့်ချလိုက်တယ်။ အဲဒီအချိန်ကစပြီး သူဆင်းရဲမဟာ ကုန်သည် (၆) ယောက်ဆီမှာ တစ်လှည့်စီ အလုပ်လုပ်ပေးနေရပါတယ်။<br>သူဆင်းရဲမရဲ့ သမီးလေးကလည်း မိခင်နဲ့အတူ လိုက်ပါနေထိုင်ရင်း ကြီးပြင်းလာရတယ်။ သမီးလေးက ဆင်းရဲပေမဲ့ လိမ္မာပြီး စာပေကြိုးစားသင်ယူပါတယ်။ ပညာရှိတွေရဲ့ ဆုံးမစကားတွေကိုလည်း အမြဲနားထောင်လေ့ရှိတယ်။ ဒါကြောင့် အရွယ်ရောက်လာတဲ့အခါ အသိဉာဏ်ဗဟုသုတ ပြည့်စုံကြွယ်ဝသူတစ်ယောက် ဖြစ်လာခဲ့တယ်။<br>သမီးလေးအသက် (၁၈) နှစ်အရွယ်ရောက်တဲ့အခါ အမေဖြစ်သူ မတရားခံနေရတာကို သိလာတယ်။ ဒါကြောင့် သူ့အမေကို "အမေ ... သူများတွေမှာ အလုပ်ရှင်တစ်ယောက်ပဲ ရှိတယ်။ အမေ့မှာတော့ အလုပ်ရှင် (၆) ယောက်တောင် ရှိနေတယ်။ အဲဒါ ဘာဖြစ်လို့လဲ"လို့ မေးလိုက်တယ်။ အဲဒီအခါ အမေဖြစ်သူက အကြောင်းစုံကို ပြောပြလိုက်တယ်။ ဗဟုသုတကြွယ်ဝတဲ့သမီးလေးဟာ ဘုရင်ထံကိုသွားပြီး သူ့အမေရဲ့အမှုကို ပြန်လည်စစ်ဆေးပေးဖို့ တောင်းဆိုခဲ့တယ်။<br>ဘုရင်လည်း ကုန်သည်တွေကို ပြန်လည်ဆင့်ခေါ်လိုက်တယ်။ ကုန်သည်တွေ ရောက်လာတဲ့အခါ သမီးငယ်လေးဟာ ဘုရင်ထံမှ ငွေငါးရာ ခဏချေးလိုက်တယ်။ အဲဒီငွေထုပ်ကို ကိုင်ပြီး "ကုန်သည်တို့၊ ကျွန်မရဲ့အမေဟာ သင်တို့ရဲ့ငွေကို မပေးနိုင်လို့ သင်တို့ထံမှာ အလုပ်လုပ်ပေးနေရတယ်။ အဲဒီငွေပြန်ပေးရင် အမေ့ကို အလုပ်ကနေ နုတ်ထွက်ခွင့်ပေးနိုင်မလား" လို့ မေးလိုက်တယ်။ ကုန်သည်တွေက ခွင့်ပြုနိုင်ကြောင်း ကတိပေးကြတယ်။ အဲဒီအခါ | |

သမီးငယ်က "ဒါဆို အခု ငွေတွေကို ပြန်ပေးပါ့မယ်။ ဒါပေမဲ့ ငွေလာအပ်တဲ့အချိန်က လာအပ်သူ (၇) ယောက် ဖြစ်တယ်။ ဒါကြောင့် (၇) ယောက်ပြည့်အောင် စုပြီးလာမှ ပေးနိုင်မယ်"လို့ ပြောလိုက်တဲ့အခါ ကုန်သည်တွေ အခက်တွေ့သွားကြတယ်။ ငွေခိုးပြေးသွားတဲ့ ကုန်သည်ငယ်ကို တွေ့အောင် မရှာနိုင်တဲ့အတွက် အမှုကို အရှုံးပေးလိုက်ရတော့တယ်။

သမီးငယ်လေးဟာ မိခင်ရဲ့အမှုကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်ဖြေရှင်းပေးလိုက်တဲ့အတွက် အမတ်တွေအားလုံးက ချီးကျူးပြောဆိုကြတယ်။ "ဒီသမီးငယ်ဟာ အကြားအမြင်များတယ်။ တရားအရာ ကျွမ်းကျင်တယ်။ သူ့ကိုတိုင်ပင်ပြီး တိုင်းရေးပြည်ရာစီရင်ရရင် အတော်ကောင်းမှာပဲ"လို့ ပြောဆိုနေကြပါတယ်။ ဘုရင်ကလည်း "ငါ စီရင်ခဲ့တဲ့ အမှုဟာ မှားသွားခဲ့ပါလား။ ငါ့အမှားကို ပြန်လည်အလျော်ပေးတဲ့အနေနဲ့ ချေးထားတဲ့ ငွေငါးရာကို အပိုင်ယူစေ" ဆိုပြီး အမိန့်ချမှတ်လိုက်တယ်။ သမီးငယ်လေးကိုလည်း သူ့ရဲ့ဉာဏ်ပညာ ထက်မြက်မှုကို သဘောကျတဲ့အတွက် မိဖုရားမြှောက်လိုက်ပါတယ်။ ဆင်းဆင်းရဲရဲ အသက်မွေးခဲ့ရတဲ့ သူဆင်းရဲသမီးငယ်လေးဟာ ပညာဗဟုသုတ ကြွယ်ဝတဲ့အတွက် မိဖုရားကြီး ဖြစ်သွားပြီး မိခင်နဲ့အတူ ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားခဲ့ပါတော့တယ်။

မှီငြမ်း ။ ။ ခမ္မဂန် ဇာတ်စာနှင့် ပုရာဏ်ကျမ်း (ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး)။ မင်းယုဝေ ဉစ်ဖြော မင်္ဂလာပုံပြင်များ။

- ဇာတ်လမ်းပြောပြီးသောအခါ အောက်ပါမေးခွန်းများ မေးပါ။
  - ကုန်သည် (၇) ယောက်ဟာ သူတို့ငွေတွေကို ဘယ်သူ့ဆီမှာ အပ်နှံကြသလဲ။
  - ဘယ်လိုပြောပြီး အပ်နှံကြသလဲ။
  - ကုန်သည်ငယ်ဟာ ငွေတွေကို ဘယ်လိုလိမ်ညာပြီး ယူပြေးသွားသလဲ။
  - မင်းကြီးက သူဆင်းရဲမကို ဘယ်လို အမိန့်ချမှတ်ခဲ့သလဲ။
  - သူဆင်းရဲမ ကျွန်ဘဝကနေ လွတ်မြောက်အောင် ဘယ်သူက ကယ်တင်လိုက်သလဲ။
  - သမီးငယ်ဟာ ကျွန်ဘဝက လွတ်မြောက်အောင် ဘယ်လို ကယ်တင်ပေးခဲ့တာလဲ။
  - ဘာကြောင့် ကယ်တင်နိုင်တာလဲ။ (ပညာဗဟုသုတကြွယ်ဝလို့)

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွှတ်များ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "ပထမအချိန်တုန်းက ဆိုခဲ့တဲ့ကဗျာထဲမှာ 'အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့ အသက်မွေးဖို့ အတတ်သင်လေ' ဆိုတဲ့အပိုဒ်က ဘာဆိုလိုတယ်ဆိုတာ သားတို့၊ သမီးတို့ သိတယ်နော်။ အခု အသက်မွေးဝမ်းကြောင်း အတတ်ပညာတွေနဲ့ ပတ်သက်ပြီး သားတို့၊ သမီးတို့ ဘယ်နမျိုးလောက် သိသလဲဆိုတာ စဉ်းစားခိုင်းမယ်" စသည်ဖြင့် နိဒါန်းပျိုးပြီး ကလေးများကို အုပ်စု (၅) စု ဖွဲ့၍ စာရွက်လွှတ်များ ဝေပေးပါ။<br>❁ အုပ်စုအသီးသီးကို အသက်မွေးဝမ်းကြောင်း အလုပ်အကိုင်များကို သိသလောက် စဉ်းစားပြီး စာရွက်အလွှတ်ပေါ်တွင် ချရေးကြပါစေ။<br>❁ အလုပ်အရေအတွက် အများဆုံး စဉ်းစားနိုင်သောအုပ်စုက အနိုင်ရမည်ဖြစ်ကြောင်း ပြောပြထားပါ။ | |

| | |
|---|---|
| • ထို့နောက် အလုပ်အမည်များကို တစ်ခုချင်း ဖတ်ပြပြီး အလုပ်မှန်သမျှ တန်ဖိုးရှိသည်သာ ဖြစ်ကြောင်း၊ မည်သည့်အတတ်ပညာ၊ အလုပ်အကိုင်ကိုမျှ အထင်မသေးသင့်ကြောင်း၊ အတတ်ပညာနှင့် အလုပ်အကိုင်အားလုံးသည် မင်္ဂလာရှိကြောင်း စသည်ဖြင့် ပြောပြပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ တပည့်ကျင့်ဝတ်ကဗျာ၊ သားသမီးကျင့်ဝတ်ကဗျာ၊ အလှဆုံးကဗျာနှင့် ပညာရေးမင်္ဂလာကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • "ရှေ့စာသင်ချိန်တွေမှာ ပညာရေးမင်္ဂလာ (၄) ပါးထဲက (၂) ပါးကို ရှင်းပြခဲ့တယ်။ အခု နောက်ဆုံး (၂) ပါးအကြောင်း ပြောပြမယ်"ဟု ပြောပြီး စာသင်ချိန်ကို စတင်ပါ။<br>• "သားတို့၊ သမီးတို့က အခုဆိုရင် ကျောင်းသားတွေဖြစ်တဲ့အတွက် တပည့်ကျင့်ဝတ်ကို လိုက်နာရမယ်။ နောက်ပြီး သားတွေ၊ သမီးတွေဖြစ်နေတဲ့အတွက်လည်း သားသမီးဝတ်ကို လည်း ကျေပွန်ကြရမယ်။ ကျင့်ဝတ်ကို နောက်တစ်မျိုးနားလည်အောင် ပြောရရင် စည်းကမ်းပဲ။ အိမ်မှာ အိမ်စည်းကမ်းရှိသလို၊ ကျောင်းမှာလည်း ကျောင်းစည်းကမ်းရှိတယ်၊ အဲဒီလိုပဲ လမ်းမှာလည်း လမ်းစည်းကမ်းရှိတယ်။ စည်းကမ်းတွေက သူ့နေရာနဲ့သူ ရှိတယ်။ စည်းကမ်းတွေကို သေချာလိုက်နာကျင့်သုံးမှ မင်္ဂလာရှိတဲ့လူတွေ ဖြစ်လိမ့်မယ်" စသည်ဖြင့်ပြောပြီး တပည့်ကျင့်ဝတ်နှင့် သားသမီးကျင့်ဝတ်ကဗျာကို ပြန်လည်ရွတ်ဆိုကြပါစေ။<br><br>**တပည့်ကျင့်ဝတ်**<br>ညီညာထကြွ၊<br>ဆုံးမနာယူ၊ လာမူကြိုဆီး၊<br>ထံနီးလုပ်ကျွေး၊ သင်တွေးအံရွတ်၊<br>တပည့်ဝတ်၊ မချွတ်ငါးခုသာ။ ။<br><br>**သားသမီးကျင့်ဝတ်**<br>ကျွေးမွေးမပျက်၊<br>ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊<br>လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊<br>ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။ ။<br><br>• ကဗျာတစ်ပုဒ်ရွတ်ဆိုပြီးတိုင်း ကဗျာအဓိပ္ပာယ်ကို ပြန်လည်ရှင်းပြပြီး ကျင့်ဝတ်များကို လိုက်နာကျင့်သုံးခြင်းသည် မင်္ဂလာရှိကြောင်း ရှင်းပြပါ။<br>• ထို့နောက် ပညာရေးမင်္ဂလာ (၄) ပါးအနက် နောက်ဆုံးမင်္ဂလာကို ရှင်းပြပါ။ ပထမတန်း တွင် သင်ခဲ့သော သစ်ခုတ်သမားဇာတ်လမ်း၊ ဒုတိယတန်းတွင် သင်ခဲ့သော ရွှေငါးကြီး | |

| | |
|---|---|
| ဇာတ်လမ်းနှင့် နန္ဒိဝိသာလဇာတ်လမ်းတို့ကို ပြန်လည်ချိတ်ဆက် ပြောပြီး စကားပြောဆိုရာတွင် မှန်မှန်ကန်ကန်၊ ယဉ်ယဉ်ကျေးကျေးနှင့် ချိုချိုသာသာ ပြောဆိုရမည်ဖြစ်ကြောင်း အနှစ်ချုပ်ပေးပါ။<br>• ဒုတိယတန်း သင်ခန်းစာ (၃၇) တွင် သင်ပြီးခဲ့သော အောက်ပါကဗျာကို စုပေါင်းရွတ်ဆိုပါ။<br><br>**အလှဆုံး**<br>စကားပြောဆို ချိုချိုသာ၊<br>သမီးအလိမ္မာ။<br>(စကားပြောဆို ချိုချိုသာ၊<br>သားသား အလိမ္မာ။)<br>ယဉ်ကျေးသူမှာ မျက်နှာပြုံး၊<br>သမီး အလှဆုံး။<br>(ယဉ်ကျေးသူမှာ မျက်နှာပြုံး၊<br>သားသား အလှဆုံး)။ ။<br><br>• ထို့နောက် ပညာရေးမင်္ဂလာ (၄) ပါးကို အနှစ်ချုပ်ရှင်းပြ၍ ပညာရေးမင်္ဂလာကဗျာကို ရွတ်ဆိုပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

## သင်ခန်းစာ (၁၄)

သင်ခန်းစာခေါင်းစဉ် ။ ။ ပြုစုလုပ်ကျွေးရေးနှင့် အသက်မွေးမှုမင်္ဂလာ
သင်ယူမှုဦးတည်ချက် ။ ။ ပြုစုလုပ်ကျွေးရေးနှင့် အသက်မွေးမှုမင်္ဂလာများကို သိရှိစေရန်နှင့် လိုက်နာကျင့်သုံးတတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မင်္ဂလာကဗျာများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "သားတို့၊ သမီးတို့ကို မင်္ဂလာတရား (၃၈) ပါးရှိတယ်လို့ ပြောခဲ့ပြီးပြီနော်။ အဲဒီ မင်္ဂလာတရား (၃၈) ပါးထဲက ဘယ်မင်္ဂလာတွေကို သင်ပြီးခဲ့ပြီလဲ။ မှတ်မိသလောက် ပြန်ပြောပြပါလား"။<br>❁ ပြီးနောက် သင်ခဲ့ဖူးသော မင်္ဂလာကဗျာ (၃) ပုဒ်ကို ပြန်လည်ရွတ်ဆိုကြပါစေ။<br>❁ သင်ခဲ့ပြီးသော မင်္ဂလာတရား (၁၀) ပါးကို ကလေးများ မှတ်မိအောင် ပြန်ပြောပြပါ။<br><br>**ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ(၃) ပါး**<br>၁။ လူမိုက်ကို မပေါင်းသင်းရေး၊<br>၂။ ပညာရှိလူလိမ္မာကို မှီဝဲဆည်းကပ်ရေး၊<br>၃။ ပူဇော်ထိုက်သူကို ပူဇော်ရေး။<br><br>**နေထိုင်ရေးမင်္ဂလာ (၃) ပါး**<br>၁။ သင့်တော်ကောင်းမွန်တဲ့အရပ်မှာ နေထိုင်ရေး၊<br>၂။ ရှေးကပြုဖူးတဲ့ ကုသိုလ်ကောင်းမှုရှိရေး၊<br>၃။ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ရေး။<br><br>**ပညာရေးမင်္ဂလာ (၄) ပါး**<br>၁။ အကြားအမြင် ဗဟုသုတများခြင်း၊<br>၂။ တတ်သင့်တတ်ထိုက်သော အတတ်ပညာများ တတ်မြောက်ထားခြင်း၊<br>၃။ ကျင့်ဝတ်တရားများကို လိုက်နာကျင့်သုံးခြင်း၊<br>၄။ မှန်ကန်ယဉ်ကျေးသောစကားကို ပြောဆိုခြင်း။<br><br>❁ ထို့နောက် သင်ခဲ့ပြီးသော မင်္ဂလာကဗျာများကို အနှစ်ချုပ် ပြန်လည်ရှင်းပြပေးပြီး ကဗျာရွတ်ဆိုရင်း စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ပြုစုလုပ်ကျွေးရေးနှင့် အသက်မွေးမှုမင်္ဂလာ ကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "ရှေ့ကသင်ခဲ့တဲ့ မင်္ဂလာတရား (၁၀) ပါးကိုလည်း ပြန်မှတ်မိပြီဆိုတော့ အခု ပြုစုလုပ်ကျွေးရေးနဲ့ဆိုင်တဲ့ မင်္ဂလာတရား (၃) ပါးကို ထပ်ပြောပြမယ်။ မပြောပြခင် ကဗျာကို အရင်ဆိုကြည့်ရအောင်" စသည်ဖြင့်ပြော၍ ပြုစုလုပ်ကျွေးရေးနှင့် အသက်မွေးမှုမင်္ဂလာ ကဗျာကို သင်ပေးပါ။<br><br>**ပြုစုလုပ်ကျွေးရေးနှင့် အသက်မွေးမှုမင်္ဂလာ**<br>မြင်းမိုရ်ရွှေတောင် မိဘကြွေးကို၊<br>ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။<br>ကြွေးသစ်ချကာ သားနှင့်မယားကို၊<br>မြောက်စားချီးမြှင့် ဝတ်ကုန်စေ။<br>အလုပ်တာဝန် မလစ်ဟင်းနဲ့၊<br>အပြစ်ကင်းအောင် လုပ်ပါလေ။<br>စည်းစိမ်ကိုပေး ပြုစုရေး၊<br>မျှော်တွေး သုံးချက်ပေ။<br>အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။ ။<br><br>❁ ကဗျာရွတ်ဆိုပြီးပါက ကဗျာအဓိပ္ပာယ်နှင့် ကဗျာပါအကြောင်းအရာများကို တစ်ပိုဒ်ချင်း ရှင်းပြပါ။<br><br>**ပြုစုလုပ်ကျွေးရေးနှင့် အသက်မွေးမှုမင်္ဂလာ (၃) ပါး**<br>၁။ မိဘများကို ကျေးဇူးဆပ်ရခြင်း (မိဘများကို ပြုစုလုပ်ကျွေးရခြင်း)၊<br>၂။ သားသမီး၊ ဇနီးမယားတို့ကို လုပ်ကိုင်ကျွေးမွေးရခြင်း၊<br>၃။ အပြစ်ကင်းသော (မိမိ၊ သူတစ်ပါး မထိခိုက်သော) အလုပ်များကို လုပ်ကိုင်ခြင်း။ | |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မိဘပြုစုသော ဆင်လိမ္မာလေး ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❋ အောက်ပါဇာတ်လမ်းကို ကလေးများ စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောပြပါ။<br><br>**မိဘပြုစုသော ဆင်လိမ္မာလေး**<br>ဟိုးရှေးရှေးတုန်းက အလွန်လှပတဲ့ တောကြီးတစ်ခုမှာ မျက်မမြင်မိဘနှစ်ပါးကို ကြင်နာစွာ လုပ်ကျွေးပြုစုနေတဲ့ ဆင်ဖြူတော်လေးတစ်စီး ရှိတယ်။ ဆင်ဖြူတော်လေးဟာ နေ့စဉ်မိဘတွေကို ရှာဖွေကျွေးမွေးတဲ့အပြင် စိတ်ချမ်းသာအောင်လည်းထားတယ်။ မိဘရဲ့ဆိုဆုံးမမှုကိုလည်း အမြဲနာခံတယ်။ တစ်နေ့မှာ တောလိုက်မုဆိုးတစ်ယောက်က မျက်စိလည် လမ်းမှားပြီး ငိုနေတာကို ဆင်ဖြူတော်လေး သိသွားတယ်။ ဒါနဲ့ ဆင်ဖြူတော်လေးက မုဆိုးကို သနားသွားပြီး သူ့ကျောပေါ်ကိုတင်ကာ အိမ်ပြန်လမ်းအရောက် လိုက်ပို့ပေးခဲ့တယ်။<br>ဒါပေမဲ့ ကျေးဇူးကန်းတဲ့မုဆိုးကတော့ အိမ်ပြန်ရောက်တဲ့အချိန်မှာ နန်းတော်ထဲကိုသွားပြီး တောထဲမှာ ဆင်ဖြူတော်တစ်စီးကို တွေ့ခဲ့တဲ့အကြောင်း ဘုရင်ကြီးကို သတင်းပေးခဲ့တယ်။ ဘုရင်ကြီးကလည်း ဆင်ထိန်းတွေကိုခေါ်ပြီး ဆင်ဖြူတော်လေးကို ဖမ်းခိုင်းလိုက်တယ်။<br>အဲဒီနောက် ဆင်ဖြူတော်လေးကို နန်းတော်ထဲမှာထားပြီး စားကောင်းသောက်ဖွယ်တွေ ကျွေးမွေးတယ်။ ဒါပေမဲ့ ဆင်ဖြူတော်လေးက စားကောင်းသောက်ဖွယ်တွေကို မစားတဲ့အပြင် မှိုင်တွေနေတယ်။ ဒါကြောင့် ဘုရင်ကြီးက ဆင်ဖြူတော်လေးကို "ဘာဖြစ်လို့ အစာမစားတာလဲ"လို့ မေးလိုက်တယ်။ အဲဒီအခါမှာ ဆင်ဖြူတော်လေးက "မင်းကြီး၊ ကျွန်ုပ်ဟာ မျက်မမြင်မိဘနှစ်ပါးကို လုပ်ကျွေးနေရတဲ့သူ ဖြစ်ပါတယ်။ ကျွန်ုပ်မရှိတဲ့အတွက် ကျွန်ုပ်ရဲ့မိဘနှစ်ပါး ဘယ်လိုများ နေနေကြပါလိမ့်လို့ တွေးမိပြီး အစာမစားနိုင် ဖြစ်နေပါတယ်"လို့ ဘုရင်ကြီးကို ပြန်လည်ဖြေကြားလိုက်တယ်။<br>ဘုရင်ကြီးလည်း မိဘကို လုပ်ကျွေးနေတဲ့ ဆင်ဖြူတော်လေးကို လေးစားသွားတယ်။ ဒါနဲ့ပဲ မင်းချင်းတွေကို ခေါ်ပြီး ဆင်ဖြူတော်လေးကို တောထဲ ပြန်ပို့ခိုင်းလိုက်တယ်။ ဆင်ဖြူတော်လေးလည်း ဝမ်းသာအားရစွာ တောထဲကို ပြန်ရောက်သွားပြီး မိဘတွေကို လုပ်ကျွေးပြုစုရင်း သက်ဆုံးတိုင် ပျော်ရွှင်စွာ နေထိုင်သွားတော့တယ်။<br>မှီငြမ်း။ ။ မာတုပေါသကဇာတ် ပုံတော်စုံ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ တတိယတွဲ၊ ၇၄၂ ဇာ၊ ၌၊ ၄၊ ၉၁။<br><br>❋ ဇာတ်လမ်းပြောပြီးလျှင် အောက်ပါမေးခွန်းများကို မေးပါ။<br>- ဆင်ဖြူတော်လေးက မိဘတို့ကို ဘယ်လိုပြုစုလုပ်ကျွေးသလဲ။<br>- ဆင်ဖြူတော်လေး နန်းတော်ထဲကို ဘာကြောင့် ရောက်သွားတာလဲ။<br>- နန်းတော်ထဲမှာ သူပျော်သလား။ ဘာကြောင့်လဲ။<br>- ဆင်ဖြူတော်လေးက ဘုရင်ကြီးကို ဘယ်လိုရှင်းပြလိုက်သလဲ။<br>- နောက်ဆုံးမှာ ဆင်ဖြူတော်လေး ဘယ်ကို ပြန်ရောက်သွားလဲ။<br>- ဆင်ဖြူတော်လေးကို သားတို့၊ သမီးတို့ အနေနဲ့ ဘယ်လိုမြင်သလဲ။<br>(ဖြေလိုသောသူကို မတ်တတ်ထစေ၍ ဖြေတတ်သလို ဖြေပါစေ။) | |

စာသင်ချိန် (၄) ၊ ၊ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ၊ ၊ စာရေးရန် စာရွက်ကြီးများနှင့် ဆော့ပင်များ၊ သားသမီးကျင့်ဝတ် ကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • "သားတို့၊ သမီးတို့ကို ဆင်ဖြူတော်လေးရဲ့ မိဘကျေးဇူးဆပ်တဲ့ဇာတ်လမ်းကို ပြောပြပြီးပြီနော်" စသည်ဖြင့် ပြောကာ စာသင်ချိန်ကို စတင်ပါ။<br>• ထို့နောက် အောက်ပါ သားသမီးကျင့်ဝတ် ကဗျာကို ရွတ်ဆိုကြပါစေ။<br><br>**သားသမီးကျင့်ဝတ်**<br>ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊<br>မွေခံထိုက်စေ၊ လှူမျှဝေ၍၊<br>စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊<br>ကျင့်ဖွယ်သားတို့တာ။ ။<br><br>• ရွတ်ဆိုပြီးသောအခါ ကလေးများကို သင့်လျော်သလို အုပ်စုဖွဲ့၍ "အခု သားတို့၊ သမီးတို့ ဆိုရင်ရော မိဘကျေးဇူးကို ဘယ်လိုနည်းနဲ့ ဆပ်ကြမလဲဆိုတာကို စိတ်ထဲမှာရှိတဲ့အတိုင်း ချရေးကြည့်ရအောင်"ဟု ပြောပြီး အုပ်စုဖွဲ့ဆွေးနွေးကြပါစေ။<br>• အုပ်စုတွင်းဆွေးနွေးပြီးပါက အုပ်စုကိုယ်စားလှယ်တစ်ယောက်က မိမိတို့အုပ်စု ဆွေးနွေးထားသည်များကို ပြန်လည်ပြောပြကြပါစေ။<br>• ပြီးလျှင် "မြတ်စွာဘုရားတောင်မှ မိဘကျေးဇူးကို ကျေအောင်ဆပ်ခဲ့တယ်။ သားတို့၊ သမီးတို့အနေနဲ့ မိဘစကားနားထောင်တာ၊ မိဘကိုကူညီတာ၊ ကျောင်းမှန်မှန်တက်တာ၊ စာမှန်မှန်ကျက်တာ စတာတွေဟာ မိဘကျေးဇူးကို အခုအချိန်မှာ တတ်နိုင်သလောက် ဆပ်နေကြတာပဲ။ သားတို့၊ သမီးတို့ အရွယ်ရောက်လာတဲ့အခါမှာလည်း တတ်နိုင်တဲ့ဘက်က ကျေးဇူးဆပ်ကြရမယ်။ အဲဒါဆိုရင် မင်္ဂလာရှိတဲ့၊ မင်္ဂလာတရားနဲ့အညီ နေထိုင်တဲ့သူတွေ ဖြစ်လာကြမှာပဲ" စသည်ဖြင့်ပြောပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

## သင်ခန်းစာ (၁၅)

သင်ခန်းစာခေါင်းစဉ် ။ ။ မကောင်းမှုများ ရှောင်ရှားမယ်

သင်ယူမှုဦးတည်ချက် ။ ။ မိမိပြုခဲ့ဖူးသော အကုသိုလ်ကံသည် ဘဝများစွာသို့ အရိပ်ပမာလိုက်၍ အကျိုးပေးတတ်ကြောင်း သိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မဲလိပ်များ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ သူတစ်ပါးကို မကောင်းကြံမှုကြောင့် မိမိလက်ရှိဘဝမှာပင် ဒုက္ခရောက်ရသော အဖြစ်အပျက်များကို ကြားဖူး၊ မြင်ဖူးပါက ပြောကြားရန် ကလေး (၃) ဦးခန့်ကို ဖိတ်ခေါ်ပါ။ (ဘယ်တုန်းက ဘယ်သူက ဘယ်သူ့ကို ဘာလုပ်လိုက်တာ။ နောက်ဆုံး သူဘာဖြစ်သွားသလဲ ... စသည်ဖြင့်။)<br>❁ ကလေးများ၏ အတွေ့အကြုံများ ပြောပြီးပါက ဆရာကလည်း မိမိအတွေ့အကြုံကို ပြောပြပါ။<br>❁ ထို့နောက် ယောကျ်ားလေး၊ မိန်းကလေး မျှ၍ အုပ်စု (၄) စု ဖွဲ့ပါ။<br>❁ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက မိမိတို့ စဉ်းစားရမည့်ခေါင်းစဉ်ကို မဲနှိုက်ကြပါစေ။<br>စဉ်းစားရမည့်ခေါင်းစဉ် (၂) ခု - မကောင်းသောအပြုအမူများ။<br>- ကောင်းသောအပြုအမူများ။<br>❁ ခေါင်းစဉ်တစ်ခုကို အုပ်စု (၂) ခုစီ စဉ်းစားရမည်။ မိမိတို့ စဉ်းစားထားသည်များကို ချရေးထားကြပါစေ။ (ကလေးများရေးသားရန် အခက်အခဲရှိပါက နှုတ်ဖြင့်သာ ပြောပြကြပါစေ။)<br>❁ စဉ်းစားပြီးသောအခါ မိမိတို့ စဉ်းစားထား၊ ချရေးထားသည်များကို အုပ်စုကိုယ်စားလှယ်များက အတန်းရှေ့သို့ထွက်၍ ပြောပြကြပါစေ။<br>❁ ကလေးများပြောသောအဖြေများကို မှတ်သားထားပြီး လိုအပ်သလို အနှစ်ချုပ်ပြောပေးပါ။ | အကယ်၍ ကလေးများ ပြောရန် အခက်အခဲ ဖြစ်နေလျှင် ဆရာက ဦးစွာ ပြောပြပေးပါ။ |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မကောင်းမှုများ ရှောင်ရှားမယ် ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|

❁ "သားတို့၊ သမီးတို့က ကောင်းတဲ့အပြုအမူတွေနဲ့ မကောင်းတဲ့အပြုအမူတွေကို သိသွားကြပြီ၊ အခု ဆရာက ဆေးဆရာတစ်ယောက်ရဲ့အကြောင်းကို ပြောပြမယ်"စသည်ဖြင့် ဆိုကာ အောက်ပါဇာတ်လမ်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောပြပါ။

## မကောင်းမှုများ ရှောင်ရှားမယ်

ဟိုးရှေးရှေးတုန်းက ကျေးရွာတွေကို လှည့်လည်ပြီး ဆေးကုသနေတဲ့ ဆေးဆရာတစ်ယောက် ရှိပါတယ်။ ဆေးဆရာဟာ ရွာတွေကို လှည့်လည်ဆေးကုရင်း ရွာတစ်ရွာကို ရောက်လာခဲ့တယ်။ အဲဒီရွာမှာ မျက်စိမမြင်တဲ့ သူဆင်းရဲမတစ်ယောက် ရှိတယ်။ သူဆင်းရဲမက သူ့မျက်စိတွေကို ပြန်မြင်လာအောင် ကုသပေးဖို့ တောင်းပန်ခဲ့တယ်။ ဆေးဆရာက "သင့်မျက်စိတွေ မြင်လာအောင် ကုပေးမယ်။ အဲဒီအတွက် ငါ့ကို ဘာပြန်ပေးမလဲ"လို့ မေးတော့ သူဆင်းရဲမက "ကျွန်မရဲ့မျက်စိတွေကိုသာ ပြန်မြင်အောင် ကုသပေးရင် ကျွန်မရဲ့သားသမီးတွေနဲ့အတူ ဆရာ့ဆီမှာ အလုပ်အကျွေးပြုပါ့မယ်"လို့ ကတိပေးလိုက်တယ်။

အဲဒီလို သဘောတူညီချက်ယူပြီး ဆေးဆရာက သူဆင်းရဲမကို စတင် ဆေးကုသပေးပါတယ်။ ဆေးက အစွမ်းထက်တဲ့အတွက် တစ်ကြိမ်ခတ်လိုက်တာနဲ့ သူဆင်းရဲမရဲ့ မျက်စိတွေဟာ ပြန်မြင်သွားပါတယ်။ ဒါပေမဲ့ သူဆင်းရဲမက ဆေးဆရာထံမှာ အလုပ်လုပ်ပေးရမှာကြောက်တာနဲ့ ဆေးဆရာ ရောက်လာတိုင်း ပြန်မမြင်ရသေးကြောင်း၊ အရင်ကထက် ပိုဆိုးလာကြောင်း လိမ်ညာပြောဆိုပါတယ်။ လိမ်ညာနေတာကို ရိပ်မိတဲ့ ဆေးဆရာဟာ မျက်စိကန်းတတ်တဲ့ဆေး ဖော်စပ်ပြီး လိမ်ညာတဲ့ သူဆင်းရဲမကို ခတ်ပေးလိုက်တယ်။

လိမ်ညာတဲ့သူဆင်းရဲမဟာ ဆေးဆရာပေးလိုက်တဲ့ဆေးကို ခတ်လိုက်တဲ့အခါ မျက်စိနှစ်ဖက်လုံးဟာ မီးတောက်လို ပူလောင်ပြီး ပေါက်ထွက်ကုန်ပါတော့တယ်။ ကတိမတည်ဘဲ လိမ်ညာတဲ့သူဆင်းရဲမကို မျက်စိကန်းသွားအောင် ပြုလုပ်ခဲ့တဲ့ ဆေးဆရာဟာ အဲဒီမကောင်းမှု အကုသိုလ်ကြောင့် မြတ်စွာဘုရားလက်ထက်မှာ မျက်စိကန်းတဲ့ ရဟန်းတစ်ပါး ဖြစ်သွားရပါတယ်။

> "သဘောတူညီချက်" ဆိုတဲ့စကားကို ကလေးတို့ နားလည်သလား"ဟု ပြန်မေးပါ။ ကလေးများ နားမလည်လျှင် နားလည်လွယ်သော စကားလုံးများဖြင့် ဆရာက ရှင်းပြပါ။

မိုးငြိမ်း။ ။ စက္ခုပါလမထေရ်ဝတ္ထု၊ ဓမ္မပဒဝတ္ထု၊ မြန်မာပြန်၊ ပထမတွဲ၊ ၁။ ဓမ္မပဒ၊ ၄၊ ၁။ ၂။

❁ အောက်ပါမေးခွန်းများဖြင့် ဆွေးနွေးပါ။

- ကုသိုလ်ဆိုတာ ဘာကိုပြောတာလဲ။ သားတို့၊ သမီးတို့ ဘယ်လိုနားလည်သလဲ။
- အကုသိုလ်ဆိုတာကရော ဘာကိုပြောတာလဲ။
- ဇာတ်လမ်းထဲမှာ ဆေးဆရာဟာ ဘယ်လို အကုသိုလ်ကို လုပ်ခဲ့သလဲ။
- ဆေးဆရာဘဝမှာ ပြုလုပ်ခဲ့တဲ့ အကုသိုလ်ဟာ ဘယ်ဘဝမှာ လာအကျိုးပေးသလဲ။
- အဲဒီအကုသိုလ်ကြောင့် နောက်ဆုံးဘဝမှာ ဘာဖြစ်သွားသလဲ။
- ကိုယ်ပြုလုပ်လိုက်တဲ့ အကုသိုလ်ကံဟာ တစ်ဘဝတည်းကိုပဲ အကျိုးပေးတာလား။ ဘဝများစွာ အကျိုးပေးတတ်တာလား။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
| --- | --- |
| • ကလေးများအား အလင်းရောင်ရှိသော စာသင်ခန်းပြင်ပသို့ ခေါ်ထုတ်ပါ။ (နေရောင်ခြည်ရှိလျှင် အကောင်းဆုံး ဖြစ်ပါသည်။)<br>• ကလေးများအား နေရောင်ခြည်ကြောင့် မိမိတို့၏ အရိပ်ဖြစ်ပေါ်နေမှုကို လေ့လာပါစေ။<br>• ထို့နောက် တစ်ဦး၏အရိပ်ကို တစ်ဦးက လိုက်၍ နင်းပါစေ။ ထိုနည်းအတိုင်း ပြေးလွှား ဆော့ကစားကြပါစေ။<br>• ကစားပြီးလျှင် ဤကစားနည်းမှ မည်သို့ခံစားရကြောင်း မေးပါ။<br>• နောက်ဆုံးတွင် အရိပ်နှင့်လူ ခွဲ၍မရသကဲ့သို့ မိမိပြုလုပ်ထားသော အကုသိုလ်ကံကိုလည်း အခြားသူထံ ပေး၍မရကြောင်း၊ အကုသိုလ်ကံဟူသည်မှာ ပြုလုပ်ထားသူနောက်သို့ အရိပ်ပမာ လိုက်နေမည်သာဖြစ်ကြောင်း၊ လူတစ်ဦး ပြုလုပ်ထားသော အကုသိုလ်ကံကို အခြားသူကို ပေး၍မရသကဲ့သို့ အခြားသူကလည်း ယူ၍မရနိုင်ကြောင်း၊ ထို့ကြောင့် အကုသိုလ်မပြုလုပ်မိစေရန် မိမိကိုယ်မိမိ ထိန်းသိမ်းနေထိုင်ရန် လိုအပ်ကြောင်းတို့ကို အထက်ပါ ဇာတ်လမ်းနှင့် ပြန်လည်ချိတ်ဆက် ပြောကြားပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။ | ကလေးတစ်ဦးစီ ဖြေဆိုကြပါစေ။ |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ကာယဒုစရိုက် (၃) ပါးကို ရေးထားသော ကတ်ပြား။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • "သားတို့၊ သမီးတို့ကို မကောင်းမှုဆိုတာတွေ၊ အကုသိုလ်ဆိုတာတွေ ပြောပြပြီးသွားပြီ၊ အဲဒီမကောင်းမှု အကုသိုလ်တွေက အရိပ်ပမာ ကိုယ့်နောက်ကို အမြဲလိုက်တတ်တယ် ဆိုတာကိုလည်း သိသွားကြပြီနော်၊ မကောင်းမှုတွေကို ကိုယ်နဲ့လည်း ပြုလုပ်တတ်ကြတယ်၊ နှုတ်အပြောနဲ့လည်း ပြုလုပ်တတ်ကြတယ်၊ စိတ်နဲ့လည်း ပြုလုပ်တတ်ကြတယ်၊ အခု ကိုယ်နဲ့ပြုလုပ်တဲ့မကောင်းမှုဖြစ်တဲ့ ကာယဒုစရိုက် (၃) ပါးအကြောင်းကို ရှင်းပြမယ်" စသည်ဖြင့်ဆိုကာ အောက်ပါ ကာယဒုစရိုက် (၃) ပါးအကြောင်းကို ကလေးများ နားလည်လွယ်စေရန် ဥပမာများနှင့်တကွ ရှင်းပြပါ။<br><br>**ကာယဒုစရိုက် (၃) ပါး**<br>၁။ ပါဏာတိပါတ (သူတစ်ပါးကို ညှဉ်းဆဲခြင်း၊ သတ်ဖြတ်ခြင်း)<br>၂။ အဒိန္နာဒါန (သူတစ်ပါးဥစ္စာကို ခိုးယူခြင်း)<br>၃။ ကာမေသု မိစ္ဆာစာရ (သူတစ်ပါးသားမယားကို လွန်ကျူးပြစ်မှားခြင်း)<br><br>• ထို့နောက် ဇာတ်လမ်းနှင့် ပြန်လည်ချိတ်ဆက်ပြီး "ဇာတ်လမ်းထဲမှာ ဆေးဆရာက သူတစ်ပါးကို နာကျင်အောင်၊ ထိခိုက်အောင် လုပ်တယ်။ ဒါကြောင့် ဘဝပေါင်းများစွာ ဆင်းရဲဒုက္ခ ခံစားခဲ့ရတာဖြစ်တယ်။ အဲဒီလိုပဲ သူတစ်ပါးဥစ္စာကို ခိုးယူတာ၊ သူတစ်ပါး သားမယားကို လွန်ကျူးတာတွေဟာ မကောင်းမှုဒုစရိုက်တွေ ဖြစ်တဲ့အတွက် မလုပ်သင့်ဘူး၊ အဲဒီလို မကောင်းမှုဒုစရိုက်တွေကို လွန်ကျူးခြင်းဟာ ဘဝအဆက်ဆက်ထိ မကောင်းကျိုးကို ပေးတတ်တယ်၊ ဒါ့ကြောင့် ဗုဒ္ဓဘုရားရှင်က မကောင်းမှုအကုသိုလ်ဖြစ်စေမယ့် အပြုအမူ၊ အပြောအဆိုနဲ့ မကောင်းတဲ့စိတ်ထားတွေ မထားမိအောင် နေကြရမယ်လို့ ဆုံးမတော်မူခဲ့တယ်" စသည်ဖြင့် ပြောကြားပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။ | ကာယဒုစရိုက် (၃) ပါးကို ရေးထားသော ကတ်ပြားအား သင်ပုန်းတွင် ချိတ်ဆွဲပြထားပါ။ |

## သင်ခန်းစာ (၁၆)

သင်ခန်းစာခေါင်းစဉ် ။ ။ ကိုယ်ချင်းစာတရား
သင်ယူမှု ဦးတည်ချက် ။ ။ တစ်ဦးနှင့်တစ်ဦး ကိုယ်ချင်းစာစိတ်ထားရှိပြီးကူညီတတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ စာသားမပါသော သရုပ်ဖော်ပုံများ။ (အကြောင်းအရာ (၃) ခုနှင့်)

- လမ်းလျှောက်လာ - ငှက်ကို လေးခွနဲ့ပစ် - ကိုရင်လေးများ ချမ်းနေ
- ချော်လဲ - ပြုတ်ကျ - အလှူခံ
- ဝိုင်းရယ်နေကြ - ဆေးထည့်ပေး - သင်္ကန်းလှူ

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ကလေးများအား သင့်လျော်သလို အုပ်စုဖွဲ့ပါ။<br>❁ အုပ်စုတစ်စုစီကို ဇာတ်လမ်းတစ်ခု၏ ရှေ့ဆုံးပုံတစ်ပုံစီ ဝေပေးပါ။<br>❁ မိမိတို့ရရှိထားသော ရုပ်ပုံကိုကြည့်ပြီး နားလည်သလို ပြောဆိုကြပါစေ။<br>❁ ဒုတိယရုပ်ပုံကို မပေးမီ ရုပ်ပုံပါအကြောင်းအရာများကို ခန့်မှန်းပြောဆိုကြပါစေ။<br>❁ ခန့်မှန်းပြောဆိုပြီးသောအခါ ဒုတိယပုံကို ဝေပေးပါ။<br>❁ ရုပ်ပုံများတွင်ပါသော ချော်လဲခြင်း၊ လောက်စာလုံးမှန်ပြီး ပြုတ်ကျသွားခြင်း၊ သင်္ကန်း အလှူခံခြင်း ဖြစ်ရပ်များကို ကြည့်၍ "သင်သာဆိုရင် ဘယ်လိုဆက်လုပ်မလဲ"ဟု မေးမြန်း ဆွေးနွေးပေးပါ။<br>❁ အလှည့်ကျ ပြောပြီးပါက "အဘယ်ကြောင့် ထိုသို့ ပြုလုပ်ပေးချင်သနည်း"ဟု ဆက်လက် မေးမြန်းပါ။<br>❁ မေးမြန်းဆွေးနွေးပြီးပါက နောက်ဆုံးရုပ်ပုံများကို သက်ဆိုင်ရာအုပ်စုများအား ပေးပြီး အောက်ပါအတိုင်း မေးပါ။<br>- ဘာလုပ်နေတဲ့ပုံလဲ။<br>- ရုပ်ပုံသုံးခုဆက်လိုက်ရင် ဘယ်လိုဇာတ်လမ်း ဖြစ်သွားမလဲ။<br>- နောက်ဆုံးရုပ်ပုံကို ကြိုက်သလား/မကြိုက်ဘူးလား။ ဘာဖြစ်လို့လဲ။<br>❁ ဆရာက ကိုယ်ချင်းစာခြင်းဆိုသည်မှာ အရာရာတွင် မိမိသာ ထိုသို့ဖြစ်ခဲ့ပါက မည်သို့ ခံစားရမည်ကို တွေး၍ တစ်ဖက်လူအပေါ် ကိုယ်ချင်းစာကူညီခြင်းဖြစ်ကြောင်း ကလေး များ နားလည်အောင် ရုပ်ပုံများအား ပြန်လည်အသုံးပြု၍ ရှင်းပြပေးပါ။ | |

စာသင်ချိန် (၂) ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ကိုယ်ချင်းစာနာ ပြုမူပါ ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • "ရှေ့စာသင်ချိန်မှာ သူတစ်ပါးကို ကိုယ်ချင်းစာနာသင့်တဲ့အကြောင်းကို ပြောပြခဲ့ပြီးပြီ၊ အခုတော့ တိရစ္ဆာန်လေးတွေကို စာနာထောက်ထားမှုမရှိဘဲ ရက်ရက်စက်စက် သတ်ဖြတ်လို့ ဆိုးကျိုးဒုက္ခတွေ ရရှိသွားတဲ့သူတစ်ယောက်အကြောင်းကို ဇာတ်လမ်းလေးနဲ့ ပြောပြမယ်" စသည်ဖြင့် ဆိုကာ အောက်ပါဇာတ်လမ်းကို ကလေးများ စိတ်ဝင်စားဖွယ် ဖြစ်အောင် ပြောပြပေးပါ။<br><br>**ကိုယ်ချင်းစာနာ ပြုမူပါ**<br>ဟိုးရှေးရှေးတုန်းက သိဝိမင်းကြီး အုပ်ချုပ်နေထိုင်တဲ့ တိုင်းပြည်က ရွာတစ်ရွာမှာ လယ်သမားတစ်ဦး ရှိတယ်။ သူဟာ လယ်ယာလုပ်ကိုင်ပြီး သူ့မိဘ၊ သားနဲ့ မိန်းမတို့ကို လုပ်ကျွေးပြုစုတယ်။ တစ်နေ့မှာ လယ်သမားဟာ လယ်ထဲမှာ တစ်ယောက်တည်း ထိုင်နေရင်း "ငါဟာ လယ်ယာလုပ်ကိုင်ပြီး မိဘ၊ သားနဲ့ မိန်းမတို့ကို လုပ်ကျွေးတယ်။ ဒါပေမဲ့ ငါ့အတွက် ဘာမှ အကျိုးထူးမလာဘူး။ ငါ ရှာဖွေရရှိထားတဲ့ ဝင်ငွေတွေနဲ့ အလှူဒါနပြုပေမဲ့လည်း ဘာမှ အကျိုးမထူးပါဘူး။ ငါ တစ်ယောက်တည်း တောထဲမှာ တိရစ္ဆာန်တွေကို သတ်ဖြတ် စားသောက်ပြီး လွတ်လွတ်လပ်လပ်နေတာမှ ကောင်းဦးမယ်"လို့ တွေးမိတယ်။<br>အဲဒီလို တွေးမိပြီး လယ်သမားဟာ တောထဲကို တစ်ယောက်တည်းသွားပြီး တိရစ္ဆာန်လေးတွေကို သတ်ဖြတ်စားသောက်ကာ နေထိုင်တယ်။ အဲဒီလိုနေထိုင်ရင်းနဲ့ တစ်ရက်မှာ လယ်သမားဟာ "ငါ အသက်ကြီးလာတဲ့အခါ သားကောင်တွေကို အလွယ်တကူ ဖမ်းနိုင်တော့မှာ မဟုတ်ဘူး၊ ဒါ့ကြောင့် အခုကတည်းက ခြံခတ်ပြီး သားကောင်တွေ စုထားရမယ်"လို့ တွေးမိတယ်၊ ဒါကြောင့် လယ်သမားဟာ သားကောင်တွေကို သတ်ဖြတ်ရုံသာမကပဲ ခြံစည်းရိုးခတ်ပြီး သိုလှောင်ထားတယ်။ သားကောင်တွေဟာ ခြံစည်းရိုးထဲမှာ အစာရေစာ ပြတ်လပ်ပြီး နေကြရရှာတယ်၊ လယ်သမားကတော့ သူ မိုက်ဆာတဲ့အချိန်တိုင်း အဲဒီခြံစည်းရိုးထဲက သားကောင်တစ်ကောင်ကောင်ကို ပုံမှန် သတ်ဖြတ်စားသောက်တယ်။<br>လယ်သမားဟာ ကိုယ်ချင်းစာတရားကင်းမဲ့စွာ စာနာမှုမရှိ တိရစ္ဆာန်လေးတွေကို သတ်ဖြတ်စားသောက်နေထိုင်ရင်း တစ်နေ့မှာ သူ့ရဲ့လက်တွေ၊ ခြေတွေဟာ လှုပ်လို့ မရတော့ဘူး၊ မျက်စိတွေလည်း မမြင်ရတော့ တိရစ္ဆာန်လေးတွေကို သတ်ဖြတ်စားသောက်လို့လည်း မရတော့ဘူး၊ အသားအရေတွေကလည်း ညှိုးနွမ်းလာတယ်။ ပြီးတော့ သူ့ရဲ့ ကိုယ်ခန္ဓာကြီးကလည်း တဖြည်းဖြည်းနဲ့ အက်ကွဲလာတယ်။ သူဟာ ဝေဒနာတွေကို အပြင်းအထန် လူးလိမ့်ခံစားနေရရှာတယ်၊<br>တစ်နေ့မှာ သိဝိမင်းကြီးဟာ တောကစားထွက်လာရင်း ပြင်းထန်စွာ ဝေဒနာခံစားနေရတဲ့ လယ်သမားကို တွေ့သွားတယ်၊ ပြီးတော့ မင်းကြီးက "ဘာကြောင့် ခုလိုမျိုး ဝေဒနာတွေ ခံစားနေရတာလဲ"လို့ လယ်သမားကို မေးလိုက်တယ်၊ ဒီအခါမှာ လယ်သမားက "ကျွန်ုပ်ဟာ တိရစ္ဆာန်လေးတွေကို စာနာထောက်ထားမှုမရှိဘဲ ကိုယ်ချင်းစာတရားကင်းမဲ့စွာ သတ်ဖြတ် စားသောက်ရုံသာမက ခြံစည်းရိုးတစ်ခုထဲမှာလည်း ရက်စက်စွာ သိုလှောင်ထားမိခဲ့ပါတယ်၊ အဲဒီအပြစ်တွေကြောင့် ခုလိုမျိုး ဝေဒနာတွေကို ခံစားနေရတာပါ၊ မြတ်သောမင်းကြီး... | ကလေးများ သိလိုသည်များနှင့် နားမလည်သည်များကို လိုအပ်သလို အမေးအဖြေ ပြုလုပ်၍ သင်ကြားပေးပါ။ |

| | |
|---|---|
| သူတစ်ပါးအသက် သတ်ဖြတ်ခြင်းတွေ မပြုလုပ်ပါနဲ့၊ တိရစ္ဆာန်လေးတွေကို စာနာပါ၊ ကိုယ်ချင်းစာတရားထားပါ"လို့ ပြန်လျှောက်တယ်။ မင်းကြီးလည်း လယ်သမားရဲ့စကားတွေကို ကြားပြီး သူ့ကိုယ်သူ ပြန်လည်ဆင်ခြင်မိသွားတယ်။ ပြီးတော့ အဲဒီနေ့ကစပြီး ဘယ်တိရစ္ဆာန်ကိုမှ မသတ်ဖြတ်တော့ဘဲ သတ္တဝါအားလုံးအပေါ် ကိုယ်ချင်းစာနာစိတ်ထားကာ ဘေးမဲ့ပေးလိုက်ပါတော့တယ်။<br>မှီငြမ်း။ ။ ဣန္ဒြိယဇာတ်၊ ပုံတော်စုံ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ တတိယတွဲ၊ ၄၅၂၊ ဇာ၊ ၅၊ ၃၊ ၄၃၈၊<br><br>❁ အောက်ပါမေးခွန်းများကို မေးပါ။<br>- လယ်သမားဟာ ဘယ်တိုင်းပြည်မှာ နေထိုင်သလဲ။<br>- တစ်နေ့မှာ လယ်သမားဟာ ဘယ်လိုတွေးမိသလဲ။<br>- အဲဒီလို တွေးမိပြီးနောက်ပိုင်းမှာ သူ ဘာတွေ ဆက်လုပ်သလဲ။<br>- လယ်သမားဟာ တိရစ္ဆာန်လေးတွေကို ကိုယ်ချင်းစာတရားမရှိဘဲ သတ်ဖြတ်တဲ့အပြစ်အတွက် ဘယ်လိုပြန် ခံစားရသလဲ။<br>- သိဝိမင်းကြီးဟာ တောကစားထွက်ရင်း ဘယ်သူနဲ့တွေ့သလဲ။<br>- သိဝိမင်းကြီးဟာ လယ်သမားကို ဘယ်လိုမေးသလဲ။<br>- လယ်သမားက မင်းကြီးကို ဘယ်လိုပြန်လျှောက်တင်သလဲ။<br>- မင်းကြီးက သူ့ကိုယ်သူ ဘယ်လိုပြုပြင်လိုက်သလဲ။ | |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ လယ်သမားက တိရစ္ဆာန်လေးများအား ခြံစည်းရိုးအတွင်း၌ သိလှောင်ထားသော ရုပ်ပုံနှင့် ရောင်စုံခဲတံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ လယ်သမားက တိရစ္ဆာန်လေးများအား ခြံစည်းရိုးအတွင်း၌ သိလှောင်ထားသော ရုပ်ပုံကို ကလေးများစိတ်ကြိုက် ဆေးရောင်ခြယ်ကြပါစေ။<br>❁ ထို့နောက် ဆေးခြယ်ထားသော ရုပ်ပုံများကို သင်ပုန်း (သို့မဟုတ်) နံရံပေါ်တွင် ကပ်ထားကြပါစေ။ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ဆေးခြယ်ထားပြီးသောရုပ်ပုံများ၊ တိရစ္ဆာန်လေးများကို ကြင်နာပါ သီချင်းကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
| --- | --- |
| ❁ ကလေးများအား သင့်လျော်သလို အုပ်စုဖွဲ့ပါ။<br>❁ ထို့နောက် သင်ပုန်း (သို့မဟုတ်) နံရံပေါ်တွင်ရှိသော ကလေးများဆေးခြယ်ထားသည့် ရုပ်ပုံများကို ပြ၍ "ဒီခြံစည်းရိုးထဲမှာ ရှိနေတဲ့ တိရစ္ဆာန်လေးတွေ ဘယ်လိုခံစားနေရမလဲ၊ အဲဒီအချိန်မှာ တိရစ္ဆာန်လေးတွေအနေနဲ့ အလိုအပ်ဆုံး/အလိုချင်ဆုံးအရာက ဘာဖြစ်နိုင်သလဲ"စသည်ဖြင့် မေးကာ အုပ်စုလိုက် ဆွေးနွေးကြပါစေ။<br>❁ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးထားသည်များကို ပြောပြကြပါစေ။<br>❁ နောက်ဆုံးတွင် ပထမတန်း၊ "တိရစ္ဆာန်လေးများကို ကြင်နာပါ" သင်ခန်းစာ၌ သင်ခဲ့ပြီးသော အောက်ပါ တိရစ္ဆာန်လေးများကို ကြင်နာပါ သီချင်းကဗျာကို အမူအရာများနှင့်တကွ ရွတ်ဆိုကြစေခြင်းဖြင့် စာသင်ချိန်ကို အဆုံးသတ်ပါ။<br><br>**တိရစ္ဆာန်လေးများကို ကြင်နာပါ**<br>တို့တစ်တွေမှာ နာကျင်သလို၊ သူတို့လည်း နာကျင်တတ်တယ် ...<br>တို့တစ်တွေမှာ ပျော်ရွှင်သလို၊ သူတို့လည်း ပျော်ရွှင်ရမယ် ... ။ ။<br><br>တို့တစ်တွေမှာ နာကျင်သလို၊ ငှက်ကလေး နာကျင်တတ်တယ် ...<br>တို့တစ်တွေမှာ ပျော်ရွှင်သလို၊ ငှက်ကလေး ပျော်ရွှင်ရမယ် ... ။ ။<br><br>မှတ်ချက်။ ။ မြွေကလေး၊ ဆင်ကလေး၊ ငှက်ကလေး၊ ကြောင်ကလေး၊ ယုန်ကလေး၊ ပါပီလေး စသည်ဖြင့် အစားထိုးပြီး ရွတ်ဆိုနိုင်ပါသည်။ | |

## သင်ခန်းစာ (၁၇)

သင်ခန်းစာခေါင်းစဉ် ။ ။ ကိုရင်လေး သုမန
သင်ယူမှုဦးတည်ချက် ။ ။ ကိုရင်လေး သုမနကို အားကျအတုယူတတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ပထမတန်းမှ ကိုရင်လေးရာဟုလာ သင်ခန်းစာ၊ ကိုရင်ကလေး ရာဟုလာကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • "သားတို့၊ သမီးတို့ကို ပထမတန်းတုန်းက သင်ခဲ့ပြီးတဲ့ ကိုရင်လေးရာဟုလာအကြောင်းကို မှတ်မိတဲ့သူရှိလား"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။<br>• ကလေးများမှတ်မိသလောက် ပြောပြကြပါစေ။ ကလေးများမေ့နေလျှင် ဆရာက ပြန်လည် ပြောပြပါ။<br>• သင်ခန်းစာတွေကို ပြန်နွေးပြီးလျှင် အောက်ပါမေးခွန်းများကို မေးပါ။<br>- သားတို့၊ သမီးတို့ ကိုရင်လေးတွေကို တွေ့ဖူးကြလား။<br>- ဘယ်နေရာမှာ တွေ့ဖူးကြလဲ။<br>- ကိုရင်လေးတွေ ဘယ်လိုနေထိုင် သွားလာကြသလဲ။<br>• ကလေးများသိသမျှ ဖြေတတ်သလိုဖြေကြပါစေ။<br>• နောက်ဆုံးတွင် အောက်ပါ ကိုရင်ကလေး ရာဟုလာ ကဗျာကို ပြန်လည်ရွတ်ဆိုကြပါစေ။<br><br>**ကိုရင်ကလေး ရာဟုလာ**<br>ကိုရင်ကလေး ရာဟုလာ၊<br>ဘုရားသားတော်ပါ။<br>ဘုရားသားတော် ဖြစ်ပေမဲ့၊<br>မမော်ကြွားဘူးကွဲ့။<br>သူ့လက်ကလေးနဲ့ သဲဆုပ်ကာ၊<br>ဩဝါဒ မျှော်ရှာ။<br>ဒီသဲပမာ ဩဝါဒ၊<br>ရရင် ကောင်းလေစွ။ ။ | ပထမတန်းမှ ကိုရင်လေး ရာဟုလာ သင်ခန်းစာကို ကြိုတင်ဖတ်ရှုထားရမည်။ |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ကိုရင်လေး သုမန ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
| --- | --- |
| • "ဆရာအပေါ်မှာ အလွန်သိတတ်ပြီး ဆရာကို ကူညီလုပ်ကိုင်ပေးတတ်တဲ့ ကိုရင်လေး တစ်ပါးအကြောင်းကို ပြောပြပေးမယ်နော်"ဟု အစချီကာ အောက်ပါ ကိုရင်လေး သုမန အကြောင်းကို ပြောပြပါ။<br><br>**ကိုရင်လေး သုမန**<br>မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်အခါက ရှင်သုမနလို့ ခေါ်တဲ့ခုနစ်နှစ်အရွယ် ကိုရင်လေးတစ်ပါး ရှိတယ်။ တစ်နေ့မှာ ကိုရင်လေးဟာ သူ့ရဲ့ဆရာတော်နဲ့အတူ မြတ်စွာဘုရားရှင်ကို ဖူးမြော်ဖို့ ခရီးထွက်လာကြတယ်။ တောကျောင်းလေးတစ်ကျောင်းကို တွေ့တဲ့အခါ ဆရာတပည့်နှစ်ယောက် အဲဒီကျောင်းမှာ ညအိပ်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်။<br>ဆရာတော်က တစ်ညလုံးမအိပ်ဘဲ လမ်းလျှောက်ပြီး တရားရှုမှတ်နေခဲ့တယ်။ အဲဒီအခါမှာပဲ ပြင်းထန်တဲ့ လေနာရောဂါဝေဒနာ ခံစားခဲ့ရတယ်။ ကိုရင်လေး သုမနက သူ့ရဲ့ဆရာတော် ရောဂါခံစားနေရတာကို စိုးရိမ်စိတ်နဲ့ "ဆရာတော်ဘုရား၊ လေနာရောဂါအတွက် အရင်က ဘယ်လိုဆေးတွေ ဘုဉ်းပေးခဲ့ပါသလဲဘုရား"လို့ လျှောက်တယ်။ ဆရာတော်က "နဂါးမင်းကြီးစောင့်တဲ့ ရေအိုင်ကရေနဲ့ ပျောက်ဖူးပါတယ်၊ ဒါပေမဲ့ ကိုရင်လေး ... အဲဒီနဂါးမင်းကြီးဟာ ဒေါသအလွန်ကြီးတယ်။ သူ့အိုင်ထဲကရေကို လွယ်လွယ်နဲ့ မပေးတတ်ဘူး။ ကိုရင်လေး စွမ်းနိုင်မယ်ဆိုရင် နဂါးမင်းဆီက ခွင့်တောင်းပြီး ရေကိုယူခဲ့ပါ"လို့ မှာလိုက်တယ်။<br>ကိုရင်လေးဟာ နဂါးမင်းကြီးနေတဲ့ ရေအိုင်ကို တန်ခိုးနဲ့ ကြွသွားတယ်။ နဂါးမင်းကြီးက သူ့ခေါင်းပေါ်ကနေ ကိုရင်လေး ဖြတ်သွားတာ မြင်လိုက်ရတော့ စိတ်ဆိုးသွားတယ်။ ဒါ့ကြောင့် ကိုရင်လေး ရေယူလို့မရအောင် သူ့ရဲ့ပါးပျဉ်းကြီးနဲ့ ရေအိုင်တစ်ခုလုံးကို ဖုံးထားလိုက်တယ်။<br>ကိုရင်လေးသုမနက "နဂါးမင်းကြီး၊ ကိုရင့်ဆရာကို ဆေးကုဖို့အတွက် ရေလာတောင်းတာပါ။ ရေတစ်အိုးစာလောက်ပေးပါ"လို့ ပြောတယ်။ နဂါးကြီးက "ကိုရင် သင့်မှာ အစွမ်းအစရှိရင် ရေကိုယူပါ"လို့ ပြန်ပြောတယ်။ ဒါကြောင့် ကိုရင်လေးက တန်ခိုးနဲ့ ခန္ဓာကိုယ်အကြီးကြီး ဖန်ဆင်းလိုက်ပြီး နဂါးကြီးရဲ့ပါးပျဉ်းပေါ် တက်နင်းလိုက်တယ်။ နဂါးမင်းကြီး ခေါင်းငိုက်စိုက်ကျသွားပြီး ပါးပျဉ်းအောက်ကနေ ရေတွေ ပန်းထွက်လာတယ်။ ကိုရင်လေးဟာ ကောင်းကင်ကနေ ရေအိုးပြည့်အောင် ရေကို ခံယူလိုက်တယ်၊ ကိုရင်လေးဟာ သူ့ဆရာရဲ့ဝေဒနာကို ပျောက်စေချင်လွန်းတဲ့အတွက် အခက်အခဲကြားကနေ ရအောင် ကြိုးစားပြီး ယူခဲ့ပါတယ်၊<br>ကိုရင်လေးသုမန ရေကိုယူပြီး ကျောင်းကို ပြန်သွားတဲ့အခါ နဂါးမင်းကြီးက နောက်မှလိုက်လာပြီး "ဆရာတော်ဘုရား ရေကို မသောက်ပါနဲ့၊ ကိုရင်က တပည့်တော် မပေးဘဲနဲ့ ရေကို လုယူသွားတာပါ"လို့ ပြောတယ်၊ ကိုရင်လေးကလည်း "စွမ်းနိုင်ရင် ယူပါလို့ နဂါးမင်းက ပြောလို့ယူခဲ့တာပါ"လို့ ပြန်ပြောပြတယ်၊ ကိုရင်လေး မဟုတ်မမှန် မပြောတတ်မှန်း သိတာကြောင့် ဆရာတော်က ရေကို သောက်လိုက်ပါတယ်၊ သောက်ပြီးပြီးချင်း | လိုအပ်သောနေရာများတွင် ရုပ်ပုံများကိုသုံး၍ ပြောပါ။ |

| | |
|---|---|
| လေနာရောဂါ ပျောက်ကင်းသွားပါတော့တယ်။ ဆရာတော်ကလည်း ဆရာအပေါ်မှာ သိတတ်လွန်းတဲ့ ကိုရင်လေးသုမနအတွက် ဂုဏ်ယူနေပါတယ်။ ဒီလိုနဲ့ပဲ ဆရာတော်နဲ့ ကိုရင်လေးသုမနတို့ ဆရာတပည့်နှစ်ဦးဟာ မြတ်စွာဘုရားကျောင်းတော်ကို ခရီးဆက်ထွက်ခဲ့ကြပါတယ်။<br>မှီငြမ်း။ ။ သုမနသာမဏေ၊ ဓမ္မပဒဝတ္ထုမြန်မာပြန်၊ ပဉ္စမတွဲ၊ ၁၂၃၊ ဓမ္မပဒ၊ ၄၊ ၂။ ၃၈၂။<br><br>❁ ဇာတ်လမ်းပြောပြီးသောအခါ အောက်ပါမေးခွန်းများ မေးပါ။<br>- ဒီဇာတ်လမ်းထဲမှာပါတဲ့ ကိုရင်လေးနာမည်က ဘယ်သူလဲ။<br>- ကိုရင်လေးတို့ ဆရာတပည့်နှစ်ဦး ဘယ်ကိုသွားတာလဲ။<br>- ကိုရင်လေးရဲ့ဆရာက ဘာရောဂါဖြစ်တာလဲ။<br>- ကိုရင်လေးက နဂါးမင်းကြီးဆီက ရေကို ဘယ်လိုယူခဲ့တာလဲ။<br>- ကိုရင်လေး ရေရလာတာဟာ ဘာကြောင့်လို့ထင်လဲ။ (ကြိုးစားမှု)<br>- သားတို့၊ သမီးတို့ဆိုရင်ရော ဆရာတွေကို ဘယ်လိုကူညီပေးချင်ကြလဲ။ | |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကိုရင်လေး သုမန ဇာတ်လမ်းပါ ဖြတ်ဆက်ပြုလုပ်ရန် ရုပ်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ရုပ်ပုံအရေအတွက်ပေါ် မူတည်၍ အုပ်စုဖွဲ့ကာ ရုပ်ပုံဖြတ်ဆက် ပြုလုပ်ကြပါစေ။<br>❁ ဖြတ်ဆက်ပြီးသောအခါ တစ်ဖွဲ့ချင်းစီမှ ရုပ်ပုံပါအကြောင်းအရာများကို အစဉ်အလိုက် ရှင်းပြကြပါစေ။<br>❁ နောက်ဆုံးတွင် ဆရာက ဇာတ်လမ်းအစမှအဆုံးကို အနှစ်ချုပ် ပြောပြပေးပါ။ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ရဟန်းသာမဏေ တို့ရှိသေ ကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • အောက်ပါမေးခွန်းများဖြင့် စာသင်ချိန်ကို ပြန်လည်စတင်ပါ။<br>- ကိုရင်လေးတွေကို ဘာဖြစ်လို့ ရှိသေရတာလဲ။<br>- ကိုရင်နဲ့ လူ ဘာကွာခြားသလဲ။<br>- ကိုရင်တွေက ဘာတွေလုပ်ရလဲ။ (ဆွမ်းခံရတယ်၊ ဘုရားရှိခိုးရတယ်၊ တရားထိုင်ရတယ် … စသည်ဖြင့်။)<br>• ကလေးများပါဝင်ဖြေဆိုပြီးပါက ဒုတိယတန်း၊ သင်ခန်းစာ (၁၃) တွင် သင်ခဲ့ပြီးသော အောက်ပါကဗျာကို အမူအရာနှင့် ရွတ်ဆိုကြပါစေ။<br><br>**ရဟန်းသာမဏေ တို့ရှိသေ**<br>ဘုရားသားတော် ရဟန်းသံဃာ၊<br>ရှိသေလေးစားမှာ။<br>လက်အုပ်ချီကာ ဦးနှိမ်ချ၊<br>အမြဲရှိခိုးကြ။<br>ငယ်စဉ်ကတည်းက ကျင့်ကြံပေ၊<br>ထူးတဲ့ ရှင်သာမဏေ။<br>တို့တစ်တွေ ရှိခိုးလို့၊<br>ကုသိုလ်ယူကြစို့။ ။<br><br>• ကဗျာရွတ်ဆိုပြီးပါက ကဗျာ၏အဓိပ္ပာယ်ကို ရှင်းလင်း၍ အနှစ်ချုပ်ပေးပါ။ | |

## သင်ခန်းစာ (၁၈)

သင်ခန်းစာခေါင်းစဉ် ။ ။ မယ်ကာဦ
သင်ယူမှုဦးတည်ချက် ။ ။ ဘုရားရှင်ကို ကြည်ညိုတတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မဲလိပ်များ၊ ဝိသာခါလေး ကဗျာ၊ ရတနာသုံးပါး တို့အားထား ကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • "သားတို့၊ သမီးတို့ ပထမတန်းတုန်းက သင်ခဲ့ဖူးတဲ့ ဝိသာခါလေးအကြောင်းကို မှတ်မိကြသေးလား။ နောက်ပြီး ဒုတိယတန်းမှာသင်ခဲ့တဲ့ မွန်မင်းသမီးလေး တလထော်အကြောင်းကိုရော မှတ်မိကြသေးလား။ သူတို့တွေဟာ ဘာလုပ်လို့/ဘာကြောင့် နာမည်ကျော်ကြတာလဲ။ ကိုယ့်ဘေးနားက သူငယ်ချင်းနဲ့အတူ အဲဒီဝိသာခါလေးနဲ့ တလထော်အကြောင်းကို ပြောကြည့်ကြပါဦး"ဟု ဆိုကာ ကလေးအချင်းချင်း ပြောဆိုကြပါစေ။<br>• ပြီးနောက် ကလေးများအား အုပ်စု (၄) စု ဖွဲ့ပါ။<br>• အုပ်စုတစ်စုစီအား မဲလိပ်တစ်လိပ်စီ နှိုက်ကြပါစေ။<br>• အုပ်စုကိုယ်စားလှယ်များက မိမိတို့ကျရာခေါင်းစဉ်အတိုင်း ဝိသာခါလေးအကြောင်းနှင့် တလထော်အကြောင်းကို ပြောပြကြပါစေ။<br>• အုပ်စုကိုယ်စားလှယ်တစ်ဦးစီ ပြောပြသွားသောအကြောင်းအရာများသည် ပြည့်စုံမှုရှိ၊ မရှိကို ကျန်အုပ်စုဝင်များက ထောက်ပြပြောဆိုပေးကြပါစေ။<br>• အုပ်စုတစ်စုပြောပြီးတိုင်း ချီးကျူးအားပေးပါ။<br>• အုပ်စုအားလုံးပြောပြီးသောအခါ ပထမတန်း သင်ခန်းစာ (၁၄) တွင် သင်ခဲ့ပြီးသော ဝိသာခါလေးကဗျာနှင့် ဒုတိယတန်း သင်ခန်းစာ (၁၅) တွင် သင်ခဲ့ပြီးသော ရတနာသုံးပါး တို့အားထား ကဗျာတို့ကို ဆရာနှင့်တကွ သံပြိုင်ရွတ်ဆိုကြပါစေ။<br><br>**ဝိသာခါလေး**<br>သမီးအလိမ္မာ ဝိသာခါ၊<br>နေ့စဉ်တရားနာ။<br>သီလယူကာ ကုသိုလ်ပွား၊<br>ချစ်သူခင်သူများ။<br>ဘုန်းကြီးကျောင်းကို သွားတဲ့ခါ၊<br>သူငယ်ချင်းလည်းပါ။<br>ဘိုးဘွားတို့မှာ ချစ်ခင်ကြ၊<br>အမြဲပျော်ရွှင်ရ။ ။ | မဲလိပ်များထဲတွင် ဝိသာခါလေး အကြောင်း ပြောပြရန် မဲလိပ် (၂) လိပ်နှင့် တလထော်အကြောင်း ပြောပြရန် မဲလိပ် (၂) လိပ်ကို ဆရာက ကြိုတင်ပြင်ဆင်ထားပါ။ |

| | |
|---|---|
| ရတနာသုံးပါး တို့အားထား<br>ဘုရား၊ တရား၊ မြတ်သံဃာ၊<br>ဦးထိပ်ပန်ဆင်ကာ၊<br>ရှိသေစွာ မြတ်နိုးလို့၊<br>တို့တစ်တွေ ဆည်းကပ်စို့၊<br>ဆည်းကပ်ကြတဲ့ တို့တစ်တွေ၊<br>ကောင်းကျိုး များလှပေ၊<br>အန္တရာယ်တွေ ကင်းစေသည့်<br>သရဏဂုံ ရွတ်ဆိုကြည့်၊ ။ | |

တသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မယ်ကာဠီ ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • "သားတို့၊ သမီးတို့ ပြောပြသွားတဲ့ ဝိသာခါလေးတို့၊ တလထော်တို့လို ဘုရားရှင်ကို ကြည်ညိုတဲ့သူတစ်ယောက် အကြောင်းကို ပြောပြမယ်၊ သူ့နာမည်က မယ်ကာဠီလို့ ခေါ်တယ်" စသည်ဖြင့် အစချီပြီး အောက်ပါဇာတ်လမ်းကို ပြောပြပါ။<br><br>**မယ်ကာဠီ**<br>ဘုရားရှင်လက်ထက်တော်က တရာကာသီပြည်မှာ "မယ်ကာဠီ" ဆိုတဲ့ မိန်းကလေး တစ်ယောက် ရှိတယ်၊ သူဟာ မိဘို၊ ဖအိုတွေကို လုပ်ကျွေးနေသူ ဖြစ်တယ်၊ တစ်နေ့တာ အလုပ်သိမ်းပြီး လုပ်ခငွေရမှ လိုအပ်တာတွေဝယ်ပြီး မိဘတွေကို ချက်ပြုတ်ကျွေးရသူ ဖြစ်တယ်၊ ဒါ့ကြောင့် မယ်ကာဠီလေးဟာ တစ်နေ့မှ အလုပ်မနားနိုင်ရာဘူး။<br>တစ်နေ့မှာ မင်းကြီးရဲ့ ပင့်ဖိတ်မှုကြောင့် ဘုရားရှင်ဟာ တရာကာသီမြို့မှာ ကြွရောက်ဖူးမြော်ခံပြီး တိုင်းသူပြည်သားတွေကို တရားဟောကြား ဆုံးမလျက်ရှိတယ်၊ မယ်ကာဠီလေးက အဲဒီတရားပွဲဆီကို သွားချင်ပေမဲ့ တစ်နေ့အလုပ်မလုပ်ရင် မိဘို၊ ဖအိုတွေကို ချက်ပြုတ်ကျွေးမွေးဖို့ ထမင်းဖိုးမရှိမှာကို စိုးရိမ်တဲ့အတွက် အလုပ်ပျက်ခံပြီး မသွားနိုင်ရာဘူး။<br>တစ်နေ့တော့ မယ်ကာဠီလေးဟာ လယ်ထဲမှာ အလုပ်လုပ်နေရင်း မောပန်းတဲ့အတွက် သစ်ပင်ရိပ်မှာ ခဏနားနေတယ်၊ အဲဒီအချိန်မှာ ဘုရားရှင်ကို ဖူးမြော်ပြီး တရားပွဲက ပြန်လာသူနှစ်ယောက်ဟာ မယ်ကာဠီလေး အနားယူနေတဲ့ သစ်ပင်ရိပ်မှာဝင်ပြီး ခဏနားရင်း ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ကြည်နူးစွာ ပြန်လည်ပြောဆိုနေကြတယ်၊ မယ်ကာဠီလေးလည်း စိတ်ဝင်စားပြီး သေချာနားထောင်နေတယ်၊<br>"ငါတို့ ဖူးမြော်ခဲ့တဲ့ ဘုရားရှင်ဟာ ဘယ်လို အစက်အစဲမျိုးနဲ့မှကြကြ မတွန့်လှုပ်တတ်ဘူး။ ကြီးစည်စရာမလိုဘဲ အလိုရှိရာ ပြည့်စုံပေတယ်၊ ဘုရားရှင်ဟာ မပေးတဲ့ပစ္စည်းကို မယူဘူး။ သတ္တဝါတွေကို မညှဉ်းဆဲ၊ မသတ်ဖြတ်ဘူး၊ တရားကို မမေ့လျော့ဘူး။ ကြမ်း | |

| | |
|---|---|
| ကြုတ်တဲ့စကားတွေကို ဘယ်သောအခါမှ မပြောတတ်ဘူး။ အကျိုးရှိတဲ့စကားကိုသာ ပြောဆိုတတ်သူ ဖြစ်တယ်။ အရာရာကို ပညာမျက်စိဖြင့် ကြည့်မြင်နိုင်သူ ဖြစ်တယ်။ စင်ကြယ်တဲ့ အကျင့်တရားရှိတယ်။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု အားလုံးမှာ ကောင်းခြင်းနဲ့ ပြည့်စုံတယ်။ ရုပ်သွင်ခန့်ညားတယ်။ အစားအသောက်မှာ ဣန္ဒြေရရ ဘေးမဖြစ်အောင် စားတော်မူပါပေတယ်” စတဲ့ ချီးကျူးစကားတွေကိုကြားတော့ မယ်ကာဠီလေးဟာ ဘုရားရှင်ကို အတိုင်းထက်အလွန် ကြည်ညိုပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်မိတယ်။<br>ညနေအလုပ်ပြီးလို့ အိမ်ပြန်လာတဲ့အခါ လပြည့်ညဖြစ်လို့ ပတ်ဝန်းကျင်တစ်ခွင်လုံးဟာ သာယာလှပနေတယ်။ မယ်ကာဠီလေးလည်း တစ်လမ်းလုံး ဘာကိုမှမစဉ်းစားဘဲ ဘုရားရှင်ကို ကြည်ညိုစိတ်အပြည့်နဲ့ပဲ ပီတိဖုံးလွှမ်းပြီး ပြန်လာတာပေါ့။ အိမ်ရောက်တော့ သူကြားလာခဲ့ရတဲ့ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေအကြောင်း သူ့မိဘတွေကို ပြန်ပြောပြတယ်။ အိုမင်းမစွမ်းလို့ အိမ်မှာပဲနေရတဲ့ မိဘတွေဟာ မယ်ကာဠီပြန်ပြောပြတဲ့ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ကြားတာနဲ့ ဝမ်းသာပြီး ကြည်ညိုပီတိ ဖြစ်ပွားကြတယ်။<br>နောက်တစ်နေ့မှာတော့ သူ့ရဲ့အလုပ်ရှင်သူဌေးက အလှူအထိမ်းအမှတ်အဖြစ် အလုပ်သမားအားလုံးကို တစ်ရက်တာ အလုပ်နားခွင့် ပေးလိုက်တဲ့အခါ မယ်ကာဠီဟာ အလွန်ပျော်ရွှင်သွားပြီး ဘုရားရှင်ကို သွားရောက်ဖူးမြော်တယ်။ ဘုရားရှင်ရဲ့ရှေ့တော်ရောက်တော့ အလွန်ဝမ်းသာစွာနဲ့ ယဉ်ယဉ်ကျေးကျေးထိုင်ပြီး တလေးတစား ကြည်ညိုစွာ တရားနာယူတယ်။ ဘုရားရှင်ဟာ အရာရာကိုသိမြင်နိုင်တဲ့ ဉာဏ်တော်ရှိတာကြောင့် မယ်ကာဠီရဲ့အကြောင်းကို သိတော်မူတယ်။ ဒါကြောင့် ဘုရားရှင်ဟာ မယ်ကာဠီကို “တစ်ဆင့်စကားဖြင့် ဘုရားရှင်အား ကြည်ညိုသူများထဲတွင် အမြတ်ဆုံးသူ (ဧတဒဂ်ဘွဲ့)” အဖြစ် ချီးမြှင့်လိုက်တယ်။<br>မှီငြမ်း။ ။ ကာဠီကုရရယရိကာဝတ္ထု၊ အင်္ဂုတ္တိုရ် ဧကကနိပါတ်၊ အဋ္ဌကထာ၊ ၃၅၁၊ | “ပညာမျက်စိ”ဟူသော စကားလုံးကို ကလေးများ နားလည်အောင် ရှင်းပြပါ။ |
| ❁ အောက်ပါမေးခွန်းများ မေးပါ။<br>- မယ်ကာဠီလေးဟာ ပထမတစ်ရက်မှာ ဘုရားရှင်ကို ဖူးမြော်ခွင့်ရခဲ့လား။ ဘာကြောင့်လဲ။<br>- ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ကြားရတဲ့အခါ မယ်ကာဠီရဲ့ စိတ်ထဲမှာ ဘယ်လိုဖြစ်သွားသလဲ။<br>- ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ဆိုတာ ဘာကို ပြောတာလဲ။<br>- ဘုရားရှင်က မယ်ကာဠီကို ဘယ်လို ချီးမြှင့်လိုက်သလဲ။ | ကလေးများ ဖြေဆိုပြီးမှ ဆရာက ဖြည့်စွက်ရှင်းပြပါ။ |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ဘောလုံး။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • "သားတို့၊ သမီးတို့ကို ပြောပြသွားတဲ့ ဇာတ်လမ်းထဲမှာပါတဲ့ မယ်ကာဦလေးက ဘုရားရှင်ကို အလွန်ကြည်ညိုတယ်နော်။ သူကြည်ညိုတဲ့ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေက ဘာတွေလဲ"ဟု မေးကာ ကလေးများက ဂုဏ်တော် (၉) ပါးကို ရွတ်ပြကြပါစေ။<br><br>"ဣတိပိ သော ဘဂဝါ - အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။" | ကလေးများ မေ့နေလျှင် ဆရာက အစဖော်ပေးပါ။ |
| • ထို့နောက် ကလေးများအား အုပ်စုနှစ်စုခွဲပြီး မျက်နှာချင်းဆိုင် ရပ်နေကြပါစေ။<br>• ပထမအုပ်စုမှ ရှေ့ဆုံးကလေးက မျက်နှာချင်းဆိုင်ရှိ ကလေးတစ်ဦးဦးထံသို့ အရဟံ ဟု အော်လျက် ဘောလုံးကို ပစ်ပေးပါစေ။ ဘောလုံးလက်ခံသူက သမ္မာသမ္ဗုဒ္ဓေါ ဟု အော်လျက် မျက်နှာချင်းဆိုင်ရှိ အခြားတစ်ယောက်ထံသို့ ပစ်ပေးရမည်။ ထိုနည်းအတိုင်း ဂုဏ်တော် (၉) ပါးကို အစဉ်လိုက် ရွတ်ဆိုခြင်းဖြင့် အချိန်ရသလောက် ကစားကြပါစေ။<br><br>ဥပမာ - <br><br>**ဂုဏ်တော်ကိုးပါးအဓိပ္ပာယ် (ဆရာသိရန်)**<br>၁။ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား (အရဟံ)<br>၂။ သိစရာမှန်သမျှကို ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရား (သမ္မာသမ္ဗုဒ္ဓေါ)<br>၃။ အသိဉာဏ်ဝိဇ္ဇာ၊ အကျင့်စရဏတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား (ဝိဇ္ဇာစရဏ သမ္ပန္နော)<br>၄။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား (သုဂတော)<br>၅။ လောကအားလုံးကို ကောင်းစွာသိမြင်တော်မူအပ်သော မြတ်စွာဘုရား (လောကဝိဒူ)<br>၆။ အလုံးစုံသောသတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူအပ်သော မြတ်စွာဘုရား (အနုတ္တရော ပုရိသဒမ္မသာရထိ)<br>၇။ သတ္တဝါအားလုံးတို့၏ ဆရာတစ်ဆူဖြစ်တော်မူသော မြတ်စွာဘုရား (သတ္ထာဒေဝ မနုဿာနံ)<br>၈။ သစ္စာတရားကို သိမြင်တော်မူသော မြတ်စွာဘုရား (ဗုဒ္ဓေါ)<br>၉။ ဘုန်းတန်ခိုးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား (ဘဂဝါ)<br>• နောက်ဆုံးတွင် ဆရာက အောက်ပါအတိုင်း ဆုတောင်းပေးပါ။<br>"ဒီနေ့က စပြီး သားတို့၊ သမီးတို့ဟာ ဘုရားရှင်ကို ကြည်ညိုပြီး ဘုရားရှင်ရဲ့ဂုဏ်တော် (၉) ပါးကို အမြဲရွတ်ဖတ်ပူဇော်တဲ့ ကလေးများ ဖြစ်ကြပါစေ"။ | ကိုယ့်အုပ်စုအချင်းချင်း ဘောလုံးကို မပေးစေရပါ။ |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • "ဒီတစ်ချိန်မှာတော့ ဆရာတို့အတူတူ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို အာရုံပြုပြီး (၅) မိနစ်လောက် တရားထိုင်ကြည့်ကြရအောင်"ဟု ပြောပြီး တရားထိုင်ကြပါစေ။<br>• တရားထိုင်ပြီးပါက "သားတို့၊ သမီးတို့ တရားထိုင်နေတုန်းက မျက်စိထဲမှာ ပထမဆုံး ဘာကို စမြင်လိုက်သလဲ"ဟု မေးပြီး ကလေးတစ်ယောက်ချင်းစီက ပြောပြကြပါစေ။<br>• ကလေးများပြောသမျှကို လက်ခံထားပေးပါ။<br>• နောက်ဆုံးတွင် ဆရာက အောက်ပါအတိုင်း ဖြည့်စွက်ပြောကြားပေးပါ။<br>"တရားထိုင်တဲ့အချိန်မှာ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို အာရုံပြုထားရင် ဘုရားရှင်ကို ကြည်ညိုစိတ်တွေ ဖြစ်ပေါ်လာပြီး သားတို့၊ သမီးတို့ရဲ့ စိတ်လေးတွေ ငြိမ်းချမ်းလာမယ်၊ အေးချမ်းလာမယ်၊ တည်ငြိမ်လာမယ်။ အဲဒီလိုပဲ တရားနာရင်လည်း တရားတော်ရဲ့ ဂုဏ်တော်တွေကို အာရုံပြုရင်း နာယူရတယ်။ အဲဒီလို နာယူနေတဲ့အချိန်မှာ သားတို့၊ သမီးတို့ရဲ့စိတ်တွေဟာ တခြားဘယ်မှ မရောက်တော့ဘဲ တရားအပေါ်မှာပဲ အာရုံစိုက်နေတယ်။ အဲဒီလို စိတ်တည်ငြိမ်လာတာနဲ့အမျှ မြတ်စွာဘုရားကို ပိုပြီး ကြည်ညိုလာတဲ့၊ လိမ္မာတဲ့ကလေးတွေ ဖြစ်လာကြမှာပဲ"။<br>• ထို့နောက် အောက်ပါ ဂုဏ်တော်ကိုးပါး ဘုရားရှိခိုးကို သင်ပေးပြီး သံပြိုင်ရွတ်ဆို၍ စာသင်ချိန်ကို အဆုံးသတ်ပါ။<br><br>**ဂုဏ်တော်ကိုးပါး ဘုရားရှိခိုး**<br>၁။ ကိလေသာကင်းစင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။<br>၂။ တရားသိမြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။<br>၃။ သိကျင့်စုံလင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။<br>၄။ ကောင်းသောစကားဆင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။<br>၅။ လောကသိမြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။<br>၆။ ယဉ်ကျေးအောင်ပဲ့ပြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။<br>၇။ ဆရာသခင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။<br>၈။ သစ္စာသိမြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။<br>၉။ တန်ခိုးစုံလင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။ | |

## သင်ခန်းစာ (၁၉)

သင်ခန်းစာခေါင်းစဉ် ။ ။ သူ့ကျေးဇူးကို သိတတ်ပါ
သင်ယူမှုဦးတည်ချက် ။ ။ ကျေးဇူးတရားကို သိရှိနားလည်ပြီး ပြန်လည်တုံ့ဆပ်ရမည်ကို သိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ခင်ပွန်းကြီး (၁၀) ပါးကို ရေးထားသော ကတ်ထူပြား၊ ခင်ပွန်းကြီး (၁၀) ပါး အမည်တစ်ခုစီကို ရေးထားသော စာရွက်များ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "ကျေးဇူးဆိုတာ ဘာလဲ"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။<br>❁ ထို့နောက် "ကျေးဇူးဆိုတာ သူတစ်ပါးက ကိုယ့်အပေါ်မှာ အထောက်အပံ့၊ အကူအညီပေးတာကို ခေါ်တယ်"ဟု ကလေးများ နားလည်အောင် ရှင်းပြပါ။<br>❁ "လောကမှာ ကျေးဇူးအကြီးဆုံးပုဂ္ဂိုလ်တွေက ဘယ်သူလဲ"ဟု မေးကာ စဉ်းစားကြပါစေ။ (ကလေးများဖြေတတ်သလို ဖြေကြပါစေ။) | ကလေးများ ဖြေတတ်သလို ဖြေဆိုကြပါစေ။ |
| ❁ ဆရာက ခင်ပွန်းကြီး (၁၀) ပါးရသည်အထိ ကလေးများကို ဖြည့်စွက်ပြောသွားပါ။<br>❁ ပြီးနောက် "ကျေးဇူးမမေ့အပ် မပြစ်မှားအပ်တဲ့ မိတ်ဆွေကောင်းကြီး (၁၀) ပါးရှိတယ်။ အဲဒါကို ခင်ပွန်းကြီး (၁၀) ပါးလို့ ခေါ်ကြတယ်။ သားတို့၊ သမီးတို့ ခင်ပွန်းကြီး (၁၀) ပါးက ဘာတွေလဲ သိကြလား"ဟု မေး၍ အောက်ပါ ခင်ပွန်းကြီး (၁၀) ပါးကို ကလေးများ အလွတ်ရသည်အထိ သင်ပေးပါ။ (ခင်ပွန်းကြီး (၁၀) ပါးကို ကလေးများ နားယဉ်သွားစေလိုသည့် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သောကြောင့် ဆရာက အသံကို ပီသရှင်းလင်းစွာဖြင့် ရွတ်ဆိုပေးပါ။) | ခင်ပွန်းကြီး (၁၀) ပါး ရေးထားသော ကတ်ထူပြားကို သင်ပုန်းတွင် ချိတ်ဆွဲပြထားပါ။ |
| **ခင်ပွန်းကြီး (၁၀) ပါး** | |
| ၁။ မြတ်စွာဘုရား | |
| ၂။ ပစ္စေကဗုဒ္ဓါ (ဘုရားငယ်) | ပစ္စေကဗုဒ္ဓါ (ပစ်စေကဗုဒ်ဓါ) ဟု အသံထွက်ပါ။ |
| ၃။ ရဟန္တာ | |
| ၄။ မြတ်စွာဘုရား၏ တပည့်ကြီးများ | |
| ၅။ အမိ | |
| ၆။ အဖ | |
| ၇။ အလေးအမြတ်ပြုအပ်သောသူ | |
| ၈။ သွန်သင်ဆုံးမသောဆရာ | |
| ၉။ ပေးကမ်းဖူးသောသူ | |
| ၁၀။ တရားဟောပြသူ | |
| ❁ ကလေးများအား အုပ်စု (၁၀) စုဖွဲ့ပြီး ခင်ပွန်းကြီး (၁၀) ပါး၏ အမည်တစ်ခုစီကို စာရွက် | |

ပေါ်တွင်ရေး၍ အုပ်စုတစ်စုစီကိုပေးပါ။ မြတ်စွာဘုရား စာရွက်ရသောအုပ်စုကို မြတ်စွာဘုရားအုပ်စု၊ ရဟန္တာ စာရွက်ရသောအုပ်စုကို ရဟန္တာအုပ်စု စသည်ဖြင့် အုပ်စုအမည်များ အသီးသီးပေးရမည်။

- ဆရာက ခင်ပွန်းကြီး (၁၀) ပါး၏ အမည်တစ်ခုချင်းကို အစဉ်လိုက် အသံကျယ်ကျယ် (အော်) ဖတ်ပြပါ။
- အဆင့် (၁) မိမိတို့၏အမည်ကို အခေါ်ခံရသော အုပ်စုက လက်အုပ်ချီ၍ နေပါစေ။

  ဥပမာ - "မြတ်စွာဘုရား"ဟု ဆရာကပြောလျှင် မြတ်စွာဘုရားအုပ်စုမှ ကလေးများ အားလုံးက လက်အုပ်ချီ၍နေရမည်။ အုပ်စု (၁၀) စုလုံး လက်အုပ်ချီနေသော အနေအထား ရောက်သည်အထိ တစ်အုပ်စုပြီးတစ်အုပ်စု လုပ်ဆောင်သွားပါ။

  အဆင့် (၂) မိမိတို့၏ အမည်ကို အခေါ်ခံရသောအုပ်စုက ဦးချ၍ ငြိမ်နေပါစေ။

  ဥပမာ - "ရဟန္တာ"ဟု ဆရာကပြောလျှင် ရဟန္တာအုပ်စုမှ ကလေးများအားလုံးက ဦးချ၍ ငြိမ်နေရမည်။ အုပ်စု (၁၀) စုလုံး ဦးချနေသော အနေအထားရောက်သည်အထိ တစ်အုပ်စုပြီးတစ်အုပ်စု လုပ်ဆောင်သွားပါ။
- အထက်ပါအတိုင်း (၃) ကြိမ်ခန့် ပြုလုပ်ပေးပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မိဘကို ပြုစုသော လင်းတလေး ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|

- အောက်ပါ မိဘကို ပြုစုသော လင်းတလေး ဇာတ်လမ်းကို ကလေးများစိတ်ဝင်စားဖွယ်ဖြစ်အောင် ဟန်ပန်အမူအရာဖြင့် ပြောပါ။

## မိဘကို ပြုစုသော လင်းတလေး

ဟိုးရှေးရှေးတုန်းက သားငှက်တိရစ္ဆာန်တွေ အလွန်ပေါ်များတဲ့ တောအုပ်ကြီးတစ်ခု ရှိတယ်။ အဲဒီတောအုပ်ကြီးထဲမှာ အသက်အရွယ် အိုမင်းပြီး အစာရှာမစားနိုင်တော့တဲ့ မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးနေတဲ့ လင်းတလေးတစ်ကောင်ရှိတယ်။ နေ့စဉ်နေ့တိုင်း မိဘတွေအတွက် အစားအသောက်ကောင်းတွေကို ပင်ပင်ပန်းပန်း ရှာဖွေကျွေးမွေးလေ့ရှိတယ်။ အစားအသောက်ကောင်းတွေကို တွေ့မြင်မိတိုင်း သူကိုယ်တိုင် စားချင်ပေမဲ့ မိဘတွေအတွက်ပဲ ကိုက်ချီသယ်ဆောင်သွားလေ့ရှိတယ်။ ဒါကြောင့် မိဘနှစ်ပါးဟာ သားလေးလင်းတကို အလွန် ချစ်ခင်အားကိုးကြတယ်။

တစ်နေ့မှာတော့ လင်းတလေးဟာ တောထဲမှာ အစာရှာရင်း မုဆိုးတစ်ယောက် ထောင်ထားတဲ့ ကျော့ကွင်းမှာ မိသွားတယ်။ ဘယ်သူမဆို ကျော့ကွင်းမိရင် အသက်သေမှာကို စိုးရိမ်ပြီး ကျော့ကွင်းက လွတ်ဖို့ တမ်းတကြ၊ ဆုတောင်းကြတယ်။ ဒါပေမဲ့ လင်းတလေးက တော့ ကျော့ကွင်းမိမိချင်း သူ့အသက်သေမှာ၊ မုဆိုးက နိပ်စက်မှာကို မစိုးရိမ်ဘူး၊ မကြောက်ဘူး။ အသက်ကြီးပြီး အိုမင်းမစွမ်းဖြစ်လို့ အစာရှာမစားနိုင်တော့တဲ့ မိဘနှစ်ပါးအတွက်ပဲ စိုးရိမ်နေခဲ့တယ်။

မုဆိုးဟာ "ဒီနေ့တော့ လင်းတဟင်း စားရတော့မယ်" ဆိုပြီး ဝမ်းမြောက်ဝမ်းသာစွာနဲ့

ကျော့ကွင်းမိနေတဲ့ လင်းတလေးအနားကို ရောက်လာတယ်။ အဲဒီအချိန်မှာ လင်းတလေးဟာ "ငါ့မိဘနှစ်ပါးဟာ ငါမရှိရင် အစာရှာပေးမယ့်သူမရှိလို့ ဝတ်မွတ်ပြီး သေရတော့မယ်" ဆိုပြီး မြည်တမ်းငိုကြွေးနေမိခဲ့တယ်။ အဲဒီအခါ မုဆိုးက လင်းတလေးရဲ့ ငိုနေတဲ့အသံကို ကြားသွားတယ်။ ဒါနဲ့ "ဒီလင်းတလေးဟာ ကျော့ကွင်းမိနေတာတောင် သူ့အတွက် မစိုးရိမ်၊ မငိုကြွေးဘဲ သူ့မိဘတွေအတွက်ပဲ စိုးရိမ်ငိုကြွေးတယ်။ မိဘပြုစုလုပ်ကျွေးတဲ့ လင်းတကို ငါ မသတ်သင့်ဘူး"လို့ တွေးပြီး ကျော့ကွင်းကနေ လွှတ်ပေးလိုက်ပါတော့တယ်။ ဒီလိုနဲ့ လင်းတလေးဟာ မုဆိုးကို ကျေးဇူးတင်စကား ပြောကြားပြီး သူ့ကို မျှော်နေကြတဲ့ မိဘတွေရှိရာကို ပျော်ရွှင်စွာနဲ့ ပြန်လာခဲ့ပါတယ်။

မှီငြမ်း။ ။ ဂိဇ္ဈဇာတ်၊ ပုံတော်စုံ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ တတိယတွဲ၊ ၄၈၅၊
ဇာ၊ ဋ္ဌ၊ ၂။ ၄၅။

- ဇာတ်လမ်းနှင့်သက်ဆိုင်သော မေးခွန်းများကို မေးမြန်းပါ။
  - ဒီဇာတ်လမ်းထဲမှာပါတဲ့ ငှက်က ဘာငှက်လဲ။
  - သူဟာ ဘယ်သူတွေကို အစာ ရှာကျွေးနေတာလဲ။
  - ကျော့ကွင်းမှာ မိနေတဲ့အချိန် လင်းတလေးဟာ ဘာကြောင့်ငိုတာလဲ။
  - မုဆိုးကြီးက ဘာကြောင့် လင်းတလေးကို လွှတ်ပေးလိုက်တာလဲ။
  - သားတို့၊ သမီးတို့သာ မုဆိုးကြီးဆိုရင် ဘာလုပ်ကြမလဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ပုံဆွဲရန်စာရွက်များ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
| --- | --- |
| • "သားတို့၊ သမီးတို့ ကျေးဇူးတင်ထိုက်တဲ့ ခင်ပွန်းကြီး (၁၀) ပါးကို သိသွားပြီ။ ဇာတ်လမ်းလည်း နားထောင်ပြီးသွားပြီဆိုတော့ သားတို့၊ သမီးတို့အနေနဲ့ အခုအချိန်ထိ ကျေးဇူးတင်သင့်တဲ့သူတွေ အများကြီးရှိမှာပဲ။ အဒီထဲက ကျေးဇူးအတင်သင့်ဆုံးသူ တစ်ဦးကို စဉ်းစားကြည့်ပါ" စသည်ဖြင့်မေး၍ စာသင်ချိန်ကို စတင်ပါ။<br>• ပြီးလျှင် "သားတို့၊ သမီးတို့ အဲဒီလူရဲ့ပုံကိုဆွဲပြီး သင်ပုန်းမှာ လာကပ်ကြရမယ်"ဟု ပြောပါ။ ဥပမာ - ဖေဖေ့ပုံကိုဆွဲပြီး ဖေဖေ့ကို ကျေးဇူးတင်ပါတယ်။<br>• ကလေးများ၏ နာမည်နှင့် အဘယ်ကြောင့် ထိုသူကိုကျေးဇူးတင်တယ် ဆိုသည်ကိုပါ ရုပ်ပုံထဲတွင် ထည့်ရေးကြပါစေ။<br>• ကလေးများအားလုံး ပါဝင်အောင် ဆရာကတိုက်တွန်းပေးပါ။ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ခင်ပွန်းကြီးဆယ်ပါး ကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
| --- | --- |
| ❁ ခင်ပွန်းကြီး (၁၀) ပါးကို ပြန်လည်ရှင်းပြပြီး အောက်ပါကဗျာကို ကလေးများအား ဟန်အမူအရာဖြင့် ရွတ်ဆိုတတ်အောင် သင်ပေးပါ။<br><br>**ခင်ပွန်းကြီးဆယ်ပါး**<br>ဘုရားမြတ်စွာ၊ ပစ္စေကာ၊<br>ရဟန္တာများရယ်။<br>အဂ္ဂသာဝက၊ ဆရာမိဘ၊<br>လေးစားရသူရယ်။<br>ဒကာ ဒကာမ၊ မဟ္ဂကထိက၊<br>ကြီးလှ ဂုဏ်သွယ်သွယ်။<br>ခင်ပွန်းကြီးဆယ်ပါး၊<br>မြဲမှတ်သား၊<br>မပြစ်မှားရဘူးကွယ်။ ။<br><br>❁ ခင်ပွန်းကြီး (၁၀) ပါးကို ပြန်ရွတ်ဆို၍ စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

## သင်ခန်းစာ (၂၀)

သင်ခန်းစာခေါင်းစဉ် ။ ။ ရွှေသမင်မောင်နှမ

သင်ယူမှုဦးတည်ချက် ။ ။ တစ်ဦးကိုတစ်ဦး လေးစားချစ်ခင်သော ပျော်ရွှင်ဖွယ်မိသားစုပုံရိပ်များကို ပြောပြတတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မိသားစု ကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ဒုတိယတန်းက သင်ခဲ့ဖူးသော သင်ခန်းစာ (၂၂) မှ ပျော်ရွှင်ဖွယ်မိသားစု အကြောင်းကို ပြန်လည်ချိတ်ဆက်ပြောပြပြီး အောက်ပါမေးခွန်းများကို မေးမြန်းပါ။<br>- မိသားစုဆိုတာ ဘာကိုပြောတာလဲ။<br>- မိသားစုမှာ ဘယ်သူတွေပါဝင်သလဲ။<br>- ကိုယ့်ရဲ့မိသားစုကို ချစ်လား။ ဘာကြောင့်လဲ။<br>- ကိုယ့်ရဲ့ မောင်လေး၊ ညီမလေး၊ အစ်ကို၊ အစ်မတွေကို ချစ်လား။<br>- ကိုယ်လိုချင်တဲ့ မိသားစုက ဘယ်လိုပုံစံမျိုးလဲ။<br>- သားတို့၊ သမီးတို့ ကျောင်းနေနိုင်ဖို့၊ အဝတ်အစားဝတ်ဖို့၊ အစားအသောက်တွေ စားနိုင်ဖို့အတွက် ဘယ်သူတွေက ကြိုးစားပေးသလဲ။<br>❁ ထို့နောက် ကလေးများက မိသားစုသစ်ပင် (Family Tree) ဆွဲကြပါစေ။ ဆရာက ဦးစွာ ဆွဲပြပေးပါ။ မိသားစုသစ်ပင်က အမျိုးမျိုးရှိနိုင်ကြောင်း ပြောပြပါ။<br><br> | |

| | |
|---|---|
| ❋ ကလေးများအား မိမိ၏ မိသားစုတွင် အမှန်တကယ်ရှိသောသူ (မိသားစုဝင်) များကိုသာ ပါဝင်အောင် ရေးဆွဲရမည်ဖြစ်ကြောင်း ပြောပြပါ။<br>❋ "မိသားစုဝင်တွေဟာ အချင်းချင်း တစ်ဦးနဲ့တစ်ဦး ချစ်ခင်လေးစားကြရမယ်။ ကိုယ့်တာဝန် ကိုယ် ကျေပွန်အောင်ထမ်းဆောင်ရင်း အပြန်အလှန် ကျေးဇူးပြုကြရမယ်" စသည်ဖြင့် ပြောဆိုပြီး ဆရာက အနှစ်ချုပ်ပေးပါ။<br>❋ ထို့နောက် အောက်ပါ မိသားစု ကဗျာကို ရွတ်ဆိုပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။<br><br>**မိသားစု**<br>အမေကြီးက ထမင်းချက်၊<br>တို့မိသားစုတွက်။<br>အဖေကြီးဝတ်တက် အမှုဝေသံ၊<br>သာဓုခေါ် ရပြန်။<br>စာအံသံ ဆူညံသွား၊<br>ညီပု စာကြိုးစား။<br>ဈေးသွားတော့မယ့် မမဟန်<br>နေ့စဉ် အချိန်မှန်။<br>အပြန်အလှန် ကျေးဇူးပြု<br>ငါတို့မိသားစု။ ။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ရွှေသမင်မောင်နှမ ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❋ အောက်ပါ ရွှေသမင်မောင်နှမ ဇာတ်လမ်းကို ကလေးများစိတ်ဝင်စားအောင် အသံနေ အသံထားဖြင့် ပြောပြပါ။<br><br>**ရွှေသမင်မောင်နှမ**<br>ဟိုးရှေးရှေးတုန်းက တောအုပ်ကြီးတစ်ခုမှာ ရွှေသမင်တစ်ကောင်ဟာ သမင်တွေ အများကြီးကို ခေါင်းဆောင်ပြီး မျက်မမြင်မိဘနှစ်ပါးကို ညီငယ်၊ နမငယ်တို့နဲ့အတူ ပြုစုလုပ်ကျွေးရင်း ပျော်ရွှင်စွာ နေထိုင်ခဲ့ပါတယ်။ တစ်နေ့မှာ မုဆိုးတစ်ယောက်ဟာ အမဲလိုက်ရင်း ရွှေသမင်ကို တွေ့သွားခဲ့ပြီး နေရာကို သေချာမှတ်ထားတယ်။ နောက်တစ်နေ့ ရွှေသမင်ကို တွေ့တဲ့နေရာမှာ ကျော့ကွင်းဆင်ထားတယ်။ ရွှေသမင်နဲ့အတူ သမင်တွေ ရေသောက်ဆင်းတဲ့ အခါ မုဆိုးထောင်ထားတဲ့ ကျော့ကွင်းမှာ ရွှေသမင် မိသွားတယ်။ ကျော့ကွင်းမိပေမဲ့ ရွှေသမင် ဟာ တခြားသမင်တွေ ကြောက်လန့်ပြီး ရေဆက်မသောက်မှာ စိုးတဲ့အတွက် အော်ဟစ်ခြင်း မပြုဘဲ ငြိမ်နေလိုက်တယ်။ တခြားသမင်တွေ ရေသောက်ပြီးမှ ကျော့ကွင်းကနေ လွတ်အောင် ရုန်းပါတော့တယ်။ ကျော့ကွင်းက ခိုင်မာတဲ့အတွက် မလွတ်နိုင်ဘဲ အသားအရေတွေ စုတ်ပြတ်ပြီး အရိုးကို ထိသွားပါတယ်။ အဲဒီအခါ ရွှေသမင်ဟာ အသံထွက်ပြီး အော်လိုက်မိတယ်။<br>သမင်တွေဟာ သမင်တစ်ကောင် ကျော့ကွင်းမိတာကို သိသွားပြီး ခြေဦးတည့်ရာ | |

ပြေးကြတယ်။ ပြေးလွှားရင်း ရွှေသမင်ရဲ့ညီဟာ အစ်ကိုဖြစ်သူကို မမြင်ရတော့ ကျောက်ကွင်းမိနေတာ အစ်ကိုပဲဖြစ်ရမယ်လို့ တွေးမိပြီး ပြန်လှည့်လာခဲ့တယ်။ ရွှေသမင်အနား ရောက်တဲ့အခါ "ညီမောင်၊ အနားမလာနဲ့၊ အသက်သေနိုင်တယ်။ ကျန်တဲ့သမင်တွေကို ဦးဆောင်ရအောင် ပြန်သွားပါ"လို့ ပြောလိုက်တယ်။ ညီဖြစ်သူကလည်း "အစ်ကို့ကို မထားခဲ့နိုင်ဘူး။ ညီမောင် အသက်စွန့်ပြီးနေမယ်"လို့ ပြန်ပြောတယ်။

"ညီမောင်၊ မျက်စိမမြင်တဲ့ မိဘတွေဟာ လုပ်ကျွေးမယ့်သူမရှိလို့ သေကုန်ကြပါလိမ့်မယ်။ မိဘတွေကို လုပ်ကျွေးရအောင်သွားပါ"လို့ ထပ်ပြောပေမဲ့ မသွားဘဲ အစ်ကိုဘေးမှာကပ်နေပါတယ်။ ရွှေသမင်ရဲ့ နမယ်ကလည်း အစ်ကိုတွေကို မမြင်တဲ့အတွက် ပြန်လှည့်လာခဲ့တယ်။ ရွှေသမင်အနား ရောက်တဲ့အခါ "နမယ်၊ အနားမလာနဲ့၊ အစ်ကိုတော့ ဒီကျောက်ကွင်းကနေ မလွတ်နိုင်ဘူး။ ပြေးတော့"လို့ ပြောပါတယ်။ နမယ်ဟာလည်း အသက်သေချင်သေပါစေ၊ အစ်ကိုတွေကို ထားခဲ့ပြီး မသွားနိုင်ကြောင်းပြောကာ အစ်ကိုတွေအနားမှာ ကပ်နေပါတယ်။

မုဆိုးရောက်လာတဲ့အခါ နမယ်သမင်ဟာ ကြောက်လို့ အနည်းငယ် ပြေးမိတယ်။ ဒါပေမဲ့ အစ်ကိုတွေကို မထားခဲ့နိုင်တာနဲ့ ပြန်လှည့်လာတယ်။ ရွှေသမင်မောင်နမတို့ ဖြစ်ပျက်နေတဲ့ဟန်၊ မောင်နမအချင်းချင်း အသက်စွန့်ပြီး ချစ်နေကြပုံကို မြင်နေရတဲ့ မုဆိုးဟာ သမင်မောင်နမအပေါ်မှာ ချစ်ခင်စိတ် ဝင်လာခဲ့တယ်။ ဒါကြောင့် အစ်ကိုကြီးဖြစ်သူ ရွှေသမင်ကို "ရွှေသမင်၊ ဒီသမင်နှစ်ကောင်ဟာ အသက်သေနိုင်တဲ့ ဘေးတွေ့တာတောင် ဘာဖြစ်လို့ မပြေးကြတာလဲ"လို့ မေးလိုက်တယ်။ "မုဆိုးကြီး၊ ငါတို့ဟာ တစ်မိတည်းကမွေးတဲ့ မောင်နမတွေ ဖြစ်တဲ့အတွက် အသက်ဘေးတွေ့ပေမဲ့ တစ်ဦးကိုတစ်ဦး စွန့်ခွာမသွားကြပါဘူး"လို့ ရွှေသမင်က ပြန်ဖြေလိုက်တယ်။

မုဆိုးဟာ ရွှေသမင်ရဲ့စကားကို ကြားတဲ့အခါ အလွန်သနားသွားတယ်။ အဲဒီအခါမှာ ညီငယ်က "မုဆိုးကြီး၊ ကျွန်တော့်အစ်ကိုဟာ သမင်အပေါင်းကို အုပ်ချုပ်နေသူ၊ သီလရှိသူ၊ မေတ္တာတရားပြည့်ဝသူ ဖြစ်ပါတယ်။ ဒို့အပြင် မျက်မမြင်မိဘနှစ်ပါးကိုလည်း ရှာကျွေးနေသူ ဖြစ်တယ်။ ဒီလိုဂုဏ်ကျေးဇူးနဲ့ ပြည့်စုံတဲ့သူကိုသတ်ရင် ကျွန်တော်တို့ မိသားစုအားလုံးကို သတ်သလိုပါပဲ။ သူ့ကို ချမ်းသာပေးရင် မိသားစုအားလုံးကို ချမ်းသာပေးတာနဲ့ အတူတူပါပဲ"လို့ ရှင်းပြလိုက်တယ်။ မုဆိုးဟာ ရွှေသမင်မောင်နမရဲ့ တစ်ဦးပေါ်တစ်ဦး ချစ်ခင်ကြင်နာမှုကို နှစ်သက်သဘောကျသွားပြီး ကျောက်ကွင်းကနေ လွှတ်ပေးလိုက်ပါတယ်။ အဲဒီအချိန်ကစပြီး ရွှေသမင်မောင်နမဟာ မျက်မမြင်မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးရင်း အသက်ထက်ဆုံး ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားခဲ့ကြပါတော့တယ်။

မှီငြမ်း။ ။ ရောဟဏမိဂဇာတ်၊ ပုံတော်စုံ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ စတုတ္ထတွဲ၊ ၄၄၂။ ဇာ၊ ဋ္ဌ၊ ၄၊ ၄၁၃။

- ဇာတ်လမ်းနားထောင်ပြီးပါက အောက်ပါမေးခွန်းများ မေးပါ။
  - ကျောက်ကွင်းမှာ ဘယ်သူ မိသွားတာလဲ။
  - ညီသမင်က ဘာလို့ထွက်မသွားတာလဲ။
  - နမယ်သမင်ကရော ဘာပြောလဲ။
  - မုဆိုးက ရွှေသမင်မောင်နမတွေကို မြင်တဲ့အခါ ဘယ်လိုခံစားရလဲ။
  - သားတို့၊ သမီးတို့ရော ရွှေသမင်မောင်နမကို ဘယ်လို မြင်သလဲ။
  - သားတို့၊ သမီးတို့သာ ရွှေသမင်မောင်နမနေရာမှာဆို ဘယ်လိုလုပ်ကြမလဲ။
  - အကယ်၍ ညီငယ်နဲ့ ညီမငယ်တို့ကသာ အစ်ကိုကြီးရွှေသမင်ကို ပစ်ပြီး ပြေးကြမယ်ဆိုရင် ရွှေသမင်ကြီး ဘယ်လိုဖြစ်သွားနိုင်သလဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ရောင်စုံပူဖောင်းများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • ကလေးများအား သင့်လျော်သလို အုပ်စု (၄) စု ဖွဲ့ပါ။<br>• အုပ်စုဝင်များသည် မိမိပူဖောင်းများကို မကွဲအောင် ကာကွယ်ထားရမည်ဖြစ်သလို အခြားအုပ်စုများ၏ ပူဖောင်းများကို လုရမည်ဖြစ်ကြောင်း၊ ပူဖောင်းအများဆုံး ထိန်းသိမ်းထားနိုင်သောအုပ်စုက အနိုင်ရမှာဖြစ်ကြောင်း အုပ်စုတစ်စုစီအား တီးတိုးမှာကြားထားပါ။ တီးတိုးပြောစကားများကို အခြားအုပ်စုမှ ကလေးများ မသိစေရ။<br>• ထို့နောက် အုပ်စုတစ်စုစီမှ ကလေး (၄) ယောက်၏ ခြေထောက်တွင် အပြာရောင်ပူဖောင်း၊ အနီရောင်ပူဖောင်း၊ အဝါရောင်ပူဖောင်းနှင့် အစိမ်းရောင်ပူဖောင်းကို အပ်ချည်နှင့် အသီးသီး ချည်ထားရမည်။ တစ်ဖွဲ့တွင် ကလေး (၁၀) ယောက်ဖြစ်လျှင် (၄) ယောက်ကို ပူဖောင်းချည်ထားပြီး ကျန် (၆) ယောက်က ကာကွယ်သူအဖြစ်သာမက အခြားအုပ်စုမှ ပူဖောင်းများကို လိုက်လုသူအဖြစ်ပါ ကစားရမည်။<br>• ဆရာက "စပြီ" ဟု အော်ပြောလိုက်သည်နှင့် အုပ်စုအသီးသီးက တီးတိုးပြောကြားထားသည့်အတိုင်း လှုပ်ရှားကစားကြပါစေ။<br>• ကစားပြီးသောအခါ အောက်ပါမေးခွန်းများ မေးပါ။<br>- ဒီလို ကစားရတာ ပျော်သလား၊ ဘယ်လို ခံစားရသလဲ။<br>- ကိုယ့်ရဲ့ပူဖောင်းတွေ အလုမခံရအောင် ဘာလုပ်ရလဲ။<br>- ကိုယ့်ရဲ့ပူဖောင်းတွေကို လာလုရင်ရော ဘယ်လိုခံစားရလဲ။<br>- အဲဒီလိုပဲ ကိုယ့်ရဲ့မိသားစုလေးမှာ အခက်အခဲကြုံရပြီဆိုရင် ဘာလုပ်ကြမလဲ။<br>• ပြီးလျှင် "အခုဟာက ကစားတာမို့လို့ သူများပူဖောင်းတွေကို လုခိုင်းတာ။ တကယ်တော့ သူများ မောင်နှမတွေကိုလည်း ရန်မရှာရဘူး။ ကိုယ့်ရဲ့မောင်နှမတွေကို ရန်စလာရင်လည်း အတူတူဝိုင်းပြီး ဖြေရှင်းပေးကြရမယ်။ မောင်နှမအချင်းချင်းလည်း ရန်မဖြစ်ကြဘဲ သင့်သင့်မြတ်မြတ် နေကြရမယ်။ အဲဒီလိုပဲ ကိုယ့်မိသားစုမှာရှိတဲ့သူတွေ အကုန်လုံးလည်း ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာ၊ နွေးနွေးထွေးထွေး ဆက်ဆံကြရမယ်။ ဒါမှ ပျော်ရွှင်တဲ့ မိသားစု ဖြစ်မှာ၊ ကိုယ့်မိသားစုကို သူများက ရန်စလာရင် မခံချင်သလိုပဲ ကိုယ်ကလည်း သူများမိသားစုတွေကို ရန်မစရဘူး" စသည်ဖြင့် ပြောပြီး အနှစ်ချုပ်ပေးပါ။ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မိသားစု ကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ကလေးများအား သင့်လျော်သလို အုပ်စုဖွဲ့ပါ။<br>❁ ပြီးလျှင် "ဖေဖေ၊ မေမေနဲ့ မိသားစုတွေ ပျော်ရွှင်ဖို့အတွက် လုပ်ပေးနိုင်တဲ့အလုပ်တွေကို အနည်းဆုံး (၅) ချက်လောက်ရအောင် အုပ်စုဖွဲ့ပြီး ဆွေးနွေးကြရအောင်"ဟု ပြောပါ။<br>❁ အုပ်စုတွင်းဆွေးနွေးပြီးပါက အုပ်စုတစ်စုလုံး အတန်းရှေ့ထွက်၍ မိမိတို့အုပ်စု ဆွေးနွေးထားသည်များကို တစ်ယောက်တစ်ချက်စီ သို့မဟုတ် သင့်သလို ပြောပြကြပါစေ။<br>❁ အုပ်စုတစ်စုပြောပြီးတိုင်း ဆရာက ချီးကျူးပေးပါ။<br>❁ ထို့နောက် စာသင်ချိန် (၁) တွင် သင်ပေးခဲ့သော မိသားစု ကဗျာကို ပြန်လည်ရွတ်ဆိုပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

## သင်ခန်းစာ (၂၁)

သင်ခန်းစာခေါင်းစဉ် ။ ။ ဆရာ့မေတ္တာ
သင်ယူမှုဦးတည်ချက် ။ ။ ဆရာများ၏ မေတ္တာစေတနာကို သိရှိပြီး ချစ်ခင်လေးစားတတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ တပည့်ကျင့်ဝတ်၊ ဆရာကျင့်ဝတ် ကဗျာများ၊ ကဗျာပါစာကြောင်းများ ရေးသားထားသည့် စာရွက်များ၊ ဆရာကျင့်ဝတ် ရေးထားသော ကတ်ပြား။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • တပည့်ကျင့်ဝတ် ကဗျာတွင်ပါရှိသော စာကြောင်းများအား စာတစ်ဖြတ်လျှင် တစ်ချက်စီကို စာရွက်ပေါ်တွင် အောက်ပါအတိုင်း ရေးပြီး ရောထားပါ။<br>• ကလေးများကို သင့်လျော်သလို အုပ်စုဖွဲ့၍ ရောထားသောစာရွက်များကို ကဗျာတစ်ပုဒ်လုံးဖြစ်အောင် ဆက်ကြပါစေ။<br>• ဆက်ပြီးသောအုပ်စုက မိမိတို့ဆက်ထားသည့်အတိုင်း ရွတ်ဆိုပြကြပါစေ။<br>• အုပ်စုအားလုံးရွတ်ဆိုပြီးပါက ကဗျာ၏စာသားအမှန်ကို ဆရာက ရွတ်ပြပါ။ | |
| **တပည့်ကျင့်ဝတ်**<br>ညီညာထကြွ၊<br>ဆုံးမနာယူ၊ လာမှုကြိုဆီး၊<br>ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊<br>တပည့်ဝတ်၊ မချွတ်ငါးခုသာ။ ။<br><br>ညီညာထကြွ / ဆုံးမနာယူ / လာမှုကြိုဆီး / ထံနီးလုပ်ကျွေး / သင်တွေးအံ့ရွတ် / တပည့်ဝတ် / မချွတ်ငါးခုသာ | ကျင့်ဝတ်အဓိပ္ပာယ်များကို ဆရာမှ ရှင်းပြပေးပြီး ကျင့်ဝတ်တစ်ခုချင်းစီကို ရွတ်ဆိုပြ၍ ကလေးများ လိုက်ရွတ်ကြပါစေ။ |
| • ထို့နောက် တပည့်များတွင် လိုက်နာရမည့် ကျင့်ဝတ် (၅) ခုရှိသကဲ့သို့ ဆရာတို့အတွက်လည်း ကျင့်ဝတ် (၅) ခုရှိကြောင်း ပြောပြ၍ အထက်ပါနည်းအတိုင်း ထပ်မံ၍ ပြုလုပ်ပေးပါ။<br><br>**ဆရာကျင့်ဝတ်**<br>အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊<br>သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊<br>သင့်ရာအပ်ပို့၊ ဆရာတို့၊<br>ကျင့်ဖို့ ဝတ်ငါးဖြာ။ ။ | |

| | |
|---|---|
| ❁ ရွတ်ဆိုပြီးပါက ဆရာ့ကျင့်ဝတ် ရေးထားသော ကတ်ပြားကို သင်ပုန်းတွင် ချိတ်ပြ၍ ကျင့်ဝတ်တစ်ခုစီ၏ အဓိပ္ပာယ်ကို ကလေးများအား မေးဖြေပြုလုပ်ခြင်းဖြင့် ရှင်းပြပါ။<br>ဥပမာ - "အတတ် ဆိုတာ ဘာကိုပြောတယ်ထင်သလဲ/ ဘာကိုပြောတာလဲ၊ ပဲ့ပြင်ဆုံးမ ဆိုတာကရော ဘာကို ဆိုလိုတာလဲ" စသည်ဖြင့် ဦးစွာ မေးပြီးမှ ရှင်းပြပေးပါ။<br>❁ ပြီးလျှင် ကျင့်ဝတ်ကဗျာနှစ်ပုဒ်လုံးကို ပြန်လည်ရွတ်ဆိုကြပါစေ။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျင့်ဝတ်တစ်ချက်စီ ရေးထားသော ကတ်ပြားများ၊ စာရွက်ကြီးနှစ်ရွက်။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ တပည့်ကျင့်ဝတ်နှင့် ဆရာ့ကျင့်ဝတ်ဟူသော ခေါင်းစဉ်ရေးသားထားသည့် စာရွက်ကြီး (၂) ရွက်ကို သင်ပုန်းပေါ်တွင် တစ်ဖက်တစ်ချက်စီ ကပ်ထားပါ။<br>❁ (၅) ယောက်စီပါဝင်သော အုပ်စု (၂) စု ဖွဲ့ပြီး ကျန်ကလေးများက ကြည့်နေကြပါစေ။<br>❁ ဆရာ့ကျင့်ဝတ်နှင့် တပည့်ကျင့်ဝတ် ခေါင်းစဉ် (၂) မျိုးကို မဲနှိုက်ပြီး ရွေးချယ်ကြပါစေ။<br>❁ ဆရာ့ကျင့်ဝတ်နှင့် တပည့်ကျင့်ဝတ်များကို ရေးသားထားသည့် ကတ်ပြား (၁၀) ခုကို ရောထားသည့် အစုအပုံ နှစ်ပုံပြင်ဆင်ထားပြီး အုပ်စု (၂) စုက ကိုယ့်အပုံနှင့်ကိုယ် ပြိုင်တူရွေးကြပါစေ။<br>❁ ဆရာ့ကျင့်ဝတ် ခေါင်းစဉ်ကျသော အုပ်စုမှကလေးများသည် ကတ်ပြား (၁၀) ခုအနက် ဆရာ့ကျင့်ဝတ်ဆိုင်ရာ ကတ်ပြားများကို ရွေးထုတ်ပြီး သင်ပုန်းပေါ်တွင်ရှိသော ဆရာ့ကျင့်ဝတ် ခေါင်းစဉ်အောက်တွင် သွားကပ်ကြရမည်။<br>❁ ထို့အတူ တပည့်ကျင့်ဝတ် ခေါင်းစဉ်ကျသော အုပ်စုမှ ကလေးများက တပည့်ကျင့်ဝတ် ဆိုင်ရာ ကတ်ပြားများကို သင်ပုန်းပေါ်တွင်ရှိသော တပည့်ကျင့်ဝတ် ခေါင်းစဉ်အောက် တွင် သွားကပ်ကြရမည်။<br>❁ ကျင့်ဝတ်များကို အစဉ်အတိုင်း အမြန်ဆုံးနှင့် မှန်ကန်အောင် ကပ်နိုင်သော အုပ်စုက အနိုင်ရမည်ဖြစ်ကြောင်း ကြိုတင်ပြောကြားထားပါ။<br>❁ ထိုနည်းအတိုင်း ကျန်ကလေးများကိုလည်း အုပ်စုဖွဲ့ပြီး ကစားနိုင်ပါသည်။<br>❁ ကလေးများအားလုံး ပါဝင်ပြီးပါက "ကလေးတွေလိမ္မာအောင်၊ စာပေထူးချွန်သူတွေဖြစ်အောင်၊ အကျင့်စာရိတ္တကောင်းအောင် ဆရာက ပြောဆိုဆုံးမရမယ့် ဝတ္တရားရှိတယ်။ ဆရာတို့က ပြုပြင်ဆုံးမရတဲ့ ကျင့်ဝတ်များရှိသလို တပည့်တွေကလည်း ဆုံးမတာကို နားထောင်ရတဲ့ ကျင့်ဝတ်တွေရှိတယ်၊ ဒါကြောင့် ဆရာတွေက မေတ္တာစေတနာနဲ့ ဆုံးမတာကို တပည့်တွေက လိုက်နာရင် ကောင်းကျိုးချမ်းသာတွေရနိုင်တယ်" စသည်ဖြင့် ပြောဆိုကာ စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ နှမ်းခိုးစားသော မင်းသားငယ် ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|

- "ဆရာ့ကျင့်ဝတ်ထဲမှာပါတဲ့အတိုင်း ဆုံးမတတ်တဲ့ ဆရာတစ်ယောက် အကြောင်းကို ပြောပြမယ်"ဟု ဆိုပြီး အောက်ပါ နှမ်းခိုးစားသော မင်းသားငယ် ဇာတ်လမ်းကို ရုပ်ပုံများပြ၍ စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောပြပါ။

## နှမ်းခိုးစားသော မင်းသားငယ်

ဟိုးရှေးရှေးတုန်းက ဗာရာဏသီမင်းရဲ့ သားတော်တစ်ပါးဟာ တက္ကသိုလ်ပြည် ဆရာကြီးတစ်ဦးဆီမှာ အတတ်ပညာတွေကို သင်ယူနေပါတယ်။ တစ်နေ့ မင်းသားလေးဟာ ဆရာကြီးနဲ့အတူ ရေချိုးဖို့သွားတဲ့အခါ လမ်းမှာ အဘွားအိုတစ်ယောက် နေလှန်းထားတဲ့ နှမ်းတွေကို မြင်တော့ စားချင်စိတ်ဖြစ်တာနဲ့ လက်တစ်ဆုပ်ယူပြီး စားလိုက်တယ်။ အဘွားအိုက တွေ့ပေမဲ့ "ဒီသူငယ်လေး အလွန်စားချင်နေလို့နဲ့တူတယ် စားပါစေ"လို့ တွေးပြီး ဘာမှပြန်မပြောဘူး။ နေ့တိုင်း ဒီလိုစားနေတာကြောင့် သုံးရက်မြောက်နေ့မှာ အဘွားအိုက "ဆရာကြီးရဲ့တပည့်ဟာ နေ့တိုင်း ပိုင်ရှင်ကိုမပြောဘဲ နှမ်းလက်တစ်ဆုပ်စာ ယူစားတာ သုံးရက်ရှိပြီ၊ ကြာရင် နှမ်းတွေအားလုံး ကုန်တော့မယ်"လို့ ငိုပြီး ဆရာကြီးကို တိုင်ကြားလိုက်ပါတယ်။

အဲဒီအခါမှာ ဆရာကြီးက "အမေအို မငိုပါနဲ့၊ သင့်ကို အဖိုးအခငွေ ပေးပါ့မယ်"လို့ ပြောတဲ့အခါ အဘွားအိုက "ငွေမလိုပါဘူး၊ ဒီသူငယ်ကိုသာ နောက်တစ်ခါ ဒီလို မပြုလုပ်စေဖို့ ဆုံးမပေးပါ"လို့ ပြန်ပြောလိုက်တယ်။ အဲဒီအခါ ဆရာကြီးက မင်းသားလေးကို အပြစ်ဒဏ်ပေးပြီး ဆုံးမလိုက်တယ်။ မင်းသားလေးဟာ အလွန်စိတ်ဆိုးသွားကာ ဆရာကြီးအပေါ် ရန်ငြိုးထားခဲ့တယ်။ အဲဒီလို ရန်ငြိုးထားတာကိုလည်း ဆရာကြီးက ချက်ချင်းသိလိုက်တယ်။

ဒီလိုနဲ့ မင်းသားဟာ ပညာတွေစုံတော့ တိုင်းပြည်ကိုပြန်သွားပြီး ဘုရင်ဖြစ်သွားတဲ့အခါ ဆရာကြီးကို လက်ဆောင်တွေနဲ့အတူ လူလွှတ်ပြီး ခေါ်ခိုင်းလိုက်တယ်။ ဆရာကြီးကလည်း ခေါ်ရတဲ့အကြောင်းကို သိတယ်။ ဒါကြောင့် အကြိမ်ကြိမ်ခေါ်ပေမဲ့ ဆရာကြီးက မလိုက်ခဲ့ဘူး။ ဒီတစ်ခါမှာတော့ "မင်းသားဟာ အခုအခါ အသက်ကြီးလာပြီ၊ ဆုံးမပြောဆိုလို့ ရနိုင်ပြီ"လို့ တွေးပြီး လိုက်သွားတယ်။ နန်းတော်ကိုရောက်တဲ့အခါ မင်းသားက "ဆရာကြီး … နှမ်းတစ်ဆုပ်ကြောင့် ငါ့ကို အပြစ်ဒဏ်ပေးခဲ့တာ ဒီနေ့ထိ မမေ့သေးဘူး၊ သင့်ကို သတ်ဖို့ ခေါ်ခြင်းဖြစ်တယ်"လို့ ဆရာကြီးကို ပြောလိုက်တယ်။

ဆရာကြီးကလည်း "မကောင်းမှုကို လုပ်တဲ့အတွက် မလုပ်ဖို့ တားမြစ်တာကို ဆုံးမတယ်လို့ ခေါ်တယ်။ ရန်သူလို့ မသတ်မှတ်သင့်ဘူး။ တကယ်လို့ နှမ်းကို ခိုးယူစားတုန်းက မဆုံးမလိုက်ရင် နှမ်းနဲ့ပြုလုပ်တဲ့ မုန့်၊ နောက် ပဲနဲ့ပြုလုပ်တဲ့ ပဲမုန့် စတဲ့ မုန့်တွေ၊ အသီးအနှံတွေ၊ နောက် အဝတ်အစားတွေ၊ ရွှေငွေရတနာတွေကို ခိုးယူရုံသာမက လုယက်တာ၊ တိုက်ခိုက်တာ၊ သူပုန်ထတာ စတဲ့ မကောင်းမှုတွေကို အဆင့်ဆင့် ပြုလုပ်သွားနိုင်တယ်။ အဲဒီအခါ ဘုရင်ကို ဆန့်ကျင်ဘက်ပြုတာဖြစ်လို့ ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံရနိုင်တယ်။ ဒီလိုဆိုရင် ဘုရင်ကြီးမှာ အခုလို စည်းစိမ်ချမ်းသာကို ရနိုင်တော့မှာ မဟုတ်ဘူး။ အကျွန်ုပ်က အချိန်မီ ဆုံးမလိုက်တဲ့အတွက်ကြောင့်သာ ဒီလို စည်းစိမ်ကို ရရှိခံစားရတယ် မဟုတ်ပါလား" လို့ ပြန်လျှောက်တင်လိုက်တယ်။ အနားမှာ ခြံရံနေတဲ့ မှူးမတ်တွေကလည်း "အရှင်မင်းကြီး…

ဆရာကြီးရဲ့စကားဟာ မှန်ပါပေတယ်၊ ဒီစည်းစိမ်ဟာ ဆရာကြီးရဲ့စည်းစိမ်တွေပဲ ဖြစ်သင့်ပါတယ်”လို့ လျှောက်တင်လိုက်ကြတယ်။

အဲဒီတော့မှ ဘုရင်ဟာ ဆရာ့ရဲ့ကျေးဇူးကို သိမြင်လာပြီး “ဆရာ၊ အကျွန်ုပ် မှားပါတယ်၊ ဆရာ့အား စည်းစိမ်အားလုံးကို ပေးပါ့မယ်”လို့ ပြောတယ်။ ဆရာကြီးက “ဒီစည်းစိမ်တွေကို မယူချင်ပါဘူး၊ မလိုချင်ပါဘူး”လို့ ပြောလိုက်တယ်။ ပြီးတော့ ဘုရင်ဟာ ဆရာကြီးရဲ့ မိသားစုကို ခေါ်ဆောင်စေပြီး အခြွေအရံ အများအပြားပေးကာ ဆရာကြီးကို မင်းဆရာရာထူး ခန့်အပ်လိုက်တယ်။ အဲဒီအချိန်ကစပြီး ဆရာကြီးကို အဖေအရာမှာထားပြီး ဆရာကြီးရဲ့ ဆုံးမစကားကို နားထောင်လိုက်နာတဲ့ ကောင်းမှုကုသိုလ်တွေပြုတဲ့ ဘုရင်မင်းမြတ်တစ်ပါးအဖြစ်နဲ့ တိုင်းပြည်ကို အုပ်ချုပ်သွားခဲ့ပါတယ်။

မှီငြမ်း။ ။ တိလမုဋ္ဌိဇာတ်၊ ပုံတော်စုံ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ ဒုတိယတွဲ။ ၄၂၅။
ဇာ၊ ဋ္ဌ၊ ၂။ ၂၅၃။

❁ အောက်ပါမေးခွန်းများ မေးပါ။

- မင်းသားက ဘာလုပ်သလဲ။
- ဆရာကြီးက နမ်းခိုးစားတဲ့ မင်းသားကို ဘာလုပ်သလဲ။
- မင်းသားလေးက ဆရာကြီးကို ဘယ်လိုအငြိုးထားသလဲ။
- မင်းသားငယ် ဘုရင်ဖြစ်လာတာ ဘယ်သူ့ရဲ့ကျေးဇူးကြောင့်လဲ။
- ဆရာကြီးက ဘုရင်ကို ဘယ်လိုဆုံးမပေးသလဲ။
- ကလေးတို့အမြင်မှာ မင်းသားလေးဟာ ဘယ်လိုလူစားမျိုးလဲ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရေးရန် စာရွက်ကြီးများနှင့် ဆော့ပင်များ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • ဇာတ်လမ်းကို ပြန်လည်ပြောပြနိုင်သူတစ်ဦးက အတန်းရှေ့သို့ ထွက်၍ ပြောပါစေ။<br>• ထို့နောက် ကလေးများအား သင့်လျော်သလို အုပ်စုဖွဲ့ပါ။<br>• "အခု ဆရာက ဇာတ်လမ်းနဲ့သက်ဆိုင်တဲ့ မေးခွန်းတစ်ခုမေးမယ်၊ အဲဒီမေးခွန်းကို အဖြေ (၅) ခုလောက်ရအောင် ဖြေပေးရမယ်၊ အဲဒီမေးခွန်းကတော့ 'အကယ်၍ ဆရာကြီးသာ မင်းသားလေးကို အပြစ်ဒဏ်ပေးပြီး မဆုံးမခဲ့ရင် မင်းသားလေး ကြီးလာတဲ့အခါ ဘာဖြစ်သွားနိုင်သလဲ'ဆိုတဲ့ မေးခွန်းပဲ ဖြစ်တယ်၊ ကဲ ... အခု ကိုယ့်အုပ်စုနဲ့ကိုယ် စဉ်းစားကြပါ၊ ပြီးရင် အတန်းထဲမှာ အားလုံးကြားအောင် ပြောပြရမယ်"ဟု ပြောပြီး ကလေးများအားလုံး အုပ်စုလိုက် ဆွေးနွေးပြီး ချရေးကြပါစေ။<br>• ပြီးနောက် အုပ်စုတစ်စုစီက ချရေးထားသည်များကို ဖတ်ပြကြပါစေ။<br>• ကလေးများ၏ အဖြေများအပေါ်တွင် မူတည်ပြီး ဆရာက အနှစ်ချုပ် ပြန်လည်ဆွေးနွေး ပြောပြပေးပါ။ | |

## သင်ခန်းစာ (၂၂)

သင်ခန်းစာခေါင်းစဉ် ။ ။ မိတ်ဆွေကောင်း
သင်ယူမှုဦးတည်ချက် ။ ။ မိတ်ဆွေကျင့်ဝတ်ငါးပါးကိုသိရှိပြီး လိုက်နာကျင့်ကြံတတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်။
သင်ထောက်ကူပစ္စည်း ။ ။ သူငယ်ချင်းကောင်း ကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ အောက်ပါအတိုင်း မေး၍ စာသင်ချိန်ကို စတင်ပါ။<br>"အခု သားတို့၊ သမီးတို့က တတိယတန်း ရောက်လာပြီဆိုတော့ သူငယ်ချင်းတွေ အများကြီး ရနေကြပြီပေါ့။ အဲဒီသူငယ်ချင်းတွေထဲမှာ သားတို့၊ သမီးတို့အပေါ် ကောင်းတဲ့သူရော၊ မကောင်းတဲ့သူရော ပါမှာပေါ့၊ ဒီတော့ သားတို့၊ သမီးတို့အနေနဲ့ မိတ်ဆွေကောင်းဆိုတာ ဘယ်လိုလူမျိုးကို ပြောတယ်လို့ ထင်သလဲ။ (ဖြေဆိုလိုသူ ကလေးတစ်ဦးစီမှ ဖြေဆိုပါစေ။)<br>❁ ထို့နောက် အောက်ပါမေးခွန်းများကို မေးမြန်းပြီး သူငယ်ချင်းကောင်း သို့မဟုတ် မိတ်ဆွေကောင်း၏ အဓိပ္ပာယ်ကို ပေါ်လွင်အောင် ပြောပြပေးပါ။<br>- သားတို့၊ သမီးတို့ အခု ဘယ်သူတွေနဲ့ နေရလဲ။ (ဖေဖေ၊ မေမေ၊ အဘိုး၊ အဘွား၊ အစ်ကို၊ အစ်မ စသည်ဖြင့် ပြောကြပါစေ။ နောက်ရော ဘယ်သူရှိသေးလဲ ဟူသော မေးခွန်းဖြင့် ပြည့်စုံအောင် ပြောပြလာသည်အထိ လမ်းကြောင်းပေးပါ။)<br>- ကျောင်းမှာ ဘယ်သူတွေနဲ့အတူ စာသင်ရလဲ။<br>- ကစားတဲ့အခါ ဘယ်သူတွေနဲ့ ကစားရလဲ။<br>- ကစားတဲ့အခါ ဘယ်လိုသူငယ်ချင်းတွေနဲ့ ကစားရတာပျော်သလဲ။<br>(ကလေးများ အဖြေပေါ် မူတည်၍ ပြန်လည်ပြောပြပေးပါ။ မိတ်ဆွေကောင်း သို့မဟုတ် သူငယ်ချင်းကောင်းနှင့် ကစားရလျှင် ပျော်စရာကောင်းမှာဖြစ်ကြောင်း၊ သူငယ်ချင်းကောင်းကို လူတိုင်းလိုချင်ကြကြောင်း၊ သို့ဖြစ်၍ သားတို့၊ သမီးတို့ ကိုယ်တိုင်က မိတ်ဆွေကောင်း/သူငယ်ချင်းကောင်းဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ဆရာက ပြောပြပါ။)<br>❁ ထို့နောက် ပထမတန်း၊ သင်ခန်းစာ (၃၀) တွင် သင်ပြီးခဲ့သော အောက်ပါ သူငယ်ချင်းကောင်းကဗျာကို ပြန်လည် ရွတ်ဆိုကြပါစေ။ (အကယ်၍ ကလေးများမေ့နေလျှင် ဆရာက ဦးဆောင် ရွတ်ဆိုပေးပါ။) | |

| | |
|---|---|
| **သူငယ်ချင်းကောင်း**<br>အစာစားလည်း အတူတူ၊<br>ကစားလည်း အတူတူ။<br>လဲကျသူကို ထူလို့ပေး၊<br>သူငယ်ချင်းကောင်းလေး။<br>နွေးနွေးထွေးထွေး ချစ်ချစ်ခင်၊<br>ကူညီကြပါလျှင်။<br>ဘေးရန်ကင်းစင် ထာဝရ၊<br>တို့များ ပျော်ရွှင်ကြ။ ။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မိတ်ဆွေကောင်း ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ အောက်ပါ မိတ်ဆွေကောင်း ဇာတ်လမ်းကို ကလေးများ စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောပြပေးပါ။<br>**မိတ်ဆွေကောင်း**<br>တစ်ခါတုန်းက တောအုပ်ကြီးတစ်ခုမှာ ကြက်တူရွေးအုပ်စု တစ်စုနေထိုင်တယ်။ တောအုပ်ကြီးက သာယာတဲ့အပြင် သစ်သီးဝလံတွေလည်း ပေါများတယ်။ အဲဒါကြောင့် ကြက်တူရွေးတွေလည်း ပျော်ရွှင်စွာနဲ့ ချစ်ချစ်ခင်ခင် ဆော့ကစားပြီး နေထိုင်စားသောက်ကြတယ်။ အဲဒီကြက်တူရွေးတွေထဲမှာ တစ်ကောင်နဲ့တစ်ကောင် အလွန်ချစ်ခင်ကြတဲ့ ကြက်တူရွေးလေးနှစ်ကောင်ရှိတယ်။ တစ်ကောင်ရဲ့နှုတ်သီးလေးက မည်းနေလို့ မောင်မဲလို့ ခေါ်တယ်။ နောက်တစ်ကောင်ရဲ့ နှုတ်သီးလေးက နီရဲနေလို့ မောင်နီလို့ ခေါ်တယ်။<br>တစ်နေ့တော့ ကြက်တူရွေးလေးမောင်မဲမှာ ကူးစက်တတ်တဲ့ရောဂါတစ်ခု စွဲကပ်လာတယ်။ မောင်မဲလေးမှာ ရောဂါရှိတယ်ဆိုရင်ပဲ တခြားကြက်တူရွေးတွေက သူနဲ့ အပေါင်းအသင်း မလုပ်ကြတော့ဘူး။ သူ့အနားမှာလည်း တစ်ကောင်မှ မရှိကြတော့ဘူး။ နောက်ဆုံးမှာတော့ ရောဂါကူးခံရမှာ ကြောက်လို့ဆိုပြီး အဲဒီတောအုပ်မှာတောင် မနေကြတော့ဘဲ တခြားနေရာကို ပြောင်းရွှေ့သွားကြတယ်။<br>ဒါပေမဲ့ မောင်နီကတော့ ဘယ်ကိုမှ ပြောင်းရွှေ့မသွားဘဲ ရောဂါသည်မောင်မဲလေးနဲ့ အတူကျန်နေခဲ့တယ်။ မောင်နီလေးက ရောဂါသည်မောင်မဲလေးကို ကျွေးမွေးစောင့်ရှောက်ပေးတယ်။ ရောဂါတွေ သက်သာအောင်လည်း ပြုစုပေးတယ်။ သူကိုယ်တိုင် ရောဂါကူးစက် မခံရအောင်လည်း စနစ်တကျ နေထိုင်စားသောက်တယ်။ မောင်မဲလေးကိုလည်း အမြန်ဆုံး ပြန်ကောင်းလာမှာဖြစ်တဲ့အကြောင်း အားပေးစကား အမြဲတမ်းပြောပေးတယ်။ အဲဒီလို ပြုစုရင်းနဲ့ ရက်တော်တော်လေး ကြာလာတဲ့အခါမှာတော့ မောင်မဲလေးလည်း နေပြန်ကောင်းလာပါတယ်။<br>တစ်ရက်မှာတော့ ကြက်တူရွေးလေးနှစ်ကောင် အတူတူစကားပြောကြရင်းနဲ့ မောင်မဲ | |

| | |
|---|---|
| လေးက "တခြားကြက်တူရွေးတွေက ရောဂါကူးခံရမှာကြောက်လို့ ထွက်သွားကြတဲ့အချိန်မှာ မင်းက ဘာလို့ ထွက်မသွားဘဲ ငါ့အနားမှာ ရှိနေပေးခဲ့တာလဲ"လို့ မေးလိုက်တယ်။ မောင်နီက "ဟိုးအရင်ကတည်းက မင်းနဲ့ငါက ကစားလည်း အတူတူ၊ စားလည်း အတူတူပဲလေ။ သူငယ်ချင်းကောင်းဆိုတာ ကိုယ့်ရဲ့သူငယ်ချင်းအပေါ်မှာ ဆင်းရဲချိန်ပဲဖြစ်ဖြစ်၊ ချမ်းသာချိန်ပဲဖြစ်ဖြစ် မစွန့်ခွာသင့်ဘူး။ မင်း ရောဂါဖြစ်တဲ့အချိန်ကျမှ ငါက ထွက်သွားခဲ့ရင် သူငယ်ချင်းကောင်း ဘယ်ပီသတော့မလဲ"လို့ ပြောလိုက်ပါတယ်။<br>အဲဒီလိုပြောပြီးသွားတဲ့အခါမှာ ကြက်တူရွေးလေး မောင်မဲက "ဟုတ်ပါတယ်၊ မင်းက ငါ့ရဲ့ သူငယ်ချင်းကောင်းပါပဲ"လို့ ပြန်ပြောလိုက်တယ်။ ဒီလိုနဲ့ပဲ ကြက်တူရွေးလေး မောင်မဲနဲ့ မောင်နီတို့ သူငယ်ချင်းနှစ်ဦးဟာ တစ်သက်လုံး ချစ်ချစ်ခင်ခင်နဲ့ ပျော်ရွှင်စွာ နေထိုင်သွားကြပါတော့တယ်။<br><br>❁ အောက်ပါမေးခွန်းများကို မေးပါ။<br>- ကြက်တူရွေးတွေအားလုံး တောအုပ်ထဲမှာ ဘယ်လို နေထိုင်ကြသလဲ။<br>- ကြက်တူရွေးလေးမောင်မဲ ရောဂါဖြစ်တဲ့အချိန်မှာ သူ့အနားမှာ ဘယ်သူရှိနေပေးလဲ။<br>- မောင်နီက သူငယ်ချင်းကောင်းရဲ့ အဓိပ္ပာယ်ကို ဘယ်လိုရှင်းပြပေးလဲ။<br>- နောက်ဆုံးမှာ ကြက်တူရွေးလေးမောင်မဲက သူ့သူငယ်ချင်းကို ဘာ့ကြောင့် သူငယ်ချင်းကောင်းလို့ ပြောတာလဲ။<br>- သားတို့၊ သမီးတို့မှာရော သူငယ်ချင်းကောင်းတွေ ရှိကြလား။ ရှိရင် အဲဒီသူငယ်ချင်း အကြောင်းကို အားလုံးကြားအောင် ပြောပြပေးပါလား။ (ပြောပြချင်သူ ကလေးနှစ်ဦးခန့်က ပြောပြပါစေ။) | |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကြက်တူရွေးနှစ်ကောင်ပြောသော စကားလုံးများကို ရေးထားသော ကတ်ပြား၊ ကြက်တူရွေးလေး မောင်နီရဲ့ပုံနှင့် ရောင်စုံခဲတံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ဇာတ်လမ်းထဲက ကြက်တူရွေးလေး မောင်နီရဲ့ပုံကို ဆေးရောင်ခြယ်ကြပါစေ။<br>❁ ဆေးရောင်ခြယ်ပြီးပါက "အဲဒီကြက်တူရွေးလေးကို ဘာဖြစ်လို့ မိတ်ဆွေကောင်းလို့ ပြောတာလဲ"ဟု မေးပါ။<br>❁ ဇာတ်လမ်းထဲက ကြက်တူရွေးနှစ်ကောင်ပြောသော စကားလုံးများကို သင်ပုန်း သို့မဟုတ် ကတ်ပြားပေါ်တွင် ရေးပေးထားပါ။<br>❁ ကလေး (၁၀) ယောက်ခန့်ကို နှစ်ယောက်တစ်တွဲစီ တွဲထားပေး၍ တစ်ယောက်နှင့် တစ်ယောက် "ဘယ်သူက နေမကောင်းတဲ့ကြက်တူရွေးလုပ်မယ်၊ ဘယ်သူက ကူညီတဲ့သူ လုပ်မယ်ဆိုတာ ရွေးထားကြ"ဟု ဆိုကာ ပြောရမည့်စကားလုံးများကို ဇာတ်တိုက်ထားကြပါစေ။ (အချိန်ရပါက ကလေးအားလုံး ပါဝင်သရုပ်ဆောင်ကြပါစေ။)<br>❁ ဇာတ်တိုက်ပြီးသော ကလေးများမှ ရှေ့သို့ထွက်၍ သရုပ်ဆောင်ကြပါစေ။<br>❁ သရုပ်ဆောင်သော ကလေးများကို လက်ခုပ်တီး၍ ဂုဏ်ပြုပေးပါ။ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မိတ်ဆွေကျင့်ဝတ်ငါးပါး ကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • "သူငယ်ချင်းကောင်းဆိုတာ ဘာလဲ၊ ဘယ်လိုလူမျိုးကို သူငယ်ချင်းကောင်းလို့ ခေါ်တာလဲ"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။<br>• မိတ်ဆွေကျင့်ဝတ်ငါးပါးကို ကလေးများ အဓိပ္ပာယ်နားလည်အောင် ရှင်းပြပြီး အလွတ်ရသည်အထိ သင်ကြားပေးပါ။<br><br>**မိတ်ဆွေကျင့်ဝတ်ငါးပါး**<br>ပေးကမ်းချီးမြှင့်၊<br>ကိုယ်နှင့်ယှဉ်ထား၊<br>စီးပွားဆောင်ရွက်၊<br>နှုတ်မြွက်ချိုသာ၊<br>သစ္စာမှန်စေ၊<br>ဝတ်ငါးထွေ၊<br>ကျင့်လေ မိတ်သဟာ။ ။<br><br>**မိတ်ဆွေကျင့်ဝတ် (၅) ပါး**<br>၁။ လိုအပ်သည့်အချိန်တွင် ပေးကမ်းကူညီခြင်း၊<br>၂။ ချမ်းသာ၊ ဆင်းရဲ မခွဲခြားဘဲ ကိုယ်နှင့်တန်းတူ သဘောထားခြင်း၊<br>၃။ အကျိုးစီးပွားဆောင်ရွက်ပေးခြင်း၊<br>၄။ စကားပြောချိုသာခြင်းနှင့်<br>၅။ မှန်မှန်ကန်ကန်ပြောဆိုခြင်း။<br><br>• နောက်ဆုံးတွင် "မိတ်ဆွေကောင်း၊ သူငယ်ချင်းကောင်းဆိုတာ မိတ်ဆွေကျင့်ဝတ် ငါးပါးနဲ့အညီ နေထိုင်ကျင့်ကြံသူဖြစ်တယ်"စသည်ဖြင့်ပြောပြ၍ မိတ်ဆွေကျင့်ဝတ်ငါးပါးအကြောင်းကို အနှစ်ချုပ်ပေးကာ ကဗျာကို ပြန်လည်ရွတ်ဆိုရင်းဖြင့် စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

## သင်ခန်းစာ (၂၃)

သင်ခန်းစာခေါင်းစဉ် ။ ။ ပန်းလှူရကျိုး
သင်ယူမှုဦးတည်ချက် ။ ။ မြတ်စွာဘုရားအားပန်းကပ်လှူရခြင်း၏အကျိုးကိုသိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ စာရွက်လွှတ်များ၊ ရောင်စုံခဲတံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "သားတို့၊ သမီးတို့ ဘုရားကျောင်းဆောင်ရှေ့မှာထိုင်ပြီး ဘုရားရှိခိုးဖူးကြလား"ဟု မေးပြီး နိဒါန်းပျိုးပါ။ | |
| ❁ ပြီးလျှင် ကလေးအားလုံးကို မျက်စိမှိတ်ခိုင်းပြီး "သားတို့၊ သမီးတို့ရဲ့အိမ်ထဲမှာရှိတဲ့ ဘုရားကျောင်းဆောင်မှာ ဘာတွေရှိသလဲဆိုတာ စဉ်းစားကြည့်ရအောင်၊ ဘုရားကျောင်းဆောင်ကို မျက်စိထဲ မြင်ယောင်ကြည့်ပါ"ဟု ပြောပါ။ | |
| ❁ ဘုရားကျောင်းဆောင်တွင် ရှိသည့်အရာများကို တစ်ယောက်တစ်မျိုး ပြောကြည့်ပါစေ။ | "ဘုရားပန်းအိုး" ပါသည်အထိ ပြောရန် လှုံ့ဆော်မေးမြန်းပါ။ |
| ❁ ကလေးများပြောသမျှ ဆရာက သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါ။ အဖြေတူလျှင် ထပ်မရေးပါနှင့်။ | |
| ❁ ထို့နောက် ကလေးအားလုံးကို မျက်လုံးပြန်ဖွင့်စေပြီး သင်ပုန်းပေါ်ရှိစာကို ပြိုင်တူဖတ်ပြကြပါစေ။ | |
| ❁ တစ်ဖန် "စေတီပုထိုးတွေမှာ ဘာတွေလှူထားတာ တွေ့ရသလဲ"ဟု မေး၍ မျက်လုံးမှိတ်ကာ စဉ်းစားကြည့်ပါစေ။ တွေ့ဖူးသမျှ တစ်ယောက်တစ်မျိုး ပြောပါစေ။ | "ဘုရားပန်းလှူထားတာ တွေ့ပါတယ်"အထိ ပြောရန် လှုံ့ဆော်မေးမြန်းပါ။ |
| ❁ ကလေးများပြောသမျှ ဆရာက သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါ။ အဖြေတူလျှင် ထပ်မရေးပါနှင့်။ | |
| ❁ ထို့နောက် ကလေးအားလုံးကို မျက်လုံးပြန်ဖွင့်စေပြီး သင်ပုန်းပေါ်ရှိစာကို ပြိုင်တူဖတ်ပြကြပါစေ။ | |
| ❁ ပြီးလျှင် အောက်ပါမေးခွန်းများကို မေးပါ။<br>- သားတို့၊ သမီးတို့အိမ်မှာရော ဘယ်သူက ဘုရားပန်းကပ်တာလဲ။ ဘုရားပန်းအိုး ရေလဲတာရော ဘယ်သူလဲ။<br>- ကလေးတို့ရော ကူညီဖူးသလား။ ကိုယ်တိုင်ရော ဘုရားပန်းကပ်ဖူးလား။<br>- ဘုရားပန်းကပ်ပြီးရင် စိတ်ထဲမှာ ဘယ်လိုခံစားရသလဲ။ | |
| ❁ ထို့နောက် ကလေးတိုင်းအား စာရွက်လွှတ်များ ဝေပါ။ | |
| ❁ ပြီးနောက် "ဟုတ်ပြီ၊ သားတို့၊ သမီးတို့အနေနဲ့ ဘုရားမှာ ဘယ်လိုပန်းတွေ ကပ်လှူချင်ကြသလဲ။ သားတို့၊ သမီးတို့ကပ်လှူချင်တဲ့ ပန်းလေးတွေကို ပုံဆွဲကြည့်ရအောင်၊ ပန်းနာမည်လေးတွေကိုပါ ရေးရမယ်နော်၊ ပြီးရင် သားတို့၊ သမီးတို့နာမည်ကို စာရွက်မှာရေးပြီး သင်ပုန်း/နံရံမှာ လာကပ်ကြရမယ်"ဟု ဆိုကာ ကလေးများစိတ်ကြိုက် ပန်းပုံများ ဆွဲပြီး | |

| | |
|---|---|
| လျှင် သင်ပုန်း/နံရံတွင် လာကပ်ကြပါစေ။<br>● နောက်ဆုံးတွင် "အခု သားတို့၊ သမီးတို့က ဘုရားမှာ လှူချင်တဲ့ပန်းတွေကို ကိုယ်တိုင်ဆွဲကြည့်ပြီးသွားပြီ။ ဆွဲထားတဲ့ ပန်းပုံလေးတွေကလည်း အလွန်လှတယ်။ ဒီတော့ နောက်တစ်ချိန်မှာ ဘုရားပန်းကပ်လှူရင် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိတယ်ဆိုတာကို ဇာတ်လမ်းလေးနဲ့ ပြောပြမယ်" စသည်ဖြင့်ပြောကာ စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ပဒုမ္မာနတ်သမီး ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ● အောက်ပါ ပဒုမ္မာနတ်သမီး ဇာတ်လမ်းကို ရုပ်ပုံများပြ၍ ပြောပြပါ။<br><br>**ပဒုမ္မာနတ်သမီး**<br>ဟိုးရှေးရှေးတုန်းက အလွန်လှပအေးချမ်းတဲ့ တိုင်းပြည်တစ်ပြည်ရှိပါတယ်။ တိုင်းပြည်အုပ်ချုပ်တဲ့ ဘုရင်ကြီးဟာ အခြွေအရံတွေအများကြီးနဲ့ တိုင်းခန်းလှည့်လည်လေ့ရှိတယ်။ ဆင်တွေ၊ မြင်းတွေ၊ အခြွေအရံတွေ အများကြီးနဲ့ ဘုရင်ကြီး တိုင်းခန်းလှည့်လည်ပုံဟာ နတ်ပြည်က နတ်သားတွေလို ခမ်းနားကြီးကျယ်လှတယ်။ အဲဒီအချိန်မှာ အမျိုးသမီးငယ်တစ်ယောက်ဟာ ဘုရင်ကြီးရဲ့ ခမ်းနားကြီးကျယ်ပုံ၊ ကျက်သရေရှိပုံတွေကို မြင်ပြီး ရင်သပ်ရှုမော အံ့သြနေမိတယ်။ "ဒီဘုရင်ကြီးဟာ ဘယ်လိုကောင်းမှုကုသိုလ်တွေ လုပ်ခဲ့လို့ အခုလို အကျိုးပေးနေရတာပါလိမ့်"လို့ စဉ်းစားမိတယ်။ အမျိုးသမီးငယ်လေးဟာ ဘုရင်ကြီးကို အားကျပြီး ကုသိုလ်ကောင်းမှု ပြုလုပ်ချင်စိတ်တွေ ဖြစ်ပေါ်နေခဲ့တယ်။<br>နောက်တစ်နေ့မှာ မြင့်မြတ်တဲ့ အလှူခံပုဂ္ဂိုလ်ရောက်လာရင် လှူမယ်ဆိုပြီး ပဒုမ္မာကြာပန်းတွေကို ပန်းမွေ့ရာပုံသဏ္ဌာန် ခင်းလိုက်တယ်။ ပန်းမွေ့ရာပေါ်မှာ ပလ္လင်ကိုထားပြီး ပန်းကုံးပန်းဆိုင်းတွေကို ချိတ်ဆွဲထားလိုက်တယ်။ ဒ့ါအပြင် နို့ဆန်ပြုတ်ကိုလည်း အဆင်သင့် ပြင်ဆင်ထားလိုက်တယ်။ ဆွမ်းခံချိန်ရောက်တော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ အမျိုးသမီးငယ်လေးရဲ့ အိမ်ရှေ့ကို ရောက်လာခဲ့တယ်။ မထေရ်မြတ်ကို မြင်တဲ့အခါ "အရှင်ဘုရား ပန်းမွေ့ရာပေါ်မှာ သီတင်းသုံးတော်မူပါဘုရား"လို့ ပင့်လျှောက်ပြီး နို့ဆန်ပြုတ်ကို ရိုရိုသေသေနဲ့ လောင်းလှူကာ ပလ္လင်ပေါ်မှာ ဘုဉ်းပေးရန် လျှောက်ထားလိုက်တယ်။ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ သပိတ်ကိုဆေးပြီး စားသောက်ဖွယ်ရာတွေကို သပိတ်အပြည့် လောင်းလှူပါတယ်။ ပန်းတွေကိုလည်း ကျောင်းကို ပို့ဆောင်လှူဒါန်းပါတယ်။<br>အဲဒီလို ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့် အမျိုးသမီးငယ်ဟာ နောက်ဘဝရောက်တော့ တာဝတိံသာနတ်ပြည်မှာ နတ်သမီးဖြစ်ပြီး ရွှေဗိမာန်ကြီးကို ပိုင်ဆိုင်ရတယ်။ ရွှေဗိမာန်ကြီးမှာ အခြွေအရံနတ်သမီးတွေ အများကြီးကိုလည်း ပိုင်ဆိုင်တယ်။ ပဒုမ္မာကြာပန်းလေးလိုလည်း လှပချောမောတဲ့ နတ်သမီးလေး ဖြစ်ရတယ်။ ပဒုမ္မာကြာပွင့်ချပ်သဏ္ဌာန် ရတနာတွေနဲ့ တန်ဆာဆင်ထားတဲ့ ယာဉ်ပျံတစ်ခုလည်း ရရှိပိုင်ဆိုင်တယ်။ နတ်သမီးလေးဟာ ယာဉ်ကိုစီးပြီး ဥယျာဉ်ကို သွားတဲ့အခါ နတ်သမီးလေးရဲ့အလှဟာ တခြားနတ်သမီးတွေထက် ပိုပြီး ချောမောလှပပြီး အများက ငေးမောကြည့်ရှုနေကြရတယ်။ နတ်သမီးလေး | |

| | |
|---|---|
| ရဲ့ အဲဒီစည်းစိမ်ဥစ္စာတွေဟာ အရှင်သာရိပုတ္တရာမထေရ်မြတ်ကို ပန်းလှူခဲ့တဲ့အတွက် ရရှိလာတဲ့ အကျိုးကျေးဇူးတွေ ဖြစ်ပါတယ်။<br>မှီငြမ်း။ ။ ကုဋ္ဌရဝိမာနဝတ္ထု၊ ဝိမာနဝတ္ထု၊ မြန်မာပြန်၊ ၅၊ ဝိမာနဝတ္ထု၊ ဋ္ဌ၊ ၂၇။<br><br>❁ ဇာတ်လမ်းပြောပြီးသောအခါ အောက်ပါမေးခွန်းများကို မေးပါ။<br>- သားတို့၊ သမီးတို့ ကြာပန်းမြင်ဖူးလား။ ကြာပန်းက ဘယ်လိုပုံစံလဲ၊ ဘာအရောင်လဲ၊ အရွယ်အစားကရော ဘယ်အရွယ်ရှိသလဲ။<br>- ပဒုမ္မာကြာပန်းကိုရော မြင်ဖူးကြလား။ ဘယ်လိုပုံစံရှိလဲ ပြောကြည့်ပါဦး။<br>- ဇာတ်လမ်းထဲက အမျိုးသမီးက ရှင်သာရိပုတ္တရာမထေရ်မြတ်ကို ဘာတွေလှူလဲ။<br>- အမျိုးသမီးငယ် သေပြီးတဲ့နောက် ဘယ်ရောက်သွားသလဲ။ ဘာဖြစ်သွားသလဲ။<br>- သူ ဘာတွေလှူခဲ့လို့ အဲဒီလို အကျိုးကျေးဇူးတွေ ရရှိတာလဲ။ | ကလေးများ သိသည့်အတိုင်း ပြောကြပါစေ။ ကလေးများ မသိလျှင် ဆရာက ပြောပြပေးပါ။ |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မြတ်ဘုရားကို ပန်းလှူမယ် သီချင်းကဗျာ၊ ကဗျာရေးထားသော ကတ်ပြား၊ ပန်းပွင့်ပုံ ကတ်ပြားများနှင့် ပန်းအမည် ကတ်ပြားများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ကလေးများအား သင့်လျော်သလို အုပ်စုဖွဲ့ပါ။<br>❁ ပြီးနောက် "ကဲ ... ဟုတ်ပြီ၊ သားတို့၊ သမီးတို့က ဇာတ်လမ်းလည်း နားထောင်ပြီးပြီဆိုတော့ ပန်းလှူရကျိုးတွေကိုလည်း သိသွားကြပြီ။ ဒီတစ်ခါ ပန်းစကားထာဖွက်ကြမယ်"ဟု ပြောပြီး မိမိသိလိုသောပန်း၏ အရောင်၊ အနံ့၊ အရွယ်၊ အသုံးပြုပုံ စသည်တို့ကို ပြောပြပြီး ပန်း၏အမည်ကို ကလေးများက ပြောပြရသော ကစားနည်းကို ကစားပါ။ | |
| ဥပမာ (၁) - အပွင့်က သေးသေး၊ အနံ့က စူးစူးရှရှ မွှေးတယ်။ အရောင်က အဖြူရောင်၊ ကြိုးနဲ့သီပြီး ဘုရားပန်းကပ်လို့လည်း ရတယ်။ အဲဒါ ဘာပန်းလဲ။<br>( ဇွန်ပန်း )<br>ဥပမာ (၂) - သူ့အပင်က အကြီးကြီးပဲ၊ များသောအားဖြင့် ဘုန်းကြီးကျောင်းဝင်းထဲမှာ အပင်တွေ အများကြီး ရှိတယ်။ အပွင့်လေးတွေက အပင်ကြီးပေါ်ကနေ တစ်ပွင့်ချင်း ကြွေကျတာ မြေပြင်ပေါ်မှာ အများကြီး ပြန့်ကြဲနေတယ်။ ကြိုးနဲ့သီပြီး ဘုရားပန်းကပ်လို့လဲရတယ်။ အဲဒီပန်းနာမည်က ခရေနဲ့ စတယ်။ အဲဒါ ဘာပန်းလဲ။<br>(ခရေပန်း)<br>ဥပမာ (၃) - ဒီပန်းရဲ့ ရိုးတံမှာ ဆူးတွေ ရှိတယ်။ အရောင်ကတော့ မျိုးစုံရှိတယ်။ အဝါရောင်၊ အနီရောင်၊ အဖြူရောင် စသဖြင့် ရှိတယ်။ အနံ့ကလည်း သင်းသင်းလေး မွှေးတယ်။ ဘုရားပန်း ကပ်လို့ရတယ်။ ဈေးမှာလည်း ပေါတယ်။ အဲဒီပန်းနာမည်က ဘာလဲ။<br>(နှင်းဆီပန်း) | ဥပမာပေးထားခြင်းဖြစ်သည်။ မိမိတို့ အရပ်ဒေသတွင် ရနိုင်ပြီး ကလေးများနှင့် ရင်းနှီးသောပန်းများကို သုံးနိုင်ပါသည်။ |

| | |
|---|---|
| ဥပမာ (၄) - အပွင့်က ဖြူဖြူလေး၊ အလွန်မွှေးတယ်။ အရွယ်အစားက ဒီလောက်လောက်လေးပဲ ရှိတယ်၊ (ဆရာက စံပယ်ပန်းအရွယ် ဝိုင်းပြပါ)။ ပန်းပွင့်နာမည်က စလုံးနဲ့ စတယ်။ နာမည်က နှစ်လုံးတည်း။ အဲဒါ ဘာပန်းလဲ။ (စံပယ်ပန်း)<br>ဥပမာ (၅) - ဒီတစ်ခါပြောမယ့်ပန်းကတော့ လက်ဝါးနှစ်ဖက်ကို လက်အုပ်ချီတဲ့ပုံစံ လုပ်ကြည့်လိုက်ရင် အဲဒီပန်းရဲ့ အဖူးပုံလေးရတယ်။ ရေထဲမှာ ပေါက်တာ။ နာမည်က တစ်လုံးတည်း။ အဲဒါ ဘာပန်းလဲ။ (ကြာပန်း)<br>• ပန်းအဖြေမှန်လျှင် တစ်မျိုးကို (၁) မှတ်ပေးပါ။<br>• နောက်ဆုံးတွင် မည်သည့်အုပ်စုက အနိုင်ရကြောင်းကို ကြေညာပေးပါ။ အနိုင်ရသောအုပ်စုကို အားလုံးက လက်ခုပ်တီး၍ ချီးကျူးအားပေးကြပါစေ။<br><br>**သို့မဟုတ်**<br><br>• ကလေးများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။<br>• ပန်းပွင့်ပုံကတ်ပြားများနှင့် ပန်းအမည်ကတ်ပြားများကို သင်ပုန်းတွင် ယှဉ်တွဲကပ်ထားပါ။ ကလေးများအား (၃) မိနစ်ခန့် ကြည့်မှတ်စေပြီးလျှင် ပန်းအမည်ကတ်ပြားများကို ဖြုတ်လိုက်ပါ။<br>• ပြီးနောက် ပန်းပွင့်ကိုထောက်၍ ၎င်းပန်း၏အမည်ကို ဖြေကြပါစေ။<br>• အမြန်ဆုံးနှင့် မှန်အောင် ဖြေဆိုနိုင်သောအုပ်စုကို အမှတ်ပေးထားပါ။<br>• နောက်ဆုံးတွင် မည်သည့်အုပ်စုက အနိုင်ရကြောင်းကို ကြေညာပေးပါ။ အနိုင်ရသောအုပ်စုကို အားလုံးက လက်ခုပ်တီး၍ ချီးကျူးအားပေးကြပါစေ။<br>• ကစားပြီးသောအခါ အောက်ပါ မြတ်ဘုရားကိုပန်းလှူမယ် သီချင်းကဗျာကို သံစဉ်ထည့်၍ ရွတ်ဆိုကြပါစေ။<br><br>**မြတ်ဘုရားကို ပန်းလှူမယ်**<br>မြတ်ဘုရားထံကို အတူတူကွယ်၊<br>တို့များ သွားကြမယ်၊<br>မောင်လေးလည်း လိုက်မယ်၊<br>ညီမလေးလည်း လိုက်မယ်၊<br>ကိုကိုမမ အားလုံးသွားကြမယ်။<br>မြတ်လေး စံပယ် ဇီဇဝါရယ်၊<br>ဖွန်ပန်းလည်း ကပ်မယ်၊<br>ရန့်လေးလည်း မွှေးတယ်၊<br>အရောင်လေးလည်း လှတယ်၊<br>ရောင်စုံနှင်းဆီလည်း ကပ်ဦးမယ်။ ။ | သီချင်းကဗျာရေးထားသော ကတ်ပြားကို ဦးစွာချိတ်ထားပြီးမှ သင်ပေးပါ။ |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ဘုရားပန်းအိုးများ၊ ဘုရားပန်းများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ကလေးများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။<br>❁ ဆရာက ဘုရားပန်းအိုးများနှင့် ဘုရားပန်းများကို အဆင်သင့် ပြင်ထားပါ။<br>❁ ထို့နောက် အုပ်စုတိုင်းအား ဘုရားပန်းအိုးတစ်အိုးစီပေးပြီး ၎င်းတို့စိတ်ကြိုက် ဘုရားပန်းရေဆေးခြင်း၊ ဘုရားပန်းထိုးခြင်းများ ပြုလုပ်ကြပါစေ။<br>❁ အုပ်စုတိုင်းအား ချီးကျူးပေးပါ။<br>❁ ထို့နောက် ကလေးများကိုယ်တိုင် ဘုရားတွင် ကပ်လှူပူဇော်ကြပါစေ။<br>❁ နောက်ဆုံးတွင် ရှေ့စာသင်ချိန်များနှင့် ချိတ်ဆက်ပြီး လိုအပ်သလို အနှစ်ချုပ်ပေးပါ။ | ပန်းရွေးရန် အဆင်ပြေသော နေရာတွင် ဆရာနှင့်အတူ ကလေးများ ကိုယ်တိုင် ပန်းရွေးကြပါစေ။ |

## သင်ခန်းစာ (၂၄)

သင်ခန်းစာခေါင်းစဉ် ။ ။ မျှဝေသုံးစွဲခြင်း
သင်ယူမှုဦးတည်ချက် ။ ။ လူအများကို မျှဝေတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ နေကြာစေ့/ပဲကြီးလှော် (သို့မဟုတ်) မုန့်တစ်မျိုးမျိုး။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ အောက်ပါမေးခွန်းများကို မေးပါ။<br>- သားတို့၊ သမီးတို့ စားစရာတစ်ခုခု စားတဲ့အခါ ဘယ်လိုစားသလဲ၊ တစ်ယောက်တည်း စားတာလား။ ဒါမှမဟုတ် ဘယ်သူ့ကို ကျွေးသေးလဲ။<br>- သူငယ်ချင်းကိုရော ကျွေးလား။ ဘာကြောင့်လဲ။ တောင်းလို့ ကျွေးတာလား။ ကျွေးချင်လို့ ကျွေးတာလား။<br>- နောက်ပြီး ဘယ်သူ့ကို ကျွေးချင်သေးလဲ။<br>- အဲဒီလို သူများကိုကျွေး/ပေးလိုက်ရတဲ့အချိန်မှာ သားတို့၊ သမီးတို့ရဲ့စိတ်ထဲမှာ ဘယ်လို ခံစားရသလဲ။<br>- သားတို့၊ သမီးတို့ ပေးလိုက်/ကျွေးလိုက်တဲ့ သူတွေရဲ့စိတ်ထဲမှာ ဘယ်လိုခံစားရမယ် ထင်သလဲ။<br>- တကယ်လို့ သားတို့၊ သမီးတို့က သူငယ်ချင်းစားနေတဲ့ စားစရာကို စားချင်လို့ တောင်းလိုက်တဲ့အချိန်မှာ သူငယ်ချင်းက မပေးရင် စိတ်ထဲမှာ ဘယ်လိုခံစားရမလဲ။ အဲဒီသူငယ်ချင်းကိုလည်း ဘယ်လိုထင်မလဲ။<br>❁ ထို့နောက် ဆရာက နေကြာစေ့ သို့မဟုတ် ပဲကြီးလှော် သို့မဟုတ် အခြားအဆင်ပြေရာ တစ်မျိုးမျိုးကို ဗန်းတစ်ခုထဲတွင် ထည့်ပေးထားပြီး ကလေးများ လက်နှင့်ဆုပ်ကာ ယူကြပါစေ။ (ချက်ချင်း စားမပစ်ကြရန် သတိပေးပါ။)<br>❁ နေကြာစေ့ သို့မဟုတ် တစ်မျိုးမျိုးကို ကလေးအရေအတွက်နှင့်မမျှအောင် လျှော့ထားရန် လိုပါသည်။<br>❁ ကလေးအရေအတွက်က များပြီး နေကြာစေ့က နည်းနေသည့်အတွက် မယူလိုက်ရသောကလေးများ ကျန်နေပါလိမ့်မည်။ ရရှိသောသူများနှင့် မရလိုက်ရသောသူများမှ နေရာခွဲ၍ ထိုင်ကြပါစေ။ ပြီးနောက် ဆရာက "(နေကြာစေ့ယူပြီးသော ကလေးများဘက် ညွှန်ပြလျက်) သားတို့၊ သမီးတို့ကတော့ နေကြာစေ့တွေ လက်တစ်ဆုပ် ရသွားကြပြီ။ (မရသောကလေးများဘက် ညွှန်ပြလျက်) ဟိုဘက်က သားတွေ၊ သမီးတွေကတော့ မရကြသေးဘူး။ အဲဒီတော့ လက်တစ်ဆုပ်စာရသွားတဲ့ ကလေးတွေက မရတဲ့သူတွေကို ဝေမျှ မပေးချင်ကြဘူးလား"ဟု မေးမြန်းပါ။<br>❁ စားစရာပဲဖြစ်ဖြစ်၊ အခြားအရာတစ်မျိုးမျိုးဖြစ်ဖြစ် သူငယ်ချင်းအချင်းချင်း မျှဝေသုံးစွဲရမည် ဖြစ်ကြောင်း၊ မျှဝေသုံးစွဲတတ်သောအကျင့်သည် လူလိမ္မာကလေးများ၏ အမူအကျင့် | ကလေးများ၏ ထင်မြင်ယူဆချက် အားလုံးကို လက်ခံထားပါ။ |

| | |
|---|---|
| ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားပေးပြီး နေကြာစေ့ရထားသူကလေးများက မရသေးသော ကလေးများအတွက် အနည်းငယ်စီ ပြန်လည်ခွဲဝေပေးကြပါစေ။<br>❁ ထို့နောက် နေကြာစေ့များ ခွဲဝေပေးခြင်းကဲ့သို့ အခြားပစ္စည်းများကိုလည်း သူငယ်ချင်းများနှင့်အတူတကွ ပျော်ပျော်ရွှင်ရွှင် ဝေမျှသုံးစွဲရမည်ဖြစ်ကြောင်း၊ နောက်အချိန်တွင် ကပ်စေးနဲသော သူဌေးကြီးတစ်ယောက်အကြောင်းကို ပြောပြပေးမည် ဖြစ်ကြောင်း ပြောကြားပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကပ်စေးနဲသော သူဌေးကြီး ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ကလေးများအား အုပ်စု (၅) စု ဖွဲ့ပြီး "ကပ်စေးနဲသော သူဌေးကြီး" ဇာတ်လမ်းကို တစ်အုပ်စုလျှင် တစ်ပိုဒ်စီ ဖတ်ကြပါစေ။<br>❁ ဖတ်ပြီးလျှင် အုပ်စုတစ်စုချင်းစီ မိမိနားလည်သလို ဇာတ်လမ်းကို ပြန်၍ပြောပြကြပါစေ။<br>❁ အုပ်စုအားလုံး ပြောပြီးသောအခါ ဆရာက ဇာတ်လမ်းတစ်ခုလုံးကို ကလေးများနားလည်အောင် ထပ်ပြောပြပါ။ | စာပိုဒ်ဖတ်ရန် အချိန် သတ်မှတ်ပေးပါ။ |

## ကပ်စေးနဲသော သူဌေးကြီး

ဟိုးရှေးရှေးတုန်းက အလွန်ချမ်းသာပေမဲ့ ကပ်စေးနဲတဲ့ သူဌေးကြီးတစ်ဦး ရှိတယ်။ သူပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေဟာ ဘယ်သူမှ အသုံးပြုခွင့်မရဘဲ ဘဏ္ဍာတိုက်ထဲမှာပဲ ငုံနေတယ်။ တစ်နေ့ သူဌေးကြီး မြို့ထဲသွားနေတုန်း အစားအသောက်ကောင်းတွေ တည်ခင်းထားတဲ့ စားသောက်ပွဲကြီးကို တွေ့မြင်သွားခဲ့တယ်။ သူဌေးကြီးဟာ အဲဒီစားသောက်ပွဲကြီးမှာ စားနေကြတဲ့ မုန့်တစ်မျိုးကို မျက်စိထဲမြင်ယောင်ပြီး စားချင်စိတ်တွေ တဖွားဖွား ဖြစ်နေခဲ့တယ်။ ဒါပေမဲ့ သူဌေးကြီးဟာ နမြောနေတဲ့အတွက် ကိုယ်တိုင်လည်း ဝယ်မစား၊ ဇနီးဖြစ်သူကိုလည်း ထုတ်မပြောဘဲ စိတ်ဆင်းရဲနေခဲ့တယ်။

ဒါပေမဲ့ အကြောင်းစုံကို သိသွားတဲ့ သူဌေးကတော်က "ဒီမုန့်လေး စားချင်တာများ စိတ်ညစ်မနေပါနဲ့၊ တစ်ရွာလုံး စားလောက်အောင် ကျွန်မ ကြော်ပေးပါ့မယ်"လို့ ပြောလိုက်တယ်။ အဲဒီအခါ သူဌေးကြီးက "ရှင်မရယ်၊ အဲဒီရွာသားတွေက တို့ကျွေးတဲ့မုန့်ကိုစားပြီး သူတို့အလုပ် သူတို့လုပ်ကြမှာ၊ သူတို့ကို ကျွေးလို့ ဘာအကျိုးမှမရှိပါဘူး"လို့ ပြောလိုက်တယ်။ "ဒါဆိုရင် ကျွန်မတို့လမ်းထဲက လူတွေ စားလောက်အောင် ကြော်လိုက်မယ်လေ"လို့ ပြောတော့ သူဌေးကြီးက "ဒါလည်း တို့အတွက် အကျိုးမရှိပါဘူး"လို့ ဆိုပြန်တယ်။ "ဒီလိုဆိုရင် တစ်အိမ်လုံးစားလောက်ရုံ ကြော်လိုက်မယ်" လို့ ပြောတဲ့အခါ သူဌေးကြီးက ငြင်းပြန်တယ်။ "ဒါဆိုရင် သားသမီးတွေ စားလောက်ရုံပဲ ကြော်လိုက်မယ်"လို့ ပြောတော့ သူဌေးကြီးက လက်မခံပေ။ အဲဒီအခါ သူဌေးကတော်က "ရှင်နဲ့ကျွန်မ စားဖို့ပဲ ကြော်လိုက်မယ်"လို့ ဆိုတော့ သူဌေးကြီးက "ရှင်မက ဘာဖြစ်လို့ စားမှာလဲ" လို့ ပြောတဲ့အတွက် "ကဲ ဒါဆိုရင်လည်း အရှင်တစ်ယောက် စားလောက်ရုံပဲ ကြော်လိုက်ပါ့မယ်"လို့ ပြောလိုက်ပါတယ်။

သူဌေးလင်မယားဟာ တခြားသူတွေကို ကျွေးရမှာကြောက်လို့ ခုနစ်ထပ်မြောက်

တိုက်ခန်းမှာ မုန့်ကြော်ကြပါတယ်။ အဲဒီအချိန်မှာ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ဟာ ကောင်းကင်ခရီးကနေ ကြွလာပြီးတော့ တိုက်ခန်းပြတင်းပေါက်မှာ ရပ်တော်မူပါတယ်။ မထေရ်မြတ်ကိုမြင်တော့ သူဌေးကြီးက "ကောင်းကင်မှာ မတ်တတ်ရပ်နေရုံနဲ့တော့ ဘာမှ ရမှာမဟုတ်ဘူး" ဆိုပြီး စိတ်ဆိုးမာန်ဆိုးနဲ့ ပြောပါတယ်။ အဲဒီအခါ မထေရ်မြတ်က စင်္ကြံ လျှောက်ပြပါတယ်။ မထေရ်မြတ်က တန်ခိုးအမျိုးမျိုးပြပေမဲ့ သူဌေးကြီးဟာ ဘာမှလှူဒါန်း လိုစိတ်မရှိဘူး။ မထေရ်မြတ်ကလည်း တန်ခိုးနဲ့ကောင်းကင်မှာ ရပ်နေတော်မူပါတယ်။ နောက် ဆုံးမှာ သူဌေးကြီးက "ငါ တစ်ခုခုမလှူရင် ဒီရဟန်းဟာ ပြန်ကြွမှာမဟုတ်ဘူး"လို့ တွေးပြီး "ရှင်မ ... ဒီရဟန်းကို အသေးဆုံးမုန့်တစ်ခု လှူလိုက်ပါ"လို့ ပြောတယ်။

သူဌေးကတော်က အသေးဆုံးမုန့်တစ်ခုကို ယူလိုက်တဲ့အခါ အသေးဆုံးမုန့်က အကြီးကြီး ဖြစ်သွားတယ်။ အဲဒါကို သူဌေးကြီးက မြင်တော့ "ရှင်မ၊ ဘာဖြစ်လို့ မုန့်အကြီးကြီး ကို လှူရတာလဲ"လို့ မေးတယ်။ "အစက သေးသေးလေးပဲ၊ နောက်မှ ကြီးကြီးသွားတာ"လို့ ပြောလိုက်တဲ့အခါ သူဌေးကြီးက ကိုယ်တိုင်ကြော်ပြီး ပေးတယ်။ ဒီအခါမှာလည်း အသေးဆုံး မုန့်က အကြီးကြီး ဖြစ်သွားပြန်တယ်။ ကပ်စေးနဲလွန်းတဲ့ သူဌေးလင်မယားဟာ အသေးဆုံး မုန့်ဖြစ်အောင် မလုပ်နိုင်တဲ့အတွက် စိတ်ညစ်လာတယ်။ ဒါနဲ့ "ကဲ မထူးပါဘူး ရှင်မရာ၊ မုန့် တစ်ခုကိုသာ ပေးလိုက်ပါတော့" ဆိုပြီး မုန့်တစ်ခုကို ကိုင်လိုက်ရာ မုန့်အားလုံးက တစ်ဆက် တည်း ဖြစ်သွားကြတယ်။ မုန့်တစ်ခုတည်းကို ယူလို့မရဘူး ဖြစ်နေတယ်။ သူဌေးလင်မယား နှစ်ယောက်ဟာ မုန့်တစ်ခုကို အမျိုးမျိုး ဆွဲထုတ်ကြပေမဲ့ မရတဲ့အတွက် မောပန်းပြီး ချွေးတွေ တောင် ထွက်နေကြတယ်။ နောက်ဆုံးတော့ "မထူးတော့ပါဘူး ရှင်မရေ၊ ခြင်းတောင်းတစ်ခု လုံးသာ လှူလိုက်ပါတော့" ဆိုပြီး မုန့်ခြင်းကြီးတစ်ခုလုံးကို ပေးလှူလိုက်တော့တယ်။

မုန့်ခြင်းတောင်းကြီးကို အလှူခံပြီးတဲ့အခါ မထေရ်မြတ်က သူဌေးလင်မယားကို တရားဟောတော်မူပါတယ်။ အဲဒီနောက် "သင်တို့ လှူတဲ့မုန့်ကို ဘုဉ်းပေးဖို့ ကျောင်းမှာ သံဃာတော်တွေ စောင့်နေကြတယ်"လို့ မိန့်လိုက်ပြီး သူဌေးလင်မယားကိုပါ တန်ခိုးနဲ့ ကျောင်းကို ခေါ်သွားတယ်။ ကျောင်းရောက်တဲ့အခါ မြတ်စွာဘုရားက တရားဟောလိုက်တာ သူဌေးလင်မယားနှစ်ယောက်လုံး တရားထူးကရားမြတ် ရရှိသွားခဲ့တယ်။ အဲဒီအချိန်ကစပြီး သူဌေးလင်မယားနှစ်ယောက်ဟာ ကပ်စေးမနဲတော့ဘဲ သူတို့ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေကို မရှိဆင်းရဲသားတွေကို စွန့်ကြဲ၊ ရဟန်းသံဃာတွေကို လှူဒါန်းပြီး အခါအားလျော်စွာ ကုသိုလ် ကောင်းမှုများ ပြုလုပ်ရင်း ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားခဲ့ကြပါတယ်။

မှီငြမ်း။ ။ မစ္ဆရိယကောသိယသူဌေးဝတ္ထု၊ ဓမ္မပဒဝတ္ထု၊ မြန်မာပြန်၊ ဒုတိယတွဲ၊ ၆၂၊ ဓမ္မပဒ၊ ၄၊ ၁၊ ၂၃၂။

- အောက်ပါမေးခွန်းများကို မေးပါ။
    - ဇာတ်လမ်းမှာပါတဲ့ သူဌေးကြီးက ဘယ်လိုလူမျိုးလဲ။
    - သူဌေးကြီးက ဘာစားချင်တာလဲ။
    - သူဌေးကြီးတို့ လင်မယား မုန့်ကြော်နေတုန်း ဘယ်သူကြွလာတာလဲ။
    - အဲဒီအခါ သူဌေးကြီးက လှူသလား။
    - မထေရ်မြတ်က ဘာကြောင့်အလှူခံ ထွက်လာတာလို့ ထင်သလဲ။
    - သူဌေးကြီးဟာ နောက်ဆုံးမှာ မုန့်တွေကို ဘာလုပ်လိုက်ရလဲ။
    - သူဌေးကြီးက ပစ္စည်းဥစ္စာတွေကို ဘယ်အတွက်စုထားတယ်လို့ ထင်လဲ။

တသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မျှဝေခြင်းအကျိုးများကို ရေးသားထားသော သစ်ပင်ပုံ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|

- အောက်ပါ မျှဝေခြင်းအကျိုးများကို ရေးသားထားသော သစ်ပင်ပုံကို ဆရာက နမူနာ ဆွဲပြပေးပါ။ (အကျိုးတရားများကို သစ်ပင်ပုံထဲတွင် ထည့်ရေးပြပါ။)



မျှဝေခြင်းအကျိုး

- အဆင်းလှခြင်း၊
- ဉာဏ်ပညာကြီးခြင်း၊
- အခြွေအရံပေါခြင်း၊
- လှချစ်လှခင် ပေါများခြင်း၊
- ကူညီသူများခြင်း၊
- ခွန်အားကြီးခြင်း၊
- မျက်နှာကြည်လင်ခြင်း၊
- နတ်ပြည်သို့ရောက်ခြင်း။

- မျှဝေသုံးစွဲလျှင် အဆိုပါအကျိုးများကို ရရှိနိုင်ကြောင်း၊ အဆိုပါ အကျိုးတရားများအပြင် အခြားရရှိနိုင်သော အကျိုးတရားများလည်း ရှိနိုင်ကြောင်း၊ အခြားအကျိုးတရားများကို မိမိတို့ကိုယ်တိုင် စဉ်းစားပြီး ဖြည့်စွက်နိုင်ကြောင်း စသည်ဖြင့် ရှင်းပြထားပါ။
- ထို့နောက် သင်ပုန်းတွင် ဆရာ နမူနာပြထားသော သစ်ပင်ကဲ့သို့ သစ်ပင်ပုံတစ်ပုံ ရေးဆွဲရမည်ဖြစ်ကြောင်း၊ သင်ပုန်းတွင် ရေးပြထားသော အကျိုးတရားများနှင့် မိမိတို့ထင်မြင်သော အကျိုးတရားများကို ထိုသစ်ပင်၏ ပင်စည်နှင့်အကိုင်းများတွင် သင့်လျော်သလို ရေးဆွဲပြီး အလှပဆုံးဖြစ်အောင် ဆေးခြယ်ကြရမည်ဖြစ်ကြောင်း ရှင်းပြပြီး ကလေးများ အားလုံး ဝတင်ဆောင်ရွက်ကြပါစေ။
- ပြီးလျှင် ကလေးများရေးဆွဲထားသော သစ်ပင်ပုံကို အတန်းပတ်လည်တွင် ချိတ်ဆွဲစေပြီး လှည့်လည်ကြည့်ရှုကြပါစေ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မျှဝေသုံးစွဲခြင်း ကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ● ရှေ့စာသင်ချိန်များကို ပြန်လည်ချိတ်ဆက်ပြောပြပြီး အောက်ပါကဗျာကို သင်ပေးပါ။<br><br>**မျှဝေသုံးစွဲခြင်း**<br>ကိုယ့်မှာရှိတာ မျှဝေပါ၊<br>ကိုယ်လည်းချမ်းသာ စိတ်ချမ်းသာ။<br>ခင်မင်စရာ သူငယ်ချင်း၊<br>ပေးကမ်းမှုသည် အောင်မြင်ခြင်း။<br>ပင်ကိုစိတ်ရင်း ဖြူဖြူစင်၊<br>အရာရာတွင် ကူညီလျှင်။<br>ပျော်ရွှင်ရမယ် တစ်သက်လုံး၊<br>ကြည်နူးပီတိ မျက်နှာပြုံး။<br>ဝမ်းသာလို့ မဆုံး။ ။<br><br>● ထို့နောက် "သားတို့၊ သမီးတို့က တခြားသူတွေကို မျှဝေရင် ရရှိတဲ့အကျိုးတွေကို သိသွားကြပြီနော်။ မျှဝေတဲ့အခါမှာ တန်ဖိုးကြီးတာ၊ နည်းတာက အရေးမကြီးပါဘူး။ တခြားဘယ်သူ့ကိုပဲဖြစ်ဖြစ် ကိုယ့်ရှိတဲ့ထဲက မျှဝေပေးတတ်ဖို့ပဲ။ ဥပမာ - သားတို့၊ သမီးတို့ စားနေတဲ့မုန့်ထဲက သူငယ်ချင်းကို နည်းနည်းလေး ကျွေးလိုက်တာကလည်း မျှဝေတာပဲ။ ကြောင်တွေ၊ ခွေးတွေကို ကျွေးတာကလည်း မျှဝေတာပဲ။ ဒါ့အပြင် ပေးတဲ့အချိန်မှာလည်း စိတ်ထဲက တွန့်ဆုတ်မနေဘဲ ကြည်ကြည်လင်လင်၊ ဝမ်းသာအားရ၊ ပေးချင်စိတ်လေးနဲ့ ကြည်ကြည်ဖြူဖြူ ပေးရမယ်။ ပေးပြီးရင်လည်း နှမြောတဲ့စိတ် မဖြစ်ရဘူး၊ ဟုတ်ပြီလား။ အဲဒီစိတ်လေးနဲ့ မျှဝေပေးမယ်ဆိုရင် ခုနကပြောတဲ့ အကျိုးကျေးဇူးတွေရမှာ ဖြစ်တယ်။ ဒါ့ကြောင့် သားတို့၊ သမီးတို့အားလုံး လူချစ်လူခင်ပေါသော၊ ကူညီပေးသူများသော၊ မျက်နှာကြည်လင်သော၊ အခြွေအရံပေါသော၊ ဉာဏ်ပညာကြီးသော၊ ခွန်အားကြီးသော၊ အဆင်းလှသောသူများ ဖြစ်ကြပါစေလို့ ဆရာက ဆုတောင်းပေးလိုက်ပါတယ်" စသည်ဖြင့် ရှင်းပြကာ ဆုတောင်းပေးပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

# သင်ခန်းစာ (၂၅)

သင်ခန်းစာခေါင်းစဉ် ။ ။ မုန့်ဖိုး
သင်ယူမှုဦးတည်ချက် ။ ။ မုန့်ဖိုး စုတတ်သော အလေ့အကျင့်ကောင်းနှင့်မုန့်ဖိုးကို အကျိုးရှိစွာ သုံးတတ်သော အလေ့အကျင့်ကောင်းများရရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ စာရွက်ပိုင်းများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • ကလေးတစ်ဦးစီအား စာရွက်ပိုင်းများ ဝေပါ။ | |
| • ထို့နောက် "ကလေးတို့ မုန့်ဝယ်စားဖို့အတွက်ဆိုပြီး တစ်ဦးဦးက ပေးတဲ့ငွေကို မုန့်ဖိုးလို့ ခေါ်တယ်"ဟု ပြော၍ အောက်ပါမေးခွန်းများကို မေးပါ။ | |
| - မုန့်ဖိုးကို ဘယ်သူတွေဆီက ရနိုင်သလဲ။ | |
| - မုန့်ဖိုးကို ဖေဖေနဲ့မေမေပဲ ပေးတာလား။ နောက်ဘယ်သူတွေ ပေးသေးလဲ။ | |
| - သားတို့၊ သမီးတို့ကို ဘိုးဘိုး/ဘွားဘွား/ဦးဦး/ဒေါ်ဒေါ်/ကိုကို/မမတို့က မုန့်ဖိုးပေးတော့ သားတို့၊ သမီးတို့ဆီမှာ မုန့်ဖိုးတွေ အများကြီးပေါ့။ အဲဒီမုန့်ဖိုးကို သားတို့၊ သမီးတို့က ဘာတွေလုပ်ကြမလဲ။ ဘယ်လိုသုံးကြမလဲ။ | ကလေးများ၏ အဖြေများကို လက်ခံထားပါ။ |
| • "သားတို့၊ သမီးတို့ဆီမှာ စုထားတဲ့မုန့်ဖိုးတွေ ရှိတယ်ဆိုပါတော့၊ အဲဒီမုန့်ဖိုးကို ဘယ်လိုသုံးကြမလဲ"ဟု မေးပြီး စဉ်းစားကြစေကာ စာရွက်ပိုင်း တစ်ခုစီပေါ်တွင် ချရေးကြပါစေ။ | စာရွက်ပိုင်းများကို ဆရာ့ဆီက လိုအပ်သလောက် ယူနိုင်ကြောင်း ပြောပါ။ |
| • ကလေးတစ်ဦးစီ ချရေးထားသော စာရွက်ပိုင်းများကို သင်ပုန်းပေါ်တွင် အောက်ပါ ဂရပ်ပုံစံအတိုင်း ကပ်ကြပါစေ။ | |




• ကလေးများကပ်ပြီးသောအခါ သင်ပုန်းပေါ်က အချက်အလက်များကိုကြည့်၍ "အခုဆိုရင် မုန့်ဖိုးကို သားတို့၊ သမီးတို့ ဘယ်လိုသုံးမယ်ဆိုတာ သိသွားကြပြီ၊ ဒီအချက်တွေထဲက ဘယ်ဟာတွေက အကျိုးရှိတဲ့ဟာတွေလဲ၊ ဘယ်ဟာက အကျိုးမရှိတာတွေလဲ" စသည်ဖြင့် မေးမြန်းပြောဆိုပြီး လိုအပ်သလို အနှစ်ချုပ်ပါ။

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မုန့်ဖိုးစုတဲ့ လူလိမ္မာလေး ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|

- "သားတို့၊ သမီးတို့ကို မုန့်ဖိုးစုတတ်တဲ့ လူလိမ္မာလေးတစ်ယောက်အကြောင်း ပြောပြမယ်" ဟုဆိုကာ အောက်ပါဇာတ်လမ်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောပြပါ။

## မုန့်ဖိုးစုတဲ့ လူလိမ္မာလေး

တစ်ခါတုန်းက ကျော်စွာနဲ့ မင်းသူဆိုတဲ့ သူငယ်ချင်းနှစ်ယောက် ရှိတယ်။ သူတို့က အိမ်နီးနားချင်းတွေ ဖြစ်တဲ့အပြင် မိဘချင်းကလည်း အလွန်ရင်းနှီးပြီး တစ်ဦးကိုတစ်ဦး ကူညီကြတဲ့ မိသားစုတွေဖြစ်တော့ သူတို့ သူငယ်ချင်းနှစ်ယောက်ဟာ ညီအစ်ကိုတွေလို ချစ်ခင်ကြတာပေါ့။ မုန့်ဖိုးရရင်လည်း အတူတူ ဝယ်စားကြတယ်။ ဂိမ်းလည်း အတူတူ ဆော့ကြတယ်။ ပြီးတော့ ကစားစရာ အရုပ်တွေကိုလည်း အတူတူဝယ်ပြီး ဆော့ကြတယ်။ ကျောင်းသွားလို့ မုန့်ဖိုးရရင်လည်း လမ်းမှာတွေ့တာ၊ စားချင်တာကို အကုန်ဝယ်စားလိုက်ကြတယ်။ တစ်ခါမှ မုန့်ဖိုးကို မစုကြဘူး။ လိုချင်တာရှိရင်လည်း သူတို့ရဲ့ ဖေဖေနဲ့ မေမေကို ပူဆာကြတာ အကျင့်တစ်ခုလို ဖြစ်နေကြတယ်။

ဒီလိုနဲ့ တစ်နေ့ကျတော့ နယ်မှာရှိနေတဲ့ ကျော်စွာရဲ့ဦးလေးက ကျော်စွာတို့အိမ်ကို အလုပ်ကိစ္စနဲ့ ရောက်လာတယ်။ ဦးလေးက ကျော်စွာ့ဖေဖေကို "အစ်ကိုကြီး၊ တန်ဆောင်တိုင် ကျောင်းပိတ်ရင် ကျော်စွာတို့နှစ်ယောက်ကို ရွာကို အလည်ခေါ်လာဖို့ ကိုရဲက မှာလိုက်တယ်။ ရွာမှာလည်း အလွန်စည်တယ်။ ကလေးတွေ အတွေ့အကြုံရအောင် ကျွန်တော် ခေါ်သွားမယ်လေ။ တကူးတက ပို့စရာလည်း မလိုပါဘူး၊ ကျွန်တော် ပြန်လာရဦးမှာဆိုတော့ ခေါ်သွားမယ်နော်"လို့ ပြောနေတာကို ကျော်စွာက ကြားတော့ "ဟာ ဦးလေး သားလည်း ကိုရဲကို အရမ်းတွေ့ချင်တာပဲ၊ ဖေဖေ သားတို့ လိုက်သွားမယ်နော်"လို့ ပြောလိုက်တယ်။

သူတို့မသွားခင်မှာ ကျော်စွာ့ကို ဖေဖေက ကောင်းကောင်းမွန်မွန်နေဖို့၊ စကားကို ယဉ်ယဉ်ကျေးကျေးပြောဆိုဖို့နဲ့ ရွာကနေ မှတ်သားစရာတစ်ခုခု ယူလာရမယ်လို့ မှာလိုက်တယ်။ မင်းသူရဲ့အဖေကလည်း လိုက်ခွင့်ပြုတဲ့အတွက် ကျော်စွာနဲ့မင်းသူဟာ ဦးလေးနဲ့အတူ ရွာကို လိုက်လာခဲ့ကြတယ်။ ကိုရဲက ကျော်စွာတို့ကိုတွေ့တော့ အလွန်ပျော်သွားတာပေါ့။ ကိုရဲက "လာ လာ ညီလေးတို့ အစ်ကိုက မင်းတို့ကို မျှော်နေတာ။ ခဏ နားဦးနော်"လို့ ပြောပြီး သူတို့ရဲ့ပစ္စည်းတွေကို သိမ်းပေးလိုက်တယ်။ ဧည့်ခန်းထဲက စာအုပ်စင်မှာ စာအုပ်တွေ အများကြီးတွေ့တော့ ကျော်စွာက "ကိုရဲ ဒီစာအုပ်တွေကို ဦးလေး ဝယ်ပေးထားတာလား"လို့ မေးလိုက်တယ်။ ကိုရဲက "ဖေဖေ ဝယ်ပေးထားတာ မဟုတ်ဘူး၊ အစ်ကို့မုန့်ဖိုးတွေ စုပြီးဝယ်ထားတာ"လို့ ပြန်ပြောလိုက်တော့ သူတို့နှစ်ယောက်က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသွားကြတာပေါ့။

အဲဒီအချိန်မှာ ဦးလေးက "ဟုတ်တယ်၊ ငါ့တူတို့ရေ၊ ကိုရဲက မုန့်ဖိုးရရင် အားလုံး ကုန်အောင်မသုံးဘူး၊ တချို့ကို စုလေ့ရှိတယ်။ ဟိုနားမှာ သူ့စုဘူးလေ"လို့ ပြောပြီး စုဘူးကို ယူပြပေးတယ်။ ဒါပေမဲ့ ပိုက်ဆံတွေ မတွေ့လို့ "ပိုက်ဆံတွေအားလုံးကို သုံးလိုက်တာလား ကိုရဲ"လို့ ကျော်စွာက မေးလိုက်တော့ ကိုရဲက ဘာမှပြန်မပြောဘဲ ပြုံးပဲပြုံးနေတယ်။ ဦးလေးက ပဲ "သုံးတာတော့ သုံးလိုက်တာပဲ၊ ဒီအတိုင်း သုံးလိုက်တာတော့မဟုတ်ဘူး၊ သီတင်းကျွတ် တုန်းက ဦးလေးတို့ကို ကန်တော့လိုက်တာလေ၊ ပြီးတော့ သူတို့ကျောင်းမှာ ကထိန်သင်္ကန်း

| | |
|---|---|
| ကပ်တော့ ဒီစုထားတဲ့ မုန့်ဖိုးထဲကပဲ အလှူငွေထည့်တာ၊ မနက်ဖြန်လုပ်မယ့် ရွာက သက်ကြီးပူဇော်ပွဲအတွက်လည်း အလှူငွေ ထည့်လိုက်သေးတယ်၊ နောက်ပြီး ရွာက စတုဒိသာကျွေးတဲ့ ဆီမှာလည်း အလှူပါသေးတယ်”လို့ ပြောပြတော့ ကျော်စွာနဲ့မင်းသူဟာ ပါးစပ်အဟောင်းသားနဲ့ ဖြစ်သွားတယ်။<br>ဦးလေးက “ကဲ ကဲ … ရေမိုးချိုးကြတော့၊ ထမင်းစားပြီးရင် ကိုရဲက သားတို့ကို ရွာထဲလိုက်ပြပေးလိမ့်မယ်၊ လျှောက်လည်ကြည့်လိုက်ဦး”လို့ ပြောပြီး အလုပ်လုပ်ဖို့ ထွက်သွားတယ်။ ကျော်စွာတို့လည်း ရေချိုးလိုက်ကြတယ်။ ညနေခင်းပိုင်းရောက်တော့ ကိုရဲက စတုဒိသာ ကျွေးတဲ့နေရာကို ခေါ်သွားပြီး လိုက်ပြပေးတယ်။ တစ်ရွာလုံးကလူတွေ ကြက်သားဆန်ပြုတ်ကို အားရပါးရစားနေတာ မြိန်စရာကြီးပဲ။ ကိုရဲတို့လည်း ကြက်သားဆန်ပြုတ် ဝင်စားခဲ့ကြပြီး ရွှေဆံတော်ဘုရားကို ထွက်လာကြတယ်။ လမ်းတစ်လျှောက်လုံး အိမ်တိုင်းမှာ မီးပုံးတွေ ထွန်းထားတာတွေ့တော့ ကြည်နူးမိတယ်။ မနက်ရောက်တော့ ဘုန်းတော်ကြီးတွေကို ဆွမ်းကပ်တယ်။ ညနေစောင်းမှာတော့ သက်ကြီးပူဇော်ပွဲကိုသွားပြီး အဘိုး၊ အဘွားတွေကို ပူဇော်ကန်တော့ခဲ့ကြသေးတယ်။<br>နောက်နေ့မနက်မှာတော့ ကျော်စွာတို့နှစ်ယောက်ဟာ ဦးလေးနဲ့အတူ ရန်ကုန်ကို ပြန်လာကြတာပေါ့။ ကားပေါ်မှာ သူတို့နှစ်ယောက်ဟာ အတွေးကိုယ်စီနဲ့ တိတ်တိတ်လေး လိုက်ပါလာကြတယ်။ မင်းသူရဲ့ အတွေးထဲမှာတော့ ဒီတစ်ခါ မုန့်ဖိုးရရင် တကယ်စုတော့မယ်။ ကိုရဲလို အကျိုးရှိရှိ သုံးရမယ်လို့ တိတ်တိတ်လေး တစ်ယောက်တည်းကြိတ်ပြီး ဆုံးဖြတ်ချက်ချနေတယ်။ ကျော်စွာကတော့ ဖေဖေပြောတဲ့ ရွာကနေ မှတ်သားစရာတစ်ခုခု ယူလာရမယ်ဆိုတဲ့ စကားကို ကောင်းကောင်းသဘောပေါက်ပြီး ကိုရဲအကြောင်းကို ပြောပြရမယ်လို့ တွေးနေတယ်။ ပြီးတော့ ကိုယ်တိုင်လည်း မုန့်ဖိုးရရင် အကုန်သုံးတတ်တဲ့ အကျင့်ဆိုးကို ဖျောက်ပြီး မုန့်ဖိုးစုတတ်တဲ့သူ၊ အကျိုးရှိရှိ သုံးတတ်တဲ့သူဖြစ်အောင် ကြိုးစားသွားမယ်လို့ ဆုံးဖြတ်ပြီး ပျော်ရွှင်စွာနဲ့ အိမ်ပြန်လာကြတယ်။ | |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ဗလာစာရွက်များ၊ ရောင်စုံခဲတံ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❋ “ကဲ သားတို့၊ သမီးတို့ ဇာတ်လမ်းလေး နားထောင်လိုက်ရတော့ စိတ်ထဲမှာ ဘယ်လိုခံစားရလဲ။ ဆရာ့ကို တစ်ယောက်လောက် ပြောပြပါဦး”ဟု ပြောပါ။<br>❋ ပြီးနောက် “ဇာတ်လမ်းထဲမှာပါတဲ့သူတွေထဲက ဘယ်သူ့ကို သဘောကျတာလဲ။ ဘာကြောင့် သဘောကျတာလဲ”ဟု မေးပြီး ဖြေဆိုချင်သော ကလေးကို ဦးစွာ ဖြေခွင့်ပေးပါ။<br>❋ ဆရာက “ဟုတ်ပါပြီ၊ ဒါဆိုရင် ကလေးတို့ရော မုန့်ဖိုးရရင် စုကြတော့မှာပေါ့ ဟုတ်လား” စသည်ဖြင့် မေးမြန်းပြောဆိုပြီးနောက် ကလေးများအား ဗလာစာရွက်တစ်ရွက်စီ ဝေပေးပြီး အောက်ပါအတိုင်း ပြောပါ။<br>“သားတို့၊ သမီးတို့ ရထားတဲ့ ဗလာစာရွက်မှာ စုဘူးပုံလေး ဆွဲကြမယ်။ စာရွက်ရဲ့ အလယ်တည့်တည့်မှာ ဆွဲမယ်။ ကိုယ့်စိတ်ကြိုက် စုဘူးပုံ ဆွဲလို့ရတယ်။ ဆွဲပြီးရင် အရောင်ခြယ်မယ်နော်။ ပြီးရင် ကိုယ်စုထားတဲ့မုန့်ဖိုးကို ဘယ်လိုသုံးမယ်ဆိုတာကို ရေးပေးရမယ်။ ဆရာ | |

က နမူနာ လုပ်ပြမယ်”ဟု ပြောကာ သင်ပုန်းတွင် အောက်ပါအတိုင်း ဆွဲပြပါ။




- ထို့နောက် “သားတို့၊ သမီးတို့အနေနဲ့ မုန့်ဖိုးရလာရင် ဘယ်နေရာမှာ သုံးမယ်ဆိုတာကို အဝိုင်းလေးထဲမှာ ဖြည့်မယ်နော်။ သုံးမယ့်နေရာများရင် အဝိုင်းများများ ဆွဲလို့ရတယ်။ စာရွက်မှာ ကိုယ့်နာမည်လေး ရေးထားမယ်နော်”ဟု ပြောပြီး ကလေးများစိတ်ကြိုက် ဆွဲကြပါစေ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ကလေးများရေးထားသော စာရွက်များ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❋ အောက်ပါအတိုင်း ပြော၍ စာသင်ချိန်ကို စတင်ပါ။<br>“သားတို့၊ သမီးတို့က ကိုယ်စုထားတဲ့မုန့်ဖိုးကို ဘယ်လို အကျိုးရှိရှိသုံးမယ်ဆိုတာ ရေးပြီး သွားပြီဆိုတော့ သင်ပုန်း/နံရံမှာ လာကပ်ကြရမယ်”ဟု ဆိုကာ စာရွက်များကို သင်ပုန်း/နံရံတွင် လာကပ်ကြပါစေ။<br>❋ သင်ပုန်း/နံရံတွင် ကပ်ထားသော စာရွက်များကို လိုက်ကြည့်စေပြီး မိမိနှင့်မတူသော မုန့်ဖိုး သုံးမည့် အခြားနည်းလမ်းများကို အနည်းဆုံး (၃) ခု ရအောင် ကူးယူရေးသားကြပါစေ။<br>❋ မိမိရရှိထားသော နောက်ထပ်အချက်အလက် (၃) ခုကို ကလေးတိုင်းက ပြောပြကြပါစေ။<br>❋ နောက်ဆုံးတွင် ဆရာက အောက်ပါအတိုင်း ဖြည့်စွက်ပြောပေးပါ။<br>“သားတို့၊ သမီးတို့တစ်တွေဟာ အရင်တုန်းက မုန့်ဖိုးကို ဘယ်လိုပဲသုံးခဲ့သုံးခဲ့ အခုချိန်က စပြီး အကျိုးရှိအောင် သုံးကြရမယ်နော်။ ရတဲ့မုန့်ဖိုးကို လမ်းဘေးက မုန့်ဆိုင်တွေမှာ တွေ့ကရာဝယ်စားရင် အခန့်မသင့်တဲ့အခါ ဝမ်းပျက်ဝမ်းလျှော ဖြစ်တတ်တယ်။ ဂိမ်းဆိုင်မှာ ဂိမ်းချည်းဆော့နေရင်တော့ မျက်စိပျက်တတ်တယ်။ ဗျောက်အိုးတွေဝယ်ပြီး ဖောက်ရင်လည်း မျက်စိမှုန်ပြီး မျက်လုံးကန်းတတ်တယ်။ ပြီးတော့ ဗျောက်အိုးဖောက်သံကြောင့် ကလေးနဲ့ အသက်ကြီးတဲ့အဘိုးအဘွားတွေ တအားလန့်သွားပြီး အန္တရာယ်ရှိနိုင်တယ်။ ဒီလို အကျိုးမရှိတဲ့နေရာတွေမှာ မသုံးဘဲ ခုနက သားတို့၊ သမီးတို့ ပြောခဲ့တဲ့အတိုင်း မုန့်ဖိုးကို အကျိုးရှိရှိသုံးကြမယ်ဆိုရင် အလွန်လိမ္မာတဲ့ သားတွေ၊ သမီးတွေ ဖြစ်လာမှာပေါ့။ ဒါကြောင့် သားတို့၊ သမီးတို့တစ်တွေဟာ ဒီနေ့ကစပြီး မုန့်ဖိုး စုတတ်တဲ့ကလေးများ၊ စုထားတဲ့မုန့်ဖိုးကို အကျိုးရှိရှိ အသုံးပြုတတ်တဲ့ သားလိမ္မာ၊ သမီးလိမ္မာလေးတွေ ဖြစ်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်”။ | |

## သင်ခန်းစာ (၂၆)

သင်ခန်းစာခေါင်းစဉ် ။ ။ စည်တီးသမားလေး
သင်ယူမှုဦးတည်ချက် ။ ။ မိဘစကား နားထောင်တတ်စေရန်၊

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ဖေဖေ မေမေ သီချင်းကဗျာ။

<table>
<tr><th>သင်ယူမှုလုပ်ငန်းစဉ်</th><th>သတိပြုရန်အချက်များ</th></tr>
<tr><td>

❁ ဒုတိယတန်း သင်ခန်းစာ (၂၀) တွင် သင်ပြီးခဲ့သော "သုတနဆင်းရဲသားလေး" ဇာတ်လမ်းကို မှတ်မိသောကလေးများရှိပါက ပြန်ပြောပြကြပါစေ။<br>
❁ ဇာတ်လမ်းပြောပြီးပါက ဒုတိယတန်း၊ သင်ခန်းစာ (၂၀) တွင် သင်ကြားဖူးခဲ့သော "ဖေဖေ မေမေ" ကဗျာကို ပြန်လည်ရွတ်ဆိုကြပါစေ။<br>
<br>
**ဖေဖေ မေမေ**<br>
- ထမင်းဟင်း စားနိုင်ဖို့ စီမံကာရယ် ချက်ပြုတ်ပေးနေတဲ့ တို့မေမေ<br>
အမေ့စကား နားထောင်လို့ လိမ္မာစွာပင် ကျေးဇူးဆပ်ပါမယ်။<br>
- ထမင်းဟင်း စားနိုင်ဖို့ ငွေရှာကာရယ် ကြိုးစားပေးနေတဲ့ တို့ဖေဖေ<br>
အဖေ့စကား နားထောင်လို့ လိမ္မာစွာပင် ကျေးဇူးဆပ်ပါမယ်။<br>
- အဝတ်အစား သန့်စင်ဖို့ ဖြူစင်အောင် လျှော်ဖွပ်ပေးနေတဲ့ တို့မေမေ<br>
အမေ့စကား နားထောင်လို့ လိမ္မာစွာပင် ကျေးဇူးဆပ်ပါမယ်။<br>
- အဝတ်အစား ကောင်းဝယ်ဖို့ ငွေရှာကာရယ် ကြိုးစားပေးနေတဲ့ တို့ဖေဖေ<br>
အဖေ့စကား နားထောင်လို့ လိမ္မာစွာပင် ကျေးဇူးဆပ်ပါမယ်။ ။<br>
<br>
❁ ကဗျာရွတ်ဆိုပြီးသောအခါ အောက်ပါမေးခွန်းကို မေးပြီး ကလေးများက ဖြေတတ်သလို ဖြေကြပါစေ။<br>
- သားတို့၊ သမီးတို့အနေနဲ့ မိဘစကား နားထောင်တာ ကောင်းတယ်လို့ ထင်လား၊ မကောင်းဘူးလို့ ထင်လား။ ဘာကြောင့်လဲ။<br>
❁ ကလေးများ ဖြေဆိုပြီးသောအခါ "ဟုတ်ပြီ၊ မိဘစကားနားထောင်တာ ကောင်းတယ်၊ မကောင်းဘူးနဲ့ ပတ်သက်ပြီး နောက်တစ်ချိန်ကျရင် ဇာတ်လမ်းလေးနဲ့ ပြောပြမယ်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

</td><td>ကလေးများ မမှတ်မိလျှင် ဆရာက ပြန်လည်အစဖော်ပေးပါ။</td></tr>
</table>

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စည်တီးသမားလေး ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • စည်တီးသမားလေး ဇာတ်လမ်းပါသရုပ်ဖော်ပုံများကို ကလေးအားလုံးမြင်အောင် ပြထားပြီး အောက်ပါ စည်တီးသမားလေး ဇာတ်လမ်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောပြပါ။<br><br>**စည်တီးသမားလေး**<br>ဟိုးရှေးရှေးတုန်းက တောရွာလေးတစ်ရွာမှာ စည်တီးတဲ့အလုပ် လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုနေတဲ့ သားအဖနှစ်ယောက် ရှိတယ်။ တစ်နေ့မှာ အဖေက "သားရေ ... မြို့ပေါ်မှာ ပွဲတော်တစ်ခု ကျင်းပနေတယ်လို့ ကြားရတယ်၊ တို့သားအဖနှစ်ယောက် မြို့ကိုသွားကြရအောင်၊ ငါတို့အတွက် ဝင်ငွေကောင်းမယ့် အလုပ်တစ်ခု ပေါ်လာပြီ"လို့ ပြောပြီး သားအဖနှစ်ယောက် မြို့ကို ထွက်လာခဲ့ကြတယ်။<br>မြို့ရောက်တဲ့အခါ သားအဖနှစ်ယောက်ဟာ ပွဲတော်မှာ စည်တီးပြီး အကောင်းဆုံးဖြစ်အောင် ဖျော်ဖြေပေးကြတယ်။ လာကြည့်ကြတဲ့ လူတွေက သဘောကျပြီး ဆုချကြတာကြောင့် ငွေတွေ အများကြီး ရရှိသွားကြတယ်။ ပွဲပြီးသွားတဲ့အခါ သားအဖနှစ်ယောက်ဟာ ငွေထုပ်ကြီး ပိုက်ပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ ပြန်လာခဲ့ကြတယ်။ သူတို့နေတဲ့ရွာနဲ့ မြို့ကြားမှာ သူခိုးတွေနေတဲ့ တောအုပ်ကြီးတစ်ခု ရှိတယ်။<br>ဒါကြောင့် အဖေဖြစ်သူက "သားရေ ... တောအုပ်ထဲကို ရောက်တဲ့အခါ ဘုရင်တွေ ခရီးသွားရင်တီးတဲ့ စည်တီးသံလိုမျိုး တစ်ချက်ချင်းတီးပါ၊ အဆက်မပြတ်ကြီး မတီးပါနဲ့"လို့ သားကို မှာထားတယ်။ ငွေတွေ အများကြီးရလာလို့ ပျော်ရွှင်နေတဲ့သားလေးဟာ အဖေ့စကားကို နားမထောင်ဘဲ သီချင်းတစ်ပုဒ်ကို သီဆိုရင်း စည်ကို အဆက်မပြတ် တီးလာခဲ့တယ်။<br>သူခိုးတွေဟာ အစပိုင်းမှာ ဘုရင့်စည်သံထင်ပြီး ထွက်ပြေးပုန်းရှောင်ခဲ့ကြတယ်။ အဆက်မပြတ်တီးနေတဲ့ စည်သံကြောင့် ဘုရင့်စည်သံ မဟုတ်မှန်း သိသွားကြပြီးတော့ ပုန်းနေရာကနေ ထွက်လာခဲ့ကြတယ်။ အဲဒီနောက် သားအဖနှစ်ယောက်လုံးကို ရိုက်နှက်ထိုးကြိတ်ပြီး ငွေတွေကိုလည်း ယူသွားခဲ့ကြတယ်။ သားလေးဟာ သူတို့ငွေတွေ ဆုံးရှုံးသွားတော့ မပျော်ရွှင်နိုင်တော့ဘဲ "အဖေ့စကားကို နားမထောင်လို့ အခုလို ဖြစ်ရတာပါ၊ နောက်ဆိုရင် အဖေ့စကားကို သား အမြဲနားထောင်ပါတော့မယ်"လို့ ပြောပြီး ငိုနေပါတော့တယ်။<br>မှီငြမ်း။ ။ ဘေရိဝါဒကဇာတ်၊ ပုံတော်စုံ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ ပထမတွဲ၊ ၂၄၇၊ ဇာ၊ ၄၁၊ ၁။ ၃၀၀။<br><br>• အောက်ပါမေးခွန်းများကို မေးပါ။<br>- ဇာတ်လမ်းထဲမှာပါတဲ့ သားအဖနှစ်ယောက်ဟာ ဘာအလုပ် လုပ်ကိုင်ကြသလဲ။<br>- မြို့မှာ စည်တီးပြီး ပြန်လာတဲ့အချိန်မှာ အဖေဖြစ်သူက သားကို ဘယ်လို မှာသလဲ။<br>- သားက အဖေ့စကားကို နားထောင်လား။<br>- အဲဒီလို နားမထောင်တဲ့အတွက် ဘာဖြစ်သွားကြလဲ။<br>- နောက်ဆုံးမှာ သားဖြစ်သူက ဘယ်လိုပြောပြီး ငိုကြွေးသလဲ။ | |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ စည်တီးသမားလေး ဇာတ်လမ်းပါသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ သရုပ်ဖော်ပုံများပြ၍ "ဇာတ်လမ်းကို ပြန်ပြောနိုင်တဲ့သူ ရှိလား၊ ပြန်ပြောပြချင်တဲ့သူရှိလား" ဟု မေးပြီး ပြောပြလိုသော ကလေးများက အတန်းရှေ့ထွက်ပြီး ပြန်ပြောပြပါစေ။<br>❁ ထို့နောက် အောက်ပါမေးခွန်းများကို မေးပါ။<br>- စည်တီးသမားလေးက သူ့အဖေစကားကို နားမထောင်တော့ ဘာတွေဖြစ်လဲ။<br>- စည်တီးသမားလေးက သူ့အဖေစကားကို နားထောင်ခဲ့မယ်ဆိုရင်ကော ဘာဖြစ်မလဲ။<br>- သားတို့၊ သမီးတို့သာ စည်တီးသမားလေးနေရာမှာဆိုရင် ဘယ်လိုလုပ်မလဲ။<br>❁ ကလေးများ၏ အဖြေများကို မှတ်သားထားပြီး လိုအပ်သလို အနှစ်ချုပ်ပေးပါ။ | ကလေးများအား စဉ်းစားချိန်ကို လုံလောက်စွာ ပေးပါ။ ကလေးတိုင်း ပါဝင်ဖြေဆိုအောင် ဆရာက ကူညီပေးပါ။ |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ကလေးများကို သင့်လျော်သလို အုပ်စုဖွဲ့ပြီး အောက်ပါအကြောင်းအရာကို ဆွေးနွေးကြပါစေ။<br>- ဖေဖေ၊ မေမေစကားနားထောင်ရင် ဘာတွေရနိုင်မလဲ၊ နားမထောင်ရင် ဘာတွေဖြစ်တတ်သလဲ။<br>❁ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးထားသည်များကို အတန်းရှေ့သို့ ထွက်၍ ပြောပြကြပါစေ။<br>❁ ထို့နောက် ဆက်လက်၍ အောက်ပါအခြေအနေများကို တစ်ခုစီပြောပြပြီး စဉ်းစားချိန်ပေးပါ။<br>❁ အခြေအနေတစ်ခုပြီးတိုင်း အုပ်စုကိုယ်စားလှယ်များက စဉ်းစားထားသည်များကို ပြောပြကြပါစေ။<br>အခြေအနေ (၁) မိုးရေထဲမှာ ပျော်ပျော်ရွှင်ရွှင် ဘောလုံးကန်ဖို့ မောင်မောင့်ကို သူငယ်ချင်းတွေက လာခေါ်ကြတယ်။ ဒါပေမဲ့ အမေက မိုးတွေရွာနေလို့ သွားမဆော့ဖို့ တားတယ်။ (အဲဒီအချိန်မှာ မောင်မောင်က သူငယ်ချင်းတွေနဲ့ လိုက်သွားရင် ဘာဖြစ်မလဲ။ အမေ့စကားကို နားထောင်လိုက်ရင် ဘာဖြစ်မလဲ။)<br>အခြေအနေ (၂) ဘကြီးဖြိုးတို့ခြံမှာ သရက်သီးသွားခူးဖို့ သူငယ်ချင်းတွေက ဝဏ္ဏကို လာခေါ်ကြတယ်။ အဲဒီအချိန်မှာ အဖေက သူနေမကောင်းလို့ ဒီနေ့ သူ့အလုပ်တွေကို ဝိုင်းကူဖို့ ဝဏ္ဏကို ပြောထားတယ်။ (ဝဏ္ဏသာ သူငယ်ချင်းတွေနဲ့ လိုက်သွားရင် ဘာတွေဖြစ်နိုင်လဲ။ လိုက်မသွားဘဲ အဖေ့ကို ဝိုင်းကူလိုက်ရင်ရော ဘာတွေဖြစ်နိုင်သလဲ။) | ဆွေးနွေးရမည့် အကြောင်းအရာကို ဆရာက သင်ပုန်းတွင် ရေးပြထားရမည်။ |

| | |
|---|---|
| အခြေအနေ (၃) မွှေးမွှေးကို မေမေက ဆေးဆိုးထားတဲ့ အချဉ်ပေါင်းတွေ၊ ဆေးသကြား ပါတဲ့မုန့်တွေ၊ ဆေးဆိုးထားတဲ့ အသီးတွေမစားဖို့ မှာထားတယ်။ ကျောင်းမှာ သူငယ်ချင်း ဇင်နွယ်က သူ့မှာ အချဉ်ပေါင်းတွေ အများကြီး ရှိလို့ မွှေးမွှေးကိုကျွေးတယ်။ (မွှေးမွှေးသာ ဇင်နွယ်ကျွေးတဲ့ အချဉ်ပေါင်း တွေ စားလိုက်ရင် ဘာဖြစ်မလဲ။ မစားဘဲ မေမေ့စကားကို နားထောင် လိုက်ရင်ရော ဘာတွေဖြစ်နိုင်လဲ) စသည့်အခြေအနေများအပြင် ဆရာက လိုအပ်သလို ဖြည့်စွက်ပြောပြနိုင်ပါသည်။<br>• အုပ်စုတစ်ခုချင်းမှ တင်ပြပြီးတိုင်း ဆရာနှင့် ကျန်ကလေးများက လက်ခုပ်တီး၍ ချီးကျူး အားပေးပါ။<br>• နောက်ဆုံးတွင် ဆရာက "ဒီနေ့ကစပြီး သားတို့၊ သမီးတို့ဟာ မိဘစကားကို နားထောင် တတ်တဲ့ လိမ္မာသောကလေးများ ဖြစ်ကြပါစေ"ဟု ဆုတောင်းပေးပြီး စာသင်ချိန်ကို အဆုံး သတ်ပါ။ | |

## သင်ခန်းစာ (၂၇)

သင်ခန်းစာခေါင်းစဉ် ။ ။ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချခြင်း
သင်ယူမှုဦးတည်ချက် ။ ။ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ စာရွက်ကြီးများ။ စာရေးရန် ဆော့ပင်များ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
| --- | --- |
| ❁ ဒုတိယတန်း၊ သင်ခန်းစာ (၂၉) တွင်သင်ခဲ့ရသော "မောင်လူအေးရဲ့ တစ်နေ့တာ" ဇာတ်လမ်းကို ပြန်လည်ချိတ်ဆက်ပြောပြပါ။<br>❁ ပြီးလျှင် အောက်ပါမေးခွန်းများကို မေးပါ။<br>- မောင်လူအေးလေးက တစ်နေ့တာ ဘာတွေလုပ်သလဲ။<br>- သားတို့၊ သမီးတို့ရော တစ်နေ့လုံး ဘာတွေလုပ်သလဲ။<br>- သားတို့၊ သမီးတို့ အားတဲ့အချိန်မှာရော ဘာတွေလုပ်သလဲ။<br>❁ ကလေးများကို သင့်လျော်သလို အုပ်စုဖွဲ့၍ စာရွက်ကြီးတစ်ရွက်စီ ဝေပေးပါ။<br>❁ ပြီးနောက် "အားလပ်ချိန်မှာ ဘာတွေလုပ်ကြသလဲ"ဟု မေးပြီး ပေးထားတဲ့စာရွက်ပေါ်တွင် ချရေးကြပါစေ။<br>❁ အုပ်စုအတွင်းက ကလေးများအားလုံး ပါဝင်အောင် ဆရာက တိုက်တွန်းပြောဆိုပါ။<br>❁ ရေးပြီးပါက အုပ်စုကိုယ်စားလှယ်တစ်ဦးမှ အတန်းရှေ့ထွက်၍ မိမိတို့တစ်အုပ်စုလုံး အားလပ်ချိန်တွင် လုပ်သောအလုပ်များကို တစ်ခန်းလုံးကြားအောင် ပြောပါစေ။<br>❁ အုပ်စုတိုင်း ပြောပြီးလျှင် "ကဲ ဟုတ်ပြီ၊ ဒါတွေအားလုံးက သားတို့၊ သမီးတို့အားလပ်ချိန်မှာ လုပ်တဲ့အလုပ်တွေပေါ့။ ဆရာက နောက်တစ်ချိန်မှာ အားလပ်ချိန်ကို အကျိုးရှိအောင်သုံးတဲ့ ကောင်လေးတစ်ယောက်အကြောင်းကို ပြောပြမယ်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မင်းမင်းလေးရဲ့ အားလပ်ချိန် ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|

- "ပထမစာသင်ချိန်တုန်းက နောက်တစ်ချိန်မှာ ဘာပြောမယ်လို့ ပြောခဲ့သလဲ"ဟု မေး၍ စာသင်ချိန်ကို စတင်ပါ။
- ထို့နောက် အောက်ပါ မင်းမင်းလေးရဲ့ အားလပ်ချိန် ဇာတ်လမ်းကို ပြောပြပေးပါ။

## မင်းမင်းလေးရဲ့ အားလပ်ချိန်

တစ်ခါတုန်းက မြို့လေးတစ်မြို့မှာ မင်းမင်းဆိုတဲ့ ကျောင်းသားလေးတစ်ယောက် ရှိတယ်။ အဲဒီကျောင်းသားလေးက စာအလွန်တော်ပြီး လိမ္မာရေးခြားလည်းရှိတယ်။ မင်းမင်းဟာ သူ့ရဲ့အားလပ်ချိန်တိုင်းကို အကျိုးရှိအောင်သုံးတယ်။ တနင်္ဂနွေနေ့ဆိုရင်လည်း ဓမ္မစကူးလ်ကို အမြဲတက်တယ်။ မနက်အိပ်ရာထတာနဲ့ ဘုရားခန်းသွားပြီး ဓမ္မစကူးလ်က သင်ပေးတဲ့ဘုရားစာအတိုင်း ဘုရားရှိခိုးတယ်။ ဖေဖေနဲ့အတူ ခြံထဲကအမှိုက်တွေရှင်းတယ်။ မေမေနဲ့အတူ ဈေးလိုက်သွားပြီး ခြင်းတောင်းကူဆွဲပေးတယ်။ ဈေးကနေ အိမ်ပြန်ရောက်ရင်လည်း မေမေ့ကိုဝိုင်းကူပြီး ကြက်သွန်ခွာပေးတယ်၊ ဟင်းသီးဟင်းရွက်တွေ ရေဆေးပေးတယ်။ ဟင်းချက်တော့လည်း မေမေလိုအပ်တာတွေကို ဘေးကနေ ကူညီပေးတယ်။

ထမင်းဟင်းချက်ပြီးတာနဲ့ ရေချိုးပြီး မိသားစု စုံစုံညီညီနဲ့ ထမင်းဝိုင်းဖွဲ့ စားကြတယ်။ ထမင်းစားပြီး နေ့လယ်ခင်းမှာတော့ မင်းမင်းလေးဟာ အားရှိအောင် တစ်ရေးတမော အိပ်တယ်။ အိပ်ရာနိုးတဲ့အချိန်မှာ ဖေဖေနဲ့အတူ ခြံထဲမှာ ပန်းပင်ရေလောင်းတယ်။ ကျန်းမာရေးအတွက်လည်း သူငယ်ချင်းတွေနဲ့အတူ ဘောလုံးကစားကြတယ်။ ကစားပြီးတဲ့အခါ ရေချိုးပြီးတော့ ညစာအတွက် ပြင်ဆင်နေတဲ့မေမေ့ကို ဝိုင်းကူပေးတယ်။ ညစာထမင်းစားပြီးတာနဲ့ မင်းမင်းလေးက စာတွေဖတ်တယ်။ အိမ်စာတွေလုပ်တယ်။ အိမ်စာတွေပြီးသွားတာနဲ့ ဖေဖေနဲ့ မေမေကို နင်းပေး၊ နှိပ်ပေးတယ်။ ပြီးတော့ ဖေဖေ၊ မေမေနဲ့အတူ တီဗွီကြည့်တယ်။ ပြီးရင် ဘုရားခန်းဝင်ပြီး ဓမ္မစကူးလ်က သင်ပေးတဲ့အတိုင်း ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေတယ်။

အိပ်ရာဝင်ခါနီးရင် ဖေဖေနဲ့ မေမေ့ကို ရှိခိုးကန်တော့တယ်။ မင်းမင်းလေးက ညတိုင်းအဲဒါတွေအားလုံး လုပ်ပြီးမှ အိပ်ရာဝင်တယ်။ မင်းမင်းလေးဟာ အားလပ်ချိန်တိုင်းကို အကျိုးရှိအောင် အသုံးချတဲ့ကလေးဆိုတော့ ကျောင်းပိတ်ရက်ဆိုရင် ဗဟုသုတဖြစ်စေတဲ့ ပုံပြင်စာအုပ်၊ ကာတွန်းစာအုပ် စတဲ့ စာတွေလည်း ဖတ်တယ်။ နွေရာသီ ကျောင်းရက်ရှည်ပိတ်ရင်လည်း ပန်းချီသင်တန်း တက်တယ်။ အဲဒီလို အားလပ်ချိန်တိုင်းကို အကျိုးရှိအောင် သုံးတဲ့အတွက် မင်းမင်းလေးကို ဖေဖေ၊ မေမေတို့အပြင် ဆရာ၊ ဆရာမတွေသာမက ပတ်ဝန်းကျင်က လူတွေကပါ ချစ်ခင်ကြပါတယ်။

- ဇာတ်လမ်းနားထောင်ပြီးသောအခါ အောက်ပါမေးခွန်းများကို မေးပါ။
  - ဇာတ်လမ်းထဲက ကျောင်းသားလေးရဲ့နာမည်က ဘယ်သူလဲ။
  - မင်းမင်းလေးက မနက်အိပ်ရာထရင် ဘာလုပ်လဲ။
  - တနင်္ဂနွေနေ့မှာ ဘယ်ကျောင်းကို သွားတက်သလဲ။
  - မင်းမင်းလေးက မေမေ့ကို ဘာတွေကူညီပေးသလဲ။
  - ဖေဖေ့ကိုရော ဘာတွေကူညီပေးသလဲ။

| | |
|---|---|
| - ညအိပ်ရာမဝင်ခင် ဘာတွေလုပ်သလဲ။<br>- ကျောင်းဝိတ်ရက်တွေမှာ ဘာလုပ်သလဲ။<br>- နွေရာသီ ကျောင်းပိတ်ရက်ရှည်ဆိုရင်ရော ဘာသင်တန်း တက်သလဲ။<br>- မင်းမင်းလေးကို အားလုံးက ဘာလို့ချစ်ကြတာလဲ။<br>- ကလေးတို့ရော လူကြီးတွေချစ်အောင် ဘယ်လိုနေကြရမလဲ။ | |

တသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မဲလိပ် (၄) လိပ်။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • "ကဲ အခုအားလပ်ချိန်ကို အကျိုးရှိအောင် အသုံးချတဲ့ဇာတ်လမ်းလေးကိုလည်း နားထောင်ပြီးပြီဆိုတော့ ဆရာတို့ တကယ်လက်တွေ့ သရုပ်ဆောင်ကြည့်ကြရအောင်"ဟု ပြော၍ ကလေးများကို အုပ်စု (၄) စုဖွဲ့ပါ။<br>• "သစ်ပင်စိုက်နေပုံ၊ ဘုန်းကြီးကျောင်းမှာ သန့်ရှင်းရေးလုပ်နေပုံ၊ စာဖတ်နေသောပုံ၊ မေမေ့ကို ကူညီနေပုံ" စသည့် မဲလိပ် (၄) လိပ်ကို ပြင်ဆင်ထားပါ။<br>• အုပ်စုတစ်စုလျှင် မဲလိပ်တစ်လိပ်စီ နှိုက်ပါစေ။<br>• မိမိရထားသော မဲလိပ်ခေါင်းစဉ်အတိုင်း သရုပ်ဆောင်ကြရန် အုပ်စုတွင်းဆွေးနွေးချိန် အနည်းငယ်ပေးပါ။<br>• ပြီးလျှင် တစ်အုပ်စုစီ ကိုယ်ရထားသောခေါင်းစဉ်အတိုင်း သရုပ်ဆောင်ကြပါစေ။ အုပ်စုတစ်စု သရုပ်ဆောင်ပြီးတိုင်း လက်ခုပ်တီး၍ ဂုဏ်ပြုပေးပါ။<br>• သရုပ်ဆောင်ပြီးသွားပါက ကလေးများကို အုပ်စုအတိုင်းပြန်၍ တန်းစီခိုင်းပြီး "တိုးတိုးပြောတမ်း ကစားကြမယ်"ဟု ပြောပါ။<br>• ဆရာက ဝါကျတို (၄) ကြောင်းကို မဲလိပ် (၄) ခုအဖြစ် ကြိုတင်ပြုလုပ်ထားပေးပါ။<br>• ကလေးများကို လက်တစ်ကမ်းအကွာတွင် ရပ်နေစေပြီး ထိပ်ဆုံးက ကလေးတစ်ယောက်က မိမိရရှိသော မဲလိပ်ပါ ဝါကျတိုကို ဖတ်၍ ဘေးက သူငယ်ချင်းတစ်ယောက်ကို တစ်ကြိမ်သာ တိုးတိုးပြောပါစေ။<br>• ပြောသည့်စကားကို ကြားသည့်အတိုင်း ဘေးကသူငယ်ချင်းကို ထပ်ပြောပါ။ (ပြန်မမေးရဟု ဆရာကမှာထားပါ။)<br>• တန်းစီထားသောလူစေ့အောင် ပြောပြီးလျှင် နောက်ဆုံးမှ ကလေးတစ်ယောက်က မိမိကြားသည့်အတိုင်း အားလုံးကို ပြန်ပြောပြပါ။ ထို့နောက် ထိပ်ဆုံးမှ မဲလိပ်ရရှိထားသော ကလေးက မဲလိပ်ပါဝါကျကို ရွတ်ပြ၍ အဖြေတိုက်ကြပါစေ။<br>• အဖြေမှန်သော အုပ်စုကို လက်ခုပ်တီးကာ ချီးကျူးအားပေးပါ။ | ဆရာနစ်သက်ရာ ဝါကျတို (၄) ကြောင်းကို ကြိုတင်မဲလိပ် ပြုလုပ်ထားပါ။ |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ အချိန်ကို အကျိုးရှိအောင် အသုံးချနေပုံနှင့် အကျိုးမရှိအောင် အသုံးချနေပုံ ရုပ်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
| --- | --- |
| ❁ ရုပ်ပုံနှစ်ခုကိုပြ၍ "ဘယ်ဟာက အကျိုးရှိတာလဲ၊ ဘယ်ဟာကအကျိုးမရှိတာလဲ"ဟု မေးပါ။<br>❁ ပြီးလျှင် "ဘာကြောင့်အကျိုးရှိတာလဲ၊ ဘာကြောင့်အကျိုးမရှိတာလဲ"ဟု ဆက်လက် မေးမြန်းပါ။<br>❁ "ဟုတ်ပြီ၊ ဒါဆိုရင် ခုနက ကစားထားတဲ့ အုပ်စုအတိုင်းပြန်နေပါ"ဟု ပြော၍ အုပ်စုဖွဲ့ပါ။<br>❁ "အခု သားတို့၊ သမီးတို့ကိုယ်တိုင် အားလပ်ချိန်ကို ဘယ်လိုအကျိုးရှိအောင် သုံးကြမလဲ ဆိုတာကို ဆွေးနွေးကြရအောင်"ဟု ပြောပါ။<br>❁ ကလေးများဆွေးနွေးပြီးလျှင် အုပ်စုကိုယ်စားလှယ်တစ်ဦးက အားလပ်ချိန်မှာ သူတို့အုပ်စု ဘာတွေလုပ်ကြမယ် ဆိုတာကို ကျန်တဲ့ကလေးများအားလုံးကြားအောင် ပြောပြကြပါစေ။<br>❁ အုပ်စုအားလုံးပြောပြီးပါက "သားတို့၊ သမီးတို့ ဆွေးနွေးထားတာ အလွန်ကောင်းပါတယ်။ အခုဆို သားတို့၊ သမီးတို့အားလုံးဟာ အားလပ်ချိန်ကို အကျိုးရှိအောင် အသုံးချကြမယ့် ကလေးတွေ ဖြစ်သွားကြပြီပေါ့။ နောက်ဆိုရင်လည်း အားလပ်ချိန်ကို အကျိုးရှိအောင် အသုံးချကြရမယ်နော်" စသည်ဖြင့်ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

## သင်ခန်းစာ (၂၈)

သင်ခန်းစာခေါင်းစဉ် ။ ကြိုးစားမှုသာ အဓိကပါ
သင်ယူမှုဦးတည်ချက် ။ ကောင်းသည့်အလုပ်ကိုလုပ်မည်ဟု ဆုံးဖြတ်ပြီးပါက ဇွဲရှိရှိဖြင့် ဆက်လက်လုပ်ဆောင်တတ်စေရန်။

စာသင်ချိန် (၁) ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ကလေးများက မိမိတို့အရွယ်၌ ကိုယ်တိုင်လုပ်နိုင်သော အလုပ်များကို စဉ်းစား၍ ပြောကြပါစေ။ ကလေးများ ပြောသောအလုပ်များကို သင်ပုန်းပေါ်၌ ရေးပေးပါ။<br>❁ ကလေးများပြောသော အလုပ်တစ်ခုချင်းကို ထောက်ပြ၍ ကောင်းသောအလုပ် ဟုတ်၊ မဟုတ်နှင့် အဘယ်ကြောင့် ကောင်း၊ မကောင်းကို ပြောပါစေ။<br>❁ ဆရာက ကောင်းသော အလုပ်များကို (✓) အမှတ်အသားပြ၍ မကောင်းသောအလုပ်များကို (×) အမှတ်အသား ရေးပေးပါ။<br>❁ ထို့နောက် အောက်ပါကစားနည်းကို ကစားကြစေရန် ကလေးများ တစ်ဦးနှင့်တစ်ဦး မကပ်စေဘဲ လမ်းလျှောက်ကြပါစေ။<br>❁ ဆရာပြောသော ညွှန်ကြားချက်အတိုင်း ကလေးငယ်များ သရုပ်ဆောင်၍ လိုက်လုပ်ကြပါစေ။<br>- ကောင်းတဲ့အလုပ်ကို လုပ်မယ့်ကလေးများ လက်အုပ်ချီ၍ နှုတ်ဆက်ပါ။<br>- လမ်းပြန်လျှောက်ကြပါစေ။ မိဘစကား နားထောင်သူများ ဖြည်းဖြည်းခုန်ပါ။<br>- လမ်းပြန်လျှောက်ကြပါစေ။ ကျောင်းသန့်ရှင်းရေးပြုလုပ်သူများ သီချင်းဆိုနေပါ။<br>စသည်ဖြင့် ကောင်းတဲ့အလုပ် ဟု ယူဆရသော စာသားများကို ရွေးချယ်ပြီး ညွှန်ကြားချက် ပေးနိုင်ပါသည်။<br>- ဤသို့ဖြင့် ကစားနည်းကို ဆက်လက်ကစားနိုင်ပါသည်။<br>❁ ကစားပြီးလျှင် အောက်ပါမေးခွန်းများနှင့် ဆွေးနွေးပါ။<br>- သားတို့၊ သမီးတို့အနေနဲ့ ဒီကစားနည်းကို ကစားပြီးတော့ ဘယ်လိုခံစားရလဲ။<br>- ကောင်းတဲ့အလုပ်တွေထဲက ကလေးတို့ကိုယ်တိုင် လုပ်ဖူးတဲ့အလုပ်တွေက ဘာတွေလဲ။ ဘယ်နှကြိမ်လောက် လုပ်ဖူးသလဲ။<br>- ကလေးတို့ကိုယ်တိုင် လုပ်နိုင်ပေမဲ့ မလုပ်ဖြစ်သေးကဲ့ ကောင်းတဲ့အလုပ်တွေရော ရှိသလား။ ဘာတွေလဲ။ ဘာကြောင့်မလုပ်ဖြစ်တာလဲ။<br>- ကောင်းတဲ့အလုပ်တွေကို လုပ်မယ်လို့ ဆုံးဖြတ်ထားပြီးမှ အခက်အခဲတွေနဲ့ ကြုံတွေ့လာရင်ရော ကလေးတို့ ဘာဆက်လုပ်ကြမလဲ။ ဘာကြောင့်လဲ။<br>❁ ဆရာက အောက်ပါအတိုင်း ရှင်းပြပါ။ | အဖြေများများရရန် ဆရာက တိုက်တွန်းပါ။ |

| | |
|---|---|
| "ကောင်းတဲ့အလုပ်ကို လုပ်မယ်လို့ ဆုံးဖြတ်ထားရင် အခက်အခဲတွေ ကြုံလာခဲ့ရင်တောင် ပြီးမြောက်အောင်မြင်သည့်အထိ ဖွဲ၊ လုံ့လ စိုက်ထုတ်ပြီး အမြဲတမ်း ကြိုးစားလုပ်ဆောင်ရမယ်။ ဒါမှသာ မိမိကိုယ်ကို ယုံကြည်မှုရှိပြီး ဘဝမှာ အောင်မြင်တဲ့လူတစ်ယောက် ဖြစ်လာနိုင်မယ်"။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ဘုရင်ကြီးနှင့်ပင့်ကူ ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "အခု ဆရာက အလုပ်တစ်ခုကို ဖွဲကောင်းကောင်းနဲ့ လုပ်ဆောင်သွားတဲ့ ပင့်ကူလေး တစ်ကောင်အကြောင်းကို ပြောပြမယ်"ဟု နိဒါန်းပျိုး၍ အောက်ပါဇာတ်လမ်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောပါ။<br><br>**ဘုရင်ကြီးနှင့်ပင့်ကူ**<br>တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်က ဘုရင်ကြီးတစ်ပါးဟာ တခြားတိုင်းပြည်တစ်ခုနဲ့ စစ်ဖြစ်ကြရင်း စစ်ရှုံးလို့ တောထဲကို ထွက်ပြေးလာရတယ်။ ဘုရင်ကြီးဟာ နောက်ကလိုက်လာတဲ့ ရန်သူတွေလက်က လွတ်အောင်ပြေးရင်း ဂူကြီးတစ်ခုထဲကို ရောက်သွားတယ်။ နောက်ကလိုက်လာတဲ့ ရန်သူတွေဟာ ဘုရင်ကြီးကို ရှာမတွေ့တော့ ပြန်သွားကြတယ်။ ဘုရင်ကြီးလည်း မောမောနဲ့ အိပ်ပျော်သွားခဲ့တယ်။ အိပ်ရာကနိုးလာတဲ့အခါ ဘုရင်ကြီးဟာ သူ ရှုံးခဲ့တာကို ပြန်စဉ်းစားပြီး "ဘယ်လိုလုပ်ရပါ့မလဲ၊ အခု ငါတစ်ယောက်တည်းပဲ ရှိတော့တယ်။ ငါ့တိုင်းပြည်ကို ငါပြန်လိုချင်တယ်၊ ဒါပေမဲ့ ပြန်ရမှာ မဟုတ်တော့ပါဘူး"လို့ တွေးပြီး စိတ်ဓာတ်ကျနေတယ်။<br>အဲဒီအချိန်မှာ ပင့်ကူလေးတစ်ကောင်ဟာ ပင့်ကူမျှင်တန်းလန်းနဲ့ ဂူအမိုးကနေ အောက်ကို ပြုတ်ကျလာတယ်။ မြေကြီးပေါ်မရောက်ခင်မှာ ရပ်သွားပြီး တန်းလန်းလေးဖြစ်နေတယ်။ ပင့်ကူလေးဟာ ပင့်ကူမျှင်ကတစ်ဆင့် အပေါ်ကို ပြန်တက်တယ်။<br><br>❁ ဇာတ်လမ်းပြောခြင်းကို ခဏရပ်ပြီး အောက်ပါအတိုင်း မေးမြန်းပါ။<br>- ပင့်ကူလေး အပေါ်ကို တက်နိုင်မယ်လို့ ထင်သလား။<br><br>❁ ပြီးနောက် ဇာတ်လမ်းကို ဆက်ပြောပြပါ။<br>ပင့်ကူလေးဟာ နည်းနည်းပဲတက်နိုင်ပြီး ပြန်ပြုတ်ကျလာတယ်။ ပင့်ကူလေးဟာ ထပ်တက်ပြန်တယ်၊ ဒီတစ်ခါလည်း ပြန်ပြုတ်ကျလာပြန်တယ်။ နောက်တစ်ကြိမ် ထပ်တက်တယ်။ ပြုတ်ကျပြန်တယ်။<br><br>❁ ဇာတ်လမ်းပြောခြင်းကို ခဏရပ်ပြီး အောက်ပါအတိုင်း မေးမြန်းပါ။<br>- ကလေးတို့သာ ပင့်ကူလေးဆိုရင် ဆက်တက်ဦးမှာလား၊ ဘာကြောင့်လဲ။ | |

| | |
|---|---|
| ❁ ပြီးနောက် ဇာတ်လမ်းကို ဆက်ပြောပြပါ။<br>ဘုရင်ကြီးဟာ ပင့်ကူလေးကို ကြည့်ပြီး ဒီလောက်သေးတဲ့ ပင့်ကူလေးဟာ အပေါ်ကို ဘယ်တက်နိုင်ပါ့မလဲဆိုပြီး ပင့်ကူလေးကို သနားနေတယ်။ အဲဒီအချိန်မှာပဲ အကြိမ်ကြိမ် ကြိုးစားနေတဲ့ ပင့်ကူလေးဟာ ဂူအမိုးပေါ်ကို ရောက်သွားတယ်။ ဘုရင်ကြီးဟာ ပင့်ကူလေးကို ကြည့်ပြီး အားတက်သွားခဲ့တယ်။ ပြီးတော့ "ဒီလောက်သေးတဲ့ ပင့်ကူလေးတောင် မဖြစ်နိုင်ဘူးလို့ ထင်ရတဲ့အလုပ်ကို ကြိုးစားရင် အောင်မြင်သေးတာပဲ။ ငါ့လို လူတစ်ယောက်လည်း ကြိုးစားရင် အောင်မြင်နိုင်တာပဲ။ ငါ့တိုင်းပြည်ကို ပြန်ရအောင် ကြိုးစားမယ်" ဆိုပြီး ဂူထဲက ထွက်၊ သူ့ရဲ့စစ်သားတွေကို ပြန်ရှာ၊ လက်နက်တွေ စုဆောင်းပြီး လက်နက်အင်အား၊ လူအင်အား ပြည့်စုံတဲ့အခါ ရန်သူတွေကို ပြန်တိုက်လိုက်တာ နောက်ဆုံးမှာ သူ့တိုင်းပြည်ကို အောင်မြင်စွာ ပြန်လည်ရရှိသွားခဲ့ပါတယ်။<br><br>❁ ဇာတ်လမ်းပြောပြီးသောအခါ အောက်ပါမေးခွန်းများကို မေးပါ။<br>- ဘုရင်ကြီးရဲ့ မျှော်လင့်ချက်က ဘာလဲ၊ (သူဘာဖြစ်ချင်တာလဲ)၊ အဲဒီမျှော်လင့်ချက်အတွက် သူ့စိတ်ထဲမှာ ဘယ်လိုဖြစ်နေလဲ။ (ရမယ်လို့ထင်သလား။)<br>- ဘာကြောင့် ဘုရင်ကြီးရဲ့စိတ်ထား ပြောင်းလဲသွားတာလဲ။<br>- ပင့်ကူလေးဟာ ဘာကြောင့် ဂူအမိုးပေါ် ပြန်တက်နိုင်တယ်လို့ ထင်သလဲ။<br>- ဘုရင်ကြီးက သူ့တိုင်းပြည်ကို ပြန်ရဖို့ ဘယ်လိုလုပ်ခဲ့ရသလဲ။<br>- ပင့်ကူလေးက ဘုရင်ကြီးကို ပေးလိုက်တဲ့သင်ခန်းစာက ဘာလဲ။<br>❁ နောက်ဆုံးတွင် ဆရာက "မိမိဖြစ်ချင်တဲ့အရာတွေ ဖြစ်လာစေဖို့ လုပ်ဆောင်တဲ့အခါ ဘယ်လောက်ပဲ အခက်အခဲတွေ တွေ့စေကာမူ ကြိုးစားလုပ်ဆောင်မည်ဆိုက အောင်မြင်မှုကို ရရှိနိုင်မှာ ဖြစ်တယ်" စသည်ဖြင့် ဖြည့်စွက်ပြောပြပါ။ | |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ကလေးများအား ဘုရင်ကြီးနှင့်ပင့်ကူ ဇာတ်လမ်းပါ အကြောင်းအရာများကို ပြန်လည်၍ မေးမြန်းပါ။ ကလေးများ နားလည်သလို ပြောပါစေ။<br>❁ ထို့နောက် ဆရာက အောက်ပါမေးခွန်းများဖြင့် ဆွေးနွေးပါ။<br><br>**မေးခွန်း (က)**<br>- (ပင့်ကူလေးကို မတွေ့ခဲ့ဘဲ) ဘုရင်ကြီးဟာ "အခု ငါတစ်ယောက်ထဲပဲ ရှိတော့တယ်၊ ငါ့တိုင်းပြည်ကို ငါပြန်ရမှာ မဟုတ်တော့ပါဘူး"လို့ပဲ တွေးပြီး အမြဲ စိတ်ဓာတ်ကျ၊ စိတ်ညစ်နေမယ်ဆိုရင် ဘာဆက်လုပ်ဖြစ်မယ် ထင်သလဲ။<br>❁ သင်ပုန်းပေါ်မှ အဖြေတစ်ခုစီကို ထောက်ပြ၍ အောက်ပါအတိုင်း ဆက်မေးပါ။<br>- ဘုရင်ကြီး အခုလိုလုပ်မယ်ဆိုရင် ကောင်းလား၊ မကောင်းဘူးလား။ ဘာကြောင့်လဲ။ | ကလေးများ၏အဖြေကို သင်ပုန်းပေါ်တွင် ရေးပေးပါ။ |

| | |
|---|---|
| **မေးခွန်း (ခ)**<br>- ပင့်ကူလေးကို တွေ့ပြီးတဲ့နောက် ဘုရင်ကြီးရဲ့အတွေးတွေ ဘယ်လိုပြောင်းသွားလဲ။ ဘာဆက်လုပ်ခဲ့သလဲ။<br>- အဲဒီလုပ်ရပ်တွေကကော ကောင်းလား။ မကောင်းဘူးလား။ ဘာကြောင့်လဲ။<br>- ဒါဆိုရင် ကလေးတို့ရော ကောင်းတဲ့အလုပ်နဲ့ မကောင်းတဲ့အလုပ်ကို ဘယ်လိုခွဲခြားနိုင်မလဲ။<br>❋ ထို့နောက် ဆရာက ဖြည့်စွက်ရှင်းပြပါ။<br>"ကောင်းတဲ့အလုပ်ဆိုတာ မိမိကိုယ်တိုင်နဲ့ တခြားသူတွေကို ထိခိုက်နစ်နာမှု မရှိစေဘဲ ကောင်းသောအကျိုးဆက်တွေ ပိုမိုရရှိစေတဲ့အလုပ် ဖြစ်တယ်၊ မကောင်းတဲ့အလုပ်ဆိုတာ မိမိကိုယ်တိုင်နဲ့ တခြားသူတွေအတွက် ထိခိုက်နစ်နာစေပြီး မကောင်းတဲ့အကျိုးဆက်တွေကို ပိုမိုဖြစ်ပေါ်စေသောအလုပ် ဖြစ်တယ်။ ဒါကြောင့် ကိုယ်တစ်ခုခု လုပ်တော့မယ်ဆိုရင် ကောင်းတဲ့အလုပ်လား၊ မကောင်းတဲ့အလုပ်လားဆိုတာကို ကွဲကွဲပြားပြားသိအောင် အရင်ဆုံးလုပ်ရမယ်။ ကွဲပြားသွားပြီဆိုရင်တော့ ကိုယ်လုပ်ရမယ့်အလုပ်ဟာ ဘယ်လောက်ပဲ ခက်ခဲပါစေ ဇွဲရှိရှိနဲ့ အောင်မြင်တဲ့အထိ လုပ်ဆောင်ကြရမယ်"။ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • အောက်ပါခေါင်းရွက်ကစားနည်းကို ကလေးများ ပျော်ရွှင်စွာ ဆော့ကစားကြပါစေ။<br>• ခေါင်းရွက်ကစားနည်းကို ဆရာက ရှင်းပြပါ။<br><br>ခေါင်းရွက်ကစားနည်း<br>ကလေးများကို ဦးရေတူညီသော အုပ်စု (၂) စု သို့မဟုတ် (၃) စု ဖွဲ့ပါ။<br>- အုပ်စုဝင်များကို တန်းစီ၍ရပ်စေပြီး စာအုပ်တစ်အုပ်စီကို ခေါင်းပေါ်တွင် ရွက်ထားရမည်။ စာအုပ်ကို လက်နှင့်မကိုင်မိစေရန် လက်များကို ပိုက်ထားရမည်။<br>- ကစားပွဲစတင်လျှင် ရှေ့ဆုံးမှ လူတစ်ဦးချင်းစီသည် မိမိတို့၏မူလနေရာမှ သတ်မှတ်ထားသည့် နေရာသို့ရောက်အောင် အမြန်ဆုံးသွားရမည်။ ရှေ့ဆုံးကလူ သတ်မှတ်နေရာရောက်ပြီးမှ ဒုတိယလူက ဆက်၍ သတ်မှတ်နေရာသို့ ရောက်အောင်သွားရမည်။ ပြီးလျှင် တတိယလူများ၊ စတုတ္ထလူများ ... စသည်ဖြင့် လူဦးရေကုန်သည်အထိ သတ်မှတ်နေရာသို့ ရောက်အောင် အမြန်ဆုံးသွားရမည်။<br>- သတ်မှတ်နေရာသို့ သွားရာလမ်းတွင် မိမိ၏ခေါင်းပေါ်မှ စာအုပ်ပြုတ်ကျပါက ထိုနေရာတွင်ရပ်၍ စာအုပ်ကို ခေါင်းပေါ်ပြန်တင်၊ လက်ပိုက်ပြီးမှ ဆက်၍သွားရမည်။<br>- အရင်ဆုံး သတ်မှတ်နေရာသို့ ရောက်သည့်အုပ်စုက အနိုင်ရမည်။<br>• ကစားနည်းကို ကလေးများအားလုံး ပါဝင်ကစားကြပါစေ။<br>• ကစားပြီးပါက အောက်ပါမေးခွန်းများနှင့် ဆွေးနွေးပါ။<br>- ကစားပွဲ မစတင်မီက သားတို့၊ သမီးတို့ရဲ့စိတ်ထဲမှာ ဘာဖြစ်ချင်နေသလဲ။ အဲဒီလိုခံစားရတဲ့အခါ သားတို့၊ သမီးတို့ ဘယ်လိုလုပ်မယ်လို့ စဉ်းစားထားခဲ့သလဲ။<br>- (စာအုပ်ပြုတ်ကျသူရှိလျှင်) စာအုပ်ပြုတ်ကျတဲ့အခါ စိတ်ထဲမှာ ဘယ်လိုခံစားရသလဲ။ ဆက်ပြီး ကစားချင်စိတ် ရှိသေးလား။ အဲဒီအခါ ဘာဆက်လုပ်ခဲ့လဲ။<br>- ကိုယ့်အဖွဲ့ မနိုင်တော့ဘူးလို့ ထင်တဲ့အခါ ဘယ်လိုခံစားရသလဲ။ အဲဒီလိုခံစားရတဲ့အခါ ဘယ်လိုဆက်လုပ်ခဲ့သလဲ။<br>• ကလေးများ ဖြေဆိုပြီးနောက် ဆရာက အောက်ပါအတိုင်း ဖြည့်စွက်ရှင်းပြပြီး အဆုံးသတ်ပါ။<br>"ကစားတဲ့အခါ စာအုပ်ပြုတ်ကျမလိုဖြစ်တာ၊ စာအုပ်ပြုတ်ကျတာ စတဲ့ အခက်အခဲတွေ တွေ့ရသလိုပဲ ဘဝမှာ သားတို့၊ သမီးတို့ ဖြစ်ချင်တာတွေဖြစ်လာဖို့ ကြိုးစားတဲ့အခါမှာလည်း အခက်အခဲတွေ တွေ့လာနိုင်တယ်ဆိုတာ သိထားရမယ်။ ဘယ်လိုအခက်အခဲနဲ့ ပဲကြုံကြုံ ဇာတ်လမ်းထဲမှာပါတဲ့ ပင့်ကူလေးရဲ့ ဇွဲရှိရှိနဲ့လုပ်ဆောင်ပုံကို အတုယူပြီး ကိုယ်ဖြစ်ချင်တဲ့ ကောင်းတဲ့အလုပ်မှန်သမျှကို အောင်မြင်အောင် လုပ်ဆောင်ကြရမယ်"။ | ကစားနေစဉ် ကလေးများ၏ ကြိုးစားလုပ်ဆောင်သည့် အပြုအမူများကို ဆရာကလေ့လာထားပါ။ |

## သင်ခန်းစာ (၂၉)

သင်ခန်းစာခေါင်းစဉ် ။ ။ သန့်ရှင်းရေး
သင်ယူမှုဦးတည်ချက် ။ ။ သန့်ရှင်းရေးပြုလုပ်ရခြင်း၏အကျိုးကျေးဇူးကိုသိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ သန့်ရှင်းရေး ကဗျာ၊ အမှိုက်ကောက်မယ် ကဗျာ၊ အမှိုက်ပုံး။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "သားတို့၊ သမီးတို့ ရှေ့နှစ်တွေကသင်ခဲ့တဲ့ ငှက်ပျောသီးခွံဇာတ်လမ်းထဲက အောင်အောင့် အကြောင်းကို ဘယ်သူ ပြန်ပြောပြနိုင်သလဲ"ဟု မေး၍ ဦးစွာ လက်ညှိုးထောင်သူ ကလေး (၂) ဦးခန့်က ပြောပြကြပါစေ။<br>❁ ထို့နောက် "ပတ်ဝန်းကျင်ကိုသန့်ရှင်းပါ ဆိုတဲ့ဇာတ်လမ်းကိုရော မှတ်မိကြသေးလား။ အဲဒီဇာတ်လမ်းထဲမှာ ကျွန်းပေါ်ကလူတချို့ဟာ အမှိုက်တွေကို စည်းမဲ့ကမ်းမဲ့ စွန့်ပစ်ပြီး ညစ်ညစ်ပတ်ပတ်နေလို့ ကျွန်းစောင့်နတ်တွေ စိတ်ဆိုးပြီး ကျွန်းကို ရေလွှမ်းအောင် လုပ်ပစ်လိုက်တယ်လေ။ မှတ်မိကြလား" စသည်ဖြင့် အစဖော် ပြောပြပေးပြီးလျှင် နောက်ထပ် ကလေး (၂) ဦးခန့်က ပြောပြကြပါစေ။<br>❁ ထို့နောက် ပထမတန်း၊ သင်ခန်းစာ (၁၃) နှင့် ဒုတိယတန်း၊ သင်ခန်းစာ (၁၈) တွင် သင်ခဲ့ပြီးသော အောက်ပါကဗျာများကို အမူအရာနှင့်တကွ ကလေးများအားလုံး ပြိုင်တူရွတ်ဆိုကြပါစေ။<br><br>**သန့်ရှင်းရေး**<br>အမှိုက်တစ်စ တွေ့ရှိက၊<br>ချက်ချင်းကောက်လိုက်ကြ။<br>သန့်ရှင်းကြမှ တို့ဝန်းကျင်၊<br>လှပရောဂါစင်။<br>မြင်မြင်သမျှ ကြည်လင်အေး၊<br>စုပေါင်းသန့်ရှင်းရေး။ ။<br><br>**အမှိုက်ကောက်မယ်**<br>ဒူးကလေးကို ကွေးပြီး လက်ကလေး ဆန့်လိုက်ပါ။<br>ပုကွကွနဲ့ အမှိုက်ကောက်ရတာ ပျော်စရာပဲကွာ။<br>ခါးကလေးကိုဆန့်ပြီး အမှိုက်ပုံးရှာစို့ကွာ။<br>အပြေးကလေးသွားလို့ အမှိုက်ပစ်ကြမယ်။<br>ဂုဏ်ယူစရာပဲကွာ ... ဟား ... ဟား ... ဟား ။ ။ | အကယ်၍ ကလေးများ မေ့နေလျှင် ဆရာက အစဖော် ပြောပြပေးပါ။<br><br>ဤကဗျာကို ရွတ်ဆိုစဉ်တွင် ကလေးများအား အခန်းတွင်းရှိ အမှိုက်များအား ကောက်စေပါ။ |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ တံမြက်စည်းလှည်းသော ရဟန်းတော်လေး ဇာတ်လမ်းနှင့် ဇာတ်လမ်း သရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "သားတို့၊ သမီးတို့ ပြောပြသွားတဲ့ ဇာတ်လမ်းတွေထဲမှာဟ အမှိုက်ကို စနစ်တကျ မစွန့်ပစ်လို့၊ အမှိုက်ပစ်တဲ့နေရာမှာ စည်းကမ်းမရှိလို့၊ မိမိပတ်ဝန်းကျင်ကို သန့်သန့်ရှင်းရှင်း မထားလို့ ဒုက္ခရောက်ခဲ့ရတဲ့သူတွေရဲ့ အဖြစ်အပျက်တွေပဲ ဖြစ်တယ်။ အခု ဒီတစ်ချိန်မှာတော့ တံမြက်စည်းလှည်းတဲ့ ရဟန်းတော်လေးတစ်ပါး အကြောင်းကို ပြောပြမယ်" စသည်ဖြင့် အစချီပြီး အောက်ပါဇာတ်လမ်းကို ပြောပြပါ။ | သရုပ်ဖော်ပုံများပြ၍ ဇာတ်လမ်းကို ပြောပြပေးပါ။ |

## တံမြက်စည်းလှည်းသော ရဟန်းတော်လေး

ဟိုးရှေးရှေးတုန်းက အလွန်သာယာတဲ့ တောအုပ်လေးထဲမှာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ရှိတယ်။ ကျောင်းဝင်းထဲမှာ စေတီငယ်လေးတစ်ဆူနဲ့ ဗောဓိညောင်ပင်တစ်ပင်လည်း ရှိတယ်။ သစ်ပင်တွေက အများကြီးဆိုတော့ သစ်ရွက်အမှိုက်တွေက ရှင်းလို့မကုန်နိုင်ဘူး။ လာရောက်နေထိုင်တဲ့ ရဟန်းတော်တွေဟာ အမှိုက်တွေကို နေ့တိုင်း မလှည်းနိုင်ကြဘူး။ တစ်ခါတလေမှပဲ လှည်းဖြစ်ကြတယ်။ ဒါကြောင့် ကျောင်းဝင်းတစ်ခုလုံးနဲ့ စေတီရင်ပြင်ပေါ်မှာ အမှိုက်တွေကို နေ့တိုင်း တွေ့နေရတယ်။ တောအုပ်ထဲမှာနေတဲ့ နတ်တွေဟာ တံမြက်စည်း မလှည်းကြလို့ ကျောင်းမှာနေတဲ့ ရဟန်းတွေကို မချစ်ခင်ကြဘူး။ သန့်သန့်ရှင်းရှင်း မနေတတ်တဲ့သူတွေဆိုပြီး လေးလည်း မလေးစားကြဘူး။

တစ်နေ့မှာတော့ ရဟန်းငယ်တစ်ပါး ရောက်လာတယ်။ ရဟန်းငယ်လေးဟာ သန့်သန့်ရှင်းရှင်း နေတတ်တယ်။ သူနေတဲ့ ပတ်ဝန်းကျင်ကိုလည်း သန့်ရှင်းရေး အမြဲလုပ်တယ်။ မိုးလင်းတာနဲ့ ကျောင်းဝင်းတစ်ခုလုံးကို တံမြက်စည်းလှည်းတယ်။ စေတီရင်ပြင်နဲ့ ဗောဓိပင်ဝန်းကျင်ကိုလည်း သန့်ရှင်းရေးလုပ်တယ်။ အဲဒီရဟန်းတော်လေး ရောက်လာတာနဲ့ တောကျောင်းလေးဟာ သန့်ရှင်းသပ်ရပ်ပြီး ကြည်နူးစရာ ဖြစ်လာခဲ့တယ်။ နတ်တွေကလည်း ထူးခြားနေတဲ့ တောကျောင်းလေးကို ကြည့်ပြီး အံ့ဩမိကာ နှစ်သက်ကျေနပ်နေကြတယ်။ နတ်တွေဟာ နေ့တိုင်းနေ့တိုင်း တံမြက်စည်းလှည်း၊ သန့်ရှင်းရေးလုပ်တဲ့ ရဟန်းတော်လေးကိုလည်း ချစ်ခင်လေးစားလာကြတယ်။

တစ်နေ့မှာ ရဟန်းတော်လေးဟာ စေတီတော်၊ ဗောဓိပင်နဲ့ ကျောင်းဝင်းတစ်ခုလုံးကို တံမြက်စည်းလှည်း၊ သန့်ရှင်းရေးလုပ်ပြီး ရေချိုးသွားခဲ့တယ်။ နတ်သား၊ နတ်သမီးတွေဟာ "ဒီရဟန်းတော်လေးလို နေ့တိုင်း တံမြက်စည်းလှည်း သန့်ရှင်းရေးလုပ်သူ မရှိခဲ့ဖူးဘူး"ဟု ဆိုကာ ချစ်ခင်လေးစားတဲ့အနေနဲ့ ရဟန်းတော်လေးကို ပန်းပွင့်တွေနဲ့ ပူဇော်ခဲ့ကြပါတယ်။ ဒီလိုနဲ့ နေ့စဉ်နေ့တိုင်း တံမြက်စည်းလှည်း သန့်ရှင်းရေးလုပ်တဲ့ ရဟန်းတော်လေးကို နတ်တွေက လေးစားချစ်ခင်ပြီး ပြုစုစောင့်ရှောက်သွားကြပါတော့တယ်။

မှီငြမ်း ။ သမ္မောဒကဘိက္ခုဝတ္ထု၊ စူဠဝါ အဋ္ဌကထာ။

❁ အောက်ပါမေးခွန်းများကို မေးပါ။
- တောအုပ်ထဲမှာ ဘာတွေရှိလဲ။
- တံမြက်စည်းမလှည်းတဲ့ ရဟန်းတွေကို နတ်တွေက ချစ်ကြလား။

| | |
|---|---|
| - တောကျောင်းလေးကို ဘယ်သူရောက်လာလဲ။<br>- ရဟန်းတော်လေးဟာ နေ့တိုင်း ဘာလုပ်သလဲ။<br>- တံမြက်စည်းလှည်းတဲ့ ရဟန်းတော်လေးကို ဘယ်သူတွေက ချစ်ခင်ကြသလဲ။<br>- တံမြက်စည်းမလှည်းဘဲ ဒီအတိုင်းထားရင် ဘာဖြစ်နိုင်မလဲ။<br>- တံမြက်စည်းလှည်းလိုက်ရင် ဘာဖြစ်နိုင်သလဲ။ | |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ တံမြက်စည်းလှည်းရကျိုး လင်္ကာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| * ကလေးများအား ပထမတန်း၊ သင်ခန်းစာ (၁၃) တွင် သင်ပြီးခဲ့သော တံမြက်စည်းလှည်းခြင်း၏အကျိုးများကို မေးကြည့်ပါ။<br>* ကလေးများ မမှတ်မိလျှင် ဆရာက ပြန်လည်ပြောပြပါ။<br><br>**တံမြက်စည်းလှည်းခြင်း၏အကျိုး**<br>- ဉာဏ်ကောင်းခြင်း၊<br>- မိမိရော သူတစ်ပါးပါ စိတ်ကြည်လင်ခြင်း၊<br>- လူများ၊ နတ်များက ချစ်ခင်ခြင်း၊<br>- နတ်ပြည်သို့ ရောက်ခြင်း။<br>* "အဲဒီအကျိုးကျေးဇူးတွေကို ရှေးပညာရှိတွေက လင်္ကာဖွဲ့ဆိုထားတာ ရှိတယ်။ အဲဒီလင်္ကာကို ဆိုကြရအောင်"ဟု ပြောပြီး အောက်ပါလင်္ကာကို ရွတ်ဆိုတတ်သည်အထိ သင်ပေးပါ။<br><br>**တံမြက်စည်းလှည်းရကျိုး**<br>သူ့စိတ် ကိုယ့်စိတ်၊<br>ယှိဖိတ်ကြည်လင်။<br>နတ်တို့ ချစ်လျက်၊<br>နှစ်သက်ပျော်ရွှင်။<br>လှကြောင်း ကံနှင့်၊<br>နတ်ဖြစ်ဂုဏ်ရှင်။<br>တံမြက်လှည်း၊<br>ရမြဲကျိုးငါးအင်။ ။<br><br>* ထို့နောက် "အခု ဒီ တံမြက်စည်းလှည်းတဲ့ ရဟန်းတော်လေး ဇာတ်လမ်းကို ပြန်ဖတ်ပြီး တံမြက်စည်းလှည်းခြင်းဟာ ဘယ်လိုအကျိုးတွေ ရနိုင်လဲဆိုတာ ရှာကြည့်ကြပါဦး"ဟု ပြော၍ ဇာတ်လမ်းပါ အကျိုးတရားများကို ရှာကြည့်ကြပါစေ။<br>* ရှာဖွေထားသည်များကို ကလေး (၃) ဦးခန့်က ပြောပြကြပါစေ။ | |

| | |
|---|---|
| ❁ ထို့နောက် ဇာတ်လမ်းပါအကျိုးတရားများအပြင် အောက်ပါအကျိုးတရားများလည်း ရရှိနိုင်ကြောင်း ပြောပြပေးပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။<br>- စိတ်ကြည်လင်ချမ်းမြေ့ခြင်း၊<br>- အရေပြားရောဂါများ ပျောက်ကင်းခြင်း၊<br>- စိတ်တည်ကြည်ခြင်း၊<br>- အမျက်ဒေါသ နည်းပါးခြင်း၊<br>- စိတ်ထားကောင်းခြင်းနှင့်<br>- အဆင့်အတန်းမြင့်သောဘဝကိုရရှိခြင်း စသော အကျိုးတရားများ။ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ကလေးများအား သင့်လျော်သလို အုပ်စုဖွဲ့ပါ။<br>❁ အုပ်စုတိုင်းမှ အုပ်စုကိုယ်စားလှယ် မိန်းကလေး (၁) ဦး နှင့် ယောကျ်ားလေး (၁) ဦးစီ ရွေးထားကြပါစေ။<br>❁ ဘုရားဝင်း၊ ဘုန်းကြီးကျောင်းဝင်းတွင် သန့်ရှင်းရေးပြုလုပ်လျှင် ရရှိလာမည့် ကောင်းကျိုးများနှင့် သန့်ရှင်းရေးမပြုလုပ်လျှင် ရရှိလာမည့် ဆိုးကျိုးများကို အုပ်စုလိုက် စဉ်းစားဆွေးနွေးကြပါစေ။<br>❁ ထို့နောက် မိမိတို့ စဉ်းစားဆွေးနွေးထားသည်များကို အုပ်စုကိုယ်စားလှယ် (၂) ယောက်စီက ပြောပြကြပါစေ။<br>❁ ကလေးများ ပြောကြားရာတွင် အောက်ပါအချက်အလက်များ မပါလျှင် ဆရာက ဖြည့်စွက်ပြောပြပေးပါ။<br><br>**ဘုရားဆင်း၊ ဘုန်းကြီးကျောင်းဝင်းတွင်သန့်ရှင်းရေးပြုလုပ်လျှင်ရရှိလာမည့်ကောင်းကျိုးများ**<br>၁။ ဘုရားဝင်း၊ ဘုန်းကြီးကျောင်းဝင်းသို့ လာရောက်သူများ စိတ်ချမ်းမြေ့ကြည်လင်စွာ လာရောက်နိုင်သည်။<br>၂။ စိတ်အေးချမ်းသာစွာ တရားထိုင်ခြင်း၊ ဘုရားရှိခိုးခြင်း ပြုလုပ်နိုင်သည်။<br>၃။ လေကောင်းလေသန့်ကို အားပါးတရ ရှူရှိုက်နိုင်သည်။<br>၄။ အမှိုက်ရှင်းထားသောနေရာတွင် ကလေးများ ပျော်ရွှင်စွာ ဆော့ကစားနိုင်သည်။<br>၅။ ကိုရင်လေးများ ပျော်ရွှင်စွာ စာပေလေ့လာနိုင်သည်။<br><br>**ဘုရားဆင်း၊ ဘုန်းကြီးကျောင်းဝင်းတွင်သန့်ရှင်းရေး မပြုလုပ်လျှင် ရရှိလာမည့် ဆိုးကျိုးများ**<br>၁။ အမှိုက်များ ရှုပ်ပွနေသောကြောင့် တရားထိုင်၊ ဘုရားရှိခိုးသူများ စိတ်အနှောင့်အယှက်ဖြစ်နိုင်မည်။<br>၂။ အမှိုက်များမှ အနံ့အသက်ဆိုးများ ထွက်မည်။<br>၃။ အမှိုက်များအတွင်း ကြွက်၊ ခြင်၊ ယင်များ ရှိနေမည်။ | |

၄။ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါနှင့် ဝမ်းရောဂါများ ဖြစ်နိုင်မည်။
၅။ အမှိုက်မှတစ်ဆင့် မီးလောင်နိုင်မည်။

နောက်ဆုံးတွင် ဆရာက အောက်ပါအတိုင်း ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

"ဘုရားဝင်း၊ ဘုန်းကြီးကျောင်းဝင်းတို့သာမက ကိုယ်နေထိုင်တဲ့ ပတ်ဝန်းကျင်ကို သန့်ရှင်းအောင် ပြုလုပ်ဖို့ ဆရာတို့အားလုံးမှာ တာဝန်ရှိတယ်။ မိမိနေထိုင်ရာ ပတ်ဝန်းကျင် သန့်ရှင်းနေခြင်းဟာ ကျန်းမာရေးကို အထောက်အကူဖြစ်စေသလို လူနေမှုအဆင့်အတန်းကိုလည်း မြင့်မားစေတယ်။ အမှိုက်တွေနဲ့ ညစ်ပတ်၊ ရှုပ်ပွနေတဲ့နေရာမှာလည်း ဘယ်သူမှ နေချင်မှာမဟုတ်ဘူး။ မိမိနေရာ၊ ပတ်ဝန်းကျင် သန့်ရှင်းနေခြင်းဟာ မိမိရဲ့စိတ်ကိုလည်း ကြည်လင်စေတယ်။ လူအများရဲ့ စိတ်ကိုလည်း ကြည်လင်မှု ဖြစ်စေတယ်။ သန့်ရှင်းရေး ပြုလုပ်သူကို လူ၊ နတ်အပေါင်းတို့ကလည်း ချစ်ခင်တယ်။ ဒါကြောင့် ဆရာတို့၊ သားတို့၊ သမီးတို့ဟာ မိမိပတ်ဝန်းကျင်ကို သန့်ရှင်းအောင် အမြဲပြုလုပ်ကြရမယ်"။

## သင်ခန်းစာ (၃၀)

သင်ခန်းစာခေါင်းစဉ် ။ ။ ချစ်ချစ်ခင်ခင် နေကြမယ်

သင်ယူမှုဦးတည်ချက် ။ ။ မိမိ၏ အိမ်နီးချင်းများနှင့် ချစ်ချစ်ခင်ခင် သင့်မြတ်စွာ နေထိုင်ရမည်ဖြစ်ကြောင်း သိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ အောက်ပါ မေးခွန်းများဖြင့် စာသင်ချိန်ကို စတင်ပါ။<br>- သား/သမီး အခု ဘယ်မှာ နေသလဲ။<br>- ဘယ်သူတွေနဲ့ နေသလဲ။<br>- အိမ်နီးချင်းတွေရော ရှိသလား။ ဘယ်သူတွေလဲ။<br>- သားတို့၊ သမီးတို့ရဲ့ အိမ်နီးချင်းတွေနဲ့ တည့်သလား/ခေါ် ပြောသလား။<br>- ရန်ဖြစ်ထားတဲ့/မတည့်တဲ့ အိမ်နီးချင်းတွေရော ရှိသလား။ ဘယ်သူတွေလဲ။<br>- အဲဒီ အိမ်နီးချင်းတွေနဲ့ ဘာဖြစ်လို့ ရန်ဖြစ်တာလဲ/ဘာဖြစ်လို့ မတည့်တာလဲ။<br>- အိမ်နီးချင်းတွေနဲ့ ချစ်ချစ်ခင်ခင် သင့်မြတ်အောင် နေထိုင်သင့်သလား။<br>- အိမ်နီးချင်းတွေနဲ့ မတည့်ကြဘူး၊ မခင်ကြဘူးဆိုရင် ဘာဆိုးကျိုးတွေ (မကောင်းတာတွေ) ဖြစ်နိုင်သလဲ။<br>- အိမ်နီးချင်းတွေနဲ့ တည့်ကြတယ်၊ ခင်ကြတယ်ဆိုရင် ဘာကောင်းကျိုးတွေ (ကောင်းတာတွေ) ဖြစ်နိုင်သလဲ။<br>❁ ကလေးအားလုံး ပါဝင်ဖြေဆိုအောင် ဆရာက တိုက်တွန်းပေးပါ။<br>❁ ကလေးများဖြေဆိုသော အဖြေအားလုံးကို ဆရာက လက်ခံထားပေးပါ။<br>❁ နောက်ဆုံးတွင် "ဆရာတို့၊ သားတို့၊ သမီးတို့ဟာ ကိုယ့်မိသားစု၊ မိတ်ဆွေ သူငယ်ချင်းတွေနဲ့ ချစ်ခင်သင့်မြတ်စွာ နေထိုင်ကြသလို ကိုယ့်ရဲ့အိမ်နီးချင်းတွေနဲ့လည်း သင့်မြတ်အောင်နေကြရမယ်။ အိမ်နီးချင်းတွေ သင့်မြတ်တော့ ရပ်ရွာအကျိုးတွေ ဆောင်ရွက်တဲ့ အခါမှာ အဆင်ပြေတာပေါ့။ ကိုယ့်ရဲ့ရပ်ရွာလည်း စည်ပင်သာယာတာပေါ့ (ဖွံ့ဖြိုးတိုးတက်တာပေါ့)" စသည်ဖြင့် ပြောပြပေးပြီး ဆရာက စာသင်ချိန်ကို အဆုံးသတ်ပါ။ | ကလေးများအားလုံး လွတ်လပ်စွာ ဖြေဆိုကြပါစေ။ |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ စိတ်ထားမကောင်းသော တံငါသည် ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ● ဆရာက "ကိုယ့်ရဲ့အိမ်နီးချင်းတွေကို မကောင်းကြံပြီး အိမ်နီးချင်းတွေနဲ့ သင့်မြတ်အောင် မနေလို့ ဒုက္ခရောက်ရတဲ့သူတစ်ယောက် အကြောင်းကို သားတို့၊ သမီးတို့ကိုယ်တိုင် ဖတ်ကြရမယ်၊ ပြီးရင် ကိုယ်နားလည်သလို ပြန်ပြောပြရမယ်" စသည်ဖြင့် နိဒါန်းပျိုးကာ အောက်ပါ စိတ်ထားမကောင်းသော တံငါသည် ဇာတ်လမ်းကို ကလေးများကိုယ်တိုင် ဖတ်ရှုကြပါစေ။<br>● ကလေး (၂/၃) ဦးခန့်က နားလည်သလို ပြောပြကြပါစေ။<br>● လိုအပ်လျှင် ဆရာက အောက်ပါဇာတ်လမ်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ထပ်မံပြောပြပါ။<br><br>**စိတ်ထားမကောင်းသော တံငါသည်**<br>ဟိုးတုန်းက ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ပြီး အသက်မွေးကြတဲ့ တံငါရွာလေးတစ်ရွာ ရှိတယ်။ အဲဒီရွာက တံငါသည်အချင်းချင်းဟာ ချစ်ချစ်ခင်ခင်နေထိုင်ကြပြီး တစ်ဦးနဲ့တစ်ဦး ကူညီရိုင်းပင်းကြတယ်။ သူတို့ဖမ်းရလာတဲ့ ငါး၊ ပုစွန်တွေကိုလည်း ကိုယ့်ရဲ့အိမ်နီးချင်းတွေကို ခွဲဝေပေးလေ့ရှိကြတယ်။ ဒါပေမဲ့ တံငါသည်တစ်ယောက်ကတော့ သူ့ရဲ့အိမ်နီးချင်းတွေကို မချစ်ခင်ဘူး။ အိမ်နီးချင်းတွေနဲ့ တည့်အောင်မနေဘူး။ သူရလာတဲ့ ငါး၊ ပုစွန်တွေကိုလည်း အိမ်နီးချင်းတွေကို ခွဲဝေပေးရမှာကြောက်လို့ "ဒီနေ့တော့ ကျွန်တော်တို့မိသားစု စားလောက်ရုံပဲ ငါးရလာတာမို့ ခွဲမပေးနိုင်တော့ဘူးဗျာ"ဆိုပြီး အကြောင်းအမျိုးမျိုးပြ၍ ပြောဆိုလေ့ရှိတယ်။<br>တစ်နေ့မှာ အဲဒီတံငါသည်ဟာ သူ့သားငယ်ကိုခေါ်ပြီး ငါးများထွက်လာတယ်။ တံငါသည်ဟာ သားငယ်နဲ့အတူ အချိန်အတော်ကြာ ငါးများနေပေမဲ့ ငါးတစ်ကောင်မှမရဘူး ဖြစ်နေတယ်။ သူတို့သားအဖလည်း စိတ်ညစ်ညစ်နဲ့ပဲ ဆက်များနေကြတယ်။ အဲဒီအချိန်မှာ သူပစ်ချလိုက်တဲ့ ငါးများချိတ်ဟာ ရေအောက်က တစ်ခုခုနဲ့ ချိတ်မိသွားတယ်။ တံငါသည်က ငါးများတံကို ဆွဲမတင်နိုင်ဘူး ဖြစ်နေတော့ သားငယ်က ဝိုင်းကူဆွဲပေးရင်း "အဖေရေ ... သားတို့တော့ ငါးအကြီးကြီး မိပြီ"လို့ ပြောလိုက်တယ်။<br>သားငယ်က အဲဒီလိုပြောလိုက်ချိန်မှာ တံငါသည်ဟာ "ဒီငါးကြီးကို ငါတို့မိသားစုပဲ ရချင်တယ်။ အိမ်နီးချင်းတွေကို ဝေမပေးချင်ဘူး။ အိမ်နီးချင်းတွေကို မပေးရအောင် ဘာလုပ်ရမလဲ"လို့ အကြံထုတ်နေတယ်။ နောက်ဆုံးတော့ "ငါတို့သာ အိမ်နီးချင်းတွေနဲ့ ရန်ဖြစ်ထားရင် အခု ရထားတဲ့ငါးကြီးကို ခွဲဝေပေးဖို့ မလိုတော့ဘူး၊ ဒါကြောင့် အိမ်နီးချင်းတွေနဲ့ ရန်ဖြစ်အောင် လုပ်ရမယ်"လို့ တွေးမိသွားတယ်။<br>ဒါနဲ့ သားငယ်ကို အမေ့ဆီ ချက်ချင်းလွှတ်ပြီး အိမ်နီးချင်းတွေနဲ့ရန်ဖြစ်ဖို့ စေခိုင်းလိုက်တယ်။ သားငယ်ကလည်း အဖေ့စကားကို နားထောင်ပြီး အမေ့ဆီကို ပြေးသွားတယ်။ တံငါသည်ရဲ့မိန်းမကလည်း ယောက်ျားစေခိုင်းတဲ့အတိုင်း အိမ်နီးချင်းတွေနဲ့ ရန်ဖြစ်အောင် ပြုလုပ်တယ်။<br>တံငါသည်ဟာ ငါးများတံကို အားနဲ့ဆွဲတင်နေရင်း ငါးများတံ ပြတ်သွားပြီး ငါးကြီး လွတ်သွားမှာကို စိုးရိမ်မိသွားတယ်။ ဒါကြောင့် အင်္ကျီကို ကုန်းပေါ်မှာ ချွတ်ထားခဲ့ပြီး ရေထဲကို ငါးဆင်းဖမ်းတယ်။ ငါးဆင်းဖမ်းရင်း မျက်စိကို သစ်ငုတ်နဲ့ထိုးမိတယ်။ ဒီတော့မှ ငါးများချိတ်မှာ | ကလေးများ နားလည်ရန် ခက်ခဲသော စကားလုံးများကို ဆရာက ကြိုတင်ရှင်းပြပေးထားပါ။ |

<table>
<tr>
<td>
မိနေတာ ငါးကြီးမဟုတ်ဘဲ သစ်ငုတ်ကြီး ဖြစ်နေတာကို သိသွားတယ်။ စိတ်ညစ်ပြီး ကုန်းပေါ်ကို ပြန်တက်လာချိန်မှာ သူ့အင်္ကျီ မရှိတော့ဘူး။ သူခိုးက ခိုးသွားတယ်။ ငါးမရတဲ့အပြင် အင်္ကျီလည်းဆုံး၊ မျက်စိလည်း နာလာတော့ တံငါသည်ဟာ စိတ်ပျက်လက်ပျက်နဲ့ အိမ်ပြန်လာခဲ့တယ်။<br><br>
အိမ်ပြန်ရောက်တဲ့အချိန်မှာ သူ့မိန်းမက အိမ်နီးချင်းတွေနဲ့ ရန်ဖြစ်ထားတော့ အိမ်နီးချင်းတွေကလည်း သူတို့ကို အခေါ်အပြော မလုပ်ကြတော့ဘူး။ ငါးတွေကိုလည်း ဝေမျှမပေးကြတော့ဘူး။ ဒီတော့မှ တံငါသည်ဟာအိမ်နီးချင်းတွေနဲ့ ချစ်ချစ်ခင်ခင်မနေဘဲ အိမ်နီးချင်းတွေအပေါ် မကောင်းကြံခဲ့မိတာကို နောင်တရနေမိပါတော့တယ်။ နောင်ကို အိမ်နီးချင်းတွေနဲ့ ချစ်ချစ်ခင်ခင် ပြန်နေဖို့လည်း ဆုံးဖြတ်လိုက်ပါတယ်။<br>
မှီငြမ်း။ ။ ဉဘာတောဘဋ္ဌဇာတ်၊ ပုံတော်စုံ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ပထမတွဲ၊ ၅၂၁၊ ဇာ၊ ဋ္ဌ၊ ၁၊ ၅၀၈၊<br><br>
❁ အောက်ပါမေးခွန်းများ မေးပါ။<br>
- တံငါသည်အချင်းချင်းဟာ ဘယ်လို နေထိုင်ကြသလဲ။<br>
- တံငါသည် သားအဖဟာ ငါးများထွက်လာပေမဲ့ ငါးရသလား။<br>
- ငါးကြီးကို မိပြီလို့ ထင်တော့ တံငါသည်က ဘယ်လို တွေးမိသွားလဲ။<br>
- ဒါကြောင့် သူဘာလုပ်သလဲ။<br>
- တံငါသည်ဟာ ငါးကြီးကို ရသလား။<br>
- ငါးကြီးကို မရတဲ့အပြင် သူ ဘာတွေ ဆုံးရှုံးသွားသလဲ။<br>
- အဲဒီလို ဆုံးရှုံးမှုတွေ ဖြစ်လာရတာ ဘာကြောင့်လဲ။<br>
- အကယ်၍ သူသာ အိမ်နီးချင်းတွေနဲ့ သင့်မြတ်အောင် နေခဲ့မယ်ဆိုရင် အဆိုးထဲက အကောင်းအနေနဲ့ ဘာတွေ ရရှိနိုင်သေးလဲ။
</td>
<td>
ကလေးများ စဉ်းစားကာ လွတ်လပ်စွာ ဖြေဆိုကြပါစေ။
</td>
</tr>
</table>

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်ကြီးများနှင့် ဆော့ပင်များ။

<table>
<tr>
<th>သင်ယူမှုလုပ်ငန်းစဉ်</th>
<th>သတိပြုရန်အချက်များ</th>
</tr>
<tr>
<td>
❁ ကလေးများအား သင့်လျော်သလို အုပ်စုဖွဲ့၍ စာရွက်ကြီးများ ဝေထားပါ။<br>
❁ "အိမ်နီးချင်းတွေနဲ့ ချစ်ချစ်ခင်ခင်ဖြစ်ဖို့ သားတို့၊ သမီးတို့အနေနဲ့ (၁) ဘာတွေလုပ်ဆောင်သင့်သလဲ/ဘာတွေလုပ်ဆောင်ရမလဲ။ (၂) အိမ်နီးချင်းတွေကိုရော ကိုယ့်အပေါ် ဘယ်လို ဆက်ဆံစေချင်သလဲ"ဟု မေးကာ အုပ်စုလိုက် ဆွေးနွေးကြပါစေ။<br>
❁ ဆွေးနွေးပြီးလျှင် အထက်ပါ မေးခွန်းတစ်ခုစီအတွက် အချက် (၅) ချက်စီကို ချရေးထားကြပါစေ။<br>
❁ ရေးထားသည်များကို အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ပြောပြကြပါစေ။<br>
❁ ကလေးများ တင်ပြသွားသောအချက်များကို ဆရာက မှတ်သားထားပြီး လိုအပ်သလို အနှစ်ချုပ် ပြောပေးပါ။
</td>
<td>
ဆွေးနွေးရမည့် အကြောင်းအရာများကို ဆရာက သင်ပုန်းပေါ်တွင် ရေးပြထားပါ။
</td>
</tr>
</table>

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မဲလိပ်များ၊ စာရွက်ပိုင်းများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| **စကားလက်ဆင့်ကမ်း ကစားနည်း**<br>• ကလေးများအား အုပ်စု (၃/၄) စု ဖွဲ့ကာ အုပ်စုများအားလုံး တစ်ပြိုင်တည်း ဆော့ကစားကြပါစေ။<br>• အုပ်စုအသီးသီးကို အတန်းလိုက် ရှေ့နောက် တန်းစီထားပါ။<br>• ဆရာက စာသင်ချိန် (၃) ၌ အုပ်စုတစ်စုဆီရေးထားသော အချက် (၁၀) ခုထဲမှ အသင့်တော်ဆုံး အချက်နှစ်ချက်ကို (မေးခွန်း ၁ ထဲမှ တစ်ချက်၊ မေးခွန်း ၂ မှ တစ်ချက်) ရွေးချယ်ပြီး ကြိုတင်မဲလိပ် ပြုလုပ်ထားပါ။<br>• တန်းစီထားသောအတန်း၏ နောက်ဆုံးလူမှ မဲတစ်လိပ်နှိုက်ကာ စကားလက်ဆင့်ကမ်း ပြုလုပ်သွားပါစေ။<br>• စကားလက်ဆင့်ကမ်း ပြုလုပ်ရာတွင် မိမိ၏ရှေ့လူတစ်ဦးတည်းသာ ကြားအောင် တိုးတိုးလေး ပြောရမည်။ အခြားလူများ မကြားစေဘဲ တစ်ကြိမ်တည်းသာ ပြောဆိုရမည် ဖြစ်သည်။<br>• ဤသို့ စကားလက်ဆင့်ကမ်း အဆင့်ဆင့်ပြုလုပ်သွားခြင်းဖြင့် အတန်း၏ရှေ့ဆုံးလူမှ မိမိကြားသော အကြောင်းအရာကို သင်ပုန်းပေါ်တွင် ချရေးပါစေ။<br>• ဆရာက မဲလိပ်ပါ အကြောင်းအရာနှင့် သင်ပုန်းပေါ်တွင် ရေးထားသောအကြောင်းအရာတို့ ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးပေးပါ။<br>• မှန်ကန်ကိုက်ညီမှုရှိသော အုပ်စုအား လက်ခုပ်တီးကာ ချီးကျူးပေးပါ။ | |

## သင်ခန်းစာ (၃၁)

သင်ခန်းစာခေါင်းစဉ် ။ ။ စည်းလုံးခြင်းသည်အင်အား
သင်ယူမှုဦးတည်ချက် ။ ။ စည်းလုံးခြင်းကြောင့်ရရှိလာသောအကျိုးကို သိရှိလာစေရန်။

တသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • ကလေးများအား သင့်လျော်သလို အုပ်စု (၃) စုဖွဲ့၍ "ရွှေစွန်ညို" ကစားနည်းကို ကစားကြပါစေ။<br>• အုပ်စုတစ်စု ကစားနေချိန်တွင် ကျန်အုပ်စုနစ်စုက ကြည့်၍အားပေးနေကြပါစေ။<br>• အုပ်စု (၃) စုလုံး ကစားပြီးပါက "သားတို့၊ သမီးတို့ ကစားရတာ ပျော်ကြလား"ဟု မေး၍ အောက်ပါမေးခွန်းများကို ဆက်မေးပါ။<br>အခု သားတို့၊ သမီးတို့ကစားတာ ဘာကစားနည်းလဲ။<br>အဲဒီကစားနည်းက တစ်ယောက်တည်းကစားလို့ရလား။ ဘာဖြစ်လို့လဲ။<br>ရွှေစွန်ညိုကြီးက မထွေးလေးကို ဘာကြောင့် ဖမ်းမိတာလဲ။ (ကလေးများ ဖြေတတ်သလို ဖြေကြပါစေ။)<br>ရွှေစွန်ညိုကြီးက မထွေးလေးကို ဘာကြောင့် မဖမ်းမိတာလဲ။ ("ညီညွတ်လို့"ဟူသော အဖြေရသည်အထိ မေးပါ။)<br>ကလေးတို့ အခုကစားနည်းမှာ ရွှေစွန်ညိုကြီးကို အနိုင်ရချင်ရင် ဘာလိုတယ်လို့ထင်သလဲ။<br>• ကလေးများဆီမှ "စည်းလုံးညီညွတ်ဖို့လိုတယ်" ဟူသောအဖြေကို ရရှိပါက "ဟုတ်ပြီ၊ ဒါဆိုရင် ဆရာက နောက်တစ်ချိန်မှာ စည်းလုံးညီညွတ်မှုနဲ့ပတ်သက်တဲ့ ဇာတ်လမ်းတစ်ပုဒ် ပြောပြမယ်"ဟု ဆိုကာ တသင်ချိန်ကို အဆုံးသတ်ပါ။ | ကစားချိန်ကို သင့်လျော်သလို ဆရာက သတ်မှတ်ပါ။ |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ စည်းလုံးခြင်းသည် အင်အား ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
| --- | --- |

* အောက်ပါ စည်းလုံးခြင်းသည် အင်အား ဇာတ်လမ်းကို ကလေးများစိတ်ဝင်စားဖွယ်ဖြစ်အောင် ဟန်ပန်အမူအရာဖြင့် ပြောပါ။

## စည်းလုံးခြင်းသည် အင်အား

ဟိုးရှေးအခါတုန်းက ခွန်အားဗလနဲ့ ပြည့်စုံပြီး 'အားမာန်' လို့ခေါ်တဲ့ ဝက်ကလေးတစ်ကောင်ဟာ ဘေးရန်ကင်းအောင် လူတွေနဲ့ဝေးရာ တောထဲကို ထွက်လာခဲ့ပါတယ်။

အားမာန်ဟာ တစ်ကောင်တည်း လျှောက်လာရင်း တောင်ကြားတစ်ခုကို ရောက်သွားတယ်။ တောင်ကြားထဲမှာ စားသောက်စရာတွေ ပေါများတာကြောင့် တောထဲက ဝက်တွေဟာ အုပ်စုဖွဲ့ပြီး ပျော်မွေ့စွာ နေထိုင်စားသောက်ကြတယ်။ အားမာန်ဟာ တောထဲက ဝက်တွေနဲ့ တောင်ကြားထဲမှာ တွေ့ဆုံတဲ့အခါ ဝက်တွေရဲ့အမူအရာမှာ တစ်စုံတစ်ခုကို ကြောက်လန့်နေပုံဖြစ်နေတာ သတိထားမိတယ်။ ဒါကြောင့် အားမာန်က "သင်တို့ ဘာဖြစ်လို့ ကြောက်လန့်နေတဲ့ပုံ ဖြစ်နေကြတာလဲ၊ ဘာကို ကြောက်လန့်နေကြတာလဲ"လို့ မေးလိုက်ပါတယ်။ "အလွန်ဆိုးဝါးတဲ့ ကျားတစ်ကောင်ဟာ နေ့စဉ်နေ့တိုင်း ရောက်လာပြီး ဝက်တစ်ကောင်ကို ကိုက်ချီစားသောက်နေပါတယ်၊ ဒါကြောင့် ဝက်တွေအားလုံး စိုးရိမ်ကြောက်လန့်နေကြတာပါ"လို့ ပြန်ဖြေလိုက်ကြတယ်။

အဲဒီအခါ ဝက်ကလေး အားမာန်က "အဲဒီကျားကို သင်တို့ ပြန်လည်ခုခံပြီး မတိုက်ခိုက်ကြဘူးလား"လို့ မေးတော့ ဝက်တွေက "မဖြစ်နိုင်တာ အားမာန်ရယ်၊ ကျားကို ကျွန်ုပ်တို့ဝက်တွေက ဘယ်လိုလုပ် ပြန်ကိုက်လို့ရပ့ါမလဲ"လို့ ပြန်ဖြေကြတယ်။ အဲဒီအခါ အားမာန်က "ဝက်တွေက အများကြီးဖြစ်တယ်၊ ကျားဆိုးက တစ်ကောင်တည်း၊ အားလုံးစုပေါင်းပြီး တိုက်ခိုက်လျှင် ကျားဆိုးကြီးကို အနိုင်ရနိုင်ပါတယ်"လို့ ပြောပြီး ကျားဆိုးကို တိုက်ခိုက်ဖို့ စီစဉ်ပါတော့တယ်။

အားမာန်ဟာ ညအခါမှာ အစာရေစာတွေ ရှာဖွေပြီး စားသောက်ထားစေတယ်။ အဲဒီနောက် ရွေးထားတဲ့မြေနေရာမှာ ဝက်အုပ်ကြီးကို စုဝေးစေပြီး စက်ဝိုင်းပုံစံ အထပ်ထပ် ဝိုင်းဖွဲ့စေတယ်။ အားမာန်ကိုယ်တိုင်က ကျားဆိုးလာတတ်တဲ့နေရာမှာ တွင်းတစ်ခုကို တူးတယ်။ ဝက်အုပ်နဲ့ အဲဒီတွင်းရဲ့ကြားမှာ အထက်တွင်းနှုတ်ခမ်းက ကျဉ်းကျဉ်း၊ အောက်မှာ လိုက်သဖွယ်ဖြစ်နေတဲ့ တွင်းရှည်ကြီးတစ်ခုကိုလည်း တူးပြန်တယ်။ ဒီလိုနဲ့ နံနက်ခင်းကို ရောက်လာခဲ့တယ်။ မိုးလင်းတာနဲ့ စားနေကျကျားဆိုးကြီးဟာ ဝက်တွေနေတဲ့ တောင်ကြားကို ရောက်လာတယ်။ ဝက်တွေဟာ အားမာန်ပြောထားတဲ့ အစီအစဉ်အတိုင်း ညီညီညွတ်ညွတ် စုပေါင်းနေကြတယ်။

တောင်ကြားထဲကို ကျားဆိုးကြီး ရောက်လာတာနဲ့ အားမာန်က ဝက်တွေကို မကြောက်လန့်ကြဖို့ နှိုးဆော်ပေးလိုက်တယ်။ ဝက်တွေကလည်း လုံးဝမတုန်လှုပ်တဲ့ပုံစံနဲ့ ကျားကြီးကို ဝိုင်းပြီးစိုက်ကြည့်နေကြတယ်။ အားမာန်က ဝက်အုပ်ကြီးရဲ့အလယ်၊ တွင်းနှစ်ခုကြားမှာ ဆောင့်ကြောင့်ထိုင်ပြီး ကျားဆိုးကြီးကို စိုက်ကြည့်နေလိုက်တယ်။ ကျားဆိုးကြီးဟာ ဝက်တွေကိုကြည့်ပြီး အံ့ဩနေတယ်။ "အခါတိုင်းဆိုရင် ဝက်တွေဟာ ငါ့ကိုမြင်တာနဲ့ ခြေဦးတည့်ရာ ထွက်ပြေးသွားကြတယ်။ သူတို့ ပြေးထွက်တာနဲ့ နီးစပ်ရာ ဝက်တစ်ကောင်ကို ကိုက်ချီပြီး

စားပစ်လိုက်ရုံပဲ၊ ဒီနေ့တော့ ဝက်တွေက ထူးဆန်းနေလိုက်တာ”လို့ တွေးပြီး မြေပြင်မှာ ဝပ်ချလိုက်တယ်။ ဝက်တွေကလည်း ကျားဆိုးကြီးလို မြေပြင်မှာ ဝပ်ချလိုက်ကြတယ်။ ဝက်တွေရဲ့ ထူးဆန်းတဲ့ အခြေအနေကြောင့် ကျားဆိုးကြီးဟာ ရှေ့ကို ဆက်မတိုးတော့ဘဲ ပြန်လာခဲ့တယ်။

တောထဲရောက်တဲ့အခါ ကျားဆိုးကြီးရဲ့ စားကြွင်းစားကျန်တွေကို စားနေကျ မြေခွေးက “ခါတိုင်း ဝက်တစ်ကောင်တစ်ကောင် နေ့တိုင်း စားနေကျဖြစ်ပြီး ဒီနေ့တော့ ဘာမှမပါလာပါလား၊ ကျားဖြစ်ပြီး ဝက်ကို မနိုင်တာ ရှက်စရာကောင်းလိုက်တာ”လို့ လှောင်ပြောင်လိုက်ပါတယ်။ “မဟုတ်ဘူး မြေခွေးရဲ့၊ ဝက်တွေဟာ ဒီနေ့ ပုံစံတစ်မျိုး ဖြစ်နေတယ်။ ငါ့ကို ကြောက်လန့်ပုံ မပေါ်ဘူး”လို့ ပြန်ပြောတော့ မြေခွေးက “သင် တစ်ချက်လောက် ဟိန်းဟောက်လိုက်ရင် ဝက်တွေအားလုံး ကြောက်လန့်ပြီး ပြေးကြမှာပါဗျာ”လို့ မြှောက်ပေးလိုက်တယ်။ ဒါနဲ့ ကျားဆိုးကြီးဟာ နောက်တစ်ကြိမ် တောင်ကြားကို ပြန်ရောက်လာတယ်။ ဝက်တွေအားလုံးဟာ အရင်ကလို စည်းလုံးညီညွတ်စွာနဲ့ ရှိနေကြဆဲဖြစ်ပါတယ်။

ကျားဆိုးကြီးဟာ ဝက်တွေကိုမြင်တာနဲ့ မြေပြင်ကို အမြီးနဲ့ တဖုန်းဖုန်းရိုက်တယ်။ သွားတွေကို စေ့စေ့ကြိတ်ပြီး မြေကြီးကို ဒေါသတကြီးနဲ့ ကုတ်ဖဲ့ပါတယ်။ အဲဒီနောက် “ဝေါင်း” ခနဲ ဟိန်းဟောက်လိုက်ပြီး ဝက်ကလေးအားမာန်ကို အားနဲ့ခုန်အုပ်လိုက်ပါတယ်။ ဘေးကဝက်တွေအားလုံးက စိုးရိမ်သွားကြတယ်။ ဒါပေမဲ့ အားမာန်ဟာ ကြိုတင်ပြင်ဆင်ထားတဲ့အတိုင်း သူ့ရှေ့က တွင်းထဲကို အလျင်အမြန် ပြေးဆင်းလိုက်ပြီး တွင်းထဲမှာ ပြားပြားဝပ်လိုက်တယ်။ ကျားဆိုးကြီးဟာ အရှိန်နဲ့ ပြေးခုန်လိုက်တာကြောင့် အရုံသင့်တူးထားတဲ့ တွင်းရှည်ကြီးထဲကို ကျသွားခဲ့တယ်။ အရှိန်အဟုန်နဲ့ ပြေးဝင်ပြီး ခုန်အုပ်လိုက်တာကြောင့် တွင်းဝ ခပ်ကျဉ်းကျဉ်းထဲကို ပက်လက်လန်ကျသွားတော့ ကျားဆိုးကြီးဟာ တွင်းထဲမှာ ယက်ကန်ယက်ကန်နဲ့ မလှုပ်နိုင်အောင် ဖြစ်သွားပါတော့တယ်။

အားမာန်ဟာ တွင်းထဲကနေ အလျင်အမြန် ခုန်ထွက်လိုက်တယ်။ အဲဒီနောက်မှာ လုံသွားလို ချွန်ထက်တဲ့ အစွယ်ကောက်ကြီးနဲ့ ကျားဆိုးကြီးကို ပေါင်ကနေ ရင်ဝအထိ ထိုးခွဲလိုက်ပါတယ်။ ကျန်တဲ့ဝက်တွေကလည်း ကျားဆိုးကြီးကို ဝိုင်းကိုက်ကြတယ်။ အဲဒီနေ့ကစပြီး စည်းလုံးညီညွတ်တဲ့ ဝက်တွေအုပ်စုကို ဘယ်ရန်သူကမှ အန္တရာယ် မပေးရဲကြတော့ဘူး။ ဝက်တွေအားလုံးဟာ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နဲ့ သာယာလှပတဲ့ တောင်ကြားထဲမှာ ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားကြပါတော့တယ်။

မှီငြမ်း။ ။ ဝပ္ပကီသူကရဇာတ်၊ ပုံတော်စုံ ငါးရာ့ငါးဆယ်ဇာတ်တော်ဝတ္ထု၊ ဒုတိယတွဲ၊ ၅၈၁၊ ဇာ၊ ဋ္ဌ၊ ၂။ ၃၆၂။

- ဇာတ်လမ်းနားထောင်ပြီးပါက အောက်ပါမေးခွန်းများကိုမေးပါ။
  - ဝက်တွေရဲ့ရန်သူက ဘယ်သူလဲ။
  - အားမာန်ဟာ ကျားဆိုးကြီးရဲ့ရန်က ကာကွယ်နိုင်အောင် ဘာတွေလုပ်သလဲ။
  - ကျားဆိုးကြီးကို အနိုင်ရတာဟာ ဘာဖြစ်လို့လဲ။
  - ဝက်တွေစည်းလုံးညီညွတ်တာကို ကျားဆိုးကြီးက ကြောက်လား၊ မကြောက်ဘူးလား။
  - ဒီဇာတ်လမ်းကိုဖတ်ပြီး ဘာသင်ခန်းစာတွေ/အသိတွေ ရလိုက်သလဲ။

ကလေးများ၏ အဖြေအားလုံးကို လက်ခံထားပါ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ စည်းလုံးခြင်းသည် အင်အား ဇာတ်လမ်းပါသရုပ်ဖော်ပုံများ၊ ရောင်စုံခဲတံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ဇာတ်လမ်းပါသရုပ်ဖော်ပုံ အရေအတွက်အရ ကလေးများအား သင့်လျော်သလို အုပ်စုဖွဲ့ပြီး တစ်အုပ်စုကို ဆေးရောင်ခြယ်ရန် သရုပ်ဖော်ပုံတစ်ပုံစီ ဝေပေးပါ။<br>❁ အုပ်စုတစ်စုချင်းစီက မိမိရရှိထားသောရုပ်ပုံကို စိတ်ကြိုက် ဆေးရောင်ခြယ်ပြီးလျှင် ရုပ်ပုံပါ အကြောင်းအရာကို နားလည်သလို ရှင်းပြကြပါစေ။<br>❁ အုပ်စုအားလုံးပါဝင်ပြီးပါက ရုပ်ပုံများကို လဲလှယ်ပြီး ကြည့်ကြပါစေ။<br>❁ ပြီးလျှင် အထက်ပါနည်းအတိုင်း မိမိရရှိထားသော ရုပ်ပုံအကြောင်းကို ရှင်းပြကြပါစေ။<br>❁ ဤနည်းဖြင့် ရုပ်ပုံအားလုံးကို လှည့်လည်ကြည့်ရှုကြပါစေ။ (အချိန်ပေါ် မူတည်၍)<br>❁ ပြီးနောက် အုပ်စုတစ်စုချင်းကို မိမိတို့ကြည့်လိုက်ရသော ရုပ်ပုံများအကြောင်းကို နားလည်သလို ရှင်းပြကြပါစေ။ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "အခု ဆရာတို့ ခန္ဓာကိုယ်မှာ စည်းလုံးညီညွတ်မှုနဲ့ပတ်သက်ပြီး လုပ်ဆောင်နိုင်တဲ့အရာ ရှိတယ်။ အဲဒါဘာလဲ သိကြလား"ဟု မေးပါ။<br>❁ ပြီးနောက် "ထမင်းစားရင် လက်ကယူပြီး ပါးစပ်ထဲထည့်၊ သွားက ဝါး၊ လျှာနဲ့လိပ်ပြီး မျိုချကြတယ် မဟုတ်လား"ဟု ပြော၍ ထမင်းစားဖို့အတွက် အဲဒီအရာတွေ အကုန်လုံးက စည်းလုံးညီညွတ်မှု ဖြစ်နိုင်ကြောင်း စသည်ဖြင့် ပြောပါ။<br>❁ "ကဲ ဆရာတို့ စည်းစည်းလုံးလုံးနဲ့ပဲ ဆွေးနွေးတိုင်ပင်သွားကြရအောင်"ဟု ပြော၍ စာသင်ချိန်ကို စတင်ပါ။<br>❁ "အခု ဆရာတို့ ဒီကျောင်းကြီးကို ဒီထက်ပိုပြီး လှပသွားအောင် သန့်ရှင်းရေးလုပ်ပြီး အလှဆင်ကြမယ်ဆိုရင် ဘယ်ကစပြီး ဘယ်လိုလုပ်ရမလဲဆိုတာ ကိုယ့်အုပ်စုနဲ့ကိုယ် စဉ်းစားပြီး သူငယ်ချင်းတွေကို ပြန်လည်ဝေမျှပေးကြမယ်"ဟု ပြော၍ ကလေးများက ချရေးကြပါစေ။<br>❁ ကလေးများ ချရေးထားသော အချက်များကို အုပ်စုကိုယ်စားလှယ်တစ်ယောက်က အားလုံးကြားအောင် ရှေ့သို့ထွက်၍ ဖတ်ပြကြပါစေ။<br>❁ အုပ်စုတစ်စုပြောပြီးတိုင်း လက်ခုပ်တီး၍ အားပေးပါ။<br>❁ အုပ်စုအားလုံးပါဝင်ပြီးပါက "အခု သားတို့၊ သမီးတို့ တိုင်ပင်ထားတာတွေက အလွန်ကောင်းပါတယ်။ အခုလို ပြည့်ပြည့်စုံစုံပြောနိုင်တာက စည်းစည်းလုံးလုံးနဲ့ တိုင်ပင်ဆွေးနွေးကြလို့ပဲ။ အဲဒါကြောင့် သားတို့၊ သမီးတို့ စုပေါင်းလုပ်ရမယ့်ကိစ္စတွေမှာ အခုလိုပဲ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နဲ့ လုပ်ဆောင်သွားကြရမယ်နော်"ဟု ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။ | ကလေးများ ဖြေတတ်သလို ဖြေကြပါစေ။ |

## သင်ခန်းစာ ( ၃၂)

သင်ခန်းစာခေါင်းစဉ် ။ ။ အမှန်အတိုင်း ပြောကြမယ်
သင်ယူမှုဦးတည်ချက် ။ ။ မှန်မှန်ကန်ကန် ပြောဆိုခြင်းသည်ကောင်းသည့်အလေ့အကျင့်တစ်ခု ဖြစ်ကြောင်း သိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မောင်ဦးနှင့်မောင်နီ သရုပ်ဖော်ပုံ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ကလေးများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။<br>❁ ထို့နောက် "မောင်ဦးနဲ့မောင်နီ" ရုပ်ပုံကို အုပ်စုများအား ဝေပေး၍ လေ့လာစေကာ ရုပ်ပုံနှင့် ပတ်သက်ပြီး မည်သို့ ထင်မြင်ကြောင်းကို ခန့်မှန်းပြောဆိုကြပါစေ။<br>❁ ကလေးများ ပြောပြီးပါက ဇာတ်လမ်းကို အောက်ပါအတိုင်း ပြောပြပါ။<br>- မောင်ဦးနဲ့မောင်နီဟာ မုန့်စားပြီး အိတ်ခွံတွေကို ခုံအောက်မှာ ပစ်ချထားကြတယ်။ ဆရာက ဒါ ဘယ်သူပစ်ထားတာလဲလို့ မေးတဲ့အခါ မောင်ဦးက "ကျွန်တော်မပစ်ဘူး" လို့ ပြောသတဲ့။ ဒါပေမဲ့ မောင်နီကတော့ "ကျွန်တော် ပစ်တာပါ"လို့ ပြောပြီး အမှိုက်တွေကို အမှိုက်ပုံးထဲ ထည့်လိုက်သတဲ့။<br><br>❁ ထို့နောက် အောက်ပါမေးခွန်းများနှင့် ဆွေးနွေးပါ။<br>- မောင်ဦးနဲ့မောင်နီတို့ နှစ်ဦးထဲမှာ ဘယ်သူက စကားကို အမှန်အတိုင်း ပြောသလဲ။<br>- မောင်ဦး လိမ်ညာပြောတာကို ဆရာသိသွားရင် ဘာဖြစ်မယ် ထင်သလဲ။<br>- မောင်နီက အမှိုက်တွေ ဘယ်ကို ပစ်လိုက်သလဲ။<br>- သားတို့၊ သမီးတို့အနေနဲ့ ဘယ်သူ့ကို သဘောကျသလဲ။ ဘာဖြစ်လို့လဲ။<br>- အခြားသူတွေကရော ဘယ်သူ့ကို ပိုသဘောကျမယ် ထင်သလဲ။ ဘာဖြစ်လို့လဲ။<br>- သားတို့၊ သမီးတို့ဟာ လူတွေရဲ့ချစ်တာကို ခံချင်သလား၊ မုန်းတာကို ခံချင်သလား။<br>- လူတွေရဲ့ ချစ်ခင်တာကို ခံချင်ရင် မောင်ဦးလို ပြုမူပြောဆိုမလား၊ မောင်နီလို ပြုမူ ပြောဆိုမလား။<br><br>❁ နောက်ဆုံးတွင် ဆရာက "စကားကို အမှန်အတိုင်း မပြောဘဲ ညာပြောတတ်တဲ့သူဆိုရင် ဘယ်သူကမှ မချစ်ဘူး။ နောက်တစ်ချိန်ကျရင် ဇာတ်လမ်းတစ်ပုဒ် ပြောပြမယ်။ အဲဒီ ဇာတ်လမ်းထဲမှာ စကားကို အမှန်အတိုင်းမပြောတဲ့အတွက် ဘယ်သူကမှ မချစ်တဲ့အပြင် ဘာတွေ ဖြစ်သွားသလဲ ဆိုတာပါတယ်။ ကလေးတို့ သေချာနားထောင်နော်" စသည်ဖြင့် ပြောပါ။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ လိမ်ညာသော ကျီးကန်းကြီး ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|

- "အခု သားတို့၊ သမီးတို့ကို ကျီးကန်းကြီးတစ်ကောင်အကြောင်း ပြောပြမယ်"ဟု အစချီပြီး အောက်ပါဇာတ်လမ်းကို ဟန်အမူအရာဖြင့် ပြောပြပါ။
- ဇာတ်လမ်းပြောရာတွင် စိတ်ဝင်စားဖွယ်ကောင်းသော နေရာများရောက်ပါက "ဘာဆက်ဖြစ်သွားမယ် ထင်သလဲ၊ မှန်းကြည့်ပါဦး" စသည်ဖြင့်ပြောကာ ကလေးများ၏ သိလိုစိတ်ကို နှိုးဆွပေးသွားပါ။

## လိမ်ညာသော ကျီးကန်းကြီး

တစ်ခါတုန်းက ပင်လယ်ထဲမှာ ကျွန်းတစ်ကျွန်းရှိတယ်။ အဲဒီကျွန်းဟာ လူတွေနဲ့ အလှမ်းဝေးတဲ့နေရာဖြစ်ပြီး လူတွေ သွားလာမှုမရှိတဲ့ နေရာတစ်နေရာ ဖြစ်တယ်။ ကျွန်းပေါ်မှာ ငှက်တွေအများကြီး ရှိတယ်။ ငှက်ခေါင်းဆောင်ကြီးလည်းရှိပြီး ငှက်တွေအားလုံးဟာ စည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင်နဲ့ နေထိုင်ကြတယ်။

တစ်နေ့မှာ အဲဒီကျွန်းပေါ်ကို ကျီးကန်းကြီးတစ်ကောင် ရောက်လာခဲ့တယ်။ အဲဒီကျီးကန်းကြီးဟာ ငှက်တွေနဲ့ မလှမ်းမကမ်းတစ်နေရာမှာ ခြေထောက်တစ်ဖက်တည်း ထောက်ပြီး ရပ်နေတယ်။ ပါးစပ်ကိုလည်း ဟ ထားတယ်။ ကျွန်းပေါ်မှာရှိတဲ့ ငှက်တွေလည်း "ဒီကျီးကန်းကြီး ဘာလုပ်နေတာပါလိမ့်"လို့ ဝိုင်းကြည့်ကြတယ်။ ပြီးတော့ ကျီးကန်းကြီးနားကို သွားပြီး "ဘာဖြစ်လို့ ဒီလိုလုပ်နေတာလဲ"လို့ မေးကြတယ်။ အဲဒီအခါ ကျီးကန်းကြီးက "ငါ သတ္တဝါတွေကို အလွန် သနားတယ်။ ဒါကြောင့် တခြားကျီးကန်းတွေလို အသား၊ ငါး မစားဘူး။ လေကိုပဲ စားတာ။ အဲဒါကြောင့် ပါးစပ်ကို ဟ ထားတာပေါ့။ ပြီးတော့ ခြေထောက်နှစ်ဖက်လုံး ရပ်လိုက်ရင် မြေကြီးတွေ ကွဲအက်ပြီး အားလုံးဒုက္ခရောက်နိုင်တယ်။ ဒါကြောင့် ခြေတစ်ဖက်ထဲ ရပ်နေတာ"လို့ ပြောလိုက်တယ်။ ရိုးသားတဲ့ ငှက်တွေက "ဒီကျီးကန်းကြီးဟာ အလွန်တော်တာပဲ"လို့ ချီးကျူးကြတယ်။ အလွန်လည်း လေးစားသွားကြတယ်။

နောက်နေ့မှာ ရိုးသားတဲ့ငှက်တွေဟာ သူတို့အသိုက်တွေ၊ ဥတွေ၊ သားသမီးတွေကို စောင့်ကြည့်ပေးဖို့ ကျီးကန်းကြီးကို ပြောပြီး အစာရှာထွက်ကြတယ်။ ငှက်တွေ အစာရှာထွက်သွားတာနဲ့တစ်ပြိုင်တည်း ကျီးကန်းကြီးဟာ အသိုက်ထဲက ငှက်ဥတွေ၊ ငှက်ပေါက်လေးတွေကို ရက်ရက်စက်စက် သတ်ပြီး စားပစ်လိုက်တယ်။ အစာရှာထွက်တဲ့ငှက်တွေ ပြန်လာတဲ့အခါ ဥတွေ၊ ငှက်လေးတွေ ပျောက်ဆုံးသွားတဲ့အတွက် ဝမ်းနည်းကြရတယ်။ ကျီးကန်းကြီးကို မေးတော့လည်း သူ ဘာမှမသိဘူးလို့ လိမ်ညာပြောလိုက်တယ်။ ငှက်တွေကလည်း ကျီးကန်းကြီးပြောတာကို ယုံကြတယ်။ ဒါပေမဲ့ ငှက်ခေါင်းဆောင်ကြီးကတော့ ဒီကျီးကန်းကြီး ရောက်လာမှ အခုလို အဖြစ်ဆိုးတွေ ကြုံရတယ်ဆိုပြီး ကျီးကန်းကြီးကို သံသယဖြစ်လာတယ်။

နောက်နေ့မှာလည်း ဒီလိုပဲ ငှက်ဥတွေ၊ ငှက်ပေါက်လေးတွေ ပျောက်ပြန်တယ်။ အဲဒီတော့ ငှက်ခေါင်းဆောင်ကြီးဟာ အစာရှာသွားသလိုလိုနဲ့ ကျွန်းပေါ်ကို တိတ်တိတ်ကလေး ပြန်လာပြီး ကျီးကန်းကြီးကို ချောင်းကြည့်နေခဲ့တယ်။ အဲဒီအချိန်မှာ ဘယ်သူမှမရှိဘူး ထင်ပြီး ငှက်ဥတွေ၊ ငှက်ပေါက်ကလေးတွေကို ရက်ရက်စက်စက် သတ်ဖြတ်စားသောက်နေတဲ့ ကျီးကန်းကြီးကို တွေ့သွားခဲ့ပါတယ်။

ငှက်ခေါင်းဆောင်ကြီးလည်း ငှက်တွေအားလုံးကို ခေါ်ပြီး အားလုံးရှေ့မှာပဲ ကျီးကန်း

| | |
|---|---|
| ကြီးကို စစ်ဆေးတယ်။ နောက်ဆုံးတော့ ငှက်တွေယုံအောင် လိမ်ညာပြောဆိုခဲ့တဲ့ ကျီးကန်းကြီးဟာ သူ့အမှားကို ဝန်ခံလိုက်ရတယ်။ စိတ်မကောင်းဖြစ်၊ ဒေါသထွက်နေတဲ့ ငှက်တွေဟာ ကျီးကန်းကြီးကို ဝိုင်းပြီး ထိုးဆိတ်ကြတော့တယ်။ နောက်ဆုံးတော့ စကားကို လိမ်ညာပြောဆိုတဲ့ ကျီးကန်းကြီးဟာ အဲဒီနေရာမှာပဲ သေဆုံးသွားခဲ့ပါတယ်။<br>မှီငြမ်း။ ။ ဓမ္မဇေဇာတ်၊ ပုံတော်စုံ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ တတိယတွဲ၊ ၁၆၇၊ ဇာ၊ ဠ၊ ၃။ ၂၅၂။<br><br>❁ ဇာတ်လမ်းပြောပြီးပါက ဇာတ်လမ်းပါအကြောင်းအရာ အချက်အလက်များကို ပြန်လည်မေးမြန်းပြီး လိမ်ညာပြောခြင်းကြောင့် ကျီးကန်းကြီး ဘေးဒုက္ခတွေ့သွားရပုံကို မီးမောင်းထိုးပြပါ။ | |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ကျီးကန်း၏လိမ်ညာပြောဆိုပုံ၊ ကျီးကန်းက ငှက်များကိုစားသောက်ပုံ၊ ငှက်ခေါင်းဆောင်ကဖမ်းမိပုံ၊ လိမ်ညာဟန်ဆောင်သော ကျီးကန်းကြီးကို ငှက်အပေါင်းတို့က ဝိုင်းပြီး ထိုးဆိတ်နေပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ကလေးများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။<br>❁ ရုပ်ပုံများကို လေ့လာကြပါစေ။ (အုပ်စုတိုင်းအား ဝေပေးနိုင်က ပေးပါ။) ကြိုက်ရာရုပ်ပုံတစ်ခုကို ရွေးစေပြီး ရုပ်ပုံ၏အဓိပ္ပာယ်ကို ပြောတတ်သလို ပြောပါစေ။ အုပ်စုတိုင်းမှ အလှည့်ကျ ပြုလုပ်ပါစေ။<br>❁ ထို့နောက် အောက်ပါအတိုင်း မေးမြန်းပြောဆို၍ ဆန္ဒရှိသူများက သရုပ်ဆောင်ပြကြပါစေ။<br>- ကျီးကန်းကြီးက ငှက်တွေကို ဘယ်လို ညာပြောသလဲ၊ ကျီးကန်းကြီးပုံကို လုပ်ပြပါ။<br>- ငှက်ကလေးတွေ သေသွားလို့ ငှက်ဖို၊ ငှက်မတွေ ဘယ်လိုဖြစ်သွားကြသလဲ။<br>- ငှက်ဖို၊ ငှက်မတွေ ဒေါသဖြစ်တဲ့အမူအရာ လုပ်ပြပါဦး။<br>- ငှက်ခေါင်းဆောင်ကြီးက ကျီးကန်းကြီးကို ဘယ်လို ချောင်းကြည့်သလဲ။ အမူအရာ လုပ်ပြပါဦး။<br>❁ ရှေ့စာသင်ချိန်များကို ပြန်လည်ချိတ်ဆက် ပြောပြပြီး သင်ခန်းစာ၏ အဓိက ရည်ရွယ်ချက်ကို ဆရာက အနှစ်ချုပ်၍ ပြောဆိုပေးပါ။ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မှန်တာကိုပဲပြောကြမယ် သီချင်းကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • အောက်ပါ မှန်တာကိုပဲပြောကြမယ် သီချင်းကဗျာပါ အကြောင်းအရာများကို ကလေးများကို ဦးစွာ ရှင်းပြထားပေးပြီး ကလေး (၃/၄) ဦးခန့်က လိုက်ဖက်သော အမူအရာကို လုပ်ပြကြပါစေ။<br>• ပြီးနောက် ဆရာနှင့်တကွ ကလေးများအားလုံး အောက်ပါ သီချင်းကဗျာကို အမူအရာနှင့်တကွ သီဆိုကြပါ။<br><br>**မှန်တာကိုပဲ ပြောကြမယ်**<br>လိမ်တယ် ညာတယ်ဆိုတာရယ်<br>မကောင်းပါဘူးကွယ်။<br>ဘုရားရှင်လည်း မကြိုက်<br>မိဘဆရာလည်း မကြိုက်<br>ဆွေမျိုးတွေရော သူငယ်ချင်းတွေရော<br>အားလုံးကကွယ် (မကြိုက်)[၃] ။<br>မှန်မှန်ကန်ကန် ပြောတာရယ်<br>အလွန်ကောင်းတာပေါ့ကွယ်။<br>ဘုရားရှင်လည်း ကြိုက်<br>မိဘ ဆရာလည်း ကြိုက်<br>ဆွေမျိုးတွေရော သူငယ်ချင်းတွေရော<br>အားလုံးကကွယ် (ကြိုက်)[၃]။ ။<br><br>• သီချင်းကဗျာ ရွတ်ဆိုပြီးသောအခါ ကလေးများအား လိမ်ညာပြောဆိုခြင်း မပြုလုပ်သင့်ကြောင်း၊ လိမ်ညာပြောဆိုလျှင် ဇာတ်လမ်းထဲက ကျီးကန်းကြီးကဲ့သို့ ဆင်းရဲဒုက္ခရောက်တတ်ကြောင်း၊ ယနေ့မှစ၍ လိမ်ညာပြောဆိုခြင်း မပြုလုပ်ဘဲ မှန်မှန်ကန်ကန်၊ ရိုးရိုးသားသား ပြောဆိုရမည်ဖြစ်ကြောင်း ပြောကြားပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

## သင်ခန်းစာ (၃၃)

သင်ခန်းစာခေါင်းစဉ် ။ ။ ချိုချိုသာသာ ပြောဆိုပါ
သင်ယူမှုဦးတည်ချက် ။ ။ ဝစီဒုစရိုက် (၄) ပါးကို သိရှိစေရန်နှင့် စကားပြောဆိုရာတွင် ချိုချိုသာသာ ပြောဆိုတတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ယဉ်ကျေးကြစို့ ကဗျာ၊ ဂိမ်းကစားရန် ပါဆယ်ထုပ်။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ စကားပြောဆိုရာတွင် ယဉ်ကျေးချိုသာစွာ ပြောဆိုတတ်စေရန် ဒုတိယတန်း၊ သင်ခန်းစာ (၂၇) တွင် သင်ခဲ့ပြီးဖြစ်သည့် အောက်ပါ ယဉ်ကျေးကြစို့ ကဗျာကို ရွတ်ဆိုကြပါစေ။<br><br>**ယဉ်ကျေးကြစို့**<br>စကားပြောဆို နားဝင်ချို၊<br>သိမ်မွေ့ကြစေလို။<br>လိမ်ညာတာကို တို့ရှောင်ရှား၊<br>မမှန်တဲ့ မုသား။<br>ထောင်လွှားမာန အပြစ်တွေ၊<br>မဖြစ်ကြအောင်နေ။<br>ရှိသေထိုက်သူ ရှိသေလို့၊<br>ယဉ်ကျေးကြပါစို့။ ။<br><br>❁ ထို့နောက် အောက်ပါ ပါဆယ်မုဆိုး ကစားနည်းကို စုပေါင်းကစားကြပါစေ။<br>❁ ပထမဦးစွာ ကလေးတစ်ဦးအား ပါဆယ်မုဆိုးအဖြစ် ရွေးချယ်ပြီးလျှင် မျက်စိမှိတ်၍ နေပါစေ။<br>❁ ကျန်ကလေးများအား စက်ဝိုင်းပုံ မတ်တတ်ရပ်နေစေ၍ လက်များကို နောက်ပစ်ထားကြပြီး ပခုံးချင်းထိ၍ စိပ်စိပ်ရပ်နေကြပါစေ။<br>❁ စက်ဝိုင်းပုံ မတ်တတ်ရပ်နေသော ကလေးများက အထက်ပါ ယဉ်ကျေးကြစို့ ကဗျာကို ရွတ်ဆိုရင်းဖြင့် မိမိလက်ထဲမှ ပါဆယ်ထုပ်ကို ညာဘက်ရှိလူထံသို့ နောက်ကျောမှ လက်ဆင့်ကမ်း ပေးပါစေ။<br>❁ ကဗျာဆုံးသွားချိန်တွင် ပါဆယ်ထုပ်လက်ဆင့်ကမ်းခြင်းကို ရပ်ထားရမည်။<br>❁ ဝိုင်းအလယ်ရှိ ပါဆယ်မုဆိုးက မည်သူ့ထံတွင် ပါဆယ်ထုပ်ရှိနေကြောင်းကို ခန့်မှန်းပြောဆိုပါစေ။<br>❁ ခန့်မှန်းမှုမှန်လျှင် အဆိုပါ ပါဆယ်ထုပ် လက်ဝယ်ရှိသူမှ ပါဆယ်မုဆိုးအဖြစ် ဆက်လက် | |

| | |
|---|---|
| သရုပ်ဆောင်ပြီး အချိန်ပေါ်မူတည်၍ ကစားပွဲကို ဆက်လက်ကစားနိုင်ပါသည်။<br>❁ အကယ်၍ ပါဆယ်မှဆိုးသည် ခန့်မှန်းမှုမမှန်လျှင် ယဉ်ကျေးကြစို့ ကဗျာကို အမူအရာနှင့် တကွ ရွတ်ဆိုစေပြီး ကစားပွဲကို ဆက်လက်ကစားနိုင်ပါသည်။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ချိုချိုသာသာ ပြောဆိုပါ ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ အောက်ပါဇာတ်လမ်းကို ကလေးများကိုယ်တိုင် ဖတ်ရှုကြပါစေ။<br>❁ ပြီးနောက် ဆရာက ဇာတ်လမ်းအား စိတ်ဝင်စားဖွယ်ဖြစ်အောင် ထပ်မံပြောပြပါ။<br><br>**ချိုချိုသာသာ ပြောဆိုပါ**<br>ဘုရားရှင်လက်ထက်မှာ မင်းကြီးတစ်ပါးရှိခဲ့တယ်။ မင်းကြီးရဲ့မိခင်ဟာ စကားပြောဆိုရာမှာ ရန့်ရင်းကြမ်းတမ်းတဲ့အတွက် ဘယ်သူကမှ မလေးစားကြ၊ မချစ်ခင်ကြဘူး။ ဒါကြောင့် မင်းကြီးလည်း စိတ်မချမ်းသာဘူး။ မိခင်ကြီးကို စကား ချိုချိုသာသာ ပြောတတ်တဲ့သူ ဖြစ်စေချင်တယ်။ ဒါပေမဲ့ မိခင်ဖြစ်နေတဲ့အတွက် "စကားကို ချိုချိုသာသာပြောပါ" ဆိုပြီး အမိန့်ပေးလို့လဲ မဖြစ်နိုင်ဘူး။ ဒါကြောင့် မင်းကြီးဟာ မိခင်ကို နည်းပရိယာယ်သုံးပြီး သဘောပေါက်အောင် ပြောဖို့အတွက် ဥပမာ၊ သာဓကပြစရာတစ်ခုကို စဉ်းစားနေခဲ့တယ်။<br>တစ်နေ့မှာ မင်းကြီးဟာ ဥယျာဉ်ထဲကို အပန်းဖြေဖို့ ထွက်လာခဲ့တယ်။ မင်းကြီးနဲ့အတူ မိခင်ကြီးလည်း ပါလာတယ်။ ဥယျာဉ်ထဲမှာ အပန်းဖြေနေတုန်း သစ်ပင်တစ်ပင်ပေါ်မှာ တစ်တီတူးငှက်တစ်ကောင်က အော်နေတယ်။ ရောင်စုံအမွေးတွေနဲ့လှပတဲ့ တစ်တီတူးငှက်ရဲ့အသံဟာ အလွန်ကို နားဝင်ဆိုးလှတယ်။ ဘယ်သူမှ သည်းမခံနိုင်ကြတော့ မင်းကြီးရဲ့အခြွေအရံတွေက "ဟဲ့ ငှက်ယုတ် ... ကျက်သရေတုံးတဲ့ အသံကြီးနဲ့ မအော်စမ်းပါနဲ့"လို့ မောင်းထုတ်ကြတယ်။ ဒီလိုနဲ့ ရှေ့ဆက်သွားကြရင်း တစ်နေရာရောက်တော့ နောက်ထပ်သစ်ပင်တစ်ပင်ပေါ်မှာ အမွေးမည်းမည်းနဲ့ ရုပ်ဆိုးလှတဲ့ ဥသြငှက်တစ်ကောင်ရဲ့ တွန်သံကိုကြားလိုက်ကြတယ်။ အဲဒီဥသြငှက်ရဲ့ အသံကိုလည်းကြားရော မင်းကြီးရဲ့ အခြွေအရံတွေက နှစ်သက်သဘောကျလွန်းလို့ "အို ... ဥသြငှက်ကလေးရယ် မင်းရဲ့ သာယာလှတဲ့ အသံလေးနဲ့ တို့အားလုံးကို ဖျော်ဖြေပါဦး"လို့ ဝိုင်းပြောကြတယ်။<br>အဲဒီအဖြစ်အပျက်နှစ်ခုကို မင်းကြီးသိလိုက်ရတော့ မိခင်ကြီးကို သတိပေးဖို့ ဥပမာရပြီဆိုပြီး ဝမ်းသာသွားတယ်။ ရန့်ရင်းကြမ်းတမ်းတဲ့ အသံရှိတဲ့ တစ်တီတူးလို ငှက်မျိုးကို ဘယ်သူမှမချစ်ကြဘဲ အရုပ်ဆိုးပေမဲ့ အသံသာတဲ့ ဥသြငှက်ကလေးကိုတော့ လူတိုင်းက ချစ်ခင်ကြတယ်လို့ ဥပမာပေးပြီး မိခင်ကြီးကို ပြောပြလိုက်တဲ့အခါ မိခင်ကြီးက အသိတရားရသွားတော့တယ်။ အဲဒီအချိန်ကစပြီး မိခင်ကြီးဟာ ဘယ်သူ့ကိုမဆို ချိုချိုသာသာ ပြောဆိုဆက်ဆံတော့တယ်။ အားလုံးကလည်း မိခင်ကြီးကို ချစ်လာခင်လာကြပါတယ်။ မိခင်ကြီးဟာ ခုလိုသတိပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း မင်းကြီးကိုပြောပြီး သားအမိနှစ်ယောက် အရင်ကထက် ချစ်ချစ်ခင်ခင်၊ ပျော်ပျော်ရွှင်ရွှင်နဲ့ နေထိုင်သွားကြပါတယ်။<br>မှီငြမ်း။ ။ သုဇာတဇာတ်၊ ပုံတော်စုံငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ တတိယတွဲ၊ ၅၊ ဇာ၊ ၄၊ ၂၊ ၃၁၃၊ | |

| | |
|---|---|
| • ဇာတ်လမ်းပြောပြီးလျှင် အောက်ပါမေးခွန်းများကိုမေးပါ။<br>- မင်းကြီးရဲ့မိခင်ဟာ စကားပြောရင် ဘယ်လိုပြောတတ်သလဲ။<br>- မင်းကြီးရဲ့မိခင်ကို လူတွေချစ်ကြသလား။ ဘာကြောင့်လဲ။<br>- တစ်တီတူးငှက်လေးဟာ ဘယ်လိုအရောင်နဲ့ ဘယ်လိုအသံ ရှိသလဲ။<br>- ဥဩငှက်လေးကရော ဘယ်လိုအရောင်နဲ့ ဘယ်လိုအသံ ရှိသလဲ။<br>- ဘယ်ငှက်သံကို လူတွေက ကြိုက်သလဲ။ ဘာကြောင့်လဲ။<br>- မင်းကြီးက မိခင်ကြီးကို ဘယ်လိုဥပမာပေးပြီး ပြောသလဲ။<br>- မိခင်ကြီးဟာ အသိတရားရသွားပြီး ဘယ်လိုပြောင်းလဲပြောဆိုသလဲ။<br>- အဲဒီလို ပြောင်းလဲပြောဆိုလိုက်တော့ နန်းတွင်းသူ/သားတွေက သူ့အပေါ်ကို ဘယ်လိုဖြစ်လာလဲ။<br>- သားတို့၊ သမီးတို့အနေနဲ့ရော စကားကို ဘယ်လိုပြောချင်ကြလဲ။ ဘာကြောင့်လဲ။ | |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ဝစီဒုစရိုက်တရား (၄) ပါး၏ အနက်အဓိပ္ပာယ် ရေးထားသောကတ်ပြား (၂၀) ခု။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • " သားတို့၊ သမီးတို့က ဇာတ်လမ်းကိုလည်း နားထောင်ပြီးပြီဆိုတော့ ဆရာ အခုမေးမယ့် မေးခွန်းလေးတွေကို ဖြေကြည့်ကြမယ်နော်" စသည်ဖြင့်ပြောပြီး အောက်ပါ မေးခွန်းများကို မေးပါ။<br>- စကားပြော ချိုသာတဲ့သူနဲ့ စကားပြော ကြမ်းတမ်းတဲ့သူမှာ ဘယ်သူ့ကို လူတွေက ပိုချစ်ခင်ကြသလဲ။<br>- ရုပ်ဆိုးပြီး စကားပြော ချိုသာတဲ့သူနဲ့ ရုပ်ချောပြီး စကားပြောကြမ်းတမ်းတဲ့သူမှာရော ဘယ်သူ့ကို လူတွေက ပိုချစ်ခင်ကြမယ် ထင်သလဲ။<br>• ကလေးများ ဖြေဆိုပြီးသောအခါ "စကားပြောကြမ်းတမ်းတဲ့သူကို ဘယ်သူမှ မချစ်ချင်ကြဘူး။ အဲဒီလို စကားကြမ်းကြမ်းတမ်းတမ်း ပြောဆိုတာကို ပါဠိလိုဆိုရင် "ဖရုသဝါစာ"လို့ ခေါ်တယ်။ သားတို့၊ သမီးတို့ကို မကောင်းမှုများရှောင်ရှားမယ် သင်ခန်းစာမှာ ကိုယ်နဲ့ပြုလုပ်တဲ့မကောင်းမှု ကာယဒုစရိုက် (၃) ပါးအကြောင်းကို ပြောခဲ့ပြီးပြီ။ အခု နှုတ် (ပါးစပ်) နဲ့ပြုလုပ်တဲ့ ဝစီဒုစရိုက် (၄) ပါးအကြောင်းကို ပြောပြမယ်။ စောစောကပြောတဲ့ ဖရုသဝါစာက အဲဒီဝစီဒုစရိုက် (၄) ပါးထဲမှာ ပါတယ်" စသည်ဖြင့်ပြောကာ အောက်ပါ ဝစီဒုစရိုက် (၄) ပါးကို ပါဠိ၊ အနက်အဓိပ္ပာယ်၊ ဥပမာများနှင့်တကွ တစ်ချက်ချင်း ရှင်းပြပေးပါ။<br><br>**ဝစီဒုစရိုက် (၄) ပါး**<br>၁။ မုသာဝါဒ (လိမ်ညာပြောဆိုခြင်း)<br>၂။ ပိသုဏဝါစာ (ကုန်းတိုက်စကား ပြောဆိုခြင်း)<br>၃။ ဖရုသဝါစာ (စကားကို ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခြင်း)<br>၄။ သမ္ဖပ္ပလာပဝါစာ (အကျိုးမရှိသောစကား ပြောဆိုခြင်း) | ကလေးအားလုံး ပါဝင်ဖြေဆိုကြပါစေ။<br><br>သမ္ဖပ္ပလာပ (သမ်ဖတ်ပလာပ) ဟု ဖတ်ပါ။ |

- ရှင်းပြပြီးသောအခါ ကလေးများအား အုပ်စု (၅) စုဖွဲ့ပါ။ အုပ်စု (၁)၊ အုပ်စု (၂)၊ အုပ်စု (၃)၊ အုပ်စု (၄)၊ အုပ်စု (၅) ဟူ၍ အုပ်စုအမည်များ အသီးသီး ပေးထားပါ။
- ပထမဦးစွာ ဆရာက သင်ပုန်းပေါ်တွင် အောက်ပါအတိုင်း ကြိုတင်ရေးသားထားပါ။ ဝစီဒုစရိုက်တရား (၄) ပါး၏ အနက်အဓိပ္ပာယ်ကို ရေးထားသောကတ်ပြား (၂၀) ကို အတန်းရှေ့စားပွဲပေါ်တွင် မှောက်လျက်ချထားပါ။

| | မုသာဝါဒ | ပိသုဏဝါစာ | ဖရုသဝါစာ | သမ္ဖပ္ပလာပဝါစာ |
|---|---|---|---|---|
| အုပ်စု (၁) | | | | |
| အုပ်စု (၂) | | | | |
| အုပ်စု (၃) | | | | |
| အုပ်စု (၄) | | | | |
| အုပ်စု (၅) | | | | |

- ထို့နောက် ကစားနည်းကို အောက်ပါအတိုင်း ရှင်းပြပါ။
  "အုပ်စုကိုယ်စားလှယ်တစ်ဦးစီ အတန်းရှေ့ကို ထွက်လာရမယ်။ ဆရာက "စ" လို့ ပြောလိုက်တာနဲ့ စားပွဲခုံပေါ်က ကတ်ပြားတွေထဲက ဝစီဒုစရိုက် (၄) ပါးလုံး ပြည့်စုံတဲ့ ကတ်ပြား (၄) ခုကို ရွေးချယ်ပြီး သင်ပုန်းပေါ်မှာ နေရာမှန်အောင် ကပ်ပေးရမယ်။ သင်ပုန်းမှာ ပြထားတဲ့အတိုင်း ကိုယ့်အုပ်စုနာမည်ရှိတဲ့ နေရာမှာပဲ ကပ်ပေးရမယ်နော်။ ဆရာက "ရပ်" လို့ ပြောတဲ့အချိန်မှာ အားလုံးက ရပ် လိုက်ရမယ်။ လုံးဝ ဆက် ကပ်လို့မရဘူးနော်။ ကတ်ပြား (၄) ခုလုံးကို မှန်အောင်ကပ်နိုင်ရင် အမှတ် (၄) မှတ်ရမယ်။ သုံးခုဆိုရင် (၃) မှတ်၊ နှစ်ခုဆို (၂) မှတ် ရမယ်နော်။ အချိန်ရသလောက် ကစားသွားကြမယ်။ ကစားပြီးတဲ့အခါ အမှတ်တွေအားလုံးကို ပေါင်းပြီးတော့ ဘယ်အဖွဲ့က အမှတ်အများဆုံးရလဲဆိုတာကို ကြေညာပေးမယ်။ အနိုင်ရတဲ့အဖွဲ့ကို တခြားအဖွဲ့တွေက လက်ခုပ်တီးပြီး အားပေးရမယ်"။
- ကစားနည်းကို ရှင်းပြပြီးနောက် အုပ်စုကိုယ်စားလှယ်တစ်ဦးစီကို အလှည့်ကျ အတန်းရှေ့သို့ ထွက်စေပြီး ကစားကြပါစေ။
- နောက်ဆုံးတွင် ဝစီဒုစရိုက် (၄) ပါးကို ပါဠိနှင့်မြန်မာတွဲလျက် ရွတ်ဆိုခြင်းဖြင့် စာသင်ချိန်ကို အဆုံးသတ်ပါ။

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "ဝစီဒုစရိုက် (၄) ပါးဖြစ်တဲ့ စကားကို လိမ်ညာပြောဆိုတာ၊ ကုန်းတိုက်စကားပြောတာ၊ ကြမ်းကြမ်းတမ်းတမ်းပြောတာ၊ အကျိုးမရှိတဲ့ စကားပြောတာတွေကို သားတို့၊ သမီးတို့ ကိုယ်တိုင် ပြောဆိုဖူးတာရှိလား၊ ဒါမှမဟုတ် ဘယ်သူတွေ အဲဒီလို ပြောဆိုနေတာကို တွေ့ဖူး၊ ကြားဖူးကြသလဲ"ဟု မေးကာ ကလေးများကိုယ်တိုင် ပြောဆိုဖူးသည်များ သို့မဟုတ် တွေ့ကြုံဖူးသည်များကို ပြန်လည်ပြောပြကြပါစေ။<br>❁ ထို့နောက် ကလေးများအား သင့်လျော်သလို အုပ်စုဖွဲ့ပါ။<br>❁ အုပ်စုတိုင်းက စကားကို ကြမ်းကြမ်းတမ်းတမ်းပြောဆိုခြင်းကြောင့် နောက်ဆက်တွဲအနေဖြင့် မည်ကဲ့သို့သောဆိုးကျိုးများ ဖြစ်လာစေနိုင်ကြောင်းကို စဉ်းစားဆွေးနွေးကြပါစေ။<br>❁ စဉ်းစားပြီးလျှင် အုပ်စုတိုင်းက မိမိတို့ စဉ်းစားဆွေးနွေးထားသည်များကို ပြောပြကြပါစေ။<br>❁ နောက်ဆုံးတွင် ဇာတ်လမ်းနှင့် ပြန်လည်ချိတ်ဆက်ပြောပြ၍ နှုတ်နဲ့ပြုလုပ်တဲ့ မကောင်းမှုဆိုတဲ့ ဝစီဒုစရိုက် (၄) ပါးကို ရှောင်ကြဉ်ပြီး စကားပြောတဲ့အခါ မှန်မှန်ကန်ကန်၊ ချိုချိုသာသာနဲ့ အကျိုးရှိအောင် ပြောဆိုသင့်ကြောင်း ဆုံးမစကား ပြောဆိုပေးပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။ | ကလေးအားလုံး ပါဝင်နိုင်ရန် ဆရာက စီစဉ်ပေးပါ။ |

## သင်ခန်းစာ (၃၄)

သင်ခန်းစာခေါင်းစဉ် ။ ။ မွေးနေ့ပွဲ
သင်ယူမှုဦးတည်ချက် ။ ။ မိမိတို့ မွေးနေ့တွင် ကောင်းမှုကုသိုလ် ရနိုင်သောအလုပ်များကို ရွေးချယ် ပြုလုပ်တတ်ရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မွေးနေ့ ကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • အောက်ပါ "မွေးနေ့" ကဗျာကို ကလေးများ ရွတ်ဆိုတတ်သည်အထိ ဦးစွာသင်ပေးပါ။<br><br>**မွေးနေ့**<br>ကဆုန်လပြည့် နေ့သောကြာ၊<br>ဗုဒ္ဓဘုရား မွေးနေ့ပါ။<br>ထိုနေ့မှာပင် တရားတွေ့၊<br>ဘုရားဖြစ်လို့ ထူးတဲ့နေ့ ။<br>တို့တစ်တွေလည်း မွေးနေ့မှာ၊<br>ကောင်းမှုများစွာ ပြုလုပ်ကာ။<br>အမှတ်ရစရာ ကုသိုလ်များ၊<br>မွေးနေ့တိုင်းမှာ အမြဲပွား။ ။<br><br>• ကဗျာ၏အဓိပ္ပာယ်ကို ကလေးများနှင့် ဆွေးနွေးပြီးလျှင် ကဗျာနှင့်ပတ်သက်သော မေးခွန်းများကို မေးမြန်းနိုင်ပါသည်။<br>• ထို့နောက် အောက်ပါမေးခွန်းများဖြင့် ဆက်၍ ဆွေးနွေးပါ။<br>- ကလေးတို့ရော ကိုယ့်မွေးနေ့ကို ကိုယ်သိကြသလား။<br>- ဘယ်နေ့လဲ ပြောပြပါ။ (ကလေး (၄/၅) ဦးခန့်အား မေးပါ။)<br>- ကလေးတို့ မွေးနေ့ရောက်ရင် ဘာတွေလုပ်ကြသလဲ။ ဘာကြောင့်လုပ်ကြတာလဲ။<br>• နောက်ဆုံးတွင် ဆရာက "လူတိုင်းမှာ မွေးနေ့ ဆိုတာ ရှိတယ်။ တချို့လူတွေက တစ်နှစ်မှာ တစ်ခါကြုံတဲ့ မွေးနေ့ကို ရောက်ရင် ကိုယ့်အသက်တစ်နှစ်ကြီးလာပြီဆိုတာ သတိထားမိပြီး ကလေးတို့လိုပဲ အမှတ်တရအနေနဲ့ တစ်ခုခု ပြုလုပ်တတ်ကြတယ်။ လူတစ်ယောက်နဲ့ တစ်ယောက်တော့ မွေးနေ့ပွဲ ပြုလုပ်ပုံခြင်း မတူကြဘူးပေါ့" စသည်ဖြင့် ဖြည့်စွက်ရှင်းပြပါ။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ အဓိပ္ပာယ်ရှိသော မွေးနေ့ပွဲ ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|

- အောက်ပါ အဓိပ္ပာယ်ရှိသော မွေးနေ့ပွဲ ဇာတ်လမ်းကို ကလေးများအား ပြောပြပါ။

## အဓိပ္ပာယ်ရှိသော မွေးနေ့ပွဲ

ချောစုလေးဟာ မနက်စောစောထပြီး ဘုရားမှာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်တယ်။ ဘုရားဂုဏ်တော်တွေလည်း ရွတ်ဖတ်ပြီး ငါးပါးသီလ ဆောက်တည်တယ်။ ပြီးတော့ သတ္တဝါအားလုံး ကျန်းမာစေဖို့ မေတ္တာပို့ပြီး အမျှဝေတယ်။ ဒီနေ့က ချောစုလေးရဲ့ (၈) နှစ်ပြည့် မွေးနေ့ဆိုတော့ အစောကြီးထပြီး အခုလို ကောင်းမှုကုသိုလ်တွေ ပြုလုပ်တာဖြစ်တယ်။

ညနေကျတော့ ချောစုလေးဟာ ဘွားဘွားနဲ့အတူ အိမ်နားကဘုရားကို လမ်းလျှောက်ထွက်လာတယ်။ ဘုရားမှာ ဆီမီး၊ အမွှေးတိုင် ကပ်လှူပူဇော်ကာ ဘုရားရှိခိုးတယ်။ ရေချမ်းကို သက်စေ့ကပ်လှူတယ်။ ချောစုလေးရဲ့ အသက်က (၈) နှစ် ဆိုတော့ ရေချမ်း (၈) ခွက် ကပ်လှူတယ်။ စုထားတဲ့ မုန့်ဖိုးတွေကိုလည်း ဘုရားမှာ လှူလိုက်တယ်။ ဘွားဘွား ဘုရားရှိခိုး၊ တရားထိုင်နေတုန်း ချောစုလေးက ဘုရားပေါ်မှာ တံမြက်စည်းလှည်း၊ သန့်ရှင်းရေး ပြုလုပ်တယ်။ ဘွားဘွား တရားထိုင်ပြီးသွားတဲ့အခါ မြေးအဘွားနှစ်ယောက်အတူတူ ပြုလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်တွေကို ခေါင်းလောင်းထိုးပြီး အမျှပေးဝေကြတယ်။ ချောစုလေးလည်း သူ့ရဲ့ မွေးနေ့မှာ သူပြုလုပ်ခဲ့ရတဲ့ ကောင်းမှုကုသိုလ်တွေကို အမျှဝေလိုက်ရလို့ ပီတိဖြစ်နေတယ်။

ညအိပ်ခါနီးကျတော့လည်း တစ်နေကုန်အလုပ်လုပ်လို့ ပင်ပန်းနေတဲ့ ဖေဖေနဲ့မေမေတို့ကို နင်းပေး၊ နှိပ်ပေးတယ်။ သူ့ကို ဒီအရွယ်ထိ ကျွေးမွေးပြုစုခဲ့တဲ့ ဖေဖေနဲ့မေမေကို ရှိရိုသေသေ ကန်တော့တယ်။ ဘွားဘွားကိုလည်း ကန်တော့တယ်။ ဖေဖေ၊ မေမေနဲ့ ဘွားဘွားတို့က လိမ္မာတဲ့သမီးလေးရဲ့ မွေးနေ့အမှတ်တရအဖြစ် ဆုံးမစကားတွေ ပြောကြ၊ ဆုတွေပေးကြတယ်။ ဒီလိုနဲ့ ချောစုလေးဟာ သူ့ရဲ့မွေးနေ့ပွဲကို အေးချမ်းပျော်ရွှင်စွာနဲ့ ကျင်းပဖြစ်ခဲ့ပါတယ်။

တစ်ရက်မှာ ချောစုလေးရဲ့ သူငယ်ချင်းရွှေစင်က မနက်ဖြန်မှာ သူ့မွေးနေ့ပွဲ ကျင်းပမှာမို့လို့ ချောစုလေးကို လာခဲ့ဖို့ ဖိတ်တယ်။ ဒါနဲ့ နောက်နေ့ကျတော့ ချောစုလေးလည်း ရွှေစင်ရဲ့ မွေးနေ့ပွဲကို သွားတယ်။ ရွှေစင်တို့ရဲ့ ခြံကျယ်ကြီးထဲမှာ မွေးနေ့ပွဲကို ကျင်းပတယ်။ မွေးနေ့ပွဲကို ပြင်ဆင်ထားတာလည်း အလွန်လှတယ်။ အအေးမျိုးစုံနဲ့ အသားညှပ်ပေါင်မုန့် ကျွေးတယ်။ ဧည့်သည်တွေ၊ သူငယ်ချင်းတွေလည်း အများကြီးလာကြတယ်။ မွေးနေ့လက်ဆောင်တွေလည်း ပေးကြတယ်။ အမှတ်တရဓာတ်ပုံတွေလည်း ရိုက်ကြတယ်။ နောက်ပြီး ရွှေစင်က သူငယ်ချင်းတွေနဲ့အတူ မွေးနေ့သီချင်း (Happy Birthday) သီဆိုပြီး မွေးနေ့ကိတ် လှီးတယ်။ သူငယ်ချင်းတွေအားလုံးကို အဲဒီကိတ်မုန့်တွေ လိုက်ခွဲကျွေးတယ်။ ကိတ်မုန့်ကလည်း အလွန်စားကောင်းတယ်။ အဲဒါတွေကို ကြည့်ပြီး ချောစုလေး အားကျနေတယ်။ သူ့မွေးနေ့ကိုလည်း အဲဒီလိုမျိုး ကျင်းပဆင်နွှဲချင်လာတယ်။

ရွှေစင့်မွေးနေ့က ပြန်လာပြီး အိမ်ပြန်ရောက်တဲ့အချိန်မှာ ချောစုလေး မျက်နှာညိုးငယ်နေပြီး၊ မှိုင်တွေနေတာကို ဘွားဘွားက သတိထားလိုက်မိတယ်။ ဒါနဲ့ ချောစုလေးကို "မြေးလေး၊ မွေးနေ့က ပြန်လာပြီးကတည်းက မျက်နှာလည်း မကောင်းဘူး၊ ဘာဖြစ်လာတာလဲ၊ သူငယ်ချင်းတွေနဲ့ စိတ်ကောက်လာတာလား"လို့ မေးတယ်။ ဒါနဲ့ ချောစုလေးက "ဘွားဘွားရယ်၊ ရွှေစင်မွေးနေ့ ကျင်းပနေတာ အားကျစရာကြီး၊ ဧည့်သည်တွေလည်း အများကြီး လာကြ

တယ်၊ မွေးနေ့လက်ဆောင်တွေလည်း ပေးကြတယ်၊ မွေးနေ့ကိတ်လည်း ကျွေးတယ်။ သမီး အားကျလိုက်တာ။ သမီးရဲ့မွေးနေ့ပွဲကိုလည်း အဲဒီလိုမျိုး ကျင်းပချင်လိုက်တာ”လို့ ပြန်ပြောလိုက်တယ်။

ချောစုလေး သူ့ကိုယ်သူ အားငယ်နေတာကို ဘွားဘွားက သိလိုက်တော့ “မြေးရယ်... ရွှေစင့်မွေးနေ့ကလည်း ပျော်စရာကြီးပေါ့၊ ဒါပေမဲ့ အဲဒီလို ကြီးကြီးကျယ်ကျယ် ကျင်းပမှ မွေးနေ့မြောက်တာ မဟုတ်ပါဘူး။ ငါ့မြေးလေး ဟိုတစ်ရက်က ကျင်းပသွားတဲ့ မွေးနေ့က ပိုလို့တောင် မွန်မြတ်ပါသေးတယ်။ ပိုပြီးလည်း ဂုဏ်ယူဖို့ကောင်းပါတယ်။ မနက်စောစောထပြီး ဘုရားမှာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်တာ၊ ဘုရားသန့်ရှင်းရေးလုပ်တာ၊ ကိုယ်ပြုလုပ်တဲ့ ကောင်းမှုကုသိုလ်တွေကို အမျှဝေတာ၊ ကျေးဇူးရှင်မိဘတွေကို ကန်တော့တာ၊ ဘွားဘွားကို ကန်တော့တာ ဒါတွေအားလုံးဟာ ကောင်းတဲ့အရာတွေ၊ အလုပ်တွေပဲပေါ့။ လူကြီးသူမတွေ လည်း ကြိုက်တယ်။ ဖေဖေ၊ မေမေတို့လည်း ကြိုက်တယ်။ ဘွားဘွားလည်း ကြိုက်တယ်။

ပြီးတော့ အဲဒီလို လုပ်ရပ်မျိုးကို ကိုယ့်မွေးနေ့ရောက်ရင် ဘယ်သူမဆို လုပ်နိုင်တယ်။ လုပ်လို့လည်းရတယ်။ ငါ့မြေးလေး ကျင်းပသွားတဲ့ မွေးနေ့ကမှ တကယ့်ကို အကျိုးရှိတဲ့၊ အဓိပ္ပာယ်ရှိတဲ့၊ ကုသိုလ်ရတဲ့၊ ဘုရားကြိုက်တဲ့ မွေးနေ့ပွဲလေးပါပဲ”လို့ ဘွားဘွားက ရှင်းပြပေးလိုက်တော့မှ ချောစုလေးလည်း ကျေနပ်သွားတယ်။ နှစ်တိုင်းလည်း သူလုပ်နိုင်တဲ့အတိုင်း မွေးနေ့ပွဲကို အဓိပ္ပာယ်ရှိရှိ ဆင်နွှဲဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

- အောက်ပါမေးခွန်းများ မေးပါ။
  - ဒီဇာတ်လမ်းထဲမှာ မိန်းကလေးနှစ်ဦး ရှိတယ်။ ဘယ်သူတွေလဲ။
  - ချောစုလေးရဲ့ မွေးနေ့ကို ဘယ်လို ကျင်းပတာလဲ။
  - ချောစုလေးက ဘယ်သူ့ရဲ့မွေးနေ့ပွဲကို သွားတာလဲ။
  - ရွှေစင်ရဲ့မွေးနေ့ရော ဘယ်လိုကျင်းပလဲ။ ဘာကျွေးလဲ။
  - သားတို့၊ သမီးတို့ရဲ့ မွေးနေ့ကိုရော ဘယ်လိုကျင်းပချင်သလဲ။ ဘာကြောင့်လဲ။
- ကလေးများ၏ အဖြေများထဲမှ အကျိုးရှိသည့် မွေးနေ့ပွဲကို ဆရာက အနှစ်ချုပ်ရှင်းပြပါ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ စာရေးရန် စာရွက်ကြီးများနှင့် ဆော့ပင်များ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
| --- | --- |
| - ကလေးများအား သင့်လျော်သလို အုပ်စုဖွဲ့၍ “မွေးနေ့ရောက်ရင် ဘာလုပ်ကြမလဲ”ဟူသည့် ခေါင်းစဉ်ကို အုပ်စုလိုက် ဆွေးနွေးပြီး စာရွက်ကြီးပေါ်တွင် ချရေးကြပါစေ။<br>- ဆွေးနွေးပြီးလျှင် အုပ်စုကိုယ်စားလှယ်တစ်ဦးက မိမိတို့အုပ်စု ချရေးထားသည်ကို သင်ပုန်းတွင်ကပ်၍ ကျန်အုပ်စုများကို ရှင်းပြပါ။<br>- အုပ်စုဝင်အချင်းချင်း သိလိုသည်များကို မေးခွန်းထုတ်၍ မေးမြန်းကြပါစေ။<br>- နောက်ဆုံးတွင် ဆရာက မွေးနေ့အကြောင်းကို အနှစ်ချုပ်၍ ရှင်းပြပါ။ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မွေးနေ့ပွဲကျင်းပမည့် မိသားစု ဇာတ်လမ်း။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|

- ယခု ကစားနည်းတစ်ခု ကစားမည်ဖြစ်ကြောင်း ပြောပြီး ကလေးများအား "အမေ" အုပ်စု၊ "အဖေ" အုပ်စု၊ "သား" အုပ်စု၊ "သမီး" အုပ်စု ဟူ၍ အုပ်စု (၄) စု ဖွဲ့ပါ။
- ဆရာက ကလေးများအား "မွေးနေ့ပွဲကျင်းပမယ့် မိသားစုဇာတ်လမ်းကို ပြောပြမယ်။ ဆရာပြောတဲ့ ဇာတ်လမ်းကို သေသေချာချာ အာရုံစိုက်ပြီး နားထောင်ရမယ်။ ဇာတ်လမ်းထဲမှာ အမေ ဆိုတဲ့ စကားလုံးကိုကြားတိုင်း "အမေ" အုပ်စုက လူတွေအားလုံး ချက်ချင်း မတ်တတ်ရပ်ရမယ်။ ပြီးရင် ချက်ချင်း ပြန်ထိုင်ရမယ်။ အဖေ ဆိုတဲ့ စကားလုံးကို ကြားတိုင်း "အဖေ" အုပ်စုက လူတွေအားလုံး ချက်ချင်း မတ်တတ်ရပ်ရမယ်။ ပြီးရင် ချက်ချင်း ပြန်ထိုင်ရမယ်။ ဒီလိုပဲ သားနဲ့ သမီး အုပ်စုက လူတွေလည်း ကိုယ့်အုပ်စု နာမည်ကြားတိုင်း ချက်ချင်း မတ်တတ်ရပ်ပြီး ချက်ချင်း ပြန်ထိုင်ရမယ်"ဟု ပြောပါ။
- ကလေးများ သဘောပေါက်နားလည်မှု ရှိ၊ မရှိကိုသိရန် ဇာတ်လမ်းမှ စာကြောင်း (၂) ကြောင်းခန့်ကို ပြော၍ အစမ်းကစားကြည့်ပါ။
- ကလေးများ နားလည်ပြီဆိုပါက အောက်ပါဇာတ်လမ်းကို ပြီးဆုံးသည်အထိ ဖြည်းဖြည်းနှင့် မှန်မှန် ပြောပြပါ။ ကလေးများကလည်း သတ်မှတ်ထားသော အုပ်စုများအလိုက် ဆရာ ညွှန်ကြားထားသည့်အတိုင်း လိုက်၍လုပ်ဆောင်ကြပါစေ။

### မွေးနေ့ပွဲကျင်းပမည့် မိသားစု

တစ်ခါက မိသားစုတစ်ခု ရှိတယ်။ တစ်နေ့မှာ အဖေ ဖြစ်တဲ့သူက သားကို "သားရေ မင်းမွေးနေ့ ဘယ်နေ့လဲ"လို့ မေးတယ်။ အမေက "နောက်လမှလေ"လို့ ပြောတယ်။ သမီးဖြစ်သူက "သမီးမွေးနေ့က အရင်ရောက်မှာ"လို့ ပြောတယ်။ သားက "အဖေနဲ့ အမေက ငါ့ကို မွေးနေ့လုပ်ပေးမှာ"လို့ အစ်မဖြစ်သူကို ပြန်ပြောတယ်။ အစ်မက "အဖေနဲ့ အမေက သားရော သမီးပါ မွေးထားတာ၊ ငါ့ကိုလည်း လုပ်ပေးမှာပါ"လို့ ပြောတယ်။ "သားရော သမီးပါ အကုန်လုံးကို မွေးနေ့လုပ်ပေးချင်တယ်"လို့ အမေက ပြောတယ်။ အဲဒီအခါ အဖေဖြစ်သူက "အမေပြောတာ ဟုတ်တယ်။ သားနဲ့သမီးက မွေးနေ့ကျရင် ဘာလုပ်ချင်လဲ စဉ်းစားထားရမယ်" လို့ ပြောတယ်။ သားနဲ့ သမီးကလည်း "အဖေနဲ့ အမေကို အရင်ကန်တော့မယ်"လို့ ပြောလိုက်ကြတယ်။

- ကစားပွဲပြီးပါက ကလေးများနှင့် အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။
  - ကစားလိုက်ရတဲ့အတွက် စိတ်ထဲမှာ ဘယ်လို ခံစားရသလဲ။
  - ကစားနည်းထဲမှာ သားနဲ့သမီးဟာ မွေးနေ့မှာ အရင်ဆုံး ဘာလုပ်မယ်လို့ ပြောသလဲ။
  - ကလေးတို့ရော ကိုယ့်မွေးနေ့ရောက်ရင် အရင်ဆုံး ဘာလုပ်မလဲ။ (ကလေး (၃/၄) ဦးခန့် မေးပါ။)
  - နောက်ရော ကလေးတို့ ဘာတွေလုပ်ချင်သေးလဲ။ ဘာကြောင့် ဒီလို လုပ်ချင်တာလဲ။ (ကလေး (၄/၅) ဦးခန့်အား မေးပါ။)

| | |
|---|---|
| ◆ ဆရာက အောက်ပါအတိုင်း ပြော၍ စာသင်ချိန်ကို အဆုံးသတ်ပါ။ "တစ်နှစ်တစ်ခါ မွေးနေ့ရောက်တိုင်း ကိုယ် အသက်တစ်နှစ်ကြီးသွားပြီ ဆိုတာကို သတိထားရမယ်။ တစ်နှစ်လုံး အခြားအချိန်တွေမှာ ကုသိုလ်ကောင်းမှု မပြုဖြစ်ရင်တောင်မှ မွေးနေ့ရောက်တဲ့အခါ ကိုယ့်အတွက် ကောင်းကျိုးဖြစ်မယ့် ကုသိုလ်ရမယ့်အလုပ်မျိုးကိုပဲ ရွေးချယ်ပြီး လုပ်သင့်တယ်"။ | |

## သင်ခန်းစာ (၃၅)

သင်ခန်းစာခေါင်းစဉ် ။ ။ အစွဲအလန်း ကြီးလွန်းသူ
သင်ယူမှုဦးတည်ချက် ။ ။ အစွဲအလန်း ကြီးလွန်းလျှင် ဘေးဒုက္ခရောက်တတ်ကြောင်းသိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

<table>
<tr><th>သင်ယူမှုလုပ်ငန်းစဉ်</th><th>သတိပြုရန်အချက်များ</th></tr>
<tr><td>
❁ ကလေးများကို စက်ဝိုင်းပုံသဏ္ဍာန် ထိုင်စေပြီးနောက် မျက်လုံးမှိတ်၍ အောက်ပါအတိုင်း စဉ်းစားပါစေ။<br>
"သားတို့၊ သမီးတို့ ဒီအရွယ်ရောက်တဲ့အထိ ကိုယ်အရမ်းကြိုက်တဲ့၊ အရမ်းနှစ်သက်တဲ့ ပစ္စည်းတစ်ခုကို စဉ်းစားကြည့်ပါ။"<br>
❁ စဉ်းစားပြီးသောအခါ မျက်လုံးများ ပြန်ဖွင့်စေပြီး ၎င်းတို့စဉ်းစားထားသော ပစ္စည်းတစ်ခု အမည်ကို တစ်ဦးစီ ပြောပြပါစေ။ ကြိုက်နှစ်သက်ရသည့် အကြောင်းကိုပါ ပြောပြပါစေ။<br>
❁ ကလေးအားလုံး ပြောပြပြီးသောအခါ အောက်ပါမေးခွန်းများကို တစ်ခုပြီးတစ်ခု မေးပါ။ ကလေးများ၏ ထင်မြင်ချက်၊ ခံစားချက်များကို အသိအမှတ်ပြုပြီး ဆရာက ကလေးများနှင့် အပြန်အလှန် ဆွေးနွေးပေးပါ။<br>
- သားတို့၊ သမီးတို့ အရမ်းကြိုက်နှစ်သက်တဲ့ပစ္စည်းလေး ပျက်စီးသွားရင် ဒါမှမဟုတ် ပျောက်သွားရင် ဘယ်လိုခံစားရမလဲ။<br>
- အဲဒီအခါ သားတို့၊ သမီးတို့ ဘာလုပ်ကြမလဲ။<br>
- ဘယ်လောက်ထိအချိန်ကြာအောင် လုပ်မှာလဲ။<br>
- ဒီလိုလုပ်တာ ကြာလာရင် ဘာတွေ ဆက်ဖြစ်လာနိုင်မယ် ထင်သလဲ။<br>
- ငါ့ပစ္စည်း၊ ငါ့ဟာ စသည်ဖြင့် ဘယ်အရာကိုမဆို အစွဲအလန်းကြီးလွန်းတာ ကောင်းလား။<br>
- ဒါဆိုရင် အစွဲအလန်းကြီးလွန်းတဲ့သူ မဖြစ်အောင်၊ ကိုယ့်စိတ်ထဲမှာ ခံစားမှု သက်သာသွားအောင် ဘာလုပ်ကြမလဲ။<br>
❁ ထို့နောက် ဆရာက "လူတိုင်းဟာ ပစ္စည်းကိုပဲဖြစ်ဖြစ်၊ နေရာကိုပဲဖြစ်ဖြစ်၊ လူကိုပဲဖြစ်ဖြစ် စွဲလန်းတတ်ကြတယ်။ ဒါပေမဲ့ အလွန်အကျွံ အစွဲအလန်းကြီးတာမျိုးဖြစ်ခဲ့ရင် ကိုယ့်ရဲ့စိတ်ကို ထိခိုက်စေနိုင်တယ်။ စိတ်ထိခိုက်မှုတွေများလာရင် ကိုယ်ခန္ဓာ ကျန်းမာရေးကိုလည်း ထိခိုက်လာနိုင်တယ်။ တစ်ခါတလေမှာ အစွဲအလန်းကြီးလွန်းလို့ ကိုယ့်ရဲ့အသက်အန္တရာယ်ကိုတောင် ထိခိုက်တာမျိုးတွေ ကြုံနိုင်တယ်။ ဒါ့ကြောင့် အစွဲအလန်းကြီးလွန်းတဲ့သူ မဖြစ်ဖို့လိုတယ်" စသည်ဖြင့် ရှင်းပြပေးပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။
</td><td>
ဘယ်လိုမှ မခံစားရဟု ဖြေသူများရှိရင်လည်း အဘယ်ကြောင့်မခံစားရကြောင်းကို မေးပါ။<br><br>
စကားပြောနည်းသော ကလေးများ ပြောလာစေရန် ဆရာက တိုက်တွန်းအားပေးပါ။
</td></tr>
</table>

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ အစွဲအလန်းကြီးလွန်းသောလိပ် ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|

- "အစွဲအလန်းကြီးလွန်းလို့ ဒုက္ခရောက်သွားရတဲ့ လိပ်တစ်ကောင်အကြောင်းကို ပြောပြမယ်"ဟု အစပျိုး၍ အောက်ပါဇာတ်လမ်းကို ရုပ်ပုံများနှင့်တကွ စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောပြပါ။

## အစွဲအလန်းကြီးလွန်းသောလိပ်

ဟိုးရှေးရှေးတုန်းက မြစ်တစ်ခုအနားက ရေကန်ကြီးတစ်ကန်မှာ လိပ်ကြီးတစ်ကောင် ရှိပါတယ်။ မိုးများတဲ့နှစ်တွေမှာ မြစ်နဲ့ရေကန်ကြီးဟာ တစ်ဆက်တည်း ဖြစ်သွားပေမဲ့ မိုးနည်းတဲ့နှစ်တွေမှာ မြစ်နဲ့ရေကန်ကြီးဟာ တခြားစီ ဖြစ်သွားလေ့ရှိတယ်။ ငါးနဲ့လိပ်တွေဟာ တခြားသတ္တဝါတွေလို မိုးများမယ့်နှစ်၊ မိုးနည်းမယ့်နှစ်တွေကို သဘာဝအရ အလိုလို သိကြတယ်။

မိုးခေါင်ပြီး ခြောက်သွေ့မယ့်နှစ်ကို ကြိုတင်သိရှိနေကြတဲ့ ရေကန်ကြီးထဲက ငါးနဲ့ လိပ်တွေဟာ ရေကန်ကြီးမှာ ရေခန်းသွားရင် အသက်သေကြမှာကို သိကြတဲ့အတွက် ကန်ကြီးထဲကနေ မြစ်ထဲကို ကူးပြောင်းသွားကြတယ်။ ဒါပေမဲ့ နေရာဒေသကို အစွဲအလန်းကြီးလွန်းတဲ့ လိပ်ကြီးကတော့ "ငါ့ကို ဒီကန်ကြီးထဲမှာ မွေးတယ်။ ငါ့ကိုမွေးတဲ့ မိဘတွေကလည်း ဒီကန်ကြီးထဲမှာပဲ နေသွားခဲ့ကြတယ်။ ဒီကန်ကြီးဟာ ငါ့နေရာဖြစ်တယ်။ ဒီနေရာကနေ ဘယ်ကိုမှ မသွားနိုင်ဘူး၊ ဒီကန်ကြီးထဲမှာပဲနေမယ်" ဆိုပြီး ရေကန်ကြီးထဲကနေ ဘယ်မှမသွားခဲ့ဘူး။ တခြားငါးနဲ့ လိပ်တွေကတော့ အန္တရာယ်ကင်းတဲ့ မြစ်အတွင်းကို ထွက်ခွာသွားခဲ့ကြတယ်။

နွေဥတုရောက်တဲ့အခါ ရေကန်ကြီးကလည်း တဖြည်းဖြည်း ခန်းခြောက်လာခဲ့တယ်။ လိပ်ကြီးဟာ စိုးရိမ်မှုမရှိဘဲ သူ့ခန္ဓာကိုယ်ကြီးကို ရွှံ့ညွန်ထဲ နစ်ထားလိုက်တယ်။ အဲဒီနွေရာသီအတွင်းမှာ အိုးလုပ်သားတွေဟာ ရွှံ့ညွန်တူးဖို့ ရေကန်ကြီးကို ရောက်လာခဲ့တယ်။ သူတို့ဟာ ပေါက်တူးနဲ့ ရွှံ့ညွန်တွေကို တူးပြီး ယူတယ်။ တချို့နေရာမှာ ရွှံ့တွေက အတော်လေး မာနေတာ တွေ့ရတော့ ပေါက်တူးကို အားနဲ့လွှဲပြီး ပေါက်ကြတယ်။ သူတို့ ပေါက်လိုက်တဲ့ နေရာက လိပ်ကြီးဝပ်နေတဲ့နေရာ ဖြစ်နေတော့ လိပ်ကြီးကိုယ်ကို ပေါက်တူးနဲ့ ပေါက်လိုက်မိသွားတယ်။

အိုးလုပ်သမားတွေက ပေါက်တူးကို ကော်လိုက်တော့ တဆတ်ဆတ်ခါပြီး အပြင်းအထန် နာကျင်နေတဲ့လိပ်ကို အံ့သြစွာနဲ့ တွေ့လိုက်ကြရတယ်။ လိပ်ကြီးဟာ "အန္တရာယ်ဖြစ်မှာကို သိရက်နဲ့ မစွဲလန်းသင့်တဲ့ နေရာဒေသကို စွဲလန်းမိတဲ့အတွက် အသက် ဆုံးရှုံးရတော့မှာပါလား"လို့ ညည်းတွားရင်းနဲ့ သေဆုံးသွားခဲ့ပါတော့တယ်။

မှီငြမ်း ။ ။ ကစ္ဆပဇာတ်၊ ပုံတော်စုံ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ ဒုတိယတွဲ၊ ၂၇၇၊ ဇာ၊ ၌၊ ၂၊ ၇၂၊

- အောက်ပါမေးခွန်းများ မေးပါ။
  - ငါး၊ လိပ်တို့ဟာ ရာသီဥတု အပြောင်းအလဲကို သိကြသလား။ ဘယ်လိုသိကြသလဲ။
  - မိုးခေါင်မယ်မှန်းကို သိကြတဲ့ လိပ်တွေ၊ ငါးတွေက ဘာလုပ်ကြသလဲ။
  - ရေကန်ထဲမှာ ဘယ်သူ ကျန်နေခဲ့လဲ။
  - အဲဒီလိပ်က ဘာကြောင့် ရေကန်ထဲမှာ ကျန်နေခဲ့ရတာလဲ။
  - လိပ်ကြီးဟာ နောက်ဆုံးမှာ ဘာဖြစ်သွားလဲ။ ဘာကြောင့်လဲ။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ အစွဲအလန်းကြီးလွန်းသောလိပ် ဇာတ်လမ်းပါ သရုပ်ဖော်ပုံများ၊ စာရွက်၊ ရောင်စုံခဲတံများ။

<table>
<tr><th>သင်ယူမှုလုပ်ငန်းစဉ်</th><th>သတိပြုရန်အချက်များ</th></tr>
<tr><td>
<ul>
<li>ကလေး (၃) ဦးခန့်က ရုပ်ပုံများကို အသုံးပြု၍ ဇာတ်လမ်းကို မှတ်မိသလို ပြောပြပါစေ။</li>
<li>ကလေးတစ်ဦး ပြောပြီးတိုင်း လက်ခုပ်တီး၍ အားပေးပါ။</li>
<li>ထို့နောက် ကလေးများအား မိမိတွင်ရှိသော၊ မိမိအလွန်ကြိုက်နှစ်သက်သော ပစ္စည်းတစ်ခု သို့မဟုတ် မိမိအလွန်ချစ်သော တိရစ္ဆာန်လေးတစ်ကောင်၏ပုံကိုဆွဲ၍ ဆေးရောင်ခြယ်ကြပါစေ။ ထိုပစ္စည်း သို့မဟုတ် ထိုတိရစ္ဆာန်အား အဘယ်ကြောင့် အလွန်ကြိုက်နှစ်သက်ရသည်ကို စဉ်းစားပါစေ။</li>
<li>ကလေးတစ်ဦးစီက အလှည့်ကျ ပြောပြပါစေ။</li>
<li>မိမိအလွန်နှစ်သက်သော ပစ္စည်း သို့မဟုတ် တိရစ္ဆာန်လေး ပျောက်ဆုံးပျက်စီးသွားပါက မည်သို့ဖြစ်မည်၊ မည်သို့ပြုလုပ်မည်ကို ဆက်၍ စဉ်းစားကြပါစေ။</li>
<li>ကလေးတစ်ဦးစီက အလှည့်ကျ ပြောပြပါစေ။</li>
<li>နောက်ဆုံးတွင် ဆရာက "အစွဲအလန်းကြီးလွန်းခြင်းဟာ စိတ်ရောကိုယ်ပါ ပင်ပန်းဆင်းရဲစေတယ်။ ဒါ့ကြောင့် ဘယ်သူမဆို မိမိ၏ အစွဲအလန်းကြီးမှုကြောင့် ဆက်ပြီးဖြစ်လာနိုင်တဲ့ အကျိုးဆက်များကို ကြိုတင်စဉ်းစားရမယ်။ အလွန်အကျွံ မစွဲလန်းမိအောင်လည်း မိမိစိတ်ကို ထိန်းရမယ်" စသည်ဖြင့် ပြောကြားပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။</li>
</ul>
</td><td></td></tr>
</table>

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ စကားလုံးကတ်ပြားများ။

<table>
<tr><th>သင်ယူမှုလုပ်ငန်းစဉ်</th><th>သတိပြုရန်အချက်များ</th></tr>
<tr><td>
<ul><li>အောက်ပါ နမူနာပြပေးထားသော စကားလုံးစီ ကစားနည်းကို ကစားကြပါစေ။</li></ul>
<table>
<tr><td>ဥပမာ (၁)</td><td>အစွဲ</td><td>အလန်း</td><td>ကြီးလွန်းလျှင်</td><td>ဘေးဒုက္ခ</td><td>ရောက်တတ်သည်</td></tr>
<tr><td>ဥပမာ (၂)</td><td>အစွဲအလန်း</td><td>ကြီးလွန်းလျှင်</td><td>စိတ်ရောကိုယ်ပါ</td><td>ပင်ပန်း</td><td>ဆင်းရဲစေသည်</td></tr>
<tr><td>ဥပမာ (၃)</td><td>အခြေအနေပေါ်</td><td>မူတည်၍</td><td>မိမိစိတ်ကို</td><td>ပြောင်းလဲ</td><td>ပြုမူတတ်ရမည်</td></tr>
<tr><td>ဥပမာ (၄)</td><td>မိမိ၏</td><td>ပိုင်ဆိုင်မှုများကို</td><td>အလွန်အကျွံ</td><td>စွဲလန်းမှု</td><td>မဖြစ်စေရ</td></tr>
<tr><td>ဥပမာ (၅)</td><td>အစွဲ</td><td>အလန်း</td><td>ကြီးလွန်းသော</td><td>စိတ်ကို</td><td>ထိန်းချုပ်ရမည်</td></tr>
</table>
</td><td>သင့်လျော်သလို ဆရာက ထပ်မံ ဖြည့်စွက်နိုင်ပါသည်။</td></tr>
</table>

| | |
|---|---|
| ❁ ကလေးများအား အုပ်စုဖွဲ့ပါ။ အုပ်စုတစ်စုလျှင် (၅) ဦး ထားပေးပါ။<br>❁ ပထမဦးစွာ စကားလုံးကတ်ပြားများကို သင်ပုန်းပေါ်တွင် ကလေးများ မြင်သာအောင် ကပ်ပေးထားရမည်။ ကလေးများ ကတ်ပြားပါ စာတန်းများကို အော်ဖတ်ကြပါစေ။ ပြီးနောက် ကတ်ပြားများကို ပြန်ခွာပါ။<br>❁ အုပ်စုအားလုံး တပြိုင်နက် ဆော့ကစားကြပါစေ။<br>❁ ပထမဦးစွာ အုပ်စုဝင်များအားလုံး ရှေ့နောက်တန်း၍ မတ်တတ်ရပ်နေကြပါစေ။<br>❁ စကားလုံးကတ်ပြားများကို အစဉ်လိုက်မဟုတ်ဘဲ အုပ်စုတိုင်း၏ရှေ့တွင် ချထားရပါမည်။<br>❁ ရှေ့ဆုံးမှကလေးတစ်ယောက်က ကတ်ပြားတစ်ခုကို ယူ၍ သတ်မှတ်ထားသောနေရာသို့ ပြေးကာ သွားကပ်ရပါမည်။<br>❁ ထို့နောက် ဒုတိယနေရာရှိကလေးက နောက်ကတ်ပြားတစ်ခုကို ယူ၍ ကပ်ရပါမည်။ ဤသို့ဖြင့် တတိယကလေး၊ စတုတ္ထကလေး စသည်ဖြင့် ကပ်ရပါမည်။<br>❁ ထို့နောက် ဆရာက စကားလုံးစီထားမှု မှန်၊ မမှန် စစ်ရပါမည်။<br>❁ စကားလုံးစီမှုတွင် မှန်ကန်ပြီး အရင်ပြီးသောအုပ်စုကို အနိုင်ပေးရမည်။<br>❁ ကစားပြီးလျှင် သင်ခန်းစာပါ အကြောင်းအရာများကို ပြန်လည် အနှစ်ချုပ်ပြောပြပြီး အောက်ပါမေးခွန်းများကို မေးပါ။<br>- အစွဲအလန်းကြီးလွန်းတာ ကောင်းသလား။ ဘာကြောင့်လဲ။<br>- အစွဲအလန်းကြီးလွန်းသူ မဖြစ်အောင် ဘာလုပ်ရမလဲ။<br>- အစွဲအလန်းကြီးလွန်းတဲ့စိတ်ကို ဘယ်လို ကျော်လွှားဖြေဖျောက်မလဲ။ | တစ်ခေါက်သာ ဖတ်ရမည်။ |

## သင်ခန်းစာ (၃၆)

သင်ခန်းစာခေါင်းစဉ် ။ ။ ဘယ်လိုလူမျိုး ဖြစ်ချင်သလဲ
သင်ယူမှုဦးတည်ချက် ။ ။ ပညာရှိခြင်းနှင့် ပညာမဲ့ခြင်း၏ အကျိုးရှိပုံ၊ အကျိုးမဲ့ပုံတို့ကို ခွဲခြားသိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ပေါင်းသင်းဆက်ဆံရေး မင်္ဂလာကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ မင်္ဂလာသင်ခန်းစာများတွင် သင်ပေးထားသော အောက်ပါကဗျာကို ဟန်အမူအရာဖြင့် ပြိုင်တူရွတ်ဆိုပါ။<br>**ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ**<br>လူမိုက်ဆိုရင် ရှောင်သွေလွှဲလို့၊<br>မမှီဝဲနဲ့ ကင်းအောင်နေ။<br>ပညာရှိကို အရည်တွဲလို့၊<br>မှီဝဲဆည်းကပ် နည်းယူစေ။<br>သုံးပါးရတနာ မိဘများနှင့်၊<br>ဆရာသမားကို ပူဇော်လေ။<br>ချမ်းသာကိုပေး ဆက်ဆံရေး၊<br>မျှော်တွေးသုံးချက်ပေ။<br>အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။ ။<br>❁ ကဗျာရွတ်ဆိုပြီးသောအခါ အောက်ပါမေးခွန်းများဖြင့် ဆွေးနွေးပါ။<br>- လူမိုက်ဆိုတာ ဘယ်လိုလူမျိုးလဲ။<br>- ဘာကြောင့် လူမိုက်ကိုမပေါင်းနဲ့လို့ ပြောတယ်လို့ ထင်သလဲ။<br>❁ ထို့နောက် ဆရာက အောက်ပါအတိုင်း ရှင်းပြပါ။<br>"လူမိုက်ဆိုတာ အရာရာမှာ စဉ်းစားချင့်ချိန်နိုင်တဲ့ ဉာဏ်ပညာမရှိတဲ့အတွက်ကြောင့် မိမိကိုယ်တိုင်နဲ့ အခြားသူတွေအတွက် ပျက်စီးဆုံးရှုံးမှုတွေကိုပဲ ဖြစ်စေတတ်သူဖြစ်တယ်"။<br>❁ အောက်ပါမေးခွန်းများဖြင့် ဆက်၍ ဆွေးနွေးပါ။<br>- ပညာရှိဆိုတာ ဘယ်လိုလူမျိုးလဲ။<br>- ဘာကြောင့် ပညာရှိကို အတုယူခိုင်းတယ်လို့ ထင်သလဲ။<br>❁ ဆရာက အောက်ပါအတိုင်း ရှင်းပြပါ။<br>"ပညာရှိဆိုတာ အရာရာကို စဉ်းစားချင့်ချိန်နိုင်တဲ့ ဉာဏ်ပညာရှိတာကြောင့် မိမိကိုယ်တိုင်နဲ့ အခြားသူများရဲ့ကောင်းကျိုးကို လုပ်ဆောင်ပေးနိုင်သူ၊ ကောင်းကျိုးလုပ်ဆောင်နိုင်ရန် ညွှန်ပြပေးနိုင်သူဖြစ်တယ်"။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ပျိုးပင်ရေလောင်းသော မျောက်များ ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • ဆရာက ဇာတ်လမ်းကို အဖြတ်အတောက် မှန်မှန်နှင့် ကလေးများ စိတ်ဝင်စားလာအောင် အသံနေအသံထားဖြင့် ပြောပြပေးပါ။<br><br>**ပျိုးပင်ရေလောင်းသော မျောက်များ**<br>ဟိုးရှေးရှေးတုန်းက ဘုရင်ကြီးတစ်ပါးမှာ လှပသာယာတဲ့ ဥယျာဉ်ကြီးတစ်ခု ရှိပါတယ်။ အဲဒီဥယျာဉ်ကြီးကို ပန်းစိုက်ပျိုးရတာ၊ ဥယျာဉ်ထိန်းသိမ်းရတာ ဝါသနာပါတဲ့ ဥယျာဉ်မှူးတစ်ယောက်က ပြုစုစောင့်ရှောက်နေတယ်။ အဲဒီဥယျာဉ်ကြီးထဲမှာ မျောက်အုပ်တစ်အုပ်လည်း ရှိတယ်။ ဥယျာဉ်ကြီးက သာယာလှပတော့ မျောက်တွေကလည်း အလွန်ပျော်ပါးကြတယ်။ ဥယျာဉ်မှူးနဲ့လည်း ရင်းနှီးနေကြတယ်။ တစ်နေ့မှာတော့ မြို့ထဲမှာ မြို့သူ၊ မြို့သားအားလုံးဟာ ပျော်ပွဲရွှင်ပွဲတွေ ကျင်းပနေကြတယ်။ ဥယျာဉ်မှူးကလည်း အလွန်စည်ကားပြီး ပျော်ရွှင်ဖွယ်ကောင်းတဲ့ပွဲကို သွားရောက်လည်ပတ်ချင်တယ်။<br>ဥယျာဉ်မှူးဟာ ဥယျာဉ်ထဲက သစ်ပင်ပန်းပင်တွေကို နေ့တိုင်း ရေလောင်းပေးနိုင်သူရှိရင် ပျော်ပွဲရွှင်ပွဲသို့ သွားရောက်နိုင်တယ်လို့ သိမြင်ထားတယ်။ ဒါကြောင့် ဥယျာဉ်မှူးက အကြံရသွားပြီး မျောက်ခေါင်းဆောင်ကို ချဉ်းကပ်ကာ သူ့ကို ကူညီပေးဖို့ အကူအညီတောင်းလိုက်တယ်။ ဥယျာဉ်မှူးက "မျောက်ခေါင်းဆောင်ကြီး ... ကျွန်ုပ် ပွဲတော်သွားချင်လို့ အပင်ငယ်တွေကို ရေလောင်းပေးနိုင်မလား"လို့ မေးလိုက်တယ်။ အဲဒီအခါ မျောက်ခေါင်းဆောင်က "စိတ်ချပါ။ ကျွန်ုပ်တို့ မျောက်အဖွဲ့သားတွေ ရေးလောင်းပေးပါ့မယ်"လို့ ဖြေလိုက်တယ်။ ဥယျာဉ်မှူးဟာ စိတ်လက်ပေါ့ပါးစွာနဲ့ မျောက်တွေကို ရေပုံးတစ်ခုစီပေးပြီး ပျော်ပွဲရွှင်ပွဲသို့ ပျော်ပျော်ရွှင်ရွှင် ထွက်ခွာသွားပါတယ်။<br><br>• ဆရာက ဇာတ်လမ်းကို ခဏရပ်၍ "မျောက်တွေ ဘာလုပ်မယ်ထင်သလဲ"ဟု မေးပါ။ ကလေးများ၏အဖြေကို နားထောင်ပြီး "ကလေးတို့ထင်တာ ဟုတ်၊ မဟုတ် သိရအောင် ဇာတ်လမ်းကို ဆက်နားထောင်ကြမယ်"ဟု ပြောကာ ဇာတ်လမ်းကို ဆက်ပြောပါ။<br><br>မျောက်တွေဟာ ပေးထားတဲ့ ရေပုံးတွေနဲ့ ပန်းပင်တွေကို ရေလောင်းကြတယ်။ မျောက်ခေါင်းဆောင်က လိုက်ပြီးကြီးကြပ်ပေးတယ်။ "အလုပ်ကို သေသေချာချာ လုပ်ကြ။ ရေတွေကိုလည်း အလဟဿ မဖြစ်စေနဲ့"လို့ ပါးစပ်က ပြောနေတယ်။ မျောက်တွေဟာ သူတို့စိတ်ကြိုက် ဆော့ကစားရင်း ရေလောင်းကြတော့ ရေတွေဟာ ဟိုတစ်ကွက်ဒီတစ်ကွက် ကြည့်မကောင်းအောင် ဖြစ်နေတယ်။ ခေါင်းဆောင်မျောက်က အဲဒါတွေကြည့်ပြီး ရေလောင်းတာ စနစ်မကျဘူးဆိုပြီး မျောက်တွေအားလုံးကို ခေါ်လိုက်တယ်။ ရေတွေ အလဟဿ မဖြစ်စေဖို့အတွက် သူ့မှာအကြံတစ်ခုရှိကြောင်း မျောက်တွေကို ပြောလိုက်တယ်။<br><br>• ဆရာက ဇာတ်လမ်းကို ခဏရပ်၍ "ဘာအကြံဖြစ်မယ် ထင်လဲ"ဟု မေးပါ။ ကလေးများ၏ အဖြေကို နားထောင်ပြီး "ကလေးတို့ထင်တာ ဟုတ်၊ မဟုတ် သိရအောင် ဇာတ်လမ်းကို ဆက်နားထောင်ကြမယ်"ဟု ပြောကာ ဇာတ်လမ်းကို ဆက်ပြောပါ။ | |

ခေါင်းဆောင်မျောက်ဟာ "အို ... မျောက်အပေါင်းတို့ ... သင်တို့ဟာ ရေတွေကို အလဟဿဖြစ်အောင် ဖြုန်းတီးပစ်ကြတယ်။ ဒါကြောင့် ကျွန်ုပ် အကြံတစ်ခုရတယ်။ သင်တို့ သစ်ပင်တွေကို ရေမလောင်းခင် အရင်ဆုံး နုတ်ယူကြည့်ကြပါ။ အမြစ်က သေးသေးလေး ဆိုရင် ရေကို နည်းနည်းပဲလောင်းပါ။ အမြစ်ကြီးကြီးဆိုရင် ရေကို များများလောင်းပါ" ဆိုပြီး ညွှန်ကြားလိုက်တယ်။

- ဆရာက ဇာတ်လမ်းကို ခဏရပ်၍ "ခေါင်းဆောင်မျောက်ပြောတာ မှန်လား၊ မှားလား။ ဘယ်လိုထင်လဲ။ ဘာကြောင့်လဲ"ဟု မေးပါ။ ထို့နောက် ဇာတ်လမ်းကို ဆက်ပြောပါ။

မျောက်တွေကလည်း ခေါင်းဆောင်ပြောတဲ့အတိုင်း သစ်ပင်တွေကို အမြစ်ကနုတ်ပြီး ရေလောင်းကြတာမို့ ဉယျာဉ်တစ်ခုလုံးမှာရှိတဲ့ သစ်ပင်တွေ ပျက်စီးဆုံးရှုံးသွားရတယ်။ ဉယျာဉ်မှူးဟာ အသိပညာဗဟုသုတမရှိတဲ့ မျောက်တွေကို အားကိုးမိတဲ့အတွက် ဉယျာဉ်တစ်ခုလုံး ပျက်စီးဆုံးရှုံးသွားခဲ့ရပါတော့တယ်။

မှီငြမ်း။ ။ အာရာမဒူသကဇာတ်၊ ပုံတော်စုံ ငါးရာ့ငါးဆယ်ဇာတ်တော်ကြီး၊ ပထမတွဲ၊ ၂၀၂၊ ဇာ၊ ၄၊ ၁၊ ၂၆၇၊

- ဇာတ်လမ်းပြောပြီးသောအခါ အောက်ပါမေးခွန်းများကို မေးပါ။
    - အပင်ရေလောင်းတဲ့မျောက်တွေကို ပညာရှိလို့ ပြောမလား။ ပညာမဲ့လို့ ပြောမလား။ ဘာကြောင့်လဲ။
    - ကလေးတို့သာ မျောက်ခေါင်းဆောင်ကြီး ဖြစ်မယ်ဆိုရင် အပင်တွေကို ရေလောင်းဖို့ တာဝန်ယူမလား။ ဘာကြောင့်လဲ။
    - တကယ်လို့ ရေလောင်းဖို့ တာဝန်ယူခဲ့မယ်ဆိုရင် ဘာလုပ်ရမလဲ။
    - ပညာမဲ့သူ ပြောတဲ့အတိုင်း လုပ်ရင် ဘာဖြစ်နိုင်သလဲ။
    - ဒီဇာတ်လမ်းမှာ ဘာတွေဆက်ဖြစ်မယ်လို့ ထင်သလဲ။

- ထို့နောက် အောက်ပါအတိုင်း ဆရာက ရှင်းပြပါ။

    မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ မိမိ၏လုပ်ဆောင်မှုကြောင့် ဖြစ်လာနိုင်သောအကျိုးဆက်ကို ကြိုတင်စဉ်းစားဆင်ခြင်မှုမရှိဘဲ ခိုင်းသမျှကို လိုက်လုပ်နေသောသူများသည် မိမိကိုယ်တိုင်နှင့် အခြားသူများကို ထိခိုက်နစ်နာမှုများ ဖြစ်စေသည်။ ထိုသို့ ပြုလုပ်ခြင်းသည် မိုက်မဲသောသူများ၏ လုပ်ရပ်များ ဖြစ်ကြသည်။

    အကယ်၍ မိမိ မကျွမ်းကျင်သော အလုပ်တစ်ခုကို တာဝန်ယူလုပ်ဆောင်ရမည် ဆိုလျှင် အလုပ်၏အကြောင်းကို ပြည့်စုံစွာမသိပါက သေချာစွာလေ့လာမေးမြန်း၍ လုပ်ဆောင်သင့်သည်။ မိမိ၏လုပ်ဆောင်မှုကြောင့် ဖြစ်လာနိုင်သော အကျိုးဆက် (မိမိနှင့် တခြားသူများ ထိခိုက်နစ်နာမှု) ကိုလည်း သေချာစွာ စဉ်းစားပြီးမှ ဆုံးဖြတ်လုပ်ဆောင်ရမည်။ ထိုသို့ပြုလုပ်ခြင်းသည် ပညာရှိသောသူတို့၏ လုပ်ရပ်များပင် ဖြစ်သည်။

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ အောက်ပါအတိုင်း ဇယားကွက်တစ်ခုကို သင်ပုန်းတွင် ရေးဆွဲထားပါ။<br><br>(ဇယား - ပညာရှိခြင်း / ပညာမဲ့ခြင်း)<br><br>❁ ပညာရှိခြင်းနှင့် ပညာမဲ့ခြင်း၏ ကောင်းကျိုးများ၊ ဆိုးကျိုးများကို အုပ်စုဖွဲ့ပေးပြီး ဆွေးနွေးပါစေ။<br>❁ အားလုံးဆွေးနွေးပြီးလျှင် အုပ်စုတစ်စုကို တစ်ချက်စီ အလှည့်ကျပြောခိုင်းပါ။<br>❁ အုပ်စုလိုက် ပြန်လည်ဖြေကြားမှုများကို ဆရာက အသိအမှတ်ပြုသည့်အနေဖြင့် သင်ပုန်းပေါ်တွင် လိုက်ရေးပေးရပါမည်။<br>❁ ကလေးများ ဖြေကြားပေးသော အချက်အလက်များပေါ်မူတည်၍ ဆရာက လိုအပ်သလို ဖြည့်စွက်အနှစ်ချုပ်ပေးပါ။ | |

| ပညာရှိခြင်း | ပညာမဲ့ခြင်း |
|---|---|
| | |
| | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ပေါင်းသင်းဆက်ဆံရေး မင်္ဂလာကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ကလေးများအား အောက်ပါမေးခွန်းများကို မေးပါ။<br>- မိုက်မဲတဲ့လူနဲ့ ပညာရှိတဲ့လူ (၂) မျိုးမှာ ဘယ်လိုလူမျိုး ဖြစ်ချင်သလဲ။<br>- ကိုယ်ဖြစ်ချင်တဲ့လူမျိုးဖြစ်အောင် ဘာတွေလုပ်ရမလဲ။ (ကလေးများ ပြုလုပ်နိုင်သော အဖြေအမျိုးမျိုးရအောင်မေး၍ သင်ပုန်းပေါ်တွင် ရေးပေးပါ။)<br>❁ ဆရာက ဖြည့်စွက်ရှင်းပြပါ။<br>"တစ်ခုခုလုပ်တော့မယ်ဆိုရင် ကိုယ်ကိုယ်တိုင် လုပ်နိုင်၊ မလုပ်နိုင်ကို အရင်ဆုံး စဉ်းစားရမယ်။ ကိုယ်လုပ်နိုင်တဲ့အလုပ် ဖြစ်မယ်ဆိုရင် ကိုယ်လုပ်မယ့်အလုပ်ဟာ ကိုယ်နဲ့တခြားသူတွေအပေါ်မှာ အကျိုးရှိနိုင်၊ မရှိနိုင်နဲ့ ထိခိုက်နစ်နာမှု ရှိနိုင်၊ မရှိနိုင်ကို သေသေချာချာ စဉ်းစားပြီးမှ ရွေးချယ်လုပ်ဆောင်သင့်တယ်။ ဒီလို စဉ်းစားရွေးချယ်တတ်ဖို့၊ အမှားအမှန် ခွဲခြားတတ်ဖို့အတွက် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတွေရဲ့ ဆုံးမဩဝါဒ်ကြားမှုတွေကိုလည်း နားထောင်ရမယ်။ ပညာတတ်အောင်လည်း ကြိုးစားရမယ်။ ပြင်ပဗဟုသုတရမယ့် စာပေတွေကိုလည်း ဖတ်ရှုလေ့လာဖို့ လိုတယ်"။<br>❁ စာသင်ချိန် (၁) တွင် ရွတ်ဆိုခဲ့သော ပေါင်းသင်းဆက်ဆံရေးမင်္ဂလာကဗျာကို ကလေးများအားလုံး ပြိုင်တူရွတ်ဆို၍ စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

## သင်ခန်းစာ (၃၇)

သင်ခန်းစာခေါင်းစဉ် ။ ။ မိုက်မဲသော သား
သင်ယူမှုဦးတည်ချက် ။ ။ ပညာမတတ်လျှင် စဉ်းစားတွေးခေါ်မှုအားနည်းပြီးအမှားများစွာပြုလုပ်မိတတ်ကြောင်း သိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
| --- | --- |
| ● ကလေးများအား သင့်လျော်သလို အုပ်စုဖွဲ့ပြီး အောက်ပါမေးခွန်းကို အုပ်စုလိုက် ဆွေးနွေး ဖြေဆိုကြပါစေ။<br>- ဖြတ်ကူးနေကျ ပေါင်လယ်လောက်မြုပ်တဲ့ ချောင်းတစ်ခုကို ဖြတ်ကူးကာနီး ပုံမှန်ထက် ရေစီးသန်နေတာတွေ့ရင် ဘာလုပ်ကြမလဲ။<br>● ကလေးများ ဖြေဆိုရာတွင် အောက်ပါအဖြေများ မပါလျှင် ဆရာက "ဘာဖြစ်လို့ ခါတိုင်းလို ရေထဲဖြတ်မကူးရတာလဲ" စသည်ဖြင့် ဖြည့်စွက်မေးပေးရမည်။<br>(၁) ခါတိုင်းလိုပဲ ရေထဲဖြတ်ကူးမယ်<br>(၂) ခဏစောင့်နေမယ်<br>(၃) လှေနဲ့ ကူးမယ်<br>(၄) သင်္ဘောနဲ့ ကူးမယ်<br>● ထို့နောက် ဆက်လက်၍ အောက်ပါမေးခွန်းကို အုပ်စုလိုက် ဆွေးနွေးဖြေဆိုကြပါစေ။<br>- အိမ်မှာမွေးထားတဲ့ ကြောင်ကလေးကို ချစ်လို့စချင်တယ်။ ဘယ်လို စကြမလဲ။<br>● ကလေးများ ဖြေဆိုရာတွင် အောက်ပါအဖြေများ မပါလျှင် ဆရာက "ဘာဖြစ်လို့ လက်နဲ့ ရိုက်ပြီး မစတာလဲ" စသည်ဖြင့် ဖြည့်စွက်မေးပေးရမည်။<br>(၁) လက်နဲ့ ရိုက်မယ်<br>(၂) တုတ်နဲ့ ရိုက်မယ်<br>(၃) တူနဲ့ ထုမယ်<br>(၄) ခြေနဲ့ ကန်မယ်<br>● ဆက်လက်၍ အောက်ပါနောက်ဆုံးမေးခွန်းကို အုပ်စုလိုက် ဆွေးနွေးဖြေဆိုကြပါစေ။<br>- ကြည့်မှန်ပေါ်မှာ အိမ်မြှောင်တစ်ကောင် ကပ်နေတာကိုတွေ့ရင် ဘယ်လိုဖယ်ရှားမလဲ။<br>● ကလေးများ ဖြေဆိုရာတွင် အောက်ပါအဖြေများ မပါလျှင် ဆရာက "ဘာလို့ လက်နဲ့ ကိုင်ပြီး မဖယ်တာလဲ" စသည်ဖြင့် ဖြည့်စွက်မေးပေးရမည်။<br>(၁) လက်နဲ့ကိုင်ပြီး ဖယ်ပစ်မယ်<br>(၂) လောက်စလုံးနဲ့ ပစ်လိုက်မယ် | |

| | |
|---|---|
| (၃) လက်ခုပ်တီးပြီး ခြောက်လှန့်မယ်<br>(၄) ခဲနဲ့ပေါက်လိုက်မယ်<br>● ကလေးများနှင့် အပြန်အလှန်ဆွေးနွေးပြီးနောက် အရာရာကို စဉ်းစားပြီးမှ အမှားအမှန် ရွေးချယ်ဆုံးဖြတ်ဆောင်ရွက်ခြင်းသည် အမှားနည်းကြောင်း၊ ထိုသို့ မှန်မှန်ကန်ကန် စဉ်းစားနိုင်ရန်အတွက် ပညာတတ်ရန်လိုကြောင်း၊ ပညာမရှိလျှင် စဉ်းစားဆင်ခြင်နိုင်စွမ်း နည်းပြီး အမှားများနှင့်သာ ကြုံတွေ့ရတတ်ကြောင်း စသည်ဖြင့် ရှင်းပြပါ။ | |

စာသင်ချိန် (၂) ॥ ॥ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ॥ ॥ မိုက်မဲသော သား ဇာတ်လမ်းနှင့် ဇာတ်လမ်းသရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ● အောက်ပါ မိုက်မဲသော သား ဇာတ်လမ်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောပြပါ။<br><br>**မိုက်မဲသော သား**<br>တစ်ခါက ရွာတစ်ရွာမှာ လက်သမားသားအဖနှစ်ယောက် ရှိတယ်။ သားဖြစ်တဲ့သူဟာ စာသင်လို့မရအောင် ဉာဏ်ရည်ချို့တဲ့နေတဲ့အတွက် ဖခင်လက်သမားကြီးလည်း စိတ်မကောင်း ဖြစ်နေရတယ်။<br>တစ်နေ့မှာ ဖခင်လက်သမားကြီးဟာ တံခါးလုပ်ဖို့အတွက် သစ်သားချောင်းတွေ ဖြတ်နေတုန်း သူ့နဖူးကို ခြင်ကိုက်နေတယ်။ လက်မအားတဲ့ဖခင်ကြီးက သားဖြစ်သူကို "သားရေ … အဖေ့နဖူးမှာ ခြင်ကိုက်နေလို့ လာမောင်းပေးစမ်းပါ"လို့ ပြောလိုက်တယ်။<br>● ဇာတ်လမ်းပြောခြင်းကို ခေတ္တရပ်၍ "ကဲ … သားတို့၊ သမီးတို့သာဆိုရင် ဘယ်လိုလုပ်ပေး မလဲ"ဟု မေးပါ။<br>● ပြီးလျှင် "လက်သမားကြီးရဲ့သားကရော ဘာလုပ်မယ်ထင်သလဲ"ဟု မေးပြီးနောက် ဇာတ်လမ်းကို ဆက်ပြောပါ။<br>အဲဒီလိုပြောလိုက်တော့ သားဖြစ်တဲ့သူက "အဖေ … ခဏနော်"လို့ ပြောပြီး ခြင်မောင်းဖို့ တစ်ခုခု လိုက်ရှာတယ်။ ဘေးနားမှာ ပုဆိန်တစ်လက်ကို တွေ့လိုက်တဲ့အခါ ပုဆိန်ကိုယူပြီး ဖခင်အနားကိုသွားတယ်။ ဖခင်လက်သမားကြီးက အလုပ်ကို အာရုံစိုက်နေတော့ သူ့သား ဘာလုပ်နေတယ်ဆိုတာ သတိမထားမိလိုက်ဘူး။<br>● ဇာတ်လမ်းပြောခြင်းကို ခေတ္တရပ်၍ "လက်သမားကြီးရဲ့သား ဘာလုပ်မယ်လို့ ထင်သလဲ" ဟု မေးပြီး ဇာတ်လမ်းကို ဆက်ပြောပါ။<br>သားဖြစ်သူဟာ "ကဲဟာ" ဆိုပြီး ခြင်ကို ပုဆိန်နဲ့ အားကုန်လွှဲရိုက်လိုက်တယ်။ ဖခင်ဖြစ်သူလည်း သားရဲ့ ပုဆိန်ရိုက်ချက်ကြောင့် နေရာမှာတင် တစ်ခါတည်း သေဆုံးသွားတယ်။<br>အဲဒီတော့မှ သားဖြစ်သူက ပုဆိန်ကို လွှင့်ပစ်ပြီးတော့ ဖခင်ကြီးကို ဖက်ကာ ဝမ်းနည်းစွာ ငိုကြွေးတော့တယ်။ ဖခင်ကို သေစေချင်လို့လုပ်တာ မဟုတ်ပေမဲ့ သူ့ကြောင့် အခုလို ဖြစ်သွားရတဲ့အတွက် အလွန်ကို စိတ်ထိခိုက်သွားတော့တယ်။<br>မှီငြမ်း။ ။ မကာသဇာတ်၊ ပုံတော်စုံ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ ပထမတွဲ၊ ၁၉၇၊ ဇာ၊ ၄၊ ၁၊ ၂၆၄၊ | ကလေးများ ထင်သလို ဖြေကြပါစေ။ |

| | |
|---|---|
| ● အောက်ပါမေးခွန်းများဖြင့် ဆွေးနွေးပါ။<br>- သားတို့၊ သမီးတို့သာဆိုရင် ဖခင်ဖြစ်သူရဲ့ နဖူးပေါ်ကခြင်ကို ပုဆိန်နဲ့ရိုက်ပြီး မောင်းမှာလား။ ဘာဖြစ်လို့လဲ။<br>- ဇာတ်လမ်းထဲက လက်သမားကြီးရဲ့သားက ဘာဖြစ်လို့ ဒီလိုလုပ်တာလို့ ထင်သလဲ။<br>- သားတို့၊ သမီးတို့က ဘာဖြစ်လို့ စဉ်းစားဆင်ခြင်တတ်တာလဲ။<br>- လက်သမားကြီးရဲ့သားက ဘာဖြစ်လို့ စဉ်းစားဆင်ခြင်ဉာဏ် မရှိတာလဲ။<br>- ဒါဆို အရာရာကို စဉ်းစားဆင်ခြင်တတ်ဖို့ ဘာလိုသလဲ။ | |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ အုပ်စုဖွဲ့ရန် လိုအပ်သောပစ္စည်းများ၊ စာရွက်ပိုင်းများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ● ဆရာက မိမိဖွဲ့မည့်အုပ်စု အရေအတွက်အတိုင်း ပစ္စည်းများကို စုဆောင်းပါ။<br>ဥပမာ - အုပ်စု (၅) စုဖွဲ့မည်ဆိုပါက သံပုရာသီး၊ ခဲဖျက်၊ သကြားလုံး စသည်ဖြင့် ပစ္စည်း (၅) မျိုးဖြစ်ရမည်။<br>● အုပ်စုဝင်အရေအတွက်အတိုင်း ပစ္စည်းတူများကို အိတ်တစ်ခုထဲ ထည့်ထားပါ။<br>ဥပမာ - (၁) အုပ်စုလျှင် (၅) ဦး ဖြစ်ပါက (၅) ခုဖြစ်မည့် သကြားလုံး (၅) လုံး၊ ခဲဖျက် (၅) ခု စသည်ဖြင့် ပစ္စည်းများရော၍ ထည့်ထားသောအိတ်ထဲသို့ တစ်ဦးစီအလှည့်ကျ လက်နှိုက်ကာ ပစ္စည်းတစ်ခုစီ ယူပါစေ။<br>● ပစ္စည်းတူရာကိုရသော ကလေးများအား တစ်စုစီ စုစည်းထိုင်ပါစေ။<br>● အောက်ပါဇာတ်လမ်းကို စာရွက်ပိုင်းတစ်ခုလျှင် ဝါကျတစ်ကြောင်းစီ ရေးပြီး အုပ်စုအရေအတွက်အရ (၅/၆) စုံ စသည်ဖြင့် ပြုလုပ်ပါ။ အုပ်စု (၁) စုလျှင် တစ်စုံစီ ဝေပါ။<br>- ရှေးအခါက ရွာတစ်ရွာတွင် လက်သမားဆရာ သားအဖနှစ်ယောက်ရှိလေသည်။<br>- သားဖြစ်သူမှာ ဉာဏ်ရည်အလွန်ချို့တဲ့သဖြင့် စာသင်၍ မရပေ။<br>- တစ်နေ့တွင် အလုပ်များနေသော ဖခင်ဖြစ်သူ၏ နဖူးတွင် ခြင်တစ်ကောင် ကိုက်နေသောကြောင့် ဖခင်က သားဖြစ်သူကို ခြင်မောင်းရန် ပြောလေသည်။<br>- သားဖြစ်သူက အနီးတွင်ရှိသော ပုဆိန်ဖြင့် ဖခင်နဖူးပေါ်ရှိ ခြင်ကို ရိုက်လိုက်သည်။<br>- ဖခင်ဖြစ်သူမှာ ပညာမတတ်၍ စဉ်းစားဆင်ခြင်ဉာဏ်မရှိသော သားဖြစ်သူ၏ လုပ်ရပ်ကြောင့် သေဆုံးရလေသည်။<br>● မိမိတို့ရရှိထားသော စာရွက်ပိုင်းများကို ဖတ်၍ ဇာတ်လမ်းတစ်ပုဒ်အဖြစ် စီစဉ်တကျဆက်ရန် ညွှန်ကြားပါ။<br>● အားလုံးပြီးပါက အုပ်စုလိုက် အလှည့်ကျ ဖတ်ပါစေ။ မိမိတို့ဆက်ထားသောအချက်များနှင့် တူ၊ မတူ မေးပါ။<br>● အုပ်စုတစ်စု ဖတ်ပြီးတိုင်း လက်ခုပ်တီး၍ အားပေးပါ။ | ပစ္စည်းများကို ရှာဖွေအသုံးပြုရန် ခက်ခဲမည်ဆိုပါက သင့်လျော်သလို အုပ်စုဖွဲ့နိုင်ပါသည်။ |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ စာရွက်ကြီးများနှင့် ဆော့ပင်များ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ● ကလေးများကို သင့်လျော်သလို အုပ်စုဖွဲ့ပြီး "ပညာမတတ်ခြင်းကြောင့် ရရှိလာတဲ့ ဆိုးကျိုးတွေကို စဉ်းစားကြရအောင်"ဟု ပြောပါ။<br>● အုပ်စုလိုက် ဆွေးနွေးထားသည်များကို ချရေးထားကြပါစေ။<br>● ကလေးများ မဆွေးနွေးခင် ဆရာက အောက်ပါအချက်များကို နမူနာပြောပြပါ။<br>- မှန်မှန်ကန်ကန် မစဉ်းစားတတ်ဘူး၊<br>- မျက်နှာငယ်ရတယ်၊<br>- အောင်မြင်သူတစ်ယောက် မဖြစ်နိုင်ဘူး၊<br>- သူများအောက်ကျတတ်တယ် ... စသည်ဖြင့်။<br>● နမူနာပြောပြီးလျှင် "အချက်အများဆုံး စဉ်းစားနိုင်တဲ့အုပ်စုကို အနိုင်ပေးမယ်"ဟု ပြောပါ။<br>● ကလေးများဆွေးနွေးပြီး ချရေးထားသောအချက်များကို ကျန်အုပ်စုများသို့ ပြန်လည်ပြောပြကြပြီး အချက်အများဆုံး စဉ်းစားနိုင်သောအုပ်စုကို အနိုင်ပေးပါ။<br>● အနိုင်ရသော အုပ်စုအား အားလုံးက လက်ခုပ်တီးကာ ချီးကျူးအားပေးပါ။ | |

## သင်ခန်းစာ (၃၈)

သင်ခန်းစာခေါင်းစဉ် ။ ။ အားလုံးကို ချစ်မယ်
သင်ယူမှုဦးတည်ချက် ။ ။ ကျေးဇူးတရားကို သိရှိနားလည်ပြီး ချစ်ခင်ကြင်နာစိတ် ထားတတ်စေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ရောင်စုံစာရွက်ပိုင်းများနှင့် ကျေးဇူးရှင် ဆရာ၊ ဆရာမ ကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ကလေးများကို ရောင်စုံစာရွက်ပိုင်းလေးများ ဝေပေးပြီး အောက်ပါအတိုင်း မေးပါ။<br>- မေမေနဲ့ ဖေဖေက သားတို့၊ သမီးတို့ကို ဘာတွေ လုပ်ပေးသလဲ။<br>- ကိုကိုနဲ့ မမက သားတို့၊ သမီးတို့ကို ဘာတွေ လုပ်ပေးသလဲ။<br>- ဆရာ၊ ဆရာမတွေက သားတို့၊ သမီးတို့ကို ဘာတွေ လုပ်ပေးသလဲ။<br>- ဘုန်းဘုန်း၊ ဆရာလေးက သားတို့၊ သမီးတို့ကို ဘာတွေ လုပ်ပေးသလဲ။<br>❁ ကလေးတိုင်းကို စဉ်းစားစေပြီး စာရွက်ပိုင်းလေးပေါ်တွင် ချရေးကြပါစေ။<br>❁ ထို့နောက် ကလေးတစ်ဦးချင်း အတန်းရှေ့သို့ ထွက်၍ ရွတ်ပြ/ပြောပြပါစေ။<br>❁ ဆက်လက်၍ ဆရာက "မေမေနဲ့ ဖေဖေကို ဘာကြောင့်ချစ်ရတာလဲ" ဟု မေးပါ။<br>❁ ကလေးများ ဖြေတတ်သလို ဖြေကြပြီးလျှင် "သားတို့၊ သမီးတို့အတွက် အလုပ်တွေ အများကြီးလုပ်ပေးတော့ မေမေနဲ့ ဖေဖေကို ချစ်ရမယ်၊ ကျေးဇူးတင်ရမယ်နော်" စသည်ဖြင့် ပြောပါ။<br>❁ ထို့နောက် ဒုတိယတန်း၊ သင်ခန်းစာ (၂၃) တွင် သင်ယူခဲ့ဖူးသော "ကျေးဇူးရှင် ဆရာ၊ ဆရာမ" ကဗျာကို ပြန်လည်ရွတ်ဆိုကြပါစေ။<br><br>**ကျေးဇူးရှင် ဆရာ၊ ဆရာမ**<br>ဘုရားတရား မြတ်သံဃာ၊<br>ဦးထိပ်ပန်ဆင်ကာ။<br>မိဘဆရာ ဆိုစကား၊<br>အမြဲတို့လေးစား။<br>သမီးသားတို့ တာဝန်ပေ၊<br>ကြိုးစားကြဖို့လေ။<br>ဆရာ (ဆရာမ) တွေက သွန်သင်ပြ၊<br>ကျေးဇူးကြီးပေစွ။ ။ | မေမေ၊ ဖေဖေ၊ ကိုကို၊ မမ မရှိသော ကလေးများအတွက် ၎င်းတို့ အုပ်ထိန်းသူများက ဘာလုပ်ပေးသလဲ ဟု ဆရာက လိမ္မာပါးနပ်စွာ မေးပါ။ အချိန်ပေါ်မူတည်၍ သင့်သလိုမေးနိုင်သည်။ |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ● "ဒီမနက် ဘာစားခဲ့သလဲ"ဟု ကလေးတစ်ဦးချင်းကို မေးပါ။<br>ဥပမာ - "ထမင်းစားခဲ့သည်"ဟု ဖြေလျှင်<br>- အဲဒီထမင်းကို ဘယ်သူချက်တာလဲ။<br>- ဆန်ကို ဘယ်က ရတာလဲ။<br>- ဈေးသည်ကရော ဆန်ကို ဘယ်သူ့ဆီက ရသလဲ စသည်ဖြင့် နောက်ကြောင်း ပြန်မေးပါ။<br>ဥပမာ - (၁) "မေမေ ချက်ပေးသည်"ဟု ဖြေမည်ဆိုပါက မေမေ့ကို ကျေးဇူးတင်ရမည်ဖြစ်ကြောင်း ပြောပါ။<br>(၂) "ဈေးသည်ဆီက"ဟု ဖြေပါက ဈေးသည်ကိုလည်း ကျေးဇူးတင်ရမည်ဖြစ်ကြောင်း ပြောပါ။<br>(၃) "လယ်သမားဆီက"ဟု ဖြေပါက ဆန်စပါးစိုက်ပျိုးပေးသော လယ်သမားကိုလည်း ကျေးဇူးတင်ရမည်ဖြစ်ကြောင်း ပြောပါ။ | ကလေးအားလုံးအား ပြောပြခွင့်ပေးရမည်။<br><br>လွတ်လပ်စွာ ပြောခွင့်ပေးပါ။ |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ မရှိ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ● ကလေးများအား စက်ဝိုင်းပုံသဏ္ဌာန် ဝိုင်းထိုင်စေပါ။ ဆရာလည်း ဝိုင်းထဲတွင် ဝင်ထိုင်ပါ။<br>● ဆရာက စတင်၍ "ဖေဖေနဲ့ မေမေကို ချစ်တယ်"ဟု ပြောပြီး၊ စက်ဝိုင်း လက်ယာရစ် ပတ်၍ ကလေးတစ်ဦးချင်းက ပြောပါစေ။<br>● နောက်တစ်ပတ်တွင် ဆရာက နှာခေါင်းကို ပိတ်၍ "ကိုကိုနဲ့ မမကို ချစ်တယ်"ဟု ပြောပြီး၊ စက်ဝိုင်း လက်ယာရစ် ပတ်၍ ကလေးတစ်ဦးချင်းက ပြောပါစေ။<br>● နောက်တစ်ပတ်တွင် ဆရာက လက်ဖြင့် ပါးစပ်ကို ကာပြီး "ဆရာနဲ့ ဆရာမကို ချစ်တယ်" ဟု ပြောပြီး၊ စက်ဝိုင်း လက်ယာရစ် ပတ်၍ ကလေးတစ်ဦးချင်းက ပြောပါစေ။<br>● နောက်တစ်ပတ်တွင် ဆရာက ပါးစပ်၌ လက်ကို အော်လံလို လုပ်ပြီး "ဘုန်းဘုန်းကို/ ဆရာလေးကို ချစ်တယ်"ဟု ပြောပြီး စက်ဝိုင်း လက်ယာရစ် ပတ်၍ ကလေးတစ်ဦးချင်းက ပြောပါစေ။<br>နောက်ဆုံးတစ်ပတ်တွင် ဆရာက ပါးစပ်တွင် လက်မ၊ လက်ညှိုးတို့ဖြင့် ဒေါင်လိုက်ညှစ်ပြီး "အားလုံးကို ချစ်တယ်"ဟု ပြောပြီး၊ စက်ဝိုင်း လက်ယာရစ် ပတ်၍ ကလေးတစ်ဦးချင်းက ပြောပါစေ။ | မေမေ၊ ဖေဖေ၊ ကိုကို၊ မမ မရှိသော ကလေးများအတွက် ၎င်းတို့အုပ်ထိန်းသူများ/၎င်းတို့ ပြောလိုသူများကို "ချစ်တယ်" ဟု ပြောနိုင်ကြောင်း ဆရာက လိမ္မာပါးနပ်စွာ ပြောပြပေးပါ။ |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ အားလုံးကို ချစ်မယ် သီချင်းကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ဆရာက "တစ်ခါတလေမှာ သားတို့၊ သမီးတို့ရဲ့ သူငယ်ချင်းတွေက သားတို့၊ သမီးတို့ကို တစ်ခုခု ကူညီပေးတာမျိုး ရှိသလား"ဟု မေးပါ။ ကလေးတစ်ဦးချင်း မတ်တတ်ရပ်၍ ပြောပြကြပါစေ။<br>❁ "သူငယ်ချင်းတွေဟာ သားတို့၊ သမီးတို့ကို အများကြီး ကူညီပေးတော့ သူငယ်ချင်းတွေကို ချစ်ရမယ်၊ ကျေးဇူးတင်ရမယ်နော်"ဟု ဆရာက ပြောပါ။<br>❁ ထို့နောက် "ကဲ ... အခု 'အားလုံးကို ချစ်မယ်' သီချင်းကဗျာကို ဆိုကြမယ်"ဟု ပြော၍ အောက်ပါ သီချင်းကဗျာကို အမူအရာနှင့်တကွ သင်ပေးပါ။<br><br>**အားလုံးကို ချစ်မယ်**<br>ပိန်ပိန်လေးကို ချစ် ... ဝဝကြီးလည်း ချစ်၊<br>ပိန်ပိန်လေးရော ဝဝကြီးရော ပိန်ပိန်လေးရော ချစ်။<br>ရှည်ရှည်ကြီးကို ချစ် ... ပုပုလေးလည်း ချစ်၊<br>ရှည်ရှည်ကြီးရော ပုပုလေးရော ရှည်ရှည်ကြီးရော ချစ်။<br>ဖြူဖြူလေးကို ချစ် ... မည်းမည်းလေးလည်း ချစ်၊<br>ဖြူဖြူလေးရော မည်းမည်းလေးရော ဖြူဖြူလေးရော ချစ်။<br>လူအားလုံးကို ချစ် ... လူတွေအားလုံး ချစ်၊<br>ပိန်ပိန် ဝဝ ရှည်ရှည် ပုပု ဖြူဖြူ မည်းမည်း ချစ်။<br><br>မေမေကြီးကို ချစ် ... ဖေဖေကြီးလည်း ချစ်၊<br>မေမေကြီးရော ဖေဖေကြီးရော မေမေကြီးရော ချစ်။<br>ကိုကိုကြီးကို ချစ် ... မမကြီးလည်း ချစ်၊<br>ကိုကိုကြီးရော မမကြီးရော ကိုကိုကြီးရော ချစ်။<br>ဆရာမကြီးကို ချစ် ... ဆရာမလေးလည်း ချစ်၊<br>ဆရာမကြီးရော ဆရာမလေးရော ဆရာမကြီးရော ချစ်။<br>လူအားလုံးကို ချစ် ... လူတွေအားလုံး ချစ်၊<br>မေမေ ဖေဖေ ကိုကို မမ ဆရာအားလုံးကို ချစ်။ ။<br><br>• နောက်ဆုံးတွင် (၂) မိနစ်ခန့် ငြိမ်သက်စွာ ထိုင်စေပြီးနောက် ဆရာက "သားတို့၊ သမီးတို့ကို ဆုမွန်ကောင်း တောင်းပေးမယ်။ အားလုံး မျက်စိမှိတ်ထားကြရအောင်"ဟု ပြောပြီး အောက်ပါအတိုင်း ဆုတောင်းပေး၍ စာသင်ချိန်ကို အဆုံးသတ်ပါ။<br>"သားတို့၊ သမီးတို့အားလုံးဟာ လူသားအားလုံးကို အယုတ်၊ အလတ်၊ အမြတ်မရွေး ချစ်ခင်တတ်တဲ့၊ ကျေးဇူးသိတတ်တဲ့၊ မေတ္တာထားတတ်တဲ့၊ ဗုဒ္ဓဘုရားရှင်ချစ်တဲ့၊ လိမ္မာယဉ်ကျေးသော ကလေးများ ဖြစ်ကြပါစေ"။ | |

## သင်ခန်းစာ (၃၉)

သင်ခန်းစာခေါင်းစဉ် ။ ဘုရားပွဲတော်

သင်ယူမှုဦးတည်ချက် ။ ဘုရားပွဲ ကျင်းပခြင်း၏ ရည်ရွယ်ချက်ကို သိရှိပြီး ယဉ်ကျေးစွာ ပါဝင်ဆင်နွှဲတတ်စေရန်။

စာသင်ချိန် (၁) ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ဘုရားပွဲတော်အကြောင်း၊ ဘုရားပွဲတော်ကျင်းပနေသော သရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ အောက်ပါမေးခွန်းများဖြင့် စာသင်ချိန်ကို စတင်ပါ။<br>- သားတို့၊ သမီးတို့ ဘုရားပွဲရောက်ဖူးလား။<br>- ဘုရားပွဲဆိုတာ ဘာကိုပြောတာလဲ။<br>- ဘုရားပွဲကို ဘာကြောင့် ကျင်းပတယ်လို့ ထင်သလဲ။<br>- ဘယ်သူတွေနဲ့ သွားကြသလဲ။ ဘာလုပ်ကြသလဲ။<br>- ဘာဖြစ်လို့ ဘုရားတွေကို တည်ထားကြတာလဲ။<br>- ဘုရားပွဲမှာ ဘာတွေတွေ့ရသလဲ။<br>- ဘာတွေဝယ်ကြသလဲ။ ဘာတွေစားကြသလဲ။<br>❁ မေးခွန်းများဖြေပြီးပါက အောက်ပါ ဘုရားပွဲတော် အကြောင်းကို ရုပ်ပုံများပြ၍ အမေးအဖြေပြုလုပ်ပြီး စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောပြပါ။<br><br>**ဘုရားပွဲတော်**<br>မြန်မာနိုင်ငံမှာ စေတီပုထိုးတွေကို နေရာအနှံ့အပြားမှာ တွေ့နိုင်ပါတယ်။ အဲဒီလို နေရာအနှံ့အပြားမှာ တွေ့မြင်နိုင်တဲ့အတွက် နိုင်ငံခြားသားတွေက မြန်မာနိုင်ငံကို စေတီပုထိုးပေါများတဲ့နိုင်ငံလို့ သတ်မှတ်ပြောဆိုကြပါတယ်။ စေတီပုထိုးတွေ အများကြီး တည်ထားရတဲ့ အဓိကအကြောင်းရင်းကတော့ မြတ်စွာဘုရားကို ပြန်ပြီးသတိရကြစေဖို့အတွက် ဘုရားရှင်ကိုယ်စား တည်ထားကိုးကွယ်ခဲ့ကြတာ ဖြစ်ပါတယ်။ စေတီပုထိုးတွေဟာ အိမ်ထက်ပိုပြီး အေးချမ်းတိတ်ဆိတ်တဲ့အတွက် ကောင်းမှုကုသိုလ်တွေကို လွတ်လွတ်လပ်လပ် လုပ်နိုင်တယ်။ တရားထိုင်တာတို့၊ ဘုရားရှိခိုးတာတို့၊ တရားစာတွေ ရွတ်ဖတ်ရတာတို့ လုပ်ချင်တယ်ဆိုရင်လည်း အိမ်မှာထက်ပိုပြီး အေးချမ်းတိတ်ဆိတ်မှုရှိတယ်။ ဒါကြောင့်မို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ စေတီပုထိုးတွေ တည်ကြတယ်၊ တည်ရှိပြီးတဲ့ စေတီပုထိုးတွေကိုလည်း မပျက်စီးအောင် ထိန်းသိမ်းကြတယ်။ ဒါ့အပြင် ဘုရားပွဲတော်တွေကို နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိကြတယ်။<br>တချို့ဒေသတွေမှာဆိုရင် မိမိတို့ဒေသရှိ သက်တမ်းကြာမြင့်ပြီဖြစ်တဲ့ စေတီပုထိုးတွေကို ပြုပြင်ထိန်းသိမ်းဖို့ရည်ရွယ်ပြီး အလှူငွေရရှိဖို့အတွက် ဘုရားပွဲတော်တွေကို ကျင်းပကြတာ | ကလေးတစ်ဦးစီ ဖြေဆိုကြပါစေ။ |

| | |
|---|---|
| ဖြစ်တယ်။ ဘုရားသမိုင်းကို ပြန်လည်အမှတ်ရပြီး တစ်နှစ်တစ်ခါ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ဖြစ်ကြစေဖို့၊ မိသားစု၊ သူငယ်ချင်းတွေနဲ့ ပြန်လည်ဆုံတွေ့ကြစေဖို့၊ တစ်မြို့နဲ့တစ်မြို့ ကူးသန်းရောင်းဝယ်ရေးတွေ ဖြစ်ထွန်းဖို့အတွက်လည်း ဘုရားပွဲတော်တွေကို ကျင်းပကြပါတယ်။ ဒါ့အပြင် ဘုရားပွဲတော်ကျင်းပကြတဲ့ တခြားရည်ရွယ်ချက်တွေလည်း ဒေသအလိုက် အမျိုးမျိုးရှိကြပါတယ်။<br>ဘုရားပွဲတော်တွေကို ဒေသထွက်ပစ္စည်းအမျိုးမျိုး ရောင်းချတဲ့ဆိုင်ခန်းတွေ၊ ပြပွဲ ပြိုင်ပွဲတွေ စတာတွေနဲ့ စည်စည်ကားကား ပြင်ဆင်ကျင်းပလေ့ရှိကြပါတယ်။ ဘုရားပွဲတော်မှာ ပါဝင်ဆင်နွှဲရင်း ဘုရားရင်ပြင်ပေါ် သွားရောက်ပြီး မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို ရည်မှန်းပြီး ရှိခိုးပူဇော်ခြင်း၊ ပန်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ ဓမ္မစကြာ၊ ပရိတ်၊ ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း စတဲ့ ကုသိုလ်ကောင်းမှုတွေလည်း လုပ်ဆောင်နိုင်ကြပါတယ်။ ဒါကြောင့် ဘုရားပွဲတော်ဆိုတာ ပါဝင်ဆင်နွှဲသူတွေအတွက် ပျော်စရာလည်းကောင်းသလို စိတ်ဝင်စားစရာတွေလည်းရှိတဲ့အပြင် စေတီပုထိုးတွေမှာ ကုသိုလ်ကောင်းမှုတွေကိုပါ လုပ်ဆောင်နိုင်တဲ့ ပွဲတော်တစ်ခု ဖြစ်ပါတယ်။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ စာရွက်များ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "သားတို့၊ သမီးတို့ ဘုရားပွဲကျင်းပရတဲ့အကြောင်းတွေကို သိသွားကြပြီနော်"ဟု ပြော၍ စာသင်ချိန်ကို စတင်ပြီး အောက်ပါမေးခွန်းများကို မေးပါ။<br>- သားတို့၊ သမီးတို့နေတဲ့အရပ်ဒေသ သို့မဟုတ် ရပ်ကွက်တွေမှာ ဘာဘုရားပွဲတွေ ရှိလဲ။<br>- ဘာတွေလုပ်ကြသလဲ။<br>- ဘယ်လိုထူးခြားမှုတွေရှိလဲ။<br>- တခြားဘုရားပွဲတွေကိုရော ရောက်ဖူးလား။ ဘာတွေကွာခြားတယ်လို့ ထင်လဲ။<br>❁ ကလေးများဖြေဆိုပြီးပါက သင့်လျော်သလို အုပ်စုဖွဲ့ပါ။<br>❁ အုပ်စုတိုင်းအား ဘုရားပွဲတော်တွင် မိမိတို့ပြုလုပ်ချင်သော အရာများကို အနည်းဆုံး အချက် (၅) ချက်ခန့်ရအောင် စဉ်းစားကြရမည်ဖြစ်ကြောင်း ပြောပြီး အုပ်စုလိုက် စဉ်းစားကြပါစေ။<br>❁ အုပ်စုအလိုက် စဉ်းစားထားသော အချက် (၅) ချက်ကို စာရွက်ပေါ်တွင် ရေးသားပြီး သင်ပုန်းပေါ်တွင် ကပ်ကြပါစေ။ (သို့မဟုတ်) အုပ်စုကိုယ်စားလှယ်က ပြောပြပါစေ။ | |

စာသင်ချိန် (၃) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ဘုရားပွဲတော်တွင် ရန်ဖြစ်နေသောပုံ၊ သောက်စားမူးယစ်နေသောပုံ၊ ဝတ်အသင်းများ ရွတ်ဖတ်နေသောပုံ၊ ဘုရားရှိခိုးနေပုံ၊ အဝတ်အစားကို ယဉ်ယဉ်ကျေးကျေး ဝတ်ဆင်ထားပုံနှင့် မလုံ့တလုံဝတ်ဆင်ထားပုံ၊ ပျော်ပါးဝါးလား လုပ်နေကြပုံ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ ရုပ်ပုံများကို သင်ပုန်းပေါ်တွင် ကလေးများ မြင်သာအောင် ပြထားပါ။<br>❁ ထို့နောက် ရုပ်ပုံများတွင် "ယဉ်ယဉ်ကျေးကျေး၊ စည်းကမ်းရှိရှိနဲ့ ပါဝင်ဆင်နွှဲတာက ဘယ်လိုမျိုးလဲ"ဟု မေးကာ အုပ်စုလိုက် ဆွေးနွေးကြပါစေ။<br>❁ စဉ်းစားဆွေးနွေးပြီးသောအခါ အတန်းအလိုက် ဖြစ်စေ၊ တစ်ဦးချင်း ဖြစ်စေ မေးမြန်းပါ။<br>❁ ထို့နောက် ဘုရားပွဲတော်ဟူသည် ပျော်ပွဲရွှင်ပွဲသက်သက် မဟုတ်ကြောင်း၊ ဘုရားပွဲကို အကြောင်းပြု၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်သောကြောင့် လိမ္မာယဉ်ကျေးစွာ၊ စည်းကမ်းရှိစွာဖြင့် ပါဝင်ဆင်နွှဲသင့်ကြောင်း စသည်ဖြင့် ပြောကြားပေးပြီး အဆုံးသတ်ပါ။ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ တောဘုရားပွဲ ကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ အောက်ပါ တောဘုရားပွဲ ကဗျာကို အမူအရာဖြင့် သင်ကြားပေးပါ။<br><br>**တောဘုရားပွဲ**<br>တစ်နှစ်မှာ တစ်ခါနွှဲတဲ့၊<br>တောဘုရားပွဲ သွားရအောင်။<br>နွားညီနောင် လှည်းယာဉ်ကျော့၊<br>ခေါင်းမော့ လည်ထောင်။<br>လိုက်မှာလား ကိုဖိုးမောင်၊<br>မမောင်ခင် အရောက်မောင်း။<br>တောင်စောင်း ဟိုတစ်ဖက်ဆီက၊<br>စေတီသာ ပွဲတော်ခင်း။<br>လှမ်းရင်း ဆုတောင်း။ ။<br><br>❁ ကဗျာရွတ်ဆိုပြီးလျှင် သင်ခဲ့ပြီးသော သင်ခန်းစာများကို ပြန်လည်အနှစ်ချုပ် ပြောပြ၍ စာသင်ချိန်ကို အဆုံးသတ်ပါ။ | |

## သင်ခန်းစာ (၄၀)

သင်ခန်းစာခေါင်းစဉ် ။ ။ ဆယ့်နှစ်လရာသီပွဲတော်များ
သင်ယူမှုဦးတည်ချက် ။ ။ မြန်မာနိုင်ငံတွင်ကျင်းပလျက်ရှိသောပွဲတော်များအကြောင်းသိရှိစေရန်။

စာသင်ချိန် (၁) ။ ။ ၃၀ မိနစ်
သင်ထောက်ကူပစ္စည်း ။ ။ ဆယ့်နှစ်လရာသီ ကဗျာ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ အောက်ပါမေးခွန်းများဖြင့် စတင်ပါ။<br>- အခု ဆရာတို့နိုင်ငံမှာ လတွေ ဘယ်နှလရှိလဲ။<br>- အင်္ဂလိပ်လို သိကြလား၊ ပြောပြပါ။<br>- ဒါဖြင့် မြန်မာလိုရော လတွေ ဘယ်နှလရှိလဲ။<br>❁ "ဆရာတို့မြန်မာနိုင်ငံမှာ မြန်မာလို လပေါင်း ဆယ့်နှစ်လရှိတယ်။ အဲဒီမြန်မာလ နာမည်တွေကို သားတို့၊ သမီးတို့ သိသလောက် ပြောပြပါ"ဟု ထပ်မေးပါ။ (ကလေးများ သိသလောက် ဖြေခွင့်ပေးပါ။)<br>❁ ကလေးများဖြေပြီးပါက "ဟုတ်ပြီ၊ သားတို့၊ သမီးတို့ သိသလောက်ဖြေတဲ့အတွက် အလွန်ကောင်းပါတယ်။ သားတို့၊ သမီးတို့မှတ်မိအောင် မြန်မာဆယ့်နှစ်လရာသီကို ကဗျာလေးနဲ့ ဆိုကြရအောင်"ဟု ပြော၍ အောက်ပါကဗျာကို သင်ပေးပါ။<br><br>**ဆယ့်နှစ်လရာသီ**<br>တန်ခူး ကဆုန် နယုန်လ၊<br>အဖူး အငုံ အစုံပြ။<br>ဝါဆို ဝါခေါင် တော်သလင်း၊<br>မြစ်နဒီတွင်း သင်ဖြူးခင်း။<br>သီတင်းကျွတ် တန်ဆောင်မုန်း လနတ်တော်၊<br>ကောက်ဦးပေါ် လို့ မုန့်ဆန်းလော့်။<br>ပြာသို တပို့တွဲ လတပေါင်း၊<br>အားသစ် မာန်သစ် ရွက်သစ်လောင်း။<br>နှစ်သစ်ကူးလို့ပြောင်း။ ။<br><br>❁ ကဗျာရွတ်ဆိုပြီးပါက ကဗျာ၏အဓိပ္ပာယ်ကို တစ်ပိုဒ်ချင်းရှင်းပြပါ။ | |

စာသင်ချိန် (၂) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ဆယ့်နှစ်လရာသီ ပွဲတော်များအကြောင်းနှင့် သရုပ်ဖော်ပုံများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|

- အောက်ပါ ဆယ့်နှစ်လရာသီ ပွဲတော်များအကြောင်းကို ကလေးများစိတ်ဝင်စားအောင် ပြောပါ။

**ဆယ့်နှစ်လရာသီ ပွဲတော်များ**

မြန်မာပြက္ခဒိန်တွင် တန်ခူးလ၊ ကဆုန်လ၊ နယုန်လ၊ ဝါဆိုလ၊ ဝါခေါင်လ၊ တော်သလင်းလ၊ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလ၊ နတ်တော်လ၊ ပြာသိုလ၊ တပို့တွဲလ၊ တပေါင်းလ ဆိုပြီး (၁၂) လ ရှိသလို လအလိုက်ပွဲတော်တွေလည်း (၁၂) မျိုး ရှိပါတယ်။

**မြန်မာ (၁၂) လနှင့် ပွဲတော်များ**

၁။ တန်ခူးလ - သင်္ကြန်ပွဲ
၂။ ကဆုန်လ - ညောင်ရေသွန်းပွဲ
၃။ နယုန်လ - စာတော်ပြန်ပွဲ
၄။ ဝါဆိုလ - ဝါဆိုပွဲ
၅။ ဝါခေါင်လ - စာရေးတံမဲပွဲ
၆။ တော်သလင်းလ - လှေပြိုင်ပွဲ
၇။ သီတင်းကျွတ်လ - မီးထွန်းပွဲ
၈။ တန်ဆောင်မုန်းလ - ကထိန်ပွဲ၊ တန်ဆောင်တိုင် မီးထွန်းပွဲ
၉။ နတ်တော်လ - စာဆိုတော်ပွဲ
၁၀။ ပြာသိုလ - မြင်းခင်းပွဲ
၁၁။ တပို့တွဲလ - ထမနဲပွဲ
၁၂။ တပေါင်းလ - သဲပုံစေတီပွဲ၊ တပေါင်းပွဲ

မှတ်ချက်။ ။ မြင်းခင်းပွဲများအစား ယခု နောက်ပိုင်းတွင် လွှတ်လပ်ရေးပွဲများ ကျင်းပကြသည်။

- ဆယ့်နှစ်လရာသီ ပွဲတော်များအကြောင်းကို ရုပ်ပုံများပြ၍ ရှင်းလင်းပြောပေးပါ။ ပြီးလျှင် ကလေးများကို အောက်ပါအတိုင်းမေးပါ။
  - သားတို့၊ သမီးတို့က ပွဲတော်တွေအကြောင်း သိသွားပြီဆိုတော့ ဒီပွဲတော်တွေကို ဘာကြောင့်ကျင်းပတယ်လို့ ထင်သလဲ၊ ဘာတွေလုပ်ကြတယ်လို့ ထင်သလဲ။
- ကလေးများ ဖြေတတ်သလို ဖြေကြပါစေ။ ကလေးများအားလုံး ပါဝင်ကြပါစေ။
- ပြီးနောက် "ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေအနေနဲ့ ဆယ့်နှစ်လရာသီပွဲတော်တွေကို အပျော်အပါးသာမဟုတ်ဘဲ ကုသိုလ်တွေရအောင်၊ အကျိုးရှိအောင် ကျင်းပကြတယ်။ နိုင်ငံအတွက် စွယ်စုံရပညာရှင်တွေ ပေါ်ထွက်လာဖို့နဲ့ နိုင်ငံစည်ပင်သာယာလာစေဖို့အတွက်လည်း မျှော်လင့်ပြီး ကျင်းပကြတာဖြစ်တယ်။ ဥပမာအနေနဲ့ပြောရရင် သင်္ကြန်ပွဲ၊ ညောင်ရေသွန်းပွဲ၊ ဝါဆိုပွဲ၊ သီတင်းကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲ၊ ထမင်းနဲပွဲ စတဲ့ပွဲတော်တွေက မြန်မာဗုဒ္ဓဘာသာတွေအတွက် အရေးပါတဲ့ ပွဲတော်တွေဖြစ်တယ်" စသည်ဖြင့် ပွဲတော်များ ကျင်းပရခြင်း ရည်ရွယ်ချက်များဖြင့် အဆုံးသတ်ပေးပါ။

တသင်ချိန် (၃) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ဆယ့်နှစ်လရာသီ လအမည်နှင့် ပွဲတော်နာမည်ရေးထားသော ကတ်ပြားများ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| • ကလေးများအား အုပ်စု (၂) စု ဖွဲ့ပါ။<br>• သင်ပုန်းပေါ်တွင် (၁၂) လရာသီ၏ လနာမည်ရေးထားသော ကတ်ပြားများကို အစဉ်လိုက် မဟုတ်ဘဲ မှောက်လျက် ချိတ်ထားပါ။ (ဥပမာ - တန်ခူးလ)<br>• ကလေးများရှေ့တွင် (၁၂) လရာသီ၏ ပွဲနာမည်ရေးထားသော ကတ်ပြားများကို ရောခွ ထားပါ။ (ဥပမာ - သင်္ကြန်ပွဲ)<br>• ပြီးလျှင် အုပ်စုတစ်စုမှ ကလေးတစ်ယောက်စီကို ရှေ့သို့ထွက်ခိုင်းပါ။<br>• ဆရာက သင်ပုန်းပေါ်တွင် မှောက်ထားသောကတ်ပြားများထဲမှ ကတ်ပြားတစ်ခုကို လှန် လိုက်ပါ။<br>• ရှေ့သို့ထွက်နေသော ကလေးနှစ်ယောက်က နာမည်များရေးထားသော ကတ်ပြားများထဲ မှ ဆရာလှန်လိုက်သော ပွဲတော်အမည်ကို ရွေးချယ်ပါ။<br>ဥပမာ - ဆရာက လှန်လိုက်သော ကတ်ပြားက တန်ခူးလဖြစ်နေလျှင် သင်္ကြန်ပွဲတော် ဟု ရေးထားသော အမည်ကတ်ပြားကို မှန်အောင် ရွေးရမည်။<br>• အရင်ဆုံးမှန်အောင် ရွေးနိုင်သောကလေးက အနိုင်ရပါမည်။ ထိုနည်းဖြင့် တန်းစီထား သော ကလေးများအားလုံးကုန်အောင် ရွေးချယ်ကြပါစေ။<br>• မြန်မြန်နှင့်မှန်မှန် ရွေးနိုင်သောအုပ်စုကို အနိုင်ပေးပါ။<br>• ကလေးအားလုံးပါဝင်ပြီးပါက ပြန်တန်းစီခိုင်း၍ ကဗျာရွတ်ပြိုင်ပွဲ ဆက်၍ပြုလုပ်ပါ။ အသံ ညီညီညာညာဖြင့် ရွတ်ဆိုနိုင်သောအုပ်စုကို အနိုင်ပေးပါ။<br>• အားလုံးယှဉ်ပြိုင်ပြီးပါက အနိုင်ရသောအုပ်စုကို လက်ခုပ်တီး၍ ဂုဏ်ပြုပေးပါ။ | |

စာသင်ချိန် (၄) ။ ။ ၃၀ မိနစ်

သင်ထောက်ကူပစ္စည်း ။ ။ ပွဲတော် (၅) မျိုး၏ အမည်များရေးထားသော မဲလိပ်များ။

| သင်ယူမှုလုပ်ငန်းစဉ် | သတိပြုရန်အချက်များ |
|---|---|
| ❁ "ဗုဒ္ဓဘာသာနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ပွဲတော်တွေရှိသလို တိုက်ရိုက်မသက်ဆိုင်တဲ့ ပွဲတော်တွေလည်း ရှိတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ပွဲတော်အားလုံးက အရေးပါတယ်။ ဒါပေမဲ့ အရေးကြီးဆုံးနဲ့ အခုထက်ထိ ကျင်းပနေတဲ့ ပွဲတော်တွေက ဘယ်ပွဲတော်တွေဖြစ်မလဲ"ဟု မေးပါ။ (သင်္ကြန်ပွဲ၊ ညောင်ရေသွန်းပွဲ၊ သီတင်းကျွတ်မီးထွန်းပွဲတော်၊ တန်ဆောင်တိုင် မီးထွန်းပွဲ၊ ဝါဆိုပွဲ)<br>❁ ထိုပွဲ (၅) ပွဲ၏ အမည်များကို မဲလိပ်ပြုလုပ်ထားပါ။<br>❁ ကလေးများအား သင့်လျော်သလို အုပ်စု (၅) စု ဖွဲ့ပြီးလျှင် အုပ်စုတိုင်းက မဲလိပ်တစ်လိပ်စီ နှိုက်ကြပါစေ။<br>❁ မဲနှိုက်ပြီးလျှင် မိမိကျရာခေါင်းစဉ်၏ ပွဲတော်အကြောင်းကို အုပ်စုတွင်းတိုင်ပင်ပြီး ပြောပြရမည်။<br>ဥပမာ - သင်္ကြန်ပွဲ မဲကျသောအုပ်စုက သင်္ကြန်မှာ ဘာတွေ လုပ်ရတယ်၊ ဘာတွေလုပ်သင့်တယ်၊ မိမိတို့ ဘာတွေလုပ်ကြမယ် စသည်ဖြင့် ပြောပြရမည်။<br>❁ အုပ်စုတစ်စုပြောပြီးတိုင်း လက်ခုပ်တီးကာ ချီးကျူးအားပေးပါ။ | |

ဓမ္မစကူးလ်ဖောင်ဒေးရှင်း
သင်ရိုးညွှန်းတမ်းဖြစ်မြောက်ရေးအဖွဲ့